www.burmeseclassic.com

တက္ကသိုလ်

# ကြင်နိုင်

# မိုးညအိပ်မက်မြူ



BURMESE CLASSIC .com

www.burmeseclassic.com

စကားသစ္စာ
မှန်သောခါဝယ်
သြဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။

**ရှင်မဟာသီလဝံသ**

ကံ့ကော်ဝတ်ရည်စာပေ၊ ၅၁၊ ရေကျော်လမ်းမ
ပုဇွန်တောင်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com

# သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်၊
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လေ၊
တွေ့ကြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်၊
ငါအတတ်ဟု၊ စာဖတ်သူပေါ်၊
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း ။ ။

**တက္ကသိုလ်ဘုန်းနိုင်**

BURMESE CLASSIC .com

www.burmeseclassic.com

တက္ကသိုလ်ဘုန်းနိုင်

# မိုးညအိပ်မက်မြူ

www.burmeseclassic.com

# "မိုးညအိပ်မက်မြူ" ပဥ္စမနိုပ်ခြင်းအတွက် အမှာစာ

"မိုးညအိပ်မက်မြူ" ဝတ္ထုကို (၁၉၆၂) ခုနှစ် စက်တင်ဘာလ၌ မြစာပေမှ ပထမအကြိမ် စတင်ရိုက်နှိပ် ထုတ်ဝေခဲ့သည်ဖြစ်လေရာ ယခု ပဥ္စမအကြိမ် ထုတ်ဝေချိန်နှင့်နှစ်ပေါင်း (၃၁) နှစ် ကွာခြားခဲ့လေပြီ။

ထိုမျှ ကွာခြားခဲ့သောအချိန်များအတွင်း စိတ်ပညာအခြေပြုဝတ္ထုများ နှင့် ပတ်သက်၍ စာဖတ်သူများ၏ ရှုမြင်ခံယူမှုသည် များစွာ ပြောင်းလဲ လာခဲ့ပြီ။

ဤနေရာတွင် ကမ္ဘာ့စာပေသမိုင်းဖြစ်စဉ်မှ စိတ်ပညာနှင့် စာပေ အကြောင်းကို အနည်းငယ် တင်ပြချင်ပါသည်။

စာပေပေါ်ဦးစအချိန်ကတည်းကစ၍ ကဗျာဆရာကြီးများ၊ ပြဇာတ် ရေး ဆရာကြီးများသည် သူ့နည်းသူ့ဟန်ဖြင့် လူ့သဘာဝကို ထိုးထွင်းသိမြင် နားလည်သူ "စိတ်ပညာဆရာကြီးများ" ဖြစ်ခဲ့ကြသည်။ လူ့စိတ်အကြောင်း ကို နားမလည်ဘဲနှင့် အဘယ်သို့လျှင် လူ့သဘာဝ လူ့စရိုက်ကို ရေးဖွဲ့ နိုင်ပါမည်နည်း။

နော်ဗယ်လ်ခေါ် ဝတ္ထုရှည်များ ပေါ်လာသည့်အခါ၌လည်း လူ့

BURMESE CLASSIC .com

www.burmeseclassic.com

သဘာဝ လူ့စရိုက်ကိုပင် ရေးကြသည်ဖြစ်သောကြောင့် ဝတ္ထုရှည်နှင့် စိတ်ပညာ(ဝါ)စိတ်အကြောင်း သိမြင်နားလည်မှုသည် မကင်း။

စာပေ...အထူးသဖြင့် ဝတ္ထုရှည်နှင့် စိတ်ပညာတို့ကြား ဤကဲ့သို့သော ယေဘုယျသဘော ဆက်သွယ် ဆက်ဆံမှုရှိခဲ့သည်။

ယေဘုယျသဘော ဆက်ဆံ ဆက်သွယ်ခြင်းမှ စိတ္တာပွါဒ် စိတ်အစဉ် တို့ကို အထူးအာရုံပြု အလေးပေး၍ရေးသော ဝတ္ထုမျိုးတို့သည် (၁၉၀၀) ပြည့်နှစ်၌ ကွန်ရက်ဒ် **(Conrad)** ၏ **လော့ဒ်ဂျင်မ်** **(Lord Jim)**မှ စခဲ့သည်။

ရေးဝတ္ထုရှည်တို့က လူ့အသိုင်းအဝန်းထဲမှ လူတို့၏ အကြောင်းကို ရေးဖွဲ့သည်။ လူ့အကြောင်းရေးသောကြောင့် လူ့စိတ်အကြောင်းကား မပါမဖြစ်၊ ပါသည်သာတည်း။ သို့ရာတွင် ထိုဝတ္ထုမှ ဇာတ်ဆောင်တို့၏ အတွေးအခေါ်၊ အကြံအစည်၊ ခံစားစံစားခြင်း၊ ဆုံးဖြတ်ရွေးချယ်မှုတို့ကို တည်ဆဲ လူ့လောက၏ လူမှုရေး **(Social)**ကောင်းဆိုး စံနှုန်းရေးရာ **(moral)** ပြဋ္ဌာန်းချက်များ **(Codes)** က ထိန်းချုပ်စီရင် ပြုပြင်သည်။ တစ်နည်းဆို ရလျှင် ထိုဇာတ်ဆောင်တို့သည် "အတွေးတူ၊ အမြင်တူ၊ လူတိုင်းထဲမှ လူ"တို့သာ ဖြစ်ကြလေသည်။ သို့ရာတွင် အကြောင်းကြောင်းကြောင့် လူတိုင်းထဲမှ လူမဟုတ်သူတွေလည်း ဤလောက၌ ရှိနေကြရာသည်။ ကွန်ရက်ဒ်က ဤလူမျိုးများအကြောင်း စတင်ရေးသည်။ စာပေနှင့် ဝတ္ထုရှည် သမိုင်းတွင် တိမ်းညွတ်မှု **(Trend)**သစ်တစ်ခု ပေါ်လာသည်ဟု စာပေသမိုင်း ပညာရှင်တို့က ဆိုကြသည်။

ရေးဝတ္ထုရှည်တို့က ဗဟိဒ္ဓခေါ် ပြင်ပလောကကို အဓိက အာရုံပြု သည်။ ကွန်ရက်ဒ် စလိုက်သော တိမ်းညွတ်မှုသစ်က အဇ္ဈတ္တခေါ် အတွင်း စိတ်ဘဝကို အဓိက အာရုံပြုသည်။ တစ်နည်း တိမ်းညွတ်မှုသစ်၌ **အဇ္ဈတ္တာ**

www.burmeseclassic.com

**ရမ္မဏ** ခေါ် အတွင်းတရားကို အာရုံပြုသော လက္ခဏာ ထင်ရှားသည်။

ကွန်ရက်ဒ်နောက်ပိုင်း၌ **ပရူးစ်** (Proust)၊ **ဂျိမ်းဂျွိုက်ဒ်** (James Joyce)၊ **ဗားဂျီးနီးယားဝူးဖ်** (Virginia Woolf)၊ **ကပ်ဖကာ**(Kafka) တို့မှ စ,ကာ **ဆတ်(တ်)** (Sartre)အထိ ထင်ရှားသော စာရေးဆရာတို့၏ ဝတ္ထုရှည်များသည် အဇ္ဈတ္တာရမ္မဏ ဝတ္ထုများ ဖြစ်ကြလေသည်။

ဘာကြောင့် အဇ္ဈတ္တာရမ္မဏ ဝတ္ထုများကို ရေးသူတွေက ရေးလာပြီး ဖတ်သူတွေက ဖတ်လာကြသနည်း။ အကြောင်းတွေရှိသည်။ သို့ရာတွင် ဤအကြောင်းတွေကို ရှင်းပြရန် ဤအမှာစာ၌ ဌာန မဟုတ်ပါ။

အဇ္ဈတ္တာရမ္မဏ ဝတ္ထုများ ပေါ်ပေါက်လာချိန်သည် စိတ်ပညာ တိုးတက်ထွန်းကားလာမှုနှင့် တိုက်လည်းတိုက်ဆိုင်၊ ဆက်လည်း ဆက်သွယ် နေသည်။

စိတ်ပညာ တိုးတက်ထွန်းကားမှုသည် (အလွန် ယေဘုယျကျစွာ ဆိုရလျှင်) ဓာတ်ခွဲခန်းတွင်း စမ်းသပ်တွေ့ရှိမှုများ၊ လူ့ဘောင်ပတ်ဝန်းကျင် တွင်း လေ့လာမှုများနှင့် စိတ်ရောဂါကုသခြင်းမှ တွေ့ရှိချက်များမှလာသည်။

စိတ်ရောဂါကုသခြင်းမှ တွေ့ရှိသော အချက်အလက်များကို လူ အများ အာရုံစိုက် စိတ်ဝင်စားမှုသည် **ဘရူးအား** (Breur)နှင့် ဖရွိုက်ဒ် (Freud)တို့ (၁၈၉၅) ခုနှစ်၌ ထုတ်ဝေလိုက်သော ဟစ်စတီးရီးယားရောဂါ ကို လေ့လာတွေ့ရှိချက်များ (Studies on Hysteria) ကျမ်းမှ စတင်လာ ခဲ့သည်။ နောက်ပိုင်းတွင် ဖရွိုက်ဒ် တစ်ဦးတည်းက (၁၉၁၀) ခုနှစ်မှ (၁၉၁၅) ခုအတွင်း လေ့လာမှု စာတမ်းပေါင်း (၉) ခု ရေးသားခဲ့သည်။ ကမ္ဘာ့ပညာလောက၌ ဖရွိုက်ဒ်၏ နာမည်နှင့် ခွဲခြားမရသော **ခွဲခြမ်းစိတ်ဖြာ စိတ်ပညာ**ဟု ဘာသာပြန်ရသည့် **ဆိုင်ကိုအနားလစ်ဆစ်(စ်)** (Psychoanalysis) ပညာရပ်သည်လည်း ထင်ရှားလာခဲ့သည်။

www.burmeseclassic.com

ခွဲခြမ်းစိတ်ဖြာ စိတ်ပညာသည် အခြားသော စိတ်ပညာရပ်များထက် ထူးခြားမှုတစ်ခုရှိသည်။ အခြားသော စိတ်ပညာရပ်များက စိတ်ပညာရှင်နှင့် စိတ်ကုသရေး ပညာရှင်တို့၏ နယ်ပယ်လောကအတွင်း၌သာနေသည်။ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာကား အများပြည်သူတွေအတွင်းပါ ချင်းနင်းဝင်ရောက်သည်။ မသိစိတ်...မသိစိတ်၏ လှုံ့ဆော်ခြင်း၊ စိတ္တဇအကြောင်းပြု အပြုအမူ အပြောအဆို အတွေးအခေါ်များ၊ စိတ်လုံခြုံမှု အကာအကွယ် ယန္တရား **(Psychological defence mechanisms)**၊ စိတ္တဇ ဖိနှိပ်ဖုံးကွယ်ခြင်း **(repression)**စသော ခွဲခြမ်းစိတ်ဖြာ စိတ်ပညာမှ စကားတို့သည် သူတို့ဆီ၌ နေ့စဉ်သုံးစကားများ ဖြစ်လာကြသည်။ စိတ်ပညာရှင် မဟုတ်သူများကပင် လူ့အပြုအမူနှင့် လူ့စိတ်ကို တတ်သမျှ မှတ်သမျှ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာနှင့် ခွဲကြ၊ ခြမ်းကြ၊ စိတ်ဖြာကြ လုပ်ကြသည်။

တစ်နည်းဆိုရလျှင် ခွဲခြမ်းစိတ်ဖြာ စိတ်ပညာသည် "ပေါ်ပြူလာ" ဖြစ်လာခဲ့သည်။ လေးနက်သော ပညာတစ်ရပ်သည် ပေါ်ပြူလာ ဖြစ်လာလျှင် ထိုပညာ၌ အန္တရာယ်ရှိလာမြဲ ဖြစ်သည်။

ဖရွိုက်ဒ်သည် လေးစားထိုက်သော ပညာရှင်ကြီး မှန်ပေသည်။ ခေတ်သစ်လူသားတို့၏ အတွေးအခေါ်နှင့် အသိအမြင်ကို ပြောင်းလဲစေအောင် ဩဇာလွှမ်း ကျေးဇူးပြုခဲ့သူ ပုဂ္ဂိုလ်ကြီး (၄) ဦးအနက် ဖရွိုက်ဒ်သည် တစ်ဦးဖြစ်သည်ဟု ဒဿနိက ပညာရှင်ကြီး **ဘားထရင် ရပ်ဆယ်လ် (Bertrand Russell)** က ချီးမွမ်းဂုဏ်ပြု မှတ်တမ်းတင်ခဲ့သည်။

ဖရွိုက်ဒ်သည် ကြီးကျယ် မြင့်မားပါ၏။ သူ၏ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာသည်လည်း နက်နဲသိမ်မွေ့ လေးစားထိုက်ပါ၏။

သို့ရာတွင်...ဖရွိုက်ဒ်သည် လူသားပညာရှင်ကြီးတစ်ဦးသာဖြစ်လေသည်။ လူ့ဘုရားကြီးတစ်ဆူ မဟုတ်ပါလေ။ ဖရွိုက်ဒ်၏ အတွေးအမြင်

www.burmeseclassic.com

အယူအဆတို့၌ ချွတ်ယွင်းချက်တွေ၊ အားနည်းချက်တွေ၊ သံသယဖြစ်ဖွယ်တွေ၊ မပြည့်စုံ မခိုင်လုံမှုတွေ အများ ရှိနေသည်။

ဖရွိုက်ဒ်ကို ဝေဖန်ရာ၌ အချက်အလက်ပိုင်းနှင့် သီအိုရီပိုင်းဟူ၍ နှစ်ပိုင်းပိုင်း ဝေဖန်ကြသည်။ လက်တွေ့ကုသ လေ့လာရာမှ ဖရွိုက်ဒ် ထိုးထွင်းသိမြင်ခဲ့သော အချက်အလက်တွေနှင့် ပတ်သက်ပြီး ဖရွိုက်ဒ်ကို ချီးမွမ်းကြသည်။ ဘာတွေသည် ဘာကြောင့်ဖြစ်သည်ဟု ရှင်းလင်းသော ဖရွိုက်ဒ်၏ သီအိုရီသဘောတရားတို့နှင့် ပတ်သက်၍ကား ဝေဖန်ဖွယ် တစ်ပုံကြီးရှိသည်။

အလွန် ယေဘုယျကျသော ဝေဖန်မှုကို ပြုရမည်ဆိုလျှင် ဖရွိုက်ဒ် သီအိုရီများသည် နာမ်ဝါဒစွန်းရောက်ပြီး လူ့ဘောင်၊ လူ့ယဉ်ကျေးမှု၊ လူမှုလောက ပတ်ဝန်းကျင် ပြုပြင်စီရင်ခြင်းကို အလေးအနက်မထား၊ ပမာမပြုသယောင် ဖြစ်နေသည်။

ဤမျှ အကျဉ်းတင်ပြခဲ့သည်မှာ ဖရွိုက်ဒ်နှင့် ဖရွိုက်ဒ်ဝါဒ **(Freudianism)**တို့၏ ပညာလောက၌ရှိသော အနေအထားဖြစ်လေသည်။

သို့ရာတွင် အထက်၌ ဆိုခဲ့သည့်အတိုင်း ဖရွိုက်ဒ်ဝါဒနှင့် ခွဲခြမ်းစိတ်ဖြာ စိတ်ပညာသဘောတို့သည် ပေါ်ပြူလာဖြစ်ပြီး စာပေ အထူးသဖြင့် ဝတ္ထုနယ်တွင်းသို့ ဝင်ရောက်လာခဲ့သည်။ ဝတ္ထုရေးသူတို့အတွက် တို့ချင်ဖွယ်၊ ဆိတ်ချင်ဖွယ်၊ စမ်းချင်ဖွယ်၊ ကစားချင်ဖွယ်ဖြစ်လာသည်။ ဤသို့ဖြင့် ခွဲခြမ်းစိတ်ဖြာ စိတ်ပညာမှ သဘောတို့အပေါ် အခြေပြု၍ ရေးသောဝတ္ထုများ သူတို့ဆီ၌ ပေါ်လာခဲ့သည်။ လေးလေးနက်နက် ဂရုဓမ္မစိုက် ရေးသော ဝတ္ထုများ ရှိသကဲ့သို့ ထူးခြင်း၊ ဆန်းခြင်း၊ အံ့ဖွယ်ဖြစ်ခြင်းတို့ကို အသား ပေး၍ စိတ်ပညာသဘောကို အပေါ်ယံသာ ရုပ်ထိသည့် အပျင်းပြေ အပျော်ဖတ် ဝတ္ထုအများလည်း ရှိသည်။

www.burmeseclassic.com

မြန်မာပြည်၌လည်း ထူးထူးဆန်းဆန်း စိတ်အကြောင်းကို အသားပေး၍ရေးသော ဝတ္ထုများ ကြိုကြားကြိုကြား ပေါ်ထွက်ခဲ့သည်။ များသောအားဖြင့် ဝတ္ထုတို၊ ဝတ္ထုလတ်များသာဖြစ်ကြသည်။ ဝတ္ထုရှည် တစ်အုပ်နှစ်အုပ်လည်း ပေါ်ဖူးသည်။ နိုင်ငံခြားဝတ္ထုရှည် သို့မဟုတ် ရုပ်ရှင်ကို "မှီး"ထားကြောင်း တွေ့ရသည်။

ကျွန်တော်ကိုယ်တိုင်လည်း "တို့ချင်၊ ဆိတ်ချင်၊ စမ်းချင်"သောကြောင့် ထိုစဉ်အခါက "စိတ္တဗေဒဝတ္ထု"ဟု ခေါ်သော ဝတ္ထုတစ်ပိုဒ်ကို ရေးခဲ့သည်။

(၁၉၅၁) ခုနှစ်၌ ဖြစ်သည်။ ဝတ္ထုနာမည်ကို 'မိုးတွေရွာမှဖြင့်'ဟု အမည်ပေးသည်။ မဂ္ဂဇင်း စာမျက်နှာဖြင့် (၁၀)မျက်နှာခန့် ရှိမည့် ဝတ္ထုမတိုမရှည် ဖြစ်သည်။ ပို့လိုက်သော မဂ္ဂဇင်းကပယ်သဖြင့် ဝတ္ထုဖြစ်မလာခဲ့။ (၁၉၅၉) ခုနှစ်တွင်ကား ကျွန်တော့်ကလောင်နာမည် ကျော်ကြားလာခဲ့ပြီ။ စိတ်မကျေပွဲအဖြစ် မူလဇာတ်လမ်းကို ပြုပြင်ပြီးရေးရာ မဂ္ဂဇင်းစာမျက်နှာ (၃၀)ကျော်ခန့် ဖြစ်သွားသည်။ အမည်ကိုလည်း "တစ်မိုးသက်လျှင်"ဟု ပြင်ပြီး ကျွန်တော်၏ မဂ္ဂဇင်းဝတ္ထုရှည်များကို ဆက်တိုက်ထည့်ပေးနေသော မဂ္ဂဇင်းကြီးသို့ ပို့လိုက်သည်။ အပယ်ခံရပြန်သည်။

(၁၉၆၂) ခုနှစ်တွင် စိတ်က မကျေနိုင်သောကြောင့် လုံးချင်းဝတ္ထုရှည်အဖြစ်ချဲ့ရေးရန် မူလဝတ္ထုဟောင်း နှစ်ပိုဒ်ကို ကျွန်တော်ပြန်ဖတ်သည်။

မြတ်စွာဘုရား။ ကျွန်တော့် ဝတ္ထုဟောင်းတွေကို ကျွန်တော်ပင်လျှင် မကြိုက်တော့။

ဇာတ်အိမ်၊ ဇာတ်လမ်း၊ ဇာတ်စီရင်မှုကို ပဓာနမထားဘဲ ဇာတ်ဆောင်၏ စိတ်တွင်းခံစားမှုတွေကိုသာ စကားတွေ အများကြီး ပြောစေပြီး လျှောက်ရေးသည့် ဝတ္ထုမျိုးကို ဆလီလက်ကွီ **(Soliloquy)** ဟုခေါ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

ကျွန်တော့် ပထမ "မိုးတွေရွာမှဖြင့်" ဝတ္ထုမှာ ဆလီလက်ကွီ ဖြစ်နေသည်။ အင်း… အဟင်း… အပယ်ခံရသည်မှာ မဆန်း။

ဇာတ်အိမ်၊ ဇာတ်လမ်း၊ အခန်းပြောင်း အခန်းကူး စသည်တို့ကို အသားပေး၍ ဖတ်ကောင်းအောင် ရေးသည်။ ဇာတ်ဆောင်စရိုက်တွေက ကျေနပ်ဖွယ်မရှိ။ ဤမည်သော ဤမည်သောစရိုက် ဤသို့ရှိလာသည်မှာ ဤကဲ့သို့ ဤကဲ့သို့သော လူမှုပတ်ဝန်းကျင်၊ ဘဝအတွေ့အကြုံဟူသော "စရိုက်ဖြစ်ပေါ်မှု" (Character Development) အကြောင်းရင်းများကြောင့်ဟု လုံလောက်အောင် မတင်ပြ။ ဤဝတ္ထုမျိုးကို ဇာတ်လမ်းအသားပေး အပျင်းပြေ အပျော်ဖတ် ဝတ္ထုဟု ခေါ်သည်။ ကျွန်တော့် ဒုတိယ ဝတ္ထု "တစ်မိုးသက်လျှင်"မှာ ဤကဲ့သို့ ဝတ္ထုမျိုး ဖြစ်နေသည်။ အင်း ဤဝတ္ထု အပယ်ခံရသည်မှာလည်း မဆန်း။

သို့ရာတွင် စိတ်ပညာအခြေပြု ဝတ္ထုကောင်းကောင်း တစ်ပုဒ် ကျွန်တော် ရေးချင်နေသည်။ ဝိဝါဒကွဲနေသော ဖရွိုက်ဒ်၏ သီအိုရီများအပေါ်၌တော့ အခြေမပြု။ ထိုးထွင်းသိမြင်မှု အချက်အလက်အဖြစ် လက်ခံထားသော ခွဲခြမ်းစိတ်ဖြာ စိတ်ပညာမှ ဝိဝါဒမကွဲသော တွေ့ရှိချက်တွေပေါ်တွင် အခြေခံမည်။ ကလေးသူငယ် စိတ်ပညာ (Child Psychology)လူမှုရေး စိတ်ပညာ (Social Psychology) ကိုယ်ရည် ကိုယ်သွေး စိတ်ပညာ (Psychology of Personality) တို့မှ သဘောသဘာဝတွေမှာလည်း အခြေခံမည်။

သို့ရာတွင်…။

စိတ်ပညာအကြောင်းတွေ ပြောပြချင်ရုံနှင့် ဝတ္ထုရှည်တစ်ပုဒ် ရေးရမည်လော။ ကျမ်းတစ်ခု ရေးရုံပေါ့။ ဆောင်းပါးတစ်ခု ရေးရုံပေါ့။

ဝတ္ထုရှည်ဆိုသည်က လူ့အကြောင်း ပြောပြရသည်။ လူ့တိုင်းထဲက

BURMESE CLASSIC .com

:

လူ့အကြောင်း ဖြစ်ချင်ဖြစ်မည်။ လူတိုင်းထဲက လူမဟုတ်သော်လည်း လူ့ပြည်၌ရှိသော လူတစ်ယောက်အကြောင်း ဖြစ်ချင်ဖြစ်မည်။ အဲ…လူ့ အကြောင်းတော့ ဖြစ်ရသည်။

ကျွန်တော် စဉ်းစားသည်။ တော်တော်ကြာအောင် စဉ်းစားခဲ့သည်။ အထူးသဖြင့် အဘယ် **"စေတနာ"**နှင့် ရေးမည်နည်း။

တဖြည်းဖြည်းနှင့် စေတနာ ဦးဆောင်သော အနုပညာဖန်တီးမှု ဉာဏ် ပေါ်လာခဲ့သည်။

လူ့ပြည်၌ လူတွေရှိသည်။ လူတိုင်း လောကဓံတရားတို့နှင့် ရင်ဆိုင်ရသည်။ လူအများစုသည် လောကဓံတရားတို့ကို တတ်နိုင်သမျှ ကြံ့ကြံ့ခံပြီး လူ့လောက၌ အများနည်းတူ ဆက်သွားနိုင်ကြသည်။

အချို့လူများက ကံဆိုးကြသည်။ ထိုသူတို့သည် ပါဠိဘာသာဖြင့် **"အနယ ဗျသန"**ဟုခေါ်သော အဖြစ်ကို ကြုံကြရသည်။ အနယဗျသန ဆိုသည်မှာ ကံဆိုးနိုပ်စက်မှုနှင့် ပျက်စီးရခြင်း ဖြစ်လေသည်။

ပျက်စီးရခြင်း အမျိုးမျိုးတွင် စိတ်၏ပျက်စီးရခြင်းလည်း ရှိသည်။ **ဥမ္မာဒ** ဟုလည်းကောင်း၊ **စိတ္တဝိဗ္ဘမ** ဟု လည်းကောင်း ခေါ်သော ရူးသွပ်ခြင်း လည်းရှိသည်။ သွက်သွက်ခါ ရူးသွပ်မသွားရှိစေ၊ **စိတ္တဝိကာရ**ခေါ် စိတ် ဖောက်ပြန်သွားခြင်းမျိုးရှိသည်။ ထိုသူမျိုးသည် **အတ္တောဝါဒ**ခေါ် မိမိ ကိုယ်ကို ဆုံးမခြင်း မပြုနိုင်တော့။ **အတ္တရက္ခာ**ခေါ် အသိဉာဏ်တရားဖြင့် မိမိကိုယ်ကိုမိမိ စောင့်ရှောက်ခြင်း မပြုနိုင်ရှာကြတော့။ တချို့ဆိုလျှင် **အတ္တာနုဝါဒ**ခေါ် မိမိကိုယ်ကို မိမိ စွပ်စွဲခြင်း၊ မိမိကိုယ်ကိုမိမိ မကြည်ညိုခြင်းဖြစ်လျက် အတ္တာနုဝါဒဘယခေါ် မိမိကိုယ်ကို မိမိ အပြစ်တင်စွပ်စွဲသော ဘေးကြီး ဖြစ်ကြသည်။

ဤကဲ့သို့ ကံဆိုးနိုပ်စက်မှုနှင့် ပျက်စီးရသူလူတွေ ဤလောက၌

BURMESE CLASSIC .com

www.burmeseclassic.com

ရှိကြသည်။

ထိုသူမျိုးအကြောင်းကော ဝတ္ထုမရေးထိုက်ဖူးလော။

သူတို့အတွက် ကရုဏာသက်ဖွယ်ရေးလျှင် ဘာအပြစ်ရှိပါသနည်း။

ဤသို့ဖြင့် "မောင်မြင့်ဝေ"ခေါ် "ကိုသစ္စာ" ခေါ် "မောင်ညိုမှိုင်း" ခေါ် လူတစ်ယောက်အကြောင်းကို ကျွန်တော် ရေးမိသည်။ ဝတ္ထု၏အမည်ကိုလည်း "မိုးညအိပ်မက်မြူ"ဟု ကျွန်တော်ပြင်လိုက်သည်။

စာစာပိုင်းက မိုးညအိပ်မက်မြူကို စိတ်အကြောင်း ထူးထူးဆန်းဆန်းရေးသည့် အပျင်းပြေ အပျော်ဖတ်ဝတ္ထုဟု ဝေဖန်သူ ရှိခဲ့သည်။ ဇာတ်ဆောင် မောင်ညိုမှိုင်းသည် လူတိုင်းထဲမှ လူတွေလို စကားမပြောဟု ကြံကြံဖန်ဖန် အပြစ်တင်သူကလည်း ရှိသေးသည်။ သူ့ကိုတော့ ဟုတ်ကဲ့ မောင်ညိုမှိုင်းသည် လူတိုင်းထဲက လူမဟုတ်ပါဟု ရှင်းလှသော အဖြေကို ကျွန်တော် ပေးခဲ့ရသည်။

ပထမနှိပ်ခြင်းဖြင့် အုပ်ရေတစ်သောင်းကုန်သော မိုးညအိပ်မက်မြူကို နောက်ထပ် အကြိမ်ကြိမ် ရိုက်ရသည်။

ရုပ်ရှင်လောက၏ ဖခင်ကြီးတစ်ဦးဖြစ်သူ ဒါရိုက်တာ ဦးတင်မောင်က ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သည်။ ယခုလည်း "ဆူပါ"တန်းဝင် ဒါရိုက်တာ ကြည်စိုးထွန်းက နှစ်ခွေတွဲ ဗီဒီယို ရိုက်သည်။

မိုးညအိပ်မက်မြူကို စဖတ်ရစဉ်က လူငယ်သာဖြစ်သော်လည်း ယခုအခါ လူကြီးဖြစ်၍ စာပေ၊ ရုပ်ရှင်၊ အနုပညာ ဝေဖန်ရေးဆရာဖြစ်နေသူတစ်ဦးက မိုးညအိပ်မက်မြူဝတ္ထုကို ပြန်ရိုက်ရန် ဆောင်းပါးနှင့် တိုက်တွန်းသည်။

စာဖတ်ပရိသတ်တို့ကလည်း တောင်းဆိုသဖြင့် ယခု ပဥ္စမအကြိမ် အဖြစ် ပြန်ရိုက်ရပြန်လေပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

:

ဩော်...(၃၁)နှစ်ဆိုသော အချိန်ဟူသည့် မြူ ဖုံး၍ မပျောက်ကွယ်လေသော မိုးညအိပ်မက်မြူ...။

ထိုးထွင်းရှုမြင် သိတတ်သည့် အံ့ဖွယ်သော စာဖတ်ပရိသတ်။။

မိုးညအိပ်မက်မြူတွင်း၌ ဘာတွေ့ကြ၍ပါနည်း။

ကျွန်တော့်တွင် မိုးညအိပ်မက်မြူ ဒုတိယနှိပ်ခြင်း စာအုပ်လက်ခံမရှိတော့သောကြောင့် အဟောင်းဆိုင်မှ ဈေးကြီးပေး၍ ကျွန်တော်ပြန်ဝယ်ရသည်။

စာအုပ်တွင်း၌ မူလပိုင်ရှင်က သူနှစ်သက်ရာစာပိုဒ်များကို ခဲတံဖြင့် မျဉ်းသားထားသည်ကို အနံ့တွေ့ရသည်။

သူမျဉ်းထူထူသားထားသော စာတစ်ပိုဒ်မှာ ဇာတ်ဆောင် ဒေါက်တာ မသက်ရီ၏ စကားဖြစ်လေသည်။

"မေတ္တာနဲ့ အရင်းခံ တည်ဆောက်ထားတဲ့ ဒီလူ့ဘောင်မှာချစ်ခြင်း သဒ္ဒါနဲ့ ကရုဏာဗြဟ္မစိုရ်တရားဟာ စိတ်နာသူတွေ အထင်မှားသလောက် မခေါင်းပါးပါဘူး"

အထက်တစ်နေရာတွင် မိုးညအိပ်မက်မြူကို ရေးမိခဲ့သော စေတနာအကြောင်း ကျွန်တော်ပြောပြခဲ့သည်။

ဟုတ်ကဲ့။ ယခုမှ ကျွန်တော်က ပြောခြင်းပါ။

စာအုပ်ဟောင်းလေးက အသက် (၃၀)ရှိနေပေပြီ။

ဩော်... ဟိုမှာဘက် အနှစ်သုံးဆယ်ကတည်းက ကျွန်တော့်စေတနာကို ထိုးထွင်းသိနားလည်သည့် အံ့ဖွယ်သော စာဖတ်ပရိသတ်ရှိနေလေပါတကား။

**တက္ကသိုလ် ဘုန်းနိုင်**

**၁၈-၇-၉၃**

BURMESE CLASSIC .com

www.burmeseclassic.com

(အပိုင်း တစ်)

# ဘဝဟောင်းမှ အစ်မ

www.burmeseclassic.com

:

BURMESE CLASSIC .com

www.burmeseclassic.com

ဆယ်ဆဆင့်နှောင်
မယ်နှင့်မောင်တို့
တောင်ဟိမဝါ
တက်စဉ်ခါလည်း
မောင်သာတစ်ဖက်
မယ်တစ်ဖက်နှင့်
ရွှေလက်ဆွဲကိုင်
နွဲ့ကာယိုင်၍
မုခ်လိုဏ်ဂူဝ
တူရောက်ကြသော်
သူကရှေ့ဝင်
နန်းလေ့သွင်ဖြင့်
မယ်လျှင်နောက်က
ပါနေကျတည့် ။ ။

www.burmeseclassic.com

www.burmeseclassic.com

(၁)

မီးရထား၏ မှန်ကာပြတင်းပေါက်မှ မျှော်ကြည့်လျှင် စိမ်းလန်းသော လယ်ကွင်းတို့ထက် ကျသက်စ ပြူပြီဖြစ်သော မိုးသီးမိုးပေါက်တို့ကို မြင်ရသည်။

သီတင်းကျွတ်လ အစတွင်ဖြစ်၍ စပါးပင်တို့သည် ခါးလယ်မျှ အမြင့်ဆောင်ကြကုန်ပေပြီ။ လေဝယ် လှိုင်းထ၍ ငြိမ့်အိနေသော ဤစပါးမြပင်လယ် တစ်ကြောကို လွန်၍ မျက်လုံးကို ဆန့်ကြည့်သော် အရှေ့ဆီ၌ မိုးမြူသင်တိုင်း ဆင်သိုင်းစ မှိုင်းပျပျ ပဲခူးရိုးမအား မြင်ရသည်။

မီးရထား၏အရှိန်မှာ လျော့သွားသည်နှင့် မရှေးမနှောင်းပင် ကြီးမား သော သံတံတားကို ဖြတ်ကျော်စဉ် ကြားရတတ်သည့် ပွဲတင်ရိုက်သံ ပေါ်လာ၏။

တံတားကြီး၏အောက်၌ ဒေါသတကြီးနှင့် တဟဲဟဲ စီးဆင်းနေသော ချောင်းရေညိုညိုကို တွေ့ရ၏။

“အဲဒါ ဖိုးသာအောင် ကုန်းတံတားပဲ တူမကြီး၊ သာယာဝတီခရိုင်နဲ့ ပြည်ခရိုင်နယ်စပ်လေ၊ နောက်ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်ဆိုရင် ပေါင်းတည်ကို ရောက်တော့မယ်”

BURMESE CLASSIC .com

www.burmeseclassic.com



ရှေ့မှခရီးသည် အသက်ငါးဆယ်ခန့်ရှိ အဘိုးကြီးက ပြောသဖြင့် တူမကြီးဟု အခေါ်ခံရသူ အသက်သုံးဆယ်ခန့် ဖြူဝင်းသော အသားအရေ၊ နက်မှောင်ကော့ပျံသော မျက်တောင်၊ ပေါ်ထင်သောနှာတံ၊ ချောမောသမျှ တည်ကြည် မွန်ရည်သော မျက်နှာရှင် မိန်းမရွယ်က ဖြူစင်ညီညာသည့် သွားလေးများပေါ်အောင် ယဉ်ကျေးဖွယ်ရာ ပြုံးလိုက်၍

"သြော်…ပေါင်းတည်တောင် ရောက်တော့မယ်၊ ခုလို ကြုံတင် သိရတာ ကျေးဇူးတင်ပါတယ် ဦးရယ်၊ ဒါထက် ဦးကတော့ သဲကုန်းအထိ ဆက်သွားရဦးမယ်နော်…"

ဟု ဆိုသည်။

"ဟုတ်တယ်၊ သြော်…ဒါထက် ဦးတို့ သံပြတ်နဲ့သာ စကားပြောခဲ့ ကြရတယ်၊ ခွဲကာနီးမှ အသိဖွဲ့ကြရအောင်၊ ဦးနာမည်က ဦးသိန်းမောင် ခေါ်တယ်၊ အဲ…စက်ပိုင်ရှင်ပေါ့လေ…"

မိန်းမရွယ်က ပြုံးလိုက်သည်။ အပြုံးမှာ တောက်ပသော်လည်း တည်ငြိမ်ခံ့ညားဏ်။

"ကျွန်မနာမည် ဒေါက်တာ မသက်ရီ၊ ရန်ကုန်တက္ကသိုလ် စိတ် ပညာ ဌာနက ကထိကတစ်ဦးပါ၊ ဦးနဲ့ ခုလိုသိရတာ ဝမ်းသာပါတယ်"

ဦးသိန်းမောင်မှာ အံ့သြသည့်ဟန် မသိမသာ မျက်လုံးပြူးသွားသည်။

"ဒေါက်တာ…ဒေါက်တာ မသက်ရီ၊ ဒေါက်တာဆိုတော့ ပါရဂူဘွဲ့ရှင် ပေါ့နော်"

"ပါရဂူဆိုတဲ့စကားကြီးက မြင့်မားလွန်းပါတယ်၊ ဒါပေမဲ့ ဝေါဟာရ အဖြစ်နဲ့တော့ ဒီကနေ့ သုံးစွဲနေကြတာပါပဲရှင်…"

ဦးသိန်းမောင်က ခေါင်းတညိတ်ညိတ်ဆတ်ရင်း မှတ်ချက်ချသည်။

"အင်း… ခေတ်ကြီးကတော့ တော်တော်ပြောင်းလဲခဲ့တာပဲ၊

BURMESE CLASSIC .com

www.burmeseclassic.com



ဟိုတုန်းကတော့ ပါရဂူ ဒေါက်တာဘွဲ့က အင်မတန် ရှားတာကလား၊ ဦးသိသမျှတော့ ဒေါက်တာဘမော်၊ ဒေါက်တာဘဟန်၊ ဒေါက်တာသိန်း၊ ပြီးတော့ ဦးတို့ နယ်သား တူမကြီးတို့ ဆရာဖြစ်လိမ့်မယ် ပါမောက္ခ ဒေါက်တာဦးလှဖူး၊ ဒီပုဂ္ဂိုလ်ကြီးတွေလောက်ပဲ ရှိကြတာပဲ"

"ဟုတ်ကဲ့… ဆရာကြီး ဦးလှဖူးဟာ ကျွန်မတို့ရဲ့ ဆရာဆိုလည်း ဟုတ်ပါတယ်၊ ဖခင်ဆိုလည်းမှန်ပါတယ်၊ ဆပ်မကုန်တဲ့ ကျေးဇူးရှင်ကြီးပါပဲ"

"အင်း… အင်း… တွေ့ရတာ ဝမ်းသာသကွယ်၊ တူမကြီးတို့လို မိန်းမသားတစ်ဦးက ဒေါက်တာဘွဲ့ရထားတာ တွေ့ရတော့ မြန်မာပြည်ကြီးရဲ့ ရှေ့ရေးအတွက် ဦးဝမ်းသာမိတယ်၊ ဦးတို့နယ်ကို အလည်လာတုန်း တူမကြီး ပျော်ရွှင်ပါစေလို့ ဦးဆုတောင်းတယ်၊ ဦးတို့ နယ်သူနယ်သားတွေက အင်မတန် ခင်မင်ဖော်ရွေပါတယ်၊ ကဲ…ကဲ…တူမကြီး ပစ္စည်းတွေ သိမ်းဦး"

ဦးသိန်းမောင်သည် အလိုက်သိစွာ စကားကို ဖြတ်၍ သတင်းစာ၌ မျက်နှာအပ်လိုက်၏။

မသက်ရှိသည် ဦးသိန်းမောင်အား ကျေးဇူးတင်မိသည်။

စင်စစ် ကမ္ဘာလှည့် ခရီးသွားခဲ့ဖူးသူ တစ်ဦး ဖြစ်သဖြင့် မသက်ရှိမှာ အစစ ကြိုတင်ပြင်ဆင်မှုရှိသောကြောင့် ဆင်းမည့်ဘူတာနီးခါမှ အရေးတကြီး သိမ်းဆည်းရန် ပစ္စည်းများမရှိ။ သို့ရာတွင် အဓိကထား ဆောင်ရွက်ရန် ကိစ္စတစ်ရပ်မူရှိသည်။ ထို့ကြောင့်ပင် မသက်ရှိသည် အလိုက်သိသော ဦးသိန်းမောင်ကို ကျေးဇူးတင်မိခြင်းဖြစ်၏။

မသက်ရှိသည် စာရေးစာအုပ်မှ ရေးပြီးသော စာတစ်ရွက်ကို ဆုတ်ခွာယူလိုက်သည်။ မီးရထားလှုပ်လှုပ်တွင် တတ်နိုင်သမျှ ကြိုးစားရေးထားရသည်မို့ လက်ရေးများသည် မသေသပ်။ သို့တစေ ကိစ္စမရှိ။

www.burmeseclassic.com



မသက်ရှိသည် မသိမသာပြုံး၍ စာရွက်ကို ခေါက်ကာ စာအိတ်တစ်ခုတွင်း ထည့်သည်။ ထို့နောက် လိပ်စာတပ်၏။ ရထားမှာ အရှိန်မပြင်းသဖြင့် စာရေးရန် မခက်လှ။

“ဦးမင်းလွင်၊

ဒုတိယ အတွင်းဝန်၊

ယဉ်ကျေးမှုဝန်ကြီးဌာန၊

အတွင်းဝန်များရုံး၊

ရန်ကုန်မြို့”

မသက်ရှိသည် စာအိတ်ကို ပိတ်ပြီးနောက် လွတ်အိတ်တစ်လုံးတွင် ထည့်လိုက်၍ အသင့်အတင့် သိမ်းဆည်း ပြင်ဆင်စရာရှိသည်များကို သိမ်းဆည်း ပြင်ဆင်သည်။ မိနစ်ပိုင်းအတွင်း အားလုံး ပြီးစီးသဖြင့် နေရာတွင် ထိုင်ကာ ပြတင်းမှနေ၍ အပြင်သို့ မျှော်ကြည့်မိပြန်၏။

ပေါင်းတည်သို့ လာရခြင်းအတွက် မသက်ရှိမှာ ရင်အနည်းငယ် ခုန်မိသည်။

မသက်ရှိသည် လုပ်ဖော်ကိုင်ဖက် စာရေးဆရာ ကထိက တစ်ဦးမှ တစ်ဆင့် ပေါင်းတည်သား စာရေးဆရာ ကဗျာဆရာ အနုပညာသမားတော်တော်များများနှင့် သိကျွမ်းခဲ့၏။ သူတို့ပြောပြသော ပေါင်းတည်နယ်၏ အလှမှာ ရင်ခုန်ဖွယ်ရာ ဖြစ်ခဲ့သည်။

စိမ်းသော လယ်ကွင်း၊ လန်းသော တောရိပ်၊ မှောင်သောရိုးမ ...။

သို့သော် မသက်ရှိသည် ဤလှပမှုတို့အား အသေအချာ မတွေ့ရ။ အကြောင်းမှာ အပြင်ဘက်၌ နှောင်းမိုးသည် အငြိုးကြီးကြီးနှင့် သည်းသည်းကြီး ရွာနေပြီဖြစ်သောကြောင့်တည်း။

မီးရထားသည် အရှိန်လျှော့သွားပြန်ကာ ချောင်းငယ်တစ်ခုကို

BURMESE CLASSIC .com

www.burmeseclassic.com



ကျော်ဖြတ်သည်။ ပေါင်းတည်မြို့ကို စဝင်လေပြီ။

မီးရထားသည် ရဲဌာနဝင်းဟု သိသာသော အဆောက်အအုံဘေးများမှ စတင် မြို့တွင်းဝင်သည်။ ထိုအခိုက်တွင်ပင် ဦးသိန်းမောင်က သတင်းစာမှ မျက်နှာခွာ၍ စကားဆိုသည်။

"တူမကြီးက ဒီနယ်ကို ပထမဆုံး လာလည်တယ်ဆိုတော့ မေးရဦးမယ်၊ ဘူတာမှာ လာကြိုမယ့်လူတွေ ဘာတွေ ရှိရဲ့နော်"

"ရှိပါတယ်ဦး၊ ကျွန်မ အငြိမ်းစား တရားဝန်ကြီး ဦးမင်းခိုင်အိမ်မှာ တည်းမလို့ပါ၊ လာကြိုပါလိမ့်မယ်"

"သြော်... ဦးမင်းခိုင်ဆီလား၊ ဟာ... ဒီလိုဆို လာကြိုမယ့်လူ မရှိတောင် မပူပါနဲ့၊ ဘူတာမှာ ဘယ်သူမေးမေး သိကြပါတယ်၊ အဲ... စကားစပ်လို့ ပြောရဦးမယ်၊ ဦးတို့ပေါင်းတည်နယ်ဟာ ဆရာစံ သူပုန်ကြီးတုန်းက နာမည်ကျော်တာမို့ တချို့က ပေါင်းတည်သားဆိုရင် လူကြမ်းလူရမ်းကြီးတွေ ထင်တတ်ကြတယ်၊ အင်း ဝံသာနုရေးရာမှာ ဦးတို့တွေက ကြမ်းချင်ကြမ်း၊ ရမ်းချင်ရမ်းမပေါ့လေ၊ ဒါပေမဲ့ သာမန်အချိန်ဆိုရင် ဦးတို့နယ်သားတွေက အင်မတန် ဖော်ရွေယဉ်ကျေးတတ်ပါတယ်၊ ဆိုလိုတာက တူမကြီးကို ကြိုမယ့်လူ မရှိတောင်မှ ဘာမှမပူပါနဲ့လို့၊ ဟုတ်လား"

မသက်ရီသည် "ဟုတ်ကဲ့ရှင်"ဟု ယဉ်ကျေးမှုအရ ပြောလိုက်ရသော်လည်း ရင်တွင်း၌မူ ကျိတ်သဘောကျမိသည်။ ဤနယ်သားတို့သည် မိမိတို့နယ်ကိုမူ အလွန်လေးစား ဂုဏ်ယူဟန် ရှိစွတကား။ မသက်ရီနှင့် ခင်မင်သော ပေါင်းတည်သား စာရေးဆရာ သော်တာဆွေကလည်း တစ်ကြိမ်၌ ဝင့်ကြွားစွာ ရေးဖူးသည်။

"ပြင်သစ်မှာ ဂါစကွန်နယ်၊ အင်္ဂလန်မှာ စကော့ပြည်နယ်၊ မြန်မာပြည်မှာတော့ ပေါင်းတည်နယ်"

BURMESE CLASSIC .com

www.burmeseclassic.com



"အစ်ကိုဆွေကြီး"ပြောသည်မှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ မသက်ရှိမှာ ပေါင်းတည်သို့ ရောက်လာခြင်းအတွက်မူ ရင်ခုန်မိရိုးအမှန်ပင်...။

မသက်ရှိ အတွေးမဆုံးမီ မီးရထားသည် ပေါင်းတည်ဘူတာ၌ ဆိုက်မိ၏။

မသက်ရှိက ဦးသိန်းမောင်အား နှုတ်ဆက်ကာ ခရီးဆောင်သားရေ သေတ္တာနှင့် တိုလီမိုလီ ပစ္စည်းများကို ဆွဲ၍ ရထားထက်မှ ဆင်းခဲ့သည်။

အပြင်ရောက်ခါမှ မိုးမှာ ထင်သည်ထက် ပိုသည်းနေမှန်း မသက်ရှိ သိရသည်။

ပြင်းသော လေအဟုန်ကြောင့် မိုးသီးမိုးစက်များမှာ နေရာအနှံ့ စဉ်ပက်နေသည်။ နေ့လယ်ပိုင်း ရှိသေးသော်လည်း မိုးမှာ မှောင်၍ ညနေစောင်းထင်ရ၏။ လေပြင်း၌ ညည်းညူ ယိမ်းယိုင်နေသော သစ်ပင်ကြီးများအသံကို ခွင်း၍ မိုးခြိမ်းသံများ လွှမ်းမိုးနေ၏။

လွယ်အိတ်တွင်းမှ စာကို အဆင်သင့် တွေ့ရသောအခါ စာတိုက်ပုံးတွင်း ထည့်လိုက်ပြီးနောက် ဘူတာရုံ ပလက်ဖောင်းထက် ရပ်ရင်း မသက်ရှိသည် ဟိုဟိုသည်သည် မျှော်ကြည့်မိ၏။

မိုးကြောင့်လော၊ ဆင်းသူ နည်း၍လောမသိ၊ ဘူတာ၌ လူရှင်းနေသည်။

မသက်ရှိမှာ အနည်းငယ် စိတ်ပူသွားမိ၏။

ဤမိုး ဤလေ ဤရေတွေကြားတွင် သူစိမ်းတစ်ရုံဆံမြေ၌ ရောက်လာသည်မှာ အားငယ်ဖွယ်မူ ကောင်း၏။

မသက်ရှိသည် သက်ပြင်းတစ်ချက်ရှိုက်၍ ကိုယ်ကိုမတ်ကာ စိတ်အားတင်းလိုက်သည်။ ရေခြား မြေခြား နိုင်ငံခြား၌ပင် မိမိသည်

BURMESE CLASSIC .com

www.burmeseclassic.com



ကျင်လည်ခဲ့ဖူးလေသည် မဟုတ်ပါလော။

ထိုအခိုက်တွင်ပင် အသက်လေးဆယ်အရွယ် လူတစ်ဦးက မသက်ရှိ၏အပါးသို့ ကပ်လာသည်။

"ခွင့်ပြုပါခင်ဗျာ၊ ဒေါက်တာ ဒေါ်သက်ရှိ ဆိုတာများ ဖြစ်ပါသလား"

ထိုလူ၏ မေးခွန်းကြောင့် မသက်ရှိမှာ ဝမ်းသာသွားမိ၍ ပြန်မဖြေမီသူ့အားလည်း လျင်မြန်စွာ အကဲခတ်လိုက်မိသည်။

ရုပ်ရည်မှာ မွန်ရည်၍ ဝတ်ဆင်ပုံမှာ ရိုးသားသပ်ရပ်၏။ ယဉ်ကျေးရိုကျိုးသော ဟန်ပြင်၌ ငြိမ်သက် တည်ကြည်မှုလည်း ရှိသည်။

မသက်ရှိသည် အေးချမ်းစွာ ပြုံးလိုက်ပြီး "မှန်ပါတယ်၊ ကျွန်မနာမည်သက်ရှိပါ"ဖြေ၏။

"ကျွန်တော့်နာမည် အုံးလှိုင် ခေါ်ပါတယ်၊ သခင်ကြီး ဦးမင်းခိုင်ရဲ့ဘဏ္ဍာစိုးပါ၊ ဆရာမအတွက် သခင်ကြီးက ဒီစာပေးခဲ့ပါတယ်"

ဦးအုံးလှိုင် လှမ်းပေးလိုက်သော စာကို ယူရင်း မသက်ရှိသည် သူ၏မျက်နှာကို တစ်ချက် ဖျတ်ခနဲကြည့်မိသည်။ မိမိကို "ဆရာမ"ဟု ခေါ်သည်ကိုထောက်၍ ဦးအုံးလှိုင်သည် မိမိအား ကောင်းကောင်းကြိုတင်သိထားပုံရ၏။

စာမှ လက်ရေးမှာ မသက်ရှိ သေချာစွာမှတ်မိသော ဦးမင်းခိုင်၏လက်ရေးဖြစ်သည်။ စာ၌ အထွေအထူးမှုမပါ။ ဦးမင်းခိုင်မှာ ပြည်သို့အရေးတကြီး ကိစ္စတစ်ရပ်ကြောင့် ထွက်သွားရသဖြင့် ယနေ့အရောက်ပြန်ရန်ကြိုးစားမည်ဖြစ်သော်လည်း ရထားဆိုက်ချိန် မီချင်မှ မီမည်ဖြစ်ကြောင်း၊ မမီသော် မိမိအားခွင့်လွှတ်ရန်နှင့် ဘဏ္ဍာစိုးအုံးလှိုင်အား အစစယုံကြည်ရန်စသည်ဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com



"ကျေးဇူးပါပဲဦးအုံးလှိုင်၊ ရုတ်တရက် ဦးလေး ဦးမင်းခိုင်ကို မတွေ့ရတော့ ဒီမိုး ဒီလေ အခြေအနေနဲ့မို့ နည်းနည်းစိတ်ပူသွားမိတယ်၊ ဒါပေမဲ့ အခုလို ကြိုဆိုသူတွေ့ရတော့လည်း ပြီးတာပါပဲလေ၊ ကဲ...ကျွန်မတို့ သွားကြရအောင်"

ဦးအုံးလှိုင်က မသက်ရှိ၏ လက်တွင်းမှ ပစ္စည်းအချို့အား ကူညီဆွဲယူ၍ ဘူတာအပြင်ဘက်၌ ဆိုက်ထားသော "ဗြူးအစ်" အမျိုးအစားကားကြီးဆီသို့ ရှေ့ဆောင်လျှောက်လာခဲ့သည်။

ကားနှင့် ဘူတာရုံတံစက်မြိတ်မှာ ငါးပေခန့်သာ ကွာသဖြင့် မသက်ရှိသည် ခေါင်းထက် သတင်းစာတစ်ရွက်အုပ်၍ ကား၏ နောက်ခန်းဘက်သို့ အပြေးလေး ချဉ်းကပ်သည်။ ထိုအခိုက်တွင်ပင် ကားနောက်ခန်းတံခါးသည် ရုတ်တရက်ပွင့်လာသည်။ ထိုခဏတွင်ပင် ထိန်လင်းသောလျှပ်ရောင်နှင့်အတူ ပြင်းထန်သည့် မိုးကြိုးပစ်သံတစ်ချက် ပေါ်ထွက်လာ၏။

"အမလေး သေပါပြီ"

ဤအသံမှာ ကားနောက်ပိုင်းမှ ထွက်လာခြင်းဖြစ်၏။

ထိတ်လန့်သွားရာမှ မသက်ရှိသည် ကားတွင်းသို့ ကြည့်မိ၏။

ကားနောက်ပိုင်း၌ ဦးအုံးလှိုင်နှင့် ရွယ်တူဟု ခန့်မှန်းရသော ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ် မိန်းမကြီးတစ်ဦးကို မသက်ရှိ တွေ့ရသည်။ ကားနောက်ပိုင်းတံခါး ပွင့်လာသည်မှာ ဤမိန်းမကြီး ဖွင့်ပေး၍ပင် ဖြစ်ရမည်။ သို့ရာတွင် ယခုမူ ငယ်သံပါအောင် အော်ပြီး၍ ခမျာမှာ ရင်ဘတ်လက်နှင့်ဖိ၍ တုန်လှုပ်နေ၏။

"လုပ်ပြီ ဟောဒီ မဦးဟာ ဒီလောက်ကြောက်တတ်ရင် အစကတည်းက အိမ်မှာနေခဲ့ပါလား"

ဦးအုံးလှိုင်သည် ဒေါ်ဦးအား မာန်မဲရင်း မသက်ရှိကို ကားတွင်းသို့

www.burmeseclassic.com



တက်ရန် ကူညီပေး၏။

သည်အခါမှ ဒေါ်ဦးသည် ပျာပျာသလဲနှင့် နေရာရွှေ့ကာ မသက်ရှိအား ကြိုဆိုသည်။

အားလုံး နေရာကျချိန်၌ ဦးအုံးလှိုင်သည် ရှေ့ခန်း ဒရိုင်ဘာနေရာ၌ထိုင်၍ ကားကိုစက်နှိုး၏။

အပြင်ဘက်တွင်မူ မိုးမှာ အစွမ်းကုန် သဲသဲမဲမဲရွာနေပြီဖြစ်၏။

ဘူတာရုံမှ ကားစထွက်၍ မရှေးမနှောင်း၌ ဦးအုံးလှိုင်က မသက်ရှိကိုဒေါ်ဦးနှင့် မိတ်ဖွဲ့ပေးသည်။

"ဆရာမ၊ အဲဒီ ဒေါ်ဦးက သခင်ကြီးရဲ့ အိမ်အုပ်ထိန်းရေး အကြီးအကဲလေ၊ ဆရာမ နေစဉ်အတွင်း လိုလေသေးမရှိအောင် ဒေါ်ဦးကတာဝန်ယူပါလိမ့်မယ်"

မသက်ရှိက ပြုံးချိုစွာနှင့် ဒေါ်ဦးဘက်သို့ လှည့်ကြည့်သည်။ သည်တော့မှ ဒေါ်ဦးကလည်း ကြိုးစားပမ်းစား ပြန်ပြုံးသည်။

"ဒေါ်ဒေါ်က မိုးခြိမ်းသံကို ကြောက်တတ်တယ် ထင်တယ်"

မသက်ရှိက ဆိုသဖြင့် ဒေါ်ဦးက...

"မိုးခြိမ်းသံကို မကြောက်ပါဘူး၊ လျှပ်စီးလက်တာတော့ သိပ်ကြောက်တယ် တူမရဲ့၊ ဖွ...လွဲပါစေ ပယ်ပါစေ၊ မကောင်းသူထိပ်ကောင်းသူထိပ် မဟုတ်လား"

ဟု စကားပြန်သည်။

မသက်ရှိက ရယ်မောမိ၏။

"လျှပ်စီးလက်တာကို မကြောက်နဲ့ ဒေါ်ဒေါ်၊ လျှပ်စီးလက်တာမြင်သေးရင် မိုးကြိုးဟာ ဒေါ်ဒေါ့်ခေါင်းပေါ် မကျတော့ဘူး၊ ဘာကြောင့်ဆိုတာ နောက်တော့မှ ကျွန်မ ရှင်းပြမယ်"

BURMESE CLASSIC .com

www.burmeseclassic.com



မသက်ရှိ ပြောနေခိုက် လျှပ်စီးမှာ အကြိမ်ကြိမ်လက်၍ မိုးကြိုးသံများ ဆူညံနေ၏။ ဦးအုံးလှိုင်ကသာ ကားကို မှန်မှန် မီးဖွင့်မောင်းလာသည်။

ကားသည် ပထမ တောင်ဘက်သို့မောင်းလာ၏။ အစိုးရ ဟိုက်စကူး ကျောင်းကြီးမှန်း သိသာသော အဆောက်အအုံကြီး အနီးကျသော် အရှေ့ ဘက်သို့ ဆက်ချိုးလာ၏။

"မိုးတွေ လေတွေကို တူမ၊ အဲ .... ဆရာမ မကြောက်ဘူးလား"

ငြိမ်နေရာမှ ဒေါ်ဦးက မေးသည်။

"ကျွန်မတော့ မိုးတွေ လေတွေကို သိပ်ချစ်တယ် ဒေါ်ဒေါ်"

ဒေါ်ဦးက သက်ပြင်းချ၏။

"မိုးတွေ လေတွေကို ချစ်တယ်၊ အမယ်လေး ဒေါ်ဒေါ်တော့ သိပ်ကြောက်၊ သေလုအောင်ကြောက်"

ဤတွင် ကားရှေ့ခန်းမှ ဦးအုံးလှိုင်က ဟောက်လိုက်၏။

"ခင်ဗျားကြီး ဒေါ်ဦး၊ ဆရာမကို ဘာတွေလျှောက်ပြောနေတာလဲ"

"ကျုပ် ကြောက်တာ ကြောက်တယ်ပြောတာ တော်က ဝင်ဟန့် နေပြန်ပြီ၊ ကြောက်တာက ကြောက်တာပဲ၊ ဟုတ်တယ်မဟုတ်လား ကလေးမ၊ အဲ...ဆရာမ"

အဘိုးကြီးနှင့် အဘွားကြီးကို ကြည့်ကာ မသက်ရှိသည် ရယ်ချင် မိ၏။ သို့သော် ဣန္ဒြေထိန်း၍ မေးရ၏။

"မိုးတွေ လေတွေကို ကြောက်ရင် အိမ်မှာပဲနေခဲ့ပါလား ဒေါ်ဒေါ်၊ အလကား ဒုက္ခရှာလို့"

ဤသည်ကို ဒေါ်ဦးက ပြုံးပြုံးပျာပျာရှင်းသည်။

"အံမလေး၊ မိုးတွေ လေတွေကို ကြောက်ပါရဲ့၊ ဒါပေမဲ့ ဒီအိမ်ကြီး မှာတော့ တစ်ယောက်တည်း မနေဝံ့ပေါင်ရှင်၊ ဖွဟဲ့ လွဲပါစေ၊ မိုးကြိုး

www.burmeseclassic.com



အပစ်ခံရတာကမှ တော်ဦးမယ်”

ဒေါ်ဦးမှာ စကားမဆုံးလိုက်ရ။ ဦးအုံးလှိုင်က ရှေ့ခန်းမှ ဟန့်တားသည်။

“ဒီအမယ်ကြီး ဘာတွေ မဟုတ်တာ ဆရာမကို ပြောဦးမလို့လဲ၊ ဒါပဲနော် အမယ်ကြီး”

ဤအကြိမ်တွင်မူ ဒေါ်ဦးသည် ငြိမ်ကျသွား၏။

မသက်ရီက ဒေါ်ဦးကိုလည်းကောင်း၊ ဦးအုံးလှိုင်ကိုလည်းကောင်း တစ်လှည့်စီ ကြည့်မိသည်။ ပဟေဠိ တစ်ရပ်က မသိမသာ စလာသည်။

ကားသည် မြို့လေးများ၌ တွေ့ရတတ်သော ကျောက်ခင်းလမ်း အတိုင်း မောင်းလာရာမှ ညီညာသော မြေနီလမ်းတစ်ခုသို့ ချိုးဝင်လာသည်။ ထိုအခါတွင် မြို့၏သစ်ပင်တို့ ဖုံးကွယ်နေသဖြင့် ခေတ္တပျောက်နေခဲ့သော စိမ်းလန်းသည့် လယ်ကွင်းကြီးများ ပြန်ပေါ်လာသည်။ မိုးမြူတံတိုင်းကို ခွင်း၍ အဝေးဝယ် ရိုးမတောင်တန်းကို ရေးရေးမြင်ရ၏။

မြေနီလမ်းသည် ခြံကျယ်ကြီးတစ်ခုတွင်းသို့ တည့်တည့်ဦးတည် သွား၏။

ခြံတွင်းရှိ ခေတ်မီ နှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်အောက်၌ ကားသည် ဆိုက်၏။

ဦးအုံးလှိုင်နှင့် ဒေါ်ဦးသည် မသက်ရီအား ဧည့်ခန်းဆောင်သို့ အလျင်ခေါ်သွားသည်။ ဧည့်ခန်း၌ ဦးမင်းခိုင်ကို တရားဝန်ကြီး အဆောင် အယောင်နှင့် ခံ့ညားသော ဓာတ်ပုံကြီးရှိသည်။

“ဦးလေး ဦးမင်းခိုင်က ပြည်ကို ရထားနဲ့ပဲ သွားပါသလား”

ဧည့်ခန်း၌ ထိုင်မိစဉ် မသက်ရီက စကားစ ရှာကြံ၍ မေးရသည်။

“မဟုတ်ပါဘူး ဆရာမ၊ ဂျစ်ကားနဲ့ပါ၊ ဒီနေ့လယ် ပြန်ရောက်ဖို့ပဲ၊

www.burmeseclassic.com



လမ်းမှာမိုးမိပြီး ကားများပျက်လား မပြောတတ်ဘူး၊ ကိစ္စတော့ မရှိပါဘူး၊ ဒရိုင်ဘာ မောင်စံကြူးပါသွားပါတယ်၊ တော်ရုံတန်ရုံပျက်တာဆို မောင်စံကြူးက ပြင်တတ်ပါတယ်”

ဦးအုံးလှိုင်သည် မသက်ရှိအား ရှင်းပြပြီးနောက် ဒေါ်ဦးဘက်သို့ လှည့်၍ “ကဲ…ဒေါ်ဦး၊ ဆရာမကို အခန်းတွေဘာတွေ လိုက်ပြပါ၊ ပြီးတော့ ခင်ဗျားကြီး ဘာမှ လေတွေဆက်ရှည်မနေနဲ့ဦးနော်၊ ရထားစီးလာရတာ ညောင်းလို့ ဆရာမ နားချင် နားပါစေဦး”ဟု တစ်ဆက်တည်း ပြော၏။

ဦးအုံးလှိုင်သည် စားပွဲတစ်ခုထက်ရှိ မောင်းလေးကို ထုလိုက်ရာ အစေခံနှင့်တူသူ အသက် ၁၇ နှစ်ခန့် မိန်းကလေးတစ်ဦး ဝင်လာ၏။

“ငြိမ်းခင် ပစ္စည်းတွေသယ်ပြီး ဒေါ်ဦးနဲ့ လိုက်ကူညီချေ”

မသက်ရှိမှာ ညောင်းညာနေသဖြင့် ဘာမျှ စကားဆက်မပြောတော့ဘဲ ဒေါ်ဦးရှေ့ဆောင်သည့်အတိုင်း တိုက်ကြီး၏ အပေါ်ထပ်သို့ တက်လိုက်ခဲ့သည်။

အပေါ်ထပ်သို့ တက်ခဲ့မှ တိုက်ကြီး၏ ခေတ်မီခဲ့ညားမှုကို မသက်ရှိမှာ ပို၍ သတိပြုမိသည်။

“အိမ်ကြီးက သိပ်ကောင်းတာပဲနော်”

မသက်ရှိက မှတ်ချက်ချသည်။

“ဆရာမက ဒီအိမ်ကြီးကို သဘောကျသလား”

ဒေါ်ဦး၏မေးဟန်၌ အဓိပ္ပာယ်တစ်မျိုး သက်ဝင်နေသဖြင့် မသက်ရှိက ဖျတ်ခနဲ မော့ကြည့်မိ၏။

“ဒေါ်ဦးကော…”

“သဘောကျပါတယ်လေ၊ သဘောကျပါတယ်၊ အိမ်ကြီးကိုတော့

www.burmeseclassic.com



သဘောကျပါတယ်”

ဒေါ်ဦးမှ စကားရပ်သွား၏။

“အိမ်ကြီးကိုတော့ သဘောကျတယ်၊ ဟုတ်လား ဒေါ်ဦး၊ ဘာကို သဘောမကျလဲ”

ဒေါ်ဦးမှာ သိသိသာသာ တုန်လှုပ်သွားပြီး သွက်သွက်ငြင်းသည်။

“အို...အို...ဒီလိုမဟုတ်ပါဘူး၊ ဒီလိုမဟုတ်ပါဘူး၊ ဟို... အဲ...၊ ဟဲ့...ငြိမ်းခင် ပစ္စည်းတွေ ချတော့လေ၊ အခန်းရောက်ပြီ”

ဒေါ်ဦးသည် စကားကို မဆုံးဘဲ ဇွတ်ပိတ်ရပ်ပစ်၏။ အခန်းတစ်ခု ရှေ့၌လည်း ရောက်မိကြပြီဖြစ်သဖြင့် ငြိမ်းခင်က ပစ္စည်းများကို ချခိုက် ဒေါ်ဦးက အခန်းကို သော့ဖွင့်သည်။ အခန်းတွင်းသို့ရောက်သော် မသက်ရှိမှ စိတ်ကျေနပ်မိပြန်သည်။ အခန်းမှာ အနောက်နိုင်ငံ ဟိုတယ်ကြီးများမှာ ပထမတန်း အခန်းမျိုးဖြစ်သည်။ အခန်းတံခါး၌ ချက်မရှိဘဲ သော့သာရှိ၏။

ဒေါ်ဦးက သော့တစ်ချောင်းကို မသက်ရှိအား ပေးသည်။

“ဒါ တူမကြီးအတွက်ပဲ၊ ပြီးတော့ ဟောဒီခလုတ်ကို အထဲကနေ ဒီလိုချထားရင် အပြင်က ဘယ်လိုမှ ဖွင့်လို့မရတော့ဘူး”

ဒေါ်ဦးက ရှင်းပြနေသဖြင့် မသက်ရှိက “ဟုတ်ကဲ့ ဒေါ်ဒေါ် ကျွန်မ နားလည်ပါတယ်”ဟု ဆိုရသည်။

ပစ္စည်းများကို ချပေးပြီး ငြိမ်းခင် ထွက်သွား၏။

မသက်ရှိက အခန်းကို လှည့်လည်ကြည့်မိသည်။

အခန်းမှာ အလျားပေနှစ်ဆယ်၊ အနံဆယ့်ငါးပေခန့်ရှိ၍ ကောင်းစွာ ကျယ်ဝန်းသည်။ အိတာလျံ ကျောက်ပြားခင်း ကျောက်ပြားကာ၊ ရေဆွဲ အိမ်သာနှင့် ရေချိုးခန်း သီးသန့်တွဲဖက်ပါရှိသည်။

မသက်ရှိက ပြတင်းပေါက်များဆီ ကပ်သွား၏။

BURMESE CLASSIC .com

www.burmeseclassic.com



ပြတင်းပေါက်များမှ အဝေး အရှေ့ဘက်ရှိ လယ်ကွင်းများနှင့် ရိုးမတောင်တန်းကြီးအား ကောင်းစွာ မြင်ရသည်။ ငုံ့ကြည့်လိုက်လျှင်လည်း ခြံတွင်းမှ သစ်ပင်၊ ပန်းပင်များကို တွေ့နိုင်၏။

မသက်ရှိက ပြတင်းမှန်တံခါးကို ဖွင့်သည်။

"အို ဆရာမ မဖွင့်နဲ့လေ"

ဒေါ်ဦးက ထိတ်လန့်တကြား တားသည်။

"ဘာဖြစ်လို့လဲ ဒေါ်ဦး၊ မိုးလည်းစဲပါပြီ၊ မိုးကြိုးတွေဘာတွေလည်း မပစ်တော့ပါဘူး"

မသက်ရှိက ရယ်မောရင်း တံခါးကို ဖွင့်ဖြစ်အောင် ဖွင့်လိုက်ပြီး ဒေါ်ဦးအနီးတွင် လာထိုင်၏။

မသက်ရှိက ပြုံး၍ ဒေါ်ဦးကို စိုက်ကြည့်သည်။ ဤမိန်းမကြီးကို ဆရာမက စိတ်ဝင်စားမိပြီဖြစ်သည်။

ငြိမ်နေရာမှ ဒေါ်ဦးက မသက်ရှိ မမျှော်လင့်သော မေးခွန်းတစ်ခုကို မေး၏။

"ဆရာမက ဒေါက်တာဘွဲ့ ရထားတယ်ဆိုတော့ ဆရာဝန်ပေါ့ ဟုတ်လား၊ ဆရာဝန်တွေဟာ ဘွဲ့ရဖို့ ရင်ခွဲရုံထဲမှာ လူသေတွေနဲ့ ညအိပ် ရတယ်လို့ ပြောတယ်၊ ဆရာမ မကြောက်တတ်ဘူးလား"

ဤအကြိမ်တွင်မူ မသက်ရှိသည် အသံများထွက်အောင်ရယ်မိသည်။

"ကျွန်မက ဒေါက်တာဆိုပေမဲ့ ဆရာဝန်မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ပြီးတော့ ဆရာဝန် မဟုတ်ပေမဲ့ ကျွန်မ မကြောက်တတ်ပါဘူး"

ဒေါက်တာလည်း ဆို၍ ဆရာဝန်မဟုတ်ဟုဆိုသော မသက်ရှိအား ဒေါ်ဦးသည် စိတ်ရှုပ်ထွေးသွားဟန်နှင့် ကြည့်၏။ ထို့နောက် တစ်စုံတစ်ခု ဆက်လေရှည်တော့မည့်ဟန် ပါးစပ်ပြင်သည်။ သို့ရာတွင် အောက်ထပ်မှ

www.burmeseclassic.com



"ဒေါ်ဦး–ဒေါ်ဦး"ဟု ဦးအုန်းလှိုင်၏ခေါ်သံ ကြားရသဖြင့် စကားမဆက်တော့ဘဲ နေရာမှထသည်။

"ဟော...ဒီဟာကြီးကလည်း တစ်မှောင့်ပဲ၊ စကားကိုကောင်းကောင်း မပြောရဘူး၊ လာပြီ...တော်ရေ့...လာပြီ၊ ဩော်... ဆရာမ ဒီမှာခဏ"

ဒေါ်ဦးသည် သွက်လက်စွာဖြင့် မသက်ရှိ၏ လက်ကိုဆွဲကာ ခုတင်ခေါင်းရင်းဘက်ရှိ စာရေးစားပွဲဆီ ခေါ်လာ၍ အံဆွဲတစ်ခုကို ဆွဲဖွင့်လိုက်၏။ အံဆွဲတွင်းမှ ဒေါ်ဦး ဆွဲယူထုတ်လိုက်သော အရာမှာမူ မသက်ရှိအတွက် အထူးအဆန်းဖြစ်နေသည်။

ဇန်ကောက်ပိုးစတစ်စ ဖြစ်သည်။ အရောင်မှာ သင်္ကန်းရောင်တည်း။

"အဲဒါ အင်းလေး ဖောင်တော်ဦး စေတီက ဇန်ကောက်သင်္ကန်းတော်ပဲ၊ မောင်စံကြူ သခင်ကြီးနဲ့ ရှမ်းပြည်နယ်လိုက်သွားတုန်းက ငွေသုံးဆယ်ပေးပြီး လေးငါးစအဒေါ်မှာလိုက်ရတာ၊ မကောင်းဆိုးဝါးတွေ မကပ်နိုင်ဘူး၊ သေနတ်တောင် ပြီးသတဲ့၊ ဆရာမ အိပ်လို့ရှိရင် ခုတင်ခေါင်းရင်းမှာ ချည်ထား၊ ကြားလား၊ အဒေါ်တော့ ကြည့်စမ်း ဟောဒီမှာ..."

ဒေါ်ဦးသည် သူ့ဆံပင်ကို ဖြေပြသည်။ ဆံပင်တွင်းမှ ဇန်ကောက်သင်္ကန်းစ တစ်စ ပေါ်လာသည်။

မသက်ရှိ၏ ဒေါ်ဦးအပေါ် စိတ်ဝင်စားမှုသည်အံ့ဩခြင်းသို့ ပြောင်းလဲလာသည်။ ဘာရည်ရွယ်ချက်နှင့် ဤအဘွားကြီးသည် ဤပစ္စည်းများကို ပြနေရပါသနည်း။ ထိုစဉ် အောက်ထပ်မှ ခေါ်သံသည် ပေါ်လာပြန်၏။

"ဒေါ်ဦး ခင်ဗျား ဘာလုပ်နေတာလဲ"

ဒေါ်ဦးသည် သင်္ကန်းစကို ကပျာကယာ မသက်ရှိ၏ လက်တွင်းသို့ ထည့်၍ အပြင်ဘက်သို့ ထွက်ပြေး၏။ အပေါက်ဝရောက်မှ လှည့်ကာ မသက်ရှိအား မှာပြန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



"ဆရာမ တံခါးကို အထဲက ခလုတ်ချထားနော်"

ဒေါ်ဦး ပျောက်သွားသောအခါ မသက်ရှိမှာ ဗန်ကောက် သက်န်းစ ကိုင်ရင်း ငိုင်ကျန်ရစ်သည်။

မသက်ရှိသည် သက်ပြင်းချလိုက်၍ သက်န်းစကို အံဆွဲတွင်းသို့ ရှိသေစွာ ပြန်ချထားလိုက်သည်။ ထိုအခိုက်တွင်ပင် မိမိထံရေးခဲ့သော ဦးမင်းခိုင်၏စာမှ အပိုဒ်တစ်ပိုဒ်ကို သတိရမိ၏။

"ဦး ရင်ဆိုင်နေရတဲ့ ပြဿနာက ရတ်တရက် ဖွင့်ပြောဖို့ ခက်တယ်တူမကြီး၊ တူမကြီး အနေနဲ့တော့ ဦးကို ကူညီနိုင်လိမ့်မယ် ထင်ပါတယ်၊ သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ ဦးဆီကို လာလည်စေ ချင်တယ်၊ ဒီတော့မှပဲ အကြောင်းစုံ ဖွင့်ပြောပါရစေ"

ဦးမင်းခိုင် ရင်ဆိုင်နေရသော ပြဿနာနှင့် ကြောက်ရွံ့တတ်သော ဒေါ်ဦးသည် မည်သို့ဆက်သွယ်နေသနည်း။

လုံလောက်သော အချက်အလက် မပြည့်စုံခင် စဉ်းစားခန်း မဝင်လိုသော မသက်ရှိသည် အတွေးစကို ဖြတ်၍ အဝတ်အစားလဲသည်။

အိပ်ရာထက် ခေတ္တလှဲလျောင်း အနားယူနေစဉ် အပြင်ဘက်မှ တံခါးခေါက်သံ ကြား၏။

"ဝင်ခဲ့လေ"

တံခါးမှာ ပွင့်သွား၍ ငြိမ်းခင် ဝင်လာသည်။

ဖြူဖြူစင်စင် တောင့်တောင့်ဖြောင့်ဖြောင့်နှင့် ရဲဝံ့ဟန်ရှိသော ငြိမ်းခင်က ခုတင်ဘေး၌ လာရပ်၏။

"ဘာလဲကွဲ့ ငြိမ်းခင်"

"ဘတ္တလာက မေးခိုင်းလို့ပါမမ၊ လန့်(ချ်) (နေ့ခင်းစာ) စားဦးမလား တဲ့၊ စားချင်ရင် ဘာများ အထူးနှစ်သက်ပါသလဲတဲ့"

BURMESE CLASSIC .com

www.burmeseclassic.com



"သြော်...သြော်...ဒါထက်၊ ညစာကို ဒီအိမ်မှာ ဘယ်အချိန်စားသလဲ မငြိမ်းခင်"

"သခင်ကြီးက ည ၇ နာရီတိတိမှာ စားပါတယ်"

"ဒီလိုဆိုရင် နောက်နေ့တွေမှာ မမ နေ့လယ်စာ ကောင်းကောင်း စားချင်တယ်၊ နွားနို့နဲ့ ကြက်ဥပြုတ်ဘွိုင်ရနိုင်ရင် လိုချင်တယ်၊ ကျန်တာ တော့ ကြိုက်တာလုပ်ပေါ့ ဟုတ်လား၊ ဒီနေ့တော့ မမ ရထားပေါ်မှာ စားခဲ့တာမို့ မဆာလို့ မစားတော့ဘူး"

မသက်ရီက ပြုံး၍ စကားကို အဆုံးသတ်လိုက်သည်။ ငြိမ်းခင်မှာ ကိစ္စပြီးပြတ်၍ ထွက်သွားရန်သာရှိသော်လည်း ထွက်မသွားသေးဘဲ ငြိမ်နေ၏။ နှုတ်ခမ်းလေးတွေမှာ လှုပ်နေ၍ တစ်စုံတစ်ခုကို ပြောလိုဟန် တူသည်။ ဤသည်ကို မသက်ရီက ကောင်းစွာရိပ်မိသည်။

"ပြောလေ မငြိမ်းခင်၊ မမကို ဘာပြောစရာရှိသလဲ"

သို့သော် ငြိမ်းခင်၏အမူအရာမှာ ပြောင်းလဲသွားသည်။

"မဟုတ်ပါဘူးမမ၊ ကျွန်မ အထူးပြောစရာမရှိပါဘူး၊ မမ ဒီမှာ နေတုန်း အစစ ကျွန်မကို ခိုင်းနိုင်ပါတယ်၊ အဲဒါ ပြောမလို့ပါ"

ငြိမ်းခင်၏ ဖုံးဖိပုံမှာ မပိရိ။ သို့ရာတွင် မသက်ရီက ဤမျှနှင့်သာ ကျေနပ်လိုက်ရ၏။

"ကောင်းပါပြီ မငြိမ်းခင်၊ ကျေးဇူးတင်ပါတယ်၊ ကဲ... သွားနိုင်ပါပြီ ကွယ်"

ငြိမ်းခင်သည် ထွက်သွား၏။

မသက်ရီသည် ပထမဦးစွာ ဤအိမ်ကြီးအား သက်မကင်း ဖြစ်သွားသည်။ ဘာရယ်တော့မသိ။

မည်သို့ရှိစေ၊ ယခုအထိ တွေ့ခဲ့ရသော အိမ်သူအိမ်သားများ၏

BURMESE CLASSIC .com

www.burmeseclassic.com



အမူအရာ အပြောအဆိုတို့မှာ တစ်မျိုးတစ်ဖုံ ထူးဆန်းနေသည်။

မသက်ရှိသည် အိပ်ရာထက် ဆက်လက် မလှဲတော့ဘဲ ပြတင်းဝဆီ ထွက်လာခဲ့၏။

အပြင်၌ မိုးမှုန်ဖွဲဖွဲလေးများသာ ကျနေသည်။ လေပြင်းမှာလည်း ငြိမ်သွား၍ မုတ်သုံသည် စပါးပင်များကို လှိုင်းထရုံ ညင်ညင်သာသာ တိုက်နေ၏။

ပြာမှိုင်းသော ရိုးမကြီးမှာ ထင်ရှားလှ၏။ ရိုးမထိပ်၌ ကျော်လွှားနေသော မိုးဖြူတိမ်စုတို့ကို မြင်ရ၏။

မသက်ရှိက အေးချမ်းလတ်ဆတ်သောလေကို ရှူရင်း ခြံတွင်းသို့ အမှတ်မထင် ကြည့်မိ၏။

အိမ်ကြီးမှာ မြောက်ဘက်သို့ မျက်နှာမူထားသည်။

မိမိနေသောအခန်းမှာ တောင်ဘက် လယ်ကွင်းများဆီ ကောင်းကောင်းမြင်ရသည် ထောက်၍ အိမ်နောက်ဘက် အတန်ကျမှန်း မသက်ရှိ သိမိ၏။

အိမ်နောက်ပိုင်း တောင်ဘက်ခြံစပ်၌ အစေခံတို့အတွက် ဖြစ်ဟန်တူသော တစ်ထပ်တိုက် တန်းလျားကလေး နှစ်ခုနှင့် အဝီစိတွင်း၊ ရေတိုင်ကီ၊ ရေစုပ်စက်ခန်း အဆောက်အအုံတို့ကို မသက်ရှိ မြင်ရ၏။

ပေါင်းတည်သားပီပီ နယ်ကိုချစ်သော ဦးမင်းခိုင်သည် အခြားအရာရှိကြီးများကဲ့သို့ မြေဈေးကြီးသော ရန်ကုန်၊ ပြင်ဦးလွင် စသည်တို့ကို မမင်ဘဲ ဇာတိရပ်ရွာ၌ အကျအန အခြေလာစိုက်ထားမှန်း သိသာသည်။

အနောက်နိုင်ငံ၏ တောတောင်ရေမြေတို့ကို ငြီးငွေ့၍ မြန်မာ့တောတောင် ရေမြေကို ပိုမိုမြတ်နိုးခဲ့သော မသက်ရှိအတွက် ချောင်းမြောင်း လယ်ယာ ရိုးမတောင်မင်းတို့နှင့် မြန်မာပီသလှသော ဤပေါင်းတည်နယ်၏

www.burmeseclassic.com



ရှုခင်းကို နှစ်သက်မိလျက်သား ဖြစ်နေသည်။

မိုးဝယ် စိမ်းလန်းသာယာသော ရှုခင်းကို ငေးကြည့်နေသော မသက်ရှိမှာ ခြေသံလိုလို အသံတစ်ခုကြောင့် နားစွင့်ထောင်မိသည်။

ခြေသံမှာ ဖော့နင်းလာသော အသံဖြစ်၏။ တစ်ချီတစ်ချီတွင် ရပ်သွား၏။ လျှို့ဝှက် ဖော့နင်းလာဟန်တူသောခြေသံမှာ မိမိ၏ အခန်းရှေ့၌ ရပ်သွားမှန်း မသက်ရှိ သတိပြုမိ၏။

ထိုအခိုက်တွင်ပင် မသက်ရှိ၏ အခန်းတံခါးကို တစ်စုံတစ်ယောက်က အပြင်မှ လက်ကိုင်လှည့်၍ အသာ တွန်းဖွင့်သည်။

"ဘယ်သူလဲ မငြိမ်းခင်လား"

မသက်ရှိ၏မေးသံ ထွက်ပေါ်လာချိန်တွင် တံခါးသည် အလန့်တကြား ပြန်ပိတ်သွား၍ ခပ်သွက်သွက် ထွက်ပြေးသွားသော ခြေသံသည် ပေါ်လာ၏။

မသက်ရှိက တံခါးဆီသွားကာ ဖွင့်လျက် အပြင်သို့ ကြည့်သည်။

အခန်းစင်္ကြံထောင့်ချိုးတစ်ခု၌ လူရိပ်သဏ္ဌာန် တစ်ခုသည် ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

မသက်ရှိက ရှေ့ဆက်လိုက်မည်ပြုပြီးနောက် သတိရကာ အခန်းတွင်းသို့ ပြန်ဝင်လာခဲ့၏။

မသက်ရှိသည် လက်ဆွဲအိတ်တွင်းမှ ဒန်ရောင် ခြောက်လုံးပြူးလေးကို ထုတ်ယူမိသည်။ အမေရိကန်မှ ပြန်လာစဉ်က လှ၍ ဝယ်လာသော လက်နက်ကလေးဖြစ်သည်။ ယခုမူ အားကိုးစရာဖြစ်နေပေပြီ။

မသက်ရှိသည် ငါးမိနစ်ခန့် ငြိမ်စောင့်နေသည်။

ဘာသံမှ မကြားရသည့်အဆုံးတွင် ခြောက်လုံးပြူးလေးကို လက်ဆွဲအိတ်တွင် ပြန်ထည့်ထားလိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ရေမိုးချိုး အဝတ်လဲရန် ကိစ္စကလည်း ရှိသေးသည်။

ဤအကြိမ်တွင်မူ မသက်ရှိသည် ဒေါ်ဦး၏ အမှာစကားကို အတိအကျ လိုက်နာ၏။

ရေချိုးရန် မပြင်ဆင်မီ မသက်ရှိသည် အခန်းတံခါးကို အတွင်းမှ ခလုတ်ချပိတ်လိုက်သည်။

*

BURMESE CLASSIC .com

www.burmeseclassic.com

(၂)

ညနေခြောက်နာရီ ထိုးချိန်၌ မသက်ရီသည် အောက်ထပ်သို့ ဆင်းလာခဲ့၏။

ဦးမင်းခိုင် ပြန်မရောက်လာသေး။ မိုးမှာ ပြန်သည်းလာ၍ တိမ်မည်းတို့ကြောင့်လည်း ညနေမှာ မှောင်နေ၏။

မသက်ရီ ဧည့်ခန်းသို့ ရောက်သည်အထိ မည်သူ့ကိုမှ မတွေ့ရ။ ပထမသော် မသက်ရီသည် နောက်ဖေးမီးဖိုခန်းဆီ လိုက်သွားမည် ကြံသေး၏။ သို့ရာတွင် ဧည့်ခန်းနှင့်ကပ်လျက်ရှိသော အခြားအခန်းတစ်ခုက မသက်ရီ၏အာရုံကို ဆွဲဆောင်လိုက်သည်။

ထိုအခန်းမှာ စာကြည့်ခန်းမှန်း သိသာသည်။ မသက်ရီ၏အာရုံကို အထူးဆွဲဆောင်သည်မှာ ထိုအခန်းတွင်းမှ စန္ဒရားတစ်လုံးဖြစ်သည်။

မသက်ရီက စာကြည့်ခန်းထဲသို့ ဝင်လာသည်။

သားမွေးကော်ဇော ခန်းလုံးပြည့် ခင်းထား၍ အခန်းမှာ နွေးထွေးနေ၏။ အခန်းနံရံအလိုက် တည်ခင်းသော ကျွန်းသားမှန်ဗီရိုများမှာ ခါးလယ်ခန့်သာ မြင့်၍ ခေတ်မီ သပ်ရပ်လှပ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုင်ဆိုဖာ၊ မွေ့ရာဆိုဖာ အသီးသီးကို မတ်ရပ်မီးတိုင်ကိုယ်စီနှင့် စနစ်တကျ နေရာချထား၏။ အခန်းပတ်ပတ်လည် မှန်တံခါးတပ် ပြတင်းပေါက်ကြီးများမှာ ဆယ်ပေခန့်မြင့်၍ အလင်းရောင်ကို လိုသမျှ ထိန်းသိမ်းရန် တပ်ထားသည့် ခန်းဆီးရှည်ကြီးမှာ အဖိုးတန် ပိတ်သားများ ချည်းဖြစ်သည်။ တပ်ဆင်ထားသည့် အပူအအေး ထိန်းစက်ကိုပါ ထည့်သွင်း ချင့်တွက်လျှင် ဦးမင်းခိုင်သည် စာကြည့်ခန်းကို အထူးအသားပေးမွမ်းမံ ထားကြောင်း သိသာသည်။

ဤသည်မှာ မသက်ရှိအတွက် မဆန်း။ အငြိမ်းစားယူပြီးသော ဦးမင်းခိုင်သည် ဥပဒေရေးရာများ၊ အရှေ့တောင်ပိုင်းဆိုင်ရာ နိုင်ငံရေးရာ သမိုင်း စသည်တို့ကို အင်္ဂလိပ်ဘာသာဖြင့် အောင်အောင်မြင်မြင် ရေးသား ပုံနှိပ်ထုတ်ဝေနေသော ကျမ်းပြုဆရာကြီး ဖြစ်သည်။ ဤစာကြည့်ခန်းမှာ ဘဝနောက်ပိုင်းဝယ် ဦးမင်းခိုင် ကျင်လည်သော လောကဖြစ်ပေလိမ့်မည်။

လင်းအတ်အမျိုးအစား စန္ဒရားကြီးရှေ့တွင် ရပ်လိုက်သော မသက်ရှိ ၏ မျက်လုံးများသည် စန္ဒရားအထက်နံရံပေါ်ရှိ ဓာတ်ပုံတစ်ခုဆီ ရောက် သွား၏။ ထိုခဏတွင်ပင် မသက်ရှိမှာ အသက်ရှူရပ်သွားလု ဖြစ်သွားမိ၏။

ဓာတ်ပုံမှာအိုမင်းဟန်ပြသည်။ သို့သော် ဓာတ်ပုံတွင်းမှ ခေတ်ဟောင်း အဝတ်အစားနှင့် မိန်းမပျိုမှာ မိမိနှင့်ရှယ်တူမျှ ဖြစ်နေရုံမက မိမိနှင့်ခွဲမရအောင် တူလွန်းလေသည်တကား။

မသက်ရှိ မှင်တက်မိ ငြိမ်ရပ်နေမိခိုက် အခန်းဝမှ ခြေသံတစ်ခု ပေါ်လာသည်။ သွက်လက်စွာ လှည့်လိုက်သူ မသက်ရှိမှာ ရုတ်တရက် ထိတ်လန့်သွား၏။

အပြင်ဘက်၌ မိုးမှောင်နေ၍ စာကြည့်ခန်းတွင်း၌ အလင်းရောင် အားနည်းနေသောကြောင့် အခန်းဝကို ကျောပေးရပ်နေသူအား သဲသဲကွဲကွဲ

BURMESE CLASSIC .com

www.burmeseclassic.com



မမြင်ရ။ အရပ် ရှည်ရှည်သွယ်သွယ်နှင့် ယောကျ်ားတစ်ဦးမှန်းမှု သိသာသည်။

"ရှင်...ရှင်...ဘယ်သူလဲ"

မသက်ရှိ၏အသံမှာ အနည်းငယ် တုန်ယင်နေ၏။

ထိုသူထံမှ မည်သည့်အဖြေမျှ မပေါ်လာ။ လှုပ်မှာလည်း မလှုပ်ရှား။

မသက်ရှိက သတိရကာ အနီး၌ အဆင်သင့်တွေ့ရသော မီးခလုတ် တစ်ခုကို ဖွင့်လိုက်သည်။ ကံအားလျော်စွာ မျက်နှာကြက် မီးခလုတ်ဖြစ်နေ၍ တစ်ခန်းလုံးမှာထိန်သွားသည်။

မီးရောင်ကြောင့် အခန်းဝမှ လူ၏သဏ္ဌာန်မှာ သဲကွဲလာ၏။

သူက အင်္ကျီလက်တို၊ ဘောင်းဘီရှည်နှင့်ဖြစ်၏။

နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများကြောင့် ရင့်ရော်ဟန်ပေါက်သော မျက်နှာ၌ ကျွဲကော်ကိုင်း မျက်မှန်ထပ်ထား၏။

"ရှင်ဘယ်သူလဲ...ဟင်"

မသက်ရှိက ဤအကြိမ်တွင်မူ တည်ငြိမ်သော အသံနှင့်မေးသည်။

သူက လှုပ်ရှားလာသည်။ မျက်နှာ၌ အိုမင်းဆွေးမြေ့သော အပြုံး တစ်ရပ်လည်း ပေါ်လာ၏။ ထွက်ပေါ်လာသော အသံမှာ အေးချမ်း ပျော့ပျောင်း၏။

"မောင်ညိုမှိုင်းပါ မမရှိ၊ သူ့ကို မမရှိ မသိပေမဲ့ မမရှိကို သိနေ ရတဲ့ မောင်ညိုမှိုင်းရယ်ပါ"

ပထမသော် မသက်ရှိမှာ ဘာပြန်ဖြေရမှန်းမသိ။ ထို့အပြင် ဤလူထူးလူဆန်းကြောင့် ဒေါ်ဦးကိုဖြစ်စေ၊ ငြိမ်းခင်ကိုဖြစ်စေ လှမ်းအော် ခေါ်ရ ကောင်းမလား စဉ်းစားမိသေး၏။ သို့ရာတွင် တည်ငြိမ်သော သူ့ အမူအရာ၌ ဘေးအန္တရာယ်အရိပ်အယောင်ကို လုံးဝ တွေ့ရသည် မဟုတ်။

"ရှင့်နာမည် ကိုညိုမှိုင်း ဟုတ်လား၊ ပြီးတော့ ကျွန်မကိုသိတယ်"

BURMESE CLASSIC .com

www.burmeseclassic.com



သူက ဆွေးမြေ့သောအပြုံးကို ပြုံးပြန်သည်။ မသက်ရှိက သတိနှင့် ရပ်နေခိုက် သူက ဖြည်းညင်းစွာ ရှေ့တိုးလာသည်၊

အပြင်ဘက်၌ ညည်းညူသော မိုးညလေသည် တိုက်ခတ်နေ၏။ မြေသို့ကျသော မိုးပေါက်သံများလည်း ပေါ်ထွက်နေ၏။

သူက မသက်ရှိကို မကြည့်။ မျက်လုံးများက ဓာတ်ပုံဆီ စူးစိုက်ရင်း တစ်ဦးတည်း ညည်းသကဲ့သို့ ဆိုသည်။

“ဒီဓာတ်ပုံအကြောင်း သူတို့က အမျိုးမျိုးပြောကြတယ်၊ ဒါပေမဲ့ ဒီဓာတ်ပုံထဲက မမရှိဟာ တစ်နေ့ပေါ်လာလိမ့်မယ်ဆိုတာ ကျွန်တော်သိတယ်၊ မိုးသည်းသည်းမှာ မမရှိရောက်လာရမယ်၊ အခုပြောနေတာ မှန်နေပြီ”

မသက်ရှိ၌ ထိတ်လန့်ကြောက်ရွံ့မှုတို့ မရှိတော့။ သူ့ပြောဟန်ဆိုဟန်ကြောင့် သူ့အပေါ် စိတ်ဝင်စားလာသည်။

မသက်ရှိသည် ပင်ကို ချိုပြုံးသော မျက်နှာနှင့် စကားဆို၏။

“ကျွန်မကို ရှင်က သိနေတယ်ဆိုတော့ ဒီအိမ်သားပဲနဲ့တူတယ်၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ထိုင်ပါဦးရှင်”

ဤသို့ဆိုပြန်သော် သူသည် အေးချမ်းသိမ်မွေ့စွာပင် စကားကို လိုက်နာ၍ ဆိုဖာတစ်ခုပေါ်၌ ထိုင်သည်။ မသက်ရှိကပါ မလှမ်းမကမ်းရှိ အခြားဆိုဖာတစ်ခုထက် ထိုင်လိုက်၏။

မသက်ရှိက သူ့မျက်နှာအား စိုက်ကြည့်အကဲခတ်မိသည်။ အတန်ရှည်သော မုတ်ဆိတ်ပါးမြိုင်းမွေးတို့ကြောင့် ရင့်ရော်ဟန်ပေါက်သော်လည်း အနီးကပ် သေသေချာချာ မြင်ရပြန်တော့ မျက်နှာ၌နုပျိုခြင်းကို တွေ့ရသည်။

မိမိထက် အသက်အတန်ငယ်ပုံရသည်။ ထို့ကြောင့်လည်း သူက မိမိအား မမရှိဟု အရိုအသေပေး ခေါ်နေဟန် တူသည်။

သူ့အကြိုက် လိုက်လျောညီစေရန် မသက်ရှိကလည်း အခေါ်

www.burmeseclassic.com



အဝေါ် အသုံးအနှုန်း ပြောင်း၍မေးသည်။

"မမရီကို ဒီက မောင်က သိနေတယ်ဆိုတော့ ဘယ်လိုသိနေသလဲ၊ ဦးလေး ဦးမင်းခိုင် ပြောပြထားသလား"

သူက ခေါင်းခါသည်။

"ဘယ်သူမှ မပြောပါဘူးလေ၊ ဒါပေမဲ့ သိတာကတော့ သိနေတာပဲ၊ သိခြင်းတွေကို ဘာကြောင့် ဘယ်လိုသိတယ်ဆိုတာ ရှင်းပြနေရရင် ကျမ်းတစ်စောင် ဖွဲ့နေရဦးမယ်"

မသက်ရီက သူ့အား ဖျတ်ခနဲမော့ကြည့်မိသည်။ လူက နောက်နေသည် မဟုတ်။ သူ့ပြောဟန်မှာ တည်ကြည်ခံ့ညားနေ၏။

မသက်ရီက ပြုံးမိ၏။

"ဒါပေမဲ့ မောင်ညိုမှိုင်း သိတာတစ်ခုကတော့ လွဲနေတယ်၊ ဒီဓာတ်ပုံဟာ မမရီရဲ့ ဓာတ်ပုံမဟုတ်ဘူး"

ဤငြင်းပယ်ချက်ကို ကြိုတင်ရိပ်မိထားသကဲ့သို့ မထူးဆန်းဟန် သူက အဓိပ္ပာယ်ပါပါနှင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။

"မမရီ မမှတ်မိဘူးဆိုရင် ကျွန်တော်အပြစ်မတင်ပါဘူး၊ သံသရာဆိုတာကလည်း မေ့လျော့ခြင်းဆိုတဲ့ ဘဝမြူ လွှမ်းမြဲမွဲတာ မဟုတ်လား"

သူ၏ခံ့ညားသော စကားရပ်ကြောင့် မသက်ရီက သူ့အား မော့ကြည့်မိသော်လည်း သူကမူ ဆက်လက်၍ တည်တည်ငြိမ်ငြိမ် ပြောနေ၏။

"မေ့လျော့ခြင်း ဆိုတာဟာလဲလေ တစ်ခါတလေတော့ ကောင်းလိမ့်မယ် ထင်ပါရဲ့၊ ဥပါဒါန ပစ္စယာဘဝေါလို့ ဆိုတယ်မဟုတ်လား၊ မစွဲလမ်းအပ်တဲ့ ဥပါဒါန်တွေကို စွဲနေမယ့်အစားမေ့ပစ်ခြင်းဟာ ကောင်းပါတယ်လေ ကောင်းပါတယ်"

www.burmeseclassic.com



ဤအကြိမ်တွင်မူ မသက်ရှိသည် ကရုဏာ ရောသော အံ့သြမှုဖြင့် သူ့အား စိုက်ကြည့်မိ၏။ စိတ်ပညာရှင်၏ ထိုးထွင်းသိမြင်မှု သဘောက မသက်ရှိ၌ ဝင်လာသည်။

"ဒါထက် မောင်ညိုမှိုင်းဟာ ဘယ်သူလဲ"

မသက်ရှိက သူ့မျက်လုံးများကို စေ့စေ့ကြည့်၍ မေးသည်။

သူက ခေတ္တငိုင်သွားသည်။ ထို့နောက် နေရာမှထ၏။

"မောင်ညိုမှိုင်းဟာ မောင်ညိုမှိုင်းပါ၊ သူတို့ ခေါ်နေသလို မြင့်ဝေတော့ မဖြစ်နိုင်ပါဘူး၊ မြင့်ဝေဟာ စောစောက မမရှိ အခန်းတံခါးကို လာဖွင့်တာ တောင် ကျွန်တော်တွေ့လိုက်သေးတယ်၊ ဒါပေမဲ့ မစိုးရိမ်ပါနဲ့ မမရှိ၊ မြင့်ဝေဟာ သနားစရာကောင်းတဲ့ လူငယ်လေးတစ်ဦးပါ"

သူက နေရာမှခွာရန် ပြင်သည်။ မသက်ရှိက လျင်မြန်စွာနေရာမှ ထ၍ မေးသည်။

"အဲဒီ မောင်မြင့်ဝေ ဆိုတာကကော ဘယ်သူလဲ... ဟင်... မောင်ညိုမှိုင်း"

သူ့ဆီမှ အဖြေမရမီ အခန်းဝ၌ ငြိမ်းခင် ပေါ်လာသည်။

"ကိုကိုလေး၊ ထမင်းစားချိန် လွန်နေပြီ"

ငြိမ်းခင်၏ အမူအရာမှာ ခါတိုင်းလိုပင် ရဲရဲဝံ့ဝံ့ရှိ၍ မောင်ညိုမှိုင်းအား ခေါ်ဟန်မှာ ပြတ်ပြတ်သားသားရှိသည်။ သူသည် ငြိမ်းခင်အား တစ်ချက် လှည့်ကြည့်၍ ခေါင်းညိတ်ပြသည်။ ထို့နောက် မသက်ရှိဘက်သို့ လှည့်၍ ဆို၏။

"ဘာပဲဖြစ်ဖြစ် မမရှိ ရောက်လာတာကို ကျွန်တော် ကြိုဆိုပါတယ်၊ ဦးသြဘာသ ရေးသလိုပဲ၊ မမရှိရဲ့ လာခြင်းဟာ ကောင်းသောလာခြင်း ဖြစ်စေသတည်း၊ အပြစ်ကင်းသောလာခြင်း ဖြစ်ပါစေသတည်း"

www.burmeseclassic.com



သူက ချာခနဲလှည့်ထွက်သွားသည်။ ရုတ်တရက် ကြောင်နေမိပြီးမှ မသက်ရှိသည် ငြိမ်းခင်ကို ခေါ်၏။

"မငြိမ်းခင်"

သို့သော် ငြိမ်းခင်သည် တမင် မကြားကျွန်ပြုကာ မောင်ညိုမှိုင်း၏ ရှေ့သို့ပင် ကျော်တက်၍ သွက်လက်စွာ ထွက်ခွာသွားလေသည်တကား။

*

ထိုည ၇ နာရီ ညစာ စားချိန်အထိ ဦးမင်းခိုင်မှာပြန်မရောက်သေးချေ။

ထမင်းစား စားပွဲကြီးတွင် မသက်ရှိ၊ ဒေါ်ဦးနှင့် ဦးအုံးလှိုင်သုံးဦးသာ ရှိသည်။

ဘတ္တလာမှာ အသက်နှစ်ဆယ်ခန့်သာ ရှိသေးသည့် အင်္ဂလိပ်၊ အိန္ဒိယ၊ မြန်မာ သွေးသုံးလီရောထားသော လူရွယ်တစ်ဦးမျှသာဖြစ်သည်။ ထမင်းပွဲမစမီ ဦးအုံးလှိုင်က မိတ်ဖွဲ့ပေးသဖြင့် ဘတ္တလာ၏ နာမည်ကို မသက်ရှိ သိခဲ့ရ၏။ နိုဝယ်လ် ဟူသတည်း။

လူ့အကဲကို ခတ်တတ်သော မသက်ရှိသည် မြင်ရုံနှင့် နိုဝယ်လ်မှာ သစ္စာရှိ ရိုးဖြောင့်သူ လူရွယ်တစ်ဦးဟု သိနားလည်လိုက်၏။

နိုဝယ်လ်သည် ငြိမ်းခင်၏ အကူအညီနှင့် စားပွဲထိုးလည်း လုပ်သည်။ စားပွဲထိုးလုပ်ကြရသည်ဆိုသော်လည်း မြန်မာဟင်းလျာတို့သာ များသဖြင့် ပင်ပန်းလှသည်တော့မဟုတ်။

ထမင်းစားပွဲ၌ မသက်ရှိမှာ ဦးအုံးလှိုင်အား မေးချင်သည်များ ရှိနေသည်။ သို့ရာတွင် အနီး၌ ငြိမ်းခင်နှင့်နိုဝယ်လ်တို့ ရှိနေသည်တစ်ကြောင်း၊ ယဉ်ကျေးသော ထုံးတမ်းစဉ်လာအရ ထမင်းစားစဉ် စိတ်ညစ်ဖွယ် မဆိုထားနှင့်၊ စိတ်ရှုပ်ဖွယ်ပြဿနာတို့ကိုပင် ဆွေးနွေးရိုးထုံးစံ မရှိသည်က တစ်ကြောင်း၊ ဤအကြောင်းများကြောင့် တတ်နိုင်သမျှ မျက်နှာရွှင်ရွှင်ထား၍

BURMESE CLASSIC .com

www.burmeseclassic.com



အရေးမကြီးသော စကားတို့ကိုပြောရင်း ထမင်းစားသည်။

"ဦးလေး ဦးမင်းခိုင်လည်း ဒီညတော့ ပြန်မရောက်ဘူးထင်တယ်"

ဤမေးခွန်းကိုမူ မသက်ရှိသည် မေးမိ၏။

"ရောက်ပါလိမ့်မယ် ဆရာမ၊ ညနေက ကျွန်တော်ပြည်ကို တယ်လီဖုန်း ဆက်ကြည့်တော့ သခင်ကြီးဟာ ပေါင်းတည်ကို ပြန်လာနေပြီလို့ သိရပါတယ်"

"ပေါင်းတည်နဲ့ ပြည်ဟာ ဘယ်နှမိုင်လောက် ဝေးပါသလဲရှင်"

"မိုင်ခြောက်ဆယ်လောက်ပါပဲဆရာမ"

"ဦးလေး ဦးမင်းခိုင်ဟာ ပြည်က ဘယ်အချိန်ထွက်တယ်ဆိုတာ သိရပါသလား ဦး"

ဦးအုံးလှိုင်မှာ သိသိသာသာ မျက်နှာပျက်သွားသည်။ သူ့စိတ်တွင်း၌လည်း မသက်ရှိ၏ တွေးခေါ်ဆင်ခြင်ဉာဏ်ကို အထင်ကြီးသွားသည်။ ထို့ကြောင့်လည်း မိန်းမသားတန်မဲ့ ပါရဂူဘွဲ့ကို ရခဲ့ခြင်းဖြစ်ရပေမည်။

"အဲဒါတော့ အဲ...ဦး...ဦး...ဦး သတိလစ်ပြီး မမေးမိဘူး ဆရာမ"

ဦးအုံးလှိုင်၏ အမူအရာမှာ ပျက်သကဲ့သို့ စကားများကလည်း မပြေပြစ် မညီညွတ်။

မသက်ရှိမှာ ရင်တွင်း၌ ကျိတ်ပြုံးမိသည်။ ယောက်ျားနှင့် မိန်းမဖြစ်လင့်ကစား စိတ်ဓာတ်အင်အားနှင့် ပညာဆင့် ကွာလျှင် သာသူက နိုင်မြဲစတမ်းတည်း။

"ဆရာမနဲ့ သခင်ကြီးက တော်တော်ခင်မင်တယ် တူတယ်နော် ဆရာမ"

ငြိမ်နေရာမှ ဒေါ်ဦးက စပ်စပ်စုစု ဝင်မေးလိုက်သည်။

"ခင်ပါတယ် ဒေါ်ဒေါ်၊ စတင်သိကျွမ်းကြရတာကလည်း တစ်ရေ

www.burmeseclassic.com



တစ်မြေ အမေရိကန်ပြည်မှာ မဟုတ်လား”

ဒေါ်ဦးသည် မျက်မှောင်ကြုတ်၍ အတန်ကြာ စဉ်းစားသည်။

“ဩော် ဩော် ဟုတ်ပြီ၊ အမေဒစ်ကန်ပြည်၊ ဘာတဲ့...ဟို ...ကုလား ကုလား”

ဒေါ်ဦးက ထစ်နေသဖြင့် ဦးအုံးလှိုင်က ဝင်ထောက်၏။

“လုပ်ပြီ ...ဒီအမယ်ကြီးက၊ ဘယ်ကုလား ...ကုလားရမလဲ၊ ကုလသမဂ္ဂ”

“သိနိုင်ပေါင်တော်၊ နာမည်ဆန်းတွေ၊ အဲ...အဲ... ဒီဘာသမဂ္ဂ၊ အဲဒီကို သခင်ကြီး သွားတုန်းက ထင်တယ်၊ ဟုတ်လား ဆရာမ”

မသက်ရှိသည် သောက်ဆဲဟင်းချိုကို မသီးရန် မနည်းထိန်းလိုက်ရ၏။

“မှန်ပါတယ် ဒေါ်ဒေါ်၊ ကုလသမဂ္ဂ ခေါ်ပါတယ်၊ မြန်မာလို ရှင်းရှင်းခေါ်ရင် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဝိုင်းဝန်းဖွဲ့စည်းထားတဲ့ ကမ္ဘာ့အသင်းအပင်း အဖွဲ့အစည်းကြီးပါ၊ လူသတ္တဝါတွေအားလုံး ကောင်းကျိုးကို ဆောင်ရွက်နေတဲ့ အဖွဲ့ကြီးပေါ့၊ အဲဒီအဖွဲ့ကြီးကို ဦးလေး ဦးမင်းခိုင်ဟာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကြီးအဖြစ် တက်ရောက်လာတုန်းက စသိခဲ့ကြပါတယ်”

“အဲ ...အဲဒါကြီးရှိတာနဲ့၊ မြန်မာပြည်နဲ့ ဘယ်လောက်ဝေးသလဲ”

“အတိအကျတော့ ကျွန်မ မမှတ်မိဘူး ဒေါ်ဒေါ်၊ မိုင်ပေါင်း သောင်းချီဝေးပါတယ်”

“အဲဒီကို ဆရာမ ဘာသွားလုပ်တာလဲ”

“စာသွားသင်တယ် ဒေါ်ဒေါ်...”

“တူမကြီး... အဲ...ဆရာမတစ်ယောက်တည်း”

BURMESE CLASSIC .com

www.burmeseclassic.com



"ဘာဆိုလိုတာလဲ ဒေါ်ဒေါ်"

"ဟိုဒင်းလေ မိဘမောင်ဖွား တစ်ယောက်မှ မပါဘူးလား"

မသက်ရီက နှစ်ခြိုက်စွာ ရယ်မောမိသည်။

"ဒေါ်ဒေါ်တို့ခေတ်နဲ့ ကျွန်မတို့ခေတ်ဟာ ကွာခြားခဲ့ပါတယ် ဒေါ်ဒေါ်၊ ဒီနေ့ မိုင်ပေါင်း သောင်းချီကွာဝေးတဲ့ ရေခြားမြေခြားတွေမှာ မြန်မာအမျိုးသမီးတွေဟာ စွန့်စားပြီး ပညာသင်ယူနေကြပါတယ်"

"တူမကြီး အဲ…ဆရာမ"

"ကျွန်မကို တူမကြီးပဲ ခေါ်စေချင်ပါတယ် ဒေါ်ဒေါ်"

"အဲ… တူမကြီးတို့ မကြောက်ကြဘူးလား၊ အင်းလေ … တူမကြီး မကြောက်တတ်မှန်းတော့ နေ့ခင်းကတည်းက သိသားပဲ"

ဒေါ်ဦးသည် မိမိစကား မှားသွားမှန်းသိ၏။ စကားကို ရုတ်ခြည်း ရပ်ပစ်လိုက်သော်လည်း ဦးအုံးလှိုင်က အကျကောက် မေးသည်။

"ဆရာမက နေ့ခင်းက ဘာကို မကြောက်တာလဲဒေါ်ဦး"

ဒေါ်ဦး၌ ရုတ်တရက် ဖြေစရာမရှိ။ မသက်ရီက အလိုက်သိစွာ ဝင်ထောက်လိုက်၏။

"ဩော်… ကျွန်မက မိုးကြိုးပစ်တာကို မကြောက်တာ ဒေါ်ဦးက သိပ်အံ့သြနေတယ်ဦး၊ ဒါထက် စကားဆက်ရဦးမယ်"

ဒေါ်ဦးသည် စိတ်သက်သာသွားဟန် ပင့်သက်ကို ချ၏။ ဦးအုံးလှိုင်ကမူ မကျေနပ်ဟန် ခေါင်းကို မသိမသာ စိုက်ကြည့်သည်။

"နိုင်ငံခြားမှာက ရှိသမျှ မြန်မာတွေဟာ အချင်းချင်း အထူးခင်မင်တတ်ပါတယ်၊ ဦးလေး ဦးမင်းခိုင်ဟာ တိုင်းပြည်တာဝန် အရသာလာရပေမဲ့ လူကြီးဆိုတော့ အထူးဂရုစိုက်ပေးဖို့ လိုတယ်မဟုတ်လား၊ ကျွန်မက သံအမတ်ကြီး ဦးလေးသန့်ကတစ်ဆင့် ဦးလေး ဦးမင်းခိုင်နဲ့

www.burmeseclassic.com



ခင်မင်ခဲ့ရတာမို့ တတ်နိုင်သမျှ ဖခင်လိုပြုစုခဲ့ဖူးပါတယ်၊ ဦးလေး ဦးမင်းခိုင်ကလည်း သမီးရင်းလို ကြင်နာသမျှ ကူညီစောင့်ရှောက်ခြင်းလဲ ပြုခဲ့ပါတယ်"

"သြော်... ဟုတ်တယ်၊ သခင်ကြီးက ခဏ ခဏ ပြောပါတယ်၊ ဟိုမှာက ကိုယ့်ထမင်း ကိုယ်ချက်စားရတယ်တဲ့"

"မှန်ပါတယ် ဒေါ်ဒေါ်၊ ချက်မစားရင် သူတို့အစာတွေပဲစားရမယ်၊ သူတို့အစာက မြန်မာပါးစပ်နဲ့ ဘယ်လိုမှ အရသာမတွေ့ဘူး၊ ကြိတ်မှိတ်စားနိုင်တယ်ထား၊ ဈေးက သိပ်ကြီးတယ်၊ ဒါကြောင့် အစားအသောက်မှ မဟုတ်ဘူး၊ အားလုံးကုန် အဝတ်လျှော်တာကအစ ကိုယ့်ဘာသာကိုယ်လုပ်ကြတာပဲ၊ စကားစပ်မိလို့ ဝန်ကြီးတစ်ဦးပြောတာ သတိရမိတယ်"

မသက်ရီသည် ထမင်းအနည်းငယ် ထပ်ထည့်ပြီးနောက် စကားဆက်လိုက်၏။

"ဟိုမှာက သူတစ်ပါးလက်နဲ့ လုပ်ပေးရတဲ့ အလုပ်မှန်သမျှ ငွေသိပ်ပေးရတယ်၊ အစေခံတို့၊ ဒရိုင်ဘာတို့၊ ကလေးထိန်းတို့ ဆိုတာတွေကို သန်းချီချမ်းသာတဲ့ သူဌေးကြီးများသာ ထားနိုင်တယ်၊ ဒီတော့ ဟိုရောက်လာရင် ဝန်ကြီးရော၊ စစ်ဗိုလ်ကြီးတွေရော၊ အရာရှိကြီးတွေပါ တတ်တတ်၊ မတတ်တတ် ကိုယ့်ထမင်းလေး ကိုယ်တည်၊ ကိုယ့်အဝတ်ကလေး ကိုယ်လျှော် လုပ်ရတယ်၊ တစ်နေ့ ကျွန်မနဲ့မိတ်ဆွေတစ်ဦးဟာ နယူးယောက်ဟိုတယ်ကြီးတစ်ခုမှာ တည်းခိုနေတဲ့ မြန်မာဝန်ကြီးတစ်ဦးဆီ သွားလည်ကြတယ်၊ ဒါကို ဝန်ကြီးက နောက်တယ်၊ "အဲ ငါ့တူမတို့ ပျင်းရင် ခဏတီဗွီကြည့်နေကြဦး၊ ဦးလုပ်စရာလေး နည်းနည်းကျန်သေးတယ်၊ သြော် ဒါထက် တကယ်လို့များ တယ်လီဖုန်းလာရင် ပြောလိုက်ကြစမ်းပါ၊ ဝန်ကြီးမအားဘူးလို့၊ ဘာလုပ်နေလဲမေးရင် ဝန်ကြီး ခြေအိတ်လျှော်နေတယ်လို့"တဲ့၊ တကယ်ပဲ ဝန်ကြီးက ကိုယ့်ခြေအိတ်တွေ ကိုယ်လျှော်နေရ

www.burmeseclassic.com



တာကိုး”

ဦးအုံးလှိုင်နှင့် ဒေါ်ဦးက သဘောကျ ရယ်မောကြ၏။

ဤသို့ဖြင့် ထမင်းဝိုင်းမှာ စိုစိုပြည်ပြည် ပြီးခဲ့သည်။

အချိုပွဲကို ညှော့ခန်း၌ ထိုင်ရင်း ဆက်စားကြ၏။

ဤအခါကျမှ အေးအေးဆေးဆေးရှိပြီ ဖြစ်သဖြင့် မသက်ရီက မေးချင်သည်ကို မေးရ၏။

“ဦးလေး ဦးမင်းခိုင် ဒီည တကယ်ပဲ ပြန်ရောက်မယ် ထင်သလား ဦးအုံးလှိုင်”

ဦးအုံးလှိုင်သည် မျက်နှာပျက်သွား၍ လူမှာလည်း အနည်းငယ် အနေရအထိုင်ရ ကျပ်သွားပုံပေါ်သည်။ သူသည် ဆရာမ၏ စူးစိုက်သော အကြည့်ကို တစ်ချက်ပြန်ကြည့်၍ လေးလေးဖြေသည်။

“အမှန်ပြောရရင်တော့ ရောက်မယ် မထင်ဘူး ဆရာမ၊ ဆရာမ မစိုးရိမ်ရအောင်သာ ကျွန်တော်စောစောက ရောက်ပါလိမ့်မယ် ပြောခဲ့တာပါ၊ တကယ်တော့ ရောက်မယ်ဆိုရင် ညနေငါးနာရီလောက်ကတည်းက ရောက် ထိုက်နေပြီ”

“လမ်းမှာများ တစ်ခုခုဖြစ်နေလား ဦးအုံးလှိုင်”

“လမ်းမှာ အထွေအထူး ဘေးအန္တရာယ်တော့ မရှိပါဘူး၊ ကားကလဲ ဝီလီအမျိုးအစား အသစ်စက်စက်မို့ စက်မပျက်နိုင်ပါဘူး၊ မိုးကြောင့် လမ်းပဲပျက်သလား၊ တံတားတစ်ခုခုပဲ ကျိုးသလား မဆိုနိုင်ဘူး”

“ဘာပဲဖြစ်ဖြစ် စိတ်ပူစရာပဲဦးအုံးလှိုင်၊ တစ်ခုခု စီစဉ်သင့်တယ် ထင်ပါတယ်”

“ဟုတ်ကဲ့ စောစောက ကျွန်တော် အင်းမနဲ့ ရွှေတောင်ရဲဌာနတွေကို တယ်လီဖုန်းဆက် အကြောင်းကြားထားပါတယ်၊ အထူးကိစ္စ ဖြစ်ပေါ်

www.burmeseclassic.com



ခဲ့ရင် သူတို့ဆီက အမြန်ဆုံး သတင်းပို့ပေးပါလိမ့်မယ်”

မသက်ရီမှာ စိတ်တွင်းမှ အနည်းငယ် မသက်သာတော့ ဖြစ်မိ၏။ ဒေါ်ဦးက ဆိတ်ငြိမ်စွာနှင့် သစ်သီးစုံ ယမကာကို ဖန်ကလပ်တွင်းမှ ဇွန်းနှင့် ခပ်စားနေ၏။

“ဒါထက် ဦးလေး ဦးမင်းခိုင်ဟာ ကျွန်မကို ဘာကိစ္စနဲ့ ဒီလို ဖိတ်ခေါ်တယ်ဆိုတာ ဦးအုံးလှိုင်တို့ သိပါသလား”

ဦးအုံးလှိုင်နှင့် ဒေါ်ဦးမှာ ရုတ်တရက် မဖြေ၊ တစ်ဦးမျက်နှာကို တစ်ဦးကြည့်ကြသည်။ ခဏကြာမှ ဦးအုံးလှိုင်က မဖြေချင် ဖြေချင်ဟန်နှင့် ဆိုင်းတွတွ ဖြေသည်။

“သိသင့်သမျှတော့ သိတယ်ဆိုပါတော့ ဆရာမ၊ ဒါပေမဲ့”

“ဒါပေမဲ့ ဘာဖြစ်သလဲဦးအုံးလှိုင်”

ဦးအုံးလှိုင်မှာ စကားဆက်ပြောရန် အထူးခက်ခဲဟန် ရှိနေ၏။ ဤသည်အတွက်ပင် မသက်ရီမှာ ပို၍ စိတ်ဝင်စားလာသည်။ ဦးအုံးလှိုင်သည် သက်ပြင်းရှိုက်၍ ရှင်းပြ၏။

“ဆရာမကို ကျွန်တော် သိပ်အားနာပါတယ်၊ ဒါပေမဲ့ ခက်တာက ဒီကိစ္စဟာ သခင်ကြီးရဲ့ အထူးကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်လေတော့ ကာယကံရှင် သခင်ကြီးထက် ဦးအောင် ကျွန်တော် ဘာမှမပြောချင်ဘူး ဆရာမ၊ ပြောပိုင်ခွင့်ကိုလည်း သခင်ကြီးက မပေးခဲ့ဘူး”

မသက်ရီသည် ဦးအုံးလှိုင်၏ မျက်နှာမှ မျက်လုံးကို မခွာသေး။ ဤလူကြီးမှာ ရှေးခေတ်ဟောင်းမှ ရှားရှားပါးပါး ကြွင်းကျန်ရစ်သော နှုတ်လုံ၊ တာဝန်သိ၊ သစ္စာရှိသော အမှုထမ်းဟောင်းဖြစ်မှန်း သိသာသည်။ ဗြိုရိုကရေစီနှင့် ပဒေသရာဇ် အဆောင်အယောင်တို့ မိုးဦးမြစ်သောင်သို့ မျက်စိရှေ့တွင် တသဲသဲ ရွေ့ပြောင်း ပျက်ယွင်းနေချိန်၌ပင် သခင်ကြီးဟူသော

www.burmeseclassic.com



နှုတ်ကျိုးနေသည့် အခေါ်အဝေါ်ကို မစွန့်နိုင်သေးဟန်တကား။ ဤအခေါ်အဝေါ်ကို စွန့်ခိုင်းရန် ခဲယဉ်းမည်ကဲ့သို့ ပြောပိုင်ခွင့်မရှိဟု သူ စောင့်စည်းထားသော နှုတ်ကိုလည်း ဖွင့်ရမည် မဟုတ်။

သို့သော် စိတ်ပညာဆရာမအတွက် လိုချင်သည်ကို သိယူနိုင်ရန် နည်းလမ်းများက ရှိသေးသည်။

မသက်ရီသည် စားပြီးသွားသော သစ်သီးစုံခွက်ကို အသာချရင်း အမှတ်မထင်ဟန်နှင့် ဖျတ်ခနဲမေးလိုက်သည်။

"သြော်... ဒါထက်၊ မောင်ညိုမှိုင်းဟာ ဘယ်သူလဲ"

အဖြေမပေါ်လာ။ သို့သော် "ချလွင် ဂလွမ်"ဟူသော လွတ်ကျသံက ပေါ်ထွက်လာ၏။ ဒေါ်ဦး၏ လက်တွင်းမှ ဇွန်းသည် အနီးရှိ ငွေလင်ပန်းပေါ် ကျသောကြောင့် ဖြစ်၏။

ဦးအုံးလှိုင်က ဒေါ်ဦးအား မျက်မှောင်ကြုတ်၍ စိုက်ကြည့်လိုက်၏။ ဘာကြောင့်မသိ၊ မိန်းမကြီးမှ တုန်ယင်နေ၏။

ဦးအုံးလှိုင်သည် မသက်ရီဘက်သို့ ပြန်လှည့်ကြည့်၍ "မောင်ညိုမှိုင်းကို ဆရာမ ဘယ်လိုလုပ် သိသလဲ"ဟု ပြန်မေးသည်။

မသက်ရီက ပြုံးသည်။

"မောင်ညိုမှိုင်းနဲ့ ကျွန်မ ညနေက တွေ့ပြီးပြီလေ"

ဦးအုံးလှိုင်၏ သဏ္ဌာန်မှာ သိသိသာသာ လှုပ်ရှားသွား၍ ဒေါ်ဦးဘက်သို့ လှည့်ကြည့်ဟန်ဖြင့်လည်း အပြစ်တင်ဟန် ပေါ်လွင်နေသည်။ ထို့နောက်မှ ကြန့်ကြာဆည်ကာ မသက်ရီ၏ မူလအမေးကို ဖြေသည်။

"မောင်ညိုမှိုင်းဟာ ဒီအိမ်သားတစ်ဦးပါ ဆရာမ"

"မောင်ညိုမှိုင်းဟာ ဒီအိမ်သားတစ်ဦး ဖြစ်မှန်းတော့ သူပြောပြလို့ သိပြီးပါပြီလေ၊ ကျွန်မသိချင်တာက သူဘယ်သူလဲဆိုတာပဲ ဦးအုံးလှိုင်"

BURMESE CLASSIC .com

www.burmeseclassic.com



ဦးအုံးလှိုင်မှာ ငိုင်ကျသွားသည်။ သူ့သဏ္ဌာန်မှာ တတ်နိုင်လျှင် ဆရာမရှေ့မှ ထွက်ပြေးသွားလိုဟန် ပေါ်နေ၏။

"မောင်ညိုမှိုင်းဟာ ဘယ်သူဆိုတာ ပြောပြဖို့ ဦးအုံးလှိုင်မှာ အတော်ဝန်လေး နေပါသလား ဦးအုံးလှိုင်"

ဦးအုံးလှိုင်သည် သက်ပြင်းရှိုက်ကာ စိတ်ဆုံးဖြတ်လိုက်ဟန်နှင့် မသက်ရီကို မော့ကြည့်၏။

"ဆရာမက တွေ့ပြီးနေတော့ ကျွန်တော်မပြောလို့မဖြစ်ဘူး၊ မောင်ညိုမှိုင်းဟာ သခင်ကြီးရဲ့တူပါ"

"ဩော်...ဦးလေး ဦးမင်းခိုင်ရဲ့တူ၊ ဒါထက် အဲဒီမောင်ညိုမှိုင်းဟာ ဘာဖြစ်နေသလဲ"

မသက်ရီသည် ဦးအုံးလှိုင်ကို မေးသော်လည်း မျက်လုံးများက ဒေါ်ဦးထံ ပို့ထားသည်။ အနေရကျပ်ဟန်နှင့် ဒေါ်ဦးသည် ကရားတွင်းမှ ကော်ဖီငှဲ့ယူနေသည်။ သတိထားသော မသက်ရီ၏ မျက်လုံးများက ဒေါ်ဦး၏လက်များ တုန်နေသည်ကို မြင်ရသည်။

ဦးအုံးလှိုင်ထံမှ သက်ပြင်းချသံ ကြားရပြန်၏။

"ခက်တာပဲ ဆရာမ၊ အဲဒီမောင်ညိုမှိုင်း ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော်မပြောနိုင်ဘူး၊ ကျွန်တော် ပြောနိုင်တာက..."

ဦးအုံးလှိုင်မှာ စကားကို တိုးလိုးတန်းလန်း ရပ်ပစ်ပြန်သည်။

"ဆိုပါဦးလေ၊ ဦးအုံးလှိုင် ဘာကို ပြောနိုင်လဲ"

"ကျွန်တော်ပြောနိုင်တာက အဲ သခင်ကြီးဟာ ဆရာမကို ဖိတ်ခေါ်တာမှာ မောင်ညိုမှိုင်းကိစ္စနဲ့ ပတ်သက်တယ်ထင်ပါတယ်"

မသက်ရီက ခေါင်းညိတ်သည်။

"ကောင်းပါပြီလေ၊ ဒီလောက်ဆို ကျွန်မ သဘောပေါက်ပါပြီ၊

BURMESE CLASSIC .com

www.burmeseclassic.com



ဒါပေမဲ့ တစ်ခု ထပ်မေးရဦးမယ်”

“မေးပါ ဆရာမ”

မသက်ရိက ဒေါ်ဦးအား မသိမသာ စွေကြည့်ရင်း မေးလိုက်၏။

“မောင်မြင့်ဝေ ဆိုတာကရော ဘယ်သူလဲ”

ဤအကြိမ်တွင်မူ ဒေါ်ဦးထံမှ အလန့်တကြား အော်သံပေါ်လာသည်။ မသက်ရိပင် ထိတ်ခနဲဖြစ်သွားကာ ဒေါ်ဦးအား ကြည့်မိသည်။ ဒေါ်ဦးမှာ ကော်ဖီပူပူကို မမှတ်ဘဲ သတိလစ်သောက်မိသွားရာမှ လန့်အော်ဟစ်ဟန် တူသည်။ ဖိတ်စဉ်သော ကော်ဖီများမှာ အင်္ကျီရင်ဘတ်၌ ရွှဲစိုနေ၏။

“ဒီမိန်းမကြီး ဘာဖြစ်နေတာလဲ၊ ကဲ ခင်ဗျားသွားတော့၊ ခင်ဗျား ရှိရင် စကားကို ကောင်းကောင်းပြောရတော့မှာ မဟုတ်ဘူး”

ဦးအုံးလှိုင်က ဒေါ်နှင့်ဟောက်သဖြင့် ဒေါ်ဦးသည် ယောင်ချာချာနှင့် နေရာမှ ထပြီးနောက် ဆရာမအား လှည့်ကြည့်သည်။

“သွားလေ ခင်ဗျားအိပ်ချေတော့၊ ဆရာမအတွက် ငြိမ်းခင်ကို စောင့်နေလို့၊ ကြားလား”

ဒေါ်ဦးသည် ဘာမျှပြန်မပြောတော့ဘဲ အခန်းတွင်းမှ ထွက်ခွာသွားသည်။

မသက်ရိကလည်း နေရာမှ ထသည်။ သူ့အနေနှင့် ဤလျှို့ဝှက်ချင်လွန်းသော အဘိုးကြီးအား စိတ်မရှည်တော့။

“အဲဒါတွေ အားလုံးဟာ ဘာအဓိပ္ပာယ်လဲ ဟင်...ဦးအုံးလှိုင်”

ခါးထောက်ရင်းမေးသော မသက်ရိမှာ အလိမ်ပေါ်သော တပည့်တစ်ယောက်အား စစ်ဆေးသည့် ဆရာမ၏ဟန် ပေါ်နေ၏။

ဦးအုံးလှိုင်မှာ ပါးစပ်အဟောင်းသားနှင့် မသက်ရိအား တွေကြည့်နေ

www.burmeseclassic.com



မိပြီးမှ ပျာပျာသလဲ တောင်းပန်သည်။

“ဝမ်းနည်းပါတယ် ဆရာမ၊ ခဏ ထိုင်ပါဦး”

“တော်ပါပြီ၊ ကျွန်မ မတ်တတ်ပဲ နားထောင်ပါ့မယ်၊ ဦးအုံးလှိုင်က ပြောစရာရှိတာ ပြောပါ”

ဦးအုံးလှိုင်သည် စိတ်ပျက်ဟန် ခေါင်းခါသည်။

“မတတ်နိုင်ဘူး ဆရာမ၊ ပြောရတော့မှာပဲ၊ ကဲ...ဆရာမ ဘာသိချင်လဲ”

“နံပါတ်တစ် အနေနဲ့ ကျွန်မကို အရေးတကြီး ဖိတ်ထားတဲ့ ဦးမင်းခိုင်ဟာ ကျွန်မလာမယ့်ရက်ကို အတိအကျ သိလျက်နဲ့ ဘာကြောင့် ပြည်ကို သွားနေရသလဲ”

“အဲဒါကိုတော့ ရှင်းပြနိုင်ပါတယ် ဆရာမ၊ သခင်ကြီးဟာ သစ်လုပ်ငန်းလဲ လုပ်တယ်ဆိုတာ ဆရာမ သိပါသလား”

“ကျွန်မကို ပြောပြဖူးပါတယ်”

“အမှန်က သခင်ကြီး အနေနဲ့ ဒီအလုပ်ကို လုပ်ချင်လှတယ်ရယ် မဟုတ်ပါဘူး၊ ဘိုးဘွားစဉ်ဆက်က လုပ်ငန်းမို့ ထိန်းသိမ်းနေရတာပါ”

“တခြား ညီအစ်ကို မောင်နှမတွေ မရှိဘူးလား”

“မရှိပါဘူး ဆရာမ၊ အနီးစပ်ဆုံး ဆွေမျိုးဆိုလို့ မောင်ညိုမှိုင်းပဲ ရှိပါတယ်”

“ဪ... ဪ ဆက်ပါဦး”

“ခက်တာက အခု သစ်လုပ်ငန်း လုပ်တဲ့လူတွေဟာ သူပုန်နယ်တွေထဲ သွားရတယ်၊ သူတို့တောင်းတဲ့ အခွန်နဲ့ ဆက်ကြေးကိုလည်း ပေးရတယ်၊ ပေးရတာက တောထဲမှာ တစ်ဝက်၊ မြို့ပေါ်က သူတို့နဲ့ ဆက်ထားတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေကို တစ်ဝက် ဆရာမ နားလည်လား”

www.burmeseclassic.com



"ဟုတ်ကဲ့ နားလည်ပါတယ်"

"သခင်ကြီးက ပင်စင်မယူခင်က ကိုယ်ထိလက်ရောက် ဝင်မလုပ်တော့ ဒါတွေကို အသေးစိတ်မသိဘူး၊ အခုသိတော့ ဥပဒေကို ထိန်းသိမ်းကြီးကြပ်ခဲ့ရသူ တစ်ဦးအနေနဲ့မို့ ဒါတွေကို မူအားဖြင့်ကို လက်မခံဘူး၊ ဒါကြောင့် တောတက်ရတဲ့ သခင်ကြီးရဲ့ လူတွေကို သူပုန်က ရန်ရှာတယ်၊ အခု သခင်ကြီးရဲ့ ကိုယ်စားလှယ်တစ်ယောက်ကို သူပုန်က ပေါက်ခေါင်းဘက်မှာ ပြန်ပေးဆွဲထားတယ်လေ၊ ဒီကိစ္စကို အရေးတကြီး စီစဉ်ပေးစရာရှိတာမို့ ဆရာမ လာမယ်မှန်း သိလျက်နဲ့ ပြည်ကို၊ အဲ... ပြည်ဟိုဘက်ဆယ့်နှစ်မိုင်ရှိတဲ့ ပေါင်းတလည်က မန်နေဂျာဆီ သွားတာပါ၊ ဘာဖြစ်ဖြစ် အမှန်ကတော့ ဒီည ပြန်ရောက်ဖို့ပဲ"

မသက်ရီက စဉ်းစားသည်။ ဦးအုံးလှိုင် ပြောသည်မှာ ယုတ္တိရှိသည် အောက်မေ့၏။

"အဲဒါတော့ ထားပါတော့လေ၊ မောင်ညိုမှိုင်းကိစ္စကကော"

"မောင်ညိုမှိုင်းဟာသခင်ကြီးရဲ့ တူအရင်းဆိုတာ ကျွန်တော် ပြောပြီးပါရောလား ဆရာမ၊ ဒီထက်တော့ ကျွန်တော် ပိုမပြောပါရစေနဲ့၊ ဒါပေမဲ့ မောင်ညိုမှိုင်းအတွက်လဲ ဆရာမ ဘာမှ စိတ် စနောင့်စနင်း မဖြစ်ပါနဲ့၊ သူဟာ အန္တရာယ်ကင်းတဲ့ လူငယ်တစ်ဦးပါ"

မသက်ရီက ခေတ္တငိုင်သွားသည်။ ဤစကားကိုမူ မယုံရဲ၊ ရှိစေတော့။

"ဒါဖြင့် မောင်မြင့်ဝေ ဆိုတာကကော"

ဦးအုံးလှိုင်သည် မျက်နှာရှုံ့မဲ့၍ ခေါင်းကို စိတ်ပျက်စွာခါသည်။

"ဘယ့်နှယ် ဒီမောင်မြင့်ဝေ ဆိုတာကို ဆရာမက မေးရပြန်တာလဲ"

အဘိုးကြီးမှာ အတော် ဦးနှောက်ခြောက်ဟန်တူသည်။

"မောင်မြင့်ဝေ ဒီမှာရှိသလား"

www.burmeseclassic.com



အဘိုးကြီးက ခေါင်းသာခါသည်။

"ဒီမှာ ဆရာမ၊ ကျွန်တော် ဘုရားကို တိုင်တည်ပြီး ပြောပါတယ်၊ မောင်မြင့်ဝေဆိုတာ ဒီအိမ်မှာ မရှိပါဘူး၊ ဒီကမ္ဘာမှာလဲ မရှိပါဘူး၊ အဲဒါကို ယုံပါ"

ဤအကြိမ် ဦးနှောက်ခြောက်ရသူမှာ မသက်ရီဖြစ်သည်။

"မောင်မြင့်ဝေ ဒီအိမ်မှာ တကယ်မရှိဘူးလား"

"မရှိပါဘူး ဆရာမ၊ ရှိတယ်လို့ ဆရာမကို ဘယ်သူ ပြောလဲ"

"မောင်ညိုမှိုင်း ပြောသွားတာပဲ"

"မောင်ညိုမှိုင်း ပြောချင်တာ ပြောပါစေ ဆရာမ၊ ဒါပေမဲ့ သူပြောတာတွေကို သခင်ကြီးနဲ့မတွေ့မီမှာ ဘာကိုမှ အမှတ်မထားပါနဲ့"

ဦးအုံးလှိုင်ကလည်း နေရာမှထသည်။

"နောက်ဆုံးအဖြစ်နဲ့ ကျွန်တော် တစ်ခုပြောပါရစေ၊ ဆရာမကို ကျေလည်အောင် ကျွန်တော် မရှင်းနိုင်တာခွင့်လွှတ်ပါ၊ ဒါပေမဲ့ ဒီအိမ်ကြီးမှာ စိတ်ချလက်ချသာနေပါ၊ ဒေါ်ဦးလို အရူးမကြီးက ဘာပြောပြော မယုံပါနဲ့၊ ဘာကိုမှလည်း မစိုးရိမ်ပါနဲ့၊ ဘာမှ ဘေးအန္တရာယ်လည်း မရှိပါဘူး၊ ဒါကို ကျွန်တော် တာဝန်ခံပါတယ်"

ဦးအုံးလှိုင်သည် စကားကို အဆုံးသတ်၍ မောင်းလေးကို ထုသည်။ နံနက်ကကဲ့သို့ပင် ငြိမ်းခင်ပေါ်လာ၏။

"ငြိမ်းခင် ဆရာမကို အခန်းအထိ လိုက်ပို့ပါ၊ ပြီးတော့ ဘာမဆို ဆရာမခိုင်းတာ ဆောင်ရွက်ပေး၊ ကြားလား"

"ဟုတ်ကဲ့"

ငြိမ်းခင်က မသက်ရီကို ကြည့်၏။ မသက်ရီက တစ်ချက်ပြုံး၍ ရှေ့မှထွက်ခဲ့ရာ ငြိမ်းခင်နောက်မှ လိုက်ပါလာသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အခန်းဝအရောက်တွင် မသက်ရှိသည် ငြိမ်းခင်အား တစ်စုံတစ်ခု မေးမည်ပြုပြီးမှ ညနေက မကြားချင်ယောင်ဆောင် ပြေးရှောင်သွားခဲ့ခြင်းအား သတိရသဖြင့် နှုတ်ကို ထိန်းထားလိုက်ရ၏။

"ကျွန်မ ဘာဆောင်ရွက်ပေးရဦးမလဲ မမ"

အခန်းထဲ ရောက်ပြီးကြသောအခါ ပြန်မထွက်မီ ငြိမ်းခင်က မေးသည်။

"ဘာမှမလိုတော့ပါဘူး မငြိမ်းခင်၊ မနက်ကို ဘယ်အချိန် လက်ဖက်ရည်ပွဲ စသလဲ"

"ခုနစ်နာရီတိတိပါ၊ ဒါပဲလား မမ"

"အေးအေး ကျေးဇူးပါပဲ၊ ဩော်...မငြိမ်းခင် ဒေါ်ဦးကို မအိပ်သေးရင် မမဆီ လျှောက်ခဲ့ပါဦးလို့၊ ဟုတ်လား"

"ကောင်းပါပြီ"

ငြိမ်းခင်က ထွက်သွားသော် မသက်ရှိသည် တံခါးကို အတွင်းမှ ခလုတ်ချ ပိတ်လိုက်၏။

*

www.burmeseclassic.com

(၃)

ဒေါ်ဦး ပေါ်မလာမီ မသက်ရှိသည် ပြတင်းတံခါးဖွင့်၍ လသာနေသော ညခင်းကို ကြည့်နေမိသည်။

မိုးစဲစ လသာသောညသည် သစ်လွင် လှပနေ၏။ သစ်ရွက်မြက်ပင်တို့ထက် ခိုတွဲကျန်ရစ်သော မိုးစက်မိုးဥတို့သည် ပြိုးပြိုးပြက်ပြက် အရောင်လက်နေသည်။

အဝေးမှ တောင်တန်းကို ရေးရေးသာ မြင်ရသည်။ လေတိုး၍ လှိုင်းအိနေတန်ကောင်းသော လယ်တောသည်ပင် ငြိမ်သက်ပြန့်ပြောနေ၏။

လယ်ရေပြင်မှ ရေသားသတ္တဝါတို့၏ မြည်သံတွန်သံကြောင့် ဆိတ်ငြိမ်သောညမှာ အနည်းငယ် ချောက်ချားဖွယ်ရှိနေ၏။

တံခါးခေါက်သံ ပေါ်လာ၏။

"ဘယ်သူလဲ"

"အဒေါ်ပါ တူမကြီး"

မသက်ရှိသည် တံခါးကို ဖွင့်လိုက်သောအခါ ကိုယ့်အရိပ်ကိုပင် လန့်ဟန်နှင့် အပြင်ဘက်တွင် တစ်ယောက်တည်းရပ်နေသည့် ဒေါ်ဦးကို တွေ့ရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



မသက်ရှိက ဒေါ်ဦးကို ပြတင်းဝနားရှိ ကုလားထိုင်များဆီ ခေါ်လာ၏။ ဒေါ်ဦးသည် အပြင်ဘက်ကို မျက်နှာမမူချင်ဟန် ကုလားထိုင်ကို ပြတင်းဝဘက် ကျောပေးရွှေ့ထိုင်ပြီးမှ ကျောပေးရသည်ကို စိတ်မလုံဟန် ဘေးတိုက်ပေး ပြောင်းထိုင်ပြန်၏။

"တူမကြီးက ဘာလို့ ပြတင်းပေါက် ဖွင့်ထားရတာလဲ"

ဒေါ်ဦးသည် စိတ်ထဲ၌ ကသိကအောက်ဖြစ်နေခြင်းကို မအောင့်နိုင်ဘဲ မေးသည်။

"လေကောင်းလေသန့် ဝင်အောင်ပေါ့ ဒေါ်ဒေါ်၊ ပြီးတော့ ဒီလောက်မြင့်တာကို ဘယ်သူမှလည်း တွယ်တက်မလာနိုင်ပါဘူး"

မသက်ရှိက ပြုံးပြီး ပြန်ပြောခိုက် ဒေါ်ဦးက ခုတင်ခြေရင်းဆီ ကြည့်သည်။ နေ့လယ်က သူမှာခဲ့သော စကားကို မသက်ရှိ မနာယူကြောင်း သိရပြန်၏။

မသက်ရှိက ဒေါ်ဦးကို ပြုံးပြုံးပင် စိုက်ကြည့်နေမိသည်။ ငယ်စဉ်က မိခင်ဆုံးခဲ့သူမသက်ရှိသည် ဒေါ်ဦးကဲ့သို့ မွှန်ရည်ဖြူစင်သော မိန်းမကြီးများကို ခင်မင်တတ်၏။ ဤမိန်းမကြီးမှာလည်း မိမိပေါ် ကြင်နာဟန်တူသည်။ ဒေါ်ဦး၏ကြင်နာမှုကို နှစ်သက်ပါ၏။ သို့သော် ဒေါ်ဦး ဖော်ပြနေသည့် စိုးရိမ်မှုကို နားမလည်။ ယခုည နားလည်အောင် ကြိုးစားရပေမည်။

"အဒေါ့်ကို ဘာလုပ်ဖို့ ခေါ်တာလည်း တူမကြီး"

"ဦးအုံးလှိုင်ရှေ့ဆို ဒေါ်ဒေါ် ဖြေမှာ မဟုတ်တာတွေကို မေးချင်လို့ ဒေါ်ဒေါ်"

ဒေါ်ဦးက မျက်လုံးပြူး၍ မသက်ရှိအား ကြည့်သည်။

"ဦးအုံးလှိုင်ကို ဒေါ်ဒေါ် ကြောက်ရသလား"

ဒေါ်ဦး အသွင်၌ မာနဟန် ဝင်လာ၏။

BURMESE CLASSIC .com

www.burmeseclassic.com



"ဒီ သေနာများ မကြောက်ပေါင်၊ ဒါပေမဲ့ သခင်ကြီးကိုတော့ ကြောက်ရတာပေါ့၊ တူမကြီးကို အဒေါ်က စေတနာနဲ့ ပြောပေမဲ့ သင်းက သခင်ကြီးကို ပြန်တိုင်ချင်တိုင်နေမှာ"

"ဟုတ်တာ မှန်တာပြောလို့ ပြန်တိုင်တော့လဲ ကြောက်စရာလား ဒေါ်ဒေါ်ရဲ့"

"မဟုတ်ဘူးလေ၊ ဟုတ်တာမှန်တာပြောပေမဲ့ ခက်သားကလား၊ သခင်ကြီး အင်မတန် အယူသီးတယ်"

"ဦးလေး ဦးမင်းခိုင်က ဘယ်လို အယူသီးသလဲ"

ဒေါ်ဦးသည် ထိတ်ထိတ်ပျာပျာနှင့် အခန်းတွင်းသို့ လှည့်ကြည့်သည်။ ထိုနောက် ကိုယ့်နှုတ်မှ ထွက်သည့်စကားကိုပင် ကြောက်ဟန်တိုးတိုး ပြောသည်။

"သခင်ကြီးက တစ္ဆေသရဲတွေဘာတွေ ရှိတာ မယုံဘူး"

မသက်ရှိမှာ မရယ်မိအောင် အောင့်ထားရသည်။

"ဟာ ဒေါ်ဒေါ်ကလဲ အဲဒါမျိုးတွေကို ယုံတဲ့လူကိုမှ အယူသီးတယ် ခေါ်တယ်"

ဒေါ်ဦးသည် မသက်ရှိအား မျက်မှောင်ကြုတ်ကြည့်သည်။

ဘာမျှတော့ ပြန်မဖြေ။

"နေပါဦး၊ ဒေါ်ဒေါ်က ယုံလို့လား"

"ဘုရားရေ၊ ယုံလို့လား၊ အမလေး ဘယ်မယုံလို့ ဖြစ်မလဲ၊ နာနာဘာဝ ဝိနာဘာဝ"

မသက်ရှိမှာ ဒေါ်ဦး၏ပြောဟန်ကြောင့် ရယ်မိ၏။

"နေပါဦး၊ ဒေါ်ဒေါ်က အဲဒီ တစ္ဆေသရဲဆိုတာကို မြင်ဖူးလို့လား"

"အသေအချာတော့ ဘယ်မြင်ဖူးမလဲ၊ အရိပ်အယောင်တော့ ဖြူခနဲ

www.burmeseclassic.com



မည်းခနဲ တွေ့ဖူးတာပေါ့၊ အသံတော့ သေသေချာချာကို နားနဲ့ ဆတ်ဆတ် ကြားဖူးတယ်”

“ဘယ်မှာ ကြားဖူးတာလဲ”

ဒေါ်ဦး၏ ပြူးဝိုင်းသော မျက်လုံးများသည် အပြင်သို့ ရောက်သွား၏။ ထိုနောက် ခြံတွင်းတစ်နေရာသို့ လက်ညှိုးထိုးပြ၏။

“ဖွဟဲ့၊ ဟော ဟိုနားမှာ”

ဒေါ်ဦး ညွှန်ပြရာကို မသက်ရှိသည် ကြည့်မိ၏။ ခြံ၏အတန်ဝေး သော အစပ်၌ သစ်ပင်စုစုကို တွေ့ရသည်။

“အဲဒီသစ်ပင်တွေမှာလား”

“မဟုတ်ဘူး၊ ငုတ်တိုမှာ”

“ရှင်”

“အဲဒီနားမှာ ငုတ်တိုရှိတယ်၊ အမလေး...ပြောရင်း ကြက်သီး ထလိုက်တာ”

ဒေါ်ဦးမှာ အကယ်ပင် ကျောချမ်းနေဟန်ရှိသည်။

“ငုတ်တိုဆိုတာ သစ်ပင်ငုတ်တိုလား”

“ဟုတ်တယ်”

“ဒေါ်ဒေါ် ဘယ်လို ဘာသံ ကြားရတာလဲ”

“ငြိမ်းခင်ပေါ့တော်၊ မချောက တစ်ည ပျောက်သွားလို့ အချိန် မတော် ထရှာတာ၊ အဲဒီနားရောက်တော့ ရယ်သံကြားရတယ်၊ မိန်းမသံပေါ့၊ ငြိမ်းခင်မှတ်လို့ သွားတာ၊ ရေ့လောကြီးနေတုန်း နောက်က ဖြန်းဆို...”

ဒေါ်ဦးမှာ စကားဆို့သွားသည်။

“အဒေါ့ကျောကို ရိုက်လိုက်သလား”

“မဟုတ်ဘူး၊ အမလေး ကျောများရိုက်ရင် အဲဒီနေရာတွင် အဒေါ်

www.burmeseclassic.com



အသက်ထွက်ခဲ့မှာ၊ မြေကြီးကိုရိုက်သံ”

“ဒီတော့...”

“အဒေါ်က သိပ်မလန့်သေးပါဘူး၊ ဒါပေမဲ့ ချက်ချင်းပဲကြားတော့တာပဲ”

“ဘာသံလဲ ဒေါ်ဒေါ်”

“ညည်းသံ...ညည်းသံ၊ ပြီးတော့ ငိုသံ၊ ရှိုက်ကြီးတငင်ငိုသံ”

“ဒေါ်ဒေါ် လူမတွေ့ရဘူးလား”

“အမလေး...ဘယ်တွေ့မလဲ၊ တစ်ခါတည်း တစ်ကြိုးတည်း ထွက်ပြေးခဲ့တာ ဘယ်လိုဘယ်လို အခန်းပြန်ရောက်မှန်း မသိဘူး”

“ငြိမ်းခင်ကကော”

“မချောက အခန်းပြန်ရောက်နေပြီ၊ ဘယ်သွားသလဲ မေးတော့ နောက်ဖေးတန်းလျားက နို့ဝယ့်လ် အမေ လေထအောင့်တာ သွားနှိပ်ပေးသတဲ့လေ”

“ဒေါ်ဒေါ်က အဲဒီတန်းလျားဆီ အရင် သွားမစုံစမ်းဘဲ ဘာလို့ ခုနင်က နေရာ အရင်သွားရတာလဲ”

ဒေါ်ဦးသည် စိတ်ရှုပ်ဟန် ခေါင်းကုတ်သည်။

“နောက်ဖေးတန်းလျားကို သွားမလို့ပဲ၊ အဲဒီဘက်မှာ အရိပ်အယောင်တွေ့လို့”

“ဘာအရိပ်အယောင်လဲ”

“သြော်...အရိပ်အယောင် ဆိုပါမှပဲ၊ တူမကြီးကလဲ”

မသက်ရှိမှာ ပြုံးမိပြန်သည်။

“ငိုသံကြားရုံနဲ့ ဒေါ်ဒေါ်က ဘာလို့ထွက်ပြေးခဲ့ရတာလဲ၊ လူဖြစ်ချင်ဖြစ်နေမှာပေါ့”

BURMESE CLASSIC .com

www.burmeseclassic.com



"အို...ပြေးခဲ့ရတာပေါ့၊ ဒီခြံကြီးအကြောင်းမှ တူမကြီးက မသိဘဲ၊ တော်တော်ကြာ မောင်...မောင်... မောင်မြင့်ဝေနဲ့ တွေ့နေရင် ဘယ့်နှယ်လုပ်မလဲ"

မောင်မြင့်ဝေ... ။

မသက်ရှိသည် တည်ငြိမ်စူးစိုက်၍ ဒေါ်ဦးကို ကြည့်သည်။ ဤကမ္ဘာမြေဝယ် မရှိပါဟု ဦးအုံးလှိုင်က ပြောသော မောင်မြင့်ဝေကိုပင် ဒေါ်ဦးက ရှိသကဲ့သို့ ပြောနေချေပြီ။

"ဒီမှာ ဒေါ်ဒေါ်၊ ကျွန်မ မေးတာကိုဖြေစမ်းပါ၊ အဲဒီ မောင်မြင့်ဝေ ဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်မှာနေသလဲ"

ဒေါ်ဦးသည် ဖြူဖပ်ဖြူရော်မျက်နှာနှင့် အပြင်ဘက်သို့ လှမ်းကြည့်သည်။

"မောင်မြင့်ဝေက ငုတ်တိုမှာ နေတယ်"

"ရှင်"

ဒေါ်ဦးသည် ပြတင်းနားနေရသည်ကို အသည်းယားဟန်ထ၍ "လာပါတူမကြီး၊ ခုတင်ပေါ် သွားပြောရအောင်၊ လာပါ၊ ထပါ"ဟု မသက်ရှိကို ဆွဲခေါ်သည်။

ဘာမှန်းမသိသော်လည်း မသက်ရှိက ဒေါ်ဦး စိတ်ကျေနပ်ရန် ခုတင်ဆီ ထလိုက်ခဲ့ရ၏။

ထိုင်မိကြချိန်၌ ဒေါ်ဦး၌ အရေးကြီးသော ထိတ်လန့်ဖွယ် လျှို့ဝှက်ချက်တစ်ခုကို ပြောတော့မည့်သဏ္ဌာန် ပေါ်နေ၏။

"တူမကြီး ဒါတွေ ဒေါ်ဒေါ်ပြောတာ သခင်ကြီးကို ပြန်မပြောနဲ့နော်"

ဒေါ်ဦးက မပြောမီ နှုတ်ပိတ်နေပြန်၏။

"စိတ်ချပါ ဒေါ်ဒေါ်"

BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်ဦးသည် စဉ်းစားဟန် ခေတ္တတွေနေသည်။ ထို့နောက် လေသံတိုးတိုးနှင့် စပြောၡ၏။

"သခင်ကြီး ဒီတိုက် မဆောက်ခင်က ဒီအိမ်ထဲမှာ အိမ်အိုကြီးတစ်လုံးရှိတယ်၊ အဲဒါဟာ မောင်မြင့်ဝေတို့အိမ်"

လာပြန်ချေသည် မောင်မြင့်ဝေ...။

"နေပါဦး ဒေါ်ဒေါ်၊ မောင်မြင့်ဝေဆိုတာ ဘယ်သူလဲ"

"အဲဒါ ပြောမလိုပေါ့၊ နောက် ဒီခြံကို ဝယ်ပြီး အိမ်ဆောက်ပြီးကတည်းက တစ်ယောက်ပြီးတစ်ယောက် ပျက်စီးကုန်ကြတာ မောင်မြင့်ဝေတစ်ယောက်ပဲ ကျန်ရစ်သတဲ့"

"ဘယ်လို ပျက်စီးကုန်ကြတာလဲ"

"သွေးရိုးသားရိုးနဲ့ ပျက်စီးကြတာ မဟုတ်ဘူး၊ နှစ်နှစ်အတွင်း ဖအေ မအေတွေရော သားသမီးတွေပါ ဆယ်ဦး ပျက်စီးသွားကြတာ မလွန်လွန်းဘူးလား၊ နောက်ဆုံး သေတဲ့၊ မောင်မြင့်ဝေ အမေ၊ မဆုံးခင်ကလေး ကျမှ ရိပ်မိကြတာ"

"ဘယ်လို ရိပ်မိတာလဲ"

"အဲဒီ မိန်းမ မသေခင် နှစ်လလောက်မှာ လန့်ထ အော်တာနဲ့ အစေခံတွေ ဝိုင်းသွားကြတော့ ပြောပြတယ်တဲ့၊ ခြေရင်းတိုင်က ဘီလူးလို အစွယ်နဲ့ ကိုယ်အရောင်နီနီနဲ့ သတ္တဝါတစ်ကောင်က ဆင်းလာပြီး ခြင်ထောင်ထဲဝင်ပြီး သူ့အူတွေကို နှုတ်စားတယ်တဲ့၊ ပထမ အိပ်မက်မှတ်နေတာ၊ လန့်အော်လို့ လူတွေရောက်မလာခင် အဲဒီအကောင်နီနီဟာ တိုင်ပေါ်ပြန်တက် ပျောက်သွားတာ မြင်လိုက်ရသတဲ့၊ အမလေး"

ဒေါ်ဦးသည် ပြောရင်း လန့်ဟန် ကြက်သီးထပြန်၏။

"နောက်နှစ်ရက်လောက်ကျတော့ အဲဒီမိန်းမ သေတာပဲ၊ သူ့သား

BURMESE CLASSIC .com

www.burmeseclassic.com



မောင်မြင့်ဝေက ရှစ်လသားလေး ကျန်ရစ်တယ်၊ ဒါနဲ့ နားလည်တဲ့ ဆရာတွေ ပင့်ကြည့်တော့ အိမ်မှာက သစ်ဘီလူးရှိနေတာကိုး၊ အဲဒါ ဆရာတွေက အစီအရင်တွေလုပ်တော့ သစ်ဘီလူးရန် ငြိမ်းသွားသတဲ့၊ ဒါကြောင့်မို့ မောင်မြင့်ဝေကတော့ ဆက်အသက်ရှည်နေခဲ့ရတယ်"

ဒေါ်ဦး၏ စကားရပ်များသည် မသက်ရှိ စိတ်ဝင်စားသော မောင်မြင့်ဝေဆီ ရောက်ခဲ့ပြီဖြစ်၏။

"မောင်မြင့်ဝေကို ဝမ်းကွဲအစ်မတွေက ဆက်မွေးခဲ့တာ ဆယ့်ကိုးနှစ်သားအရွယ် ရောက်ခဲ့တယ်တဲ့၊ ခက်တာက မောင်မြင့်ဝေဟာ အရွယ်ရောက်ကတည်းက အဲဟို ငုတ်တိုနား သစ်ပင်အောက်မှာ သွားငိုင်ပြီး တစ်ခါတစ်ခါ ညအချိန်မတော် ငိုတတ်တယ်တဲ့၊ ဒါနဲ့ လူကြီးတွေက သူ့ကို သားချင်းထဲက မိန်းကလေးတစ်ဦးနဲ့ နေရာချပေးမယ် လုပ်ကြတယ်၊ တိုတိုပြောရရင် လက်ထပ်မယ့်ညမှာ မောင်မြင့်ဝေဟာ အဲဒီနားက ဆွဲကြိုးချ သေသွားသတဲ့"

"အို ဖြစ်မှဖြစ်ရလေ"

ဒေါ်ဦး ပြောပြသည်မှာ မည်မျှမှန်သည် မသိသော်လည်း ပုံပြင်အနေနှင့်မူ သနားဖွယ် ဖြစ်၏။

"ပြောကြတာက ဒီခြံထဲ သိုက်တစ်ခုလည်းရှိတယ်ဆိုပဲ၊ မောင်မြင့်ဝေကို ဥစ္စာစောင့်တွေ လာခေါ်သွားပုံရတယ်၊ မောင်မြင့်ဝေလဲ ဆုံးသွားရော သူ့အမျိုးတွေဟာ ခြံရောအိမ်ရောစွန့်ပြီး ဟိုဘက် အရှေ့လယ်ပြင်တန်းကို ပြောင်းသွားကြတယ်တဲ့၊ ဒီခြံထဲမှာ နေသူမရှိဘဲ ဆယ်နှစ်ကျော်ကြာမှ သခင်ကြီးလည်းဝယ်ပြီး ခုလို တိုက်သစ်ဆောက် ပြုပြင်နေတာ"

ဒေါ်ဦးစကား ဆုံးသွားသော် နှစ်ဦးသား ငြိမ်နေမိကြသည်။ တစ်အောင့်ကြာမှ မသက်ရှိက မေးသည်။

"ဒေါ်ဦးဆိုလိုတာက မောင်မြင့်ဝေဟာ မကျွတ်သေးဘဲ ခုအထိ

BURMESE CLASSIC .com

www.burmeseclassic.com



ခြံထဲမှာ ရှိနေတယ်ပေါ့ ဟုတ်လား”

“ဆိုလိုတာမဟုတ်ဘူး၊ တကယ်ကိုရှိတယ်၊ မြင်တဲ့လူက မြင်တယ်”

ဒေါ်ဦးမှာ ရုတ်တရက် စကားရပ်သွားသည်။

“ဘယ်သူမြင်သလဲ ဒေါ်ဦး”

ဒေါ်ဦးက မဖြေ။ မသက်ရှိကသာ ပြုံးလိုက်သည်။

“ကဲ…ကျွန်မပဲ ပြောပါ့မယ်၊ မောင်ညိုမှိုင်းက မြင်တယ်ဟုတ်လား”

ဒေါ်ဦးမှာ မျက်လုံးပြူးသွား၍ “တူမကြီးဘယ်လိုလုပ်သိလဲ”ဟု မေးသည်။

“ညနေက မောင်ညိုမှိုင်း ပြောသွားတယ်လေ၊ နေ့ခင်းတုန်းက ကျွန်မအခန်းကို မောင်မြင့်ဝေလာဆွဲဖွင့်တာ သူမြင်… ”

မသက်ရှိ စကားမဆုံးလိုက်ရ။ ဒေါ်ဦးသည် ထိတ်လန့်တကြား အော်၍ နားကို ပိတ်လိုက်သည်။

မသက်ရှိက နေရာမှထသည်။ ဘာလုပ်ရမည်နည်း။

မသက်ရှိသည် ပြတင်းမှရပ်ကာ ခြံတွင်းသို့ ငုံ့ကြည့်သည်။

သစ်ရိပ်တို့ကျ၍ လရောင်ပြောက်ကျားနေသော ခြံကြီးမှာ အနည်းငယ် ချောက်ချားဖွယ်ကောင်းသည်။

ငယ်စဉ်ကတည်းမှ မသက်ရှိသည် တစ္ဆေသရဲကို မယုံကြည်။ ကြောက်တတ်သူလည်း မဟုတ်။ သို့ရာတွင် ယခုမူ စိတ်အတွင်း၌ အတန် ညို့မှိုင်းနေ၏။

အိမ်ကြီးက မိမိကို ညှို့ပေပြီ။ ဤသည်ကို မသက်ရှိသိသည်။ ဤအညှို့ကို အရှုံးပေး၍မဖြစ်မှန်းကိုလည်း သိသည်။ ဤအိမ်ကို မိမိ နိုင်ရပေမည်။ မိမိက မနိုင်သော် ဤအိမ်က မိမိကို နိုင်ချေတော့မည်။

မသက်ရှိက စိတ်ဆုံးဖြတ်လိုက်၍ ဒေါ်ဦးနား ပြန်ကပ်လာခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



"ဒေါ်ဦး အသံကြားရတယ်ဆိုတုန်းက ဒေါ်ဦးမှာ ဟိုသက်နှ်း မရှိဘူးလား"

"အို... မရှိဘူး၊ ဒီတုန်းက သခင်ကြီးနဲ့ မောင်စံကြူး ရှမ်းပြည်နယ် မတက်ရသေးဘဲ"

မသက်ရီက ပြုံး၏။

"ကဲ...အခုတော့ ဒေါ်ဦးမှာ ဒီတန်ခိုးကြီးတဲ့ အဆောင်အယောင် ရထားပြီ မဟုတ်လား၊ ဘာကြောက်စရာ ရှိတော့သလဲ၊ ကျွန်မနဲ့ လိုက်ခဲ့ စမ်းပါ၊ ခြံထဲဆင်း လမ်းလျှောက်ကြရအောင်"

"အို...ဘယ်ဖြစ်မလဲ"

မသက်ရီသည် ဒေါ်ဦးနှင့်ဖက်၍ ငြင်းမနေတော့ဘဲ ကုတ်အင်္ကျီ တစ်ထည်ကို သေတ္တာတွင်းမှ ထုတ်သည်။ ကုတ်အင်္ကျီနှင့် လက်ဆွဲအိတ်ကို အုပ်လျက် ခြောက်လုံးပြူးလေးကို ဒေါ်ဦးမမြင်အောင်ယူ၍ အတွင်းအိတ်၌ ထည့်သည်။ ကုတ်အင်္ကျီကိုဝတ်ပြီးနောက် အခန်းတံခါးဖွင့်၍ ဒေါ်ဦးကို ခေါ်သည်။

"လာလေ ဒေါ်ဦး"

"ဟာ တူမကြီးကလဲ"

"ကောင်းပြီ ဒေါ်ဒေါ်၊ မလိုက်ချင်လည်းနေ၊ ကျွန်မ တစ်ယောက် တည်း သွားမယ်"

ဒေါ်ဦးမှာ မျက်လုံးပြူးသွား၏။

"တစ်ယောက်တည်းသွားလို့ ဘယ်ဖြစ်မလဲ"

"မဖြစ်ရင်လည်း လိုက်ခဲ့လေ ဒေါ်ဒေါ်"

ဒေါ်ဦးမှာ ကြီးစွာသောအခက်အခဲကို ရင်ဆိုင်ရသည့်ဟန် ပေါ်နေ ၏။ သို့သော် နောက်ဆုံးတွင်မူ ခေါင်းယမ်းခါ၍ နေရာမှထလိုက်လာသည်။

BURMESE CLASSIC .com

www.burmeseclassic.com



မသက်ရှိသည် အခန်းတံခါးကို သော့ပိတ်၍ ဒေါ်ဦးနှင့်အတူ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အိမ်အပြင်အထွက်၌ ဒေါ်ဦးက ခေါင်းထက် ဆံပင်ကြားကို လက်နှင့် စမ်းကြည့်လိုက်သေးသည်။

လရောင်မှာ မလင်းလွန်းလှသော်လည်း မိုးရေဆေး၍ သန့်စင်နေသော ခြံ၏သဲမြေဖြူဖြူမှာ ထင်ရှားနေ၏။

ခြံကြီးမှာ ထင်သည်ထက် ပိုကျယ်နေကြောင်း မသက်ရှိ သတိထားမိသည်။ ကျယ်သောခြံ၊ ကြီးသောအိမ်၌ နည်းသောလူဦးရေကြောင့် ကြောက်ဖွယ် မရှိသည်တိုင်အောင် ချောက်ချားထိုက်ကြောင်း မသက်ရှိ နားလည်သည်။

မိုးညလေ၌ ပင်ကို ရနံ့သင်း ရှိသည်။ ဤလေသင်းသင်းမှာ စံပယ်၊ ဇလပ်၊ စကြာ၊ ယုဇန၊ နှင်းဆီစသော ပန်းနံ့တို့နှင့် ရော၍ ပို၍မွှေးကြိုင်နေသည်။

လူ့လောက၏ အလှဖြစ်သော ည၏အရောင်နှင့် အရိပ်တို့ဖြင့် ခြံတွင်းမှာ ပြည့်စုံနေသည်။ တောင့်တအပ်သော သဘာဝ၏ ကျက်သရေနှင့် ကြွယ်သော ဤခြံကြီးမှာ အဘယ်ကြောင့် ချောက်ချားဖွယ် ဖြစ်ရမည်နည်း။ ဖြစ်ရမည်နည်း။

ဤအတွေးနှင့် မသက်ရှိသည် ခြံတစ်နေရာ စံပယ်ရုံများအနီးရှိ ထိုင်ခုံတန်းများဆီ ရောက်လာခဲ့သည်။

"ဒီမှာ ထိုင်ကြရအောင် တူမကြီး..."

ဒေါ်ဦးက ပြောသော်လည်း မသက်ရှိသည် မထိုင်သေးဘဲ စောစောက ဒေါ်ဦး ညွှန်ပြခဲ့သည့် "ငုတ်တို" ရှိရာဘက်သို့ လှမ်းကြည့်လှက်သည်။

"မထိုင်ချင်ဘူး ဒေါ်ဒေါ်၊ ကျွန်မ ဟိုနေရာရောက်အောင် လျှောက်

www.burmeseclassic.com



မလို့”

“ဟောတော့…ဒုက္ခပါပဲ”

“ဒေါ်ဒေါ် မလိုက်ရဲရင်လည်း ဒီမှာနေခဲ့ပါ၊ ကိစ္စမရှိပါဘူး”

မသက်ရှိသည် ဆက်လျှောက်ခဲ့သည်။ ဤအကြိမ်၌မူ ဒေါ်ဦးသည် နောက်၌ ကျန်နေရစ်သည်။

မသက်ရှိသည် သစ်ပင်အုပ်စုကလေးသို့ ရောက်ခဲ့သည်။ အသက်ရင့်သော်လည်း အမြင့်မဆောင်၊ ပုဝိုင်းသည့် မျိုးကောင်းသရက်ပင်လေးများတည်း။

ဤနေရာကျကာမှ ခြံသည် မြေမြင့်ဖြစ်၍ လယ်ကွင်းများမှာ အနိမ့်၌ ရှိမှန်း မသက်ရှိ သတိရသည်။

ထိုအခိုက်တွင်ပင် ကြည်လင်ချိုသာသော မိန်းမသားတစ်ဦး ရယ်သံကို မသက်ရှိ ကြားရ၏။

မကြောက်တတ်သော်လည်း ရုတ်တရက်ဖြစ်သဖြင့် မသက်ရှိမှာ တုန်လှုပ်သွား၍ ခြေလှမ်းမှာလည်း ရပ်သွား၏။ သို့သော် မသက်ရှိ၏ တုန်လှုပ်မှုမှာ မျက်လုံးများကို ဖုံးကွယ်လောက်အောင် မပြင်းထန်။

မသက်ရှိက ရှေ့မှ မြင်ရသည်တို့ကို စူးစိုက်ကြည့်နေမိ၏။ ဤသည်ကြိုက်၌ စူးရှကျယ်လွင်သော အသံဆန်းဆန်းတစ်ခုက မသက်ရှိ၏ ကျောဘက်မှ ပေါ်လာသည်။

မသက်ရှိသည် သရက်ပင်ကို ကျောကပ်ကာ နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။

ဘာမျှတော့ မမြင်ရ၊ စိမ့်ရင့်မှောင်သော ကံ့ကော်ပင်များကိုသာ တွေ့ရ၏။

ငြိမ်ကြည့်နေရာမှ မသက်ရှိသည် သတိဝင်လာကာ စောစောက

www.burmeseclassic.com



မြင်ခဲ့ရသော သဏ္ဌာန်များဆီသို့ ပြန်လှည့်လိုက်သည်။ သဏ္ဌာန်များမှာ မရှိတော့။

ဒေါ်ဦးသည် မသက်ရှိကို စိုးရိမ်၍လော သူ့ဘာသာသူ ကြောက်ရွံ့၍လော မပြောတတ်။ မသက်ရှိရှိရာသို့ ပြေးလာသည်။ မသက်ရှိက ဒေါ်ဦးအား အသံမပြုရန် အထိမ်းအမှတ် ပြသည်။ ဒေါ်ဦးကလည်း အလိုက်သိစွာပင် ငြိမ်နေရှာသည်။

အချိန်များစွာ မကြာ။ ဤမိုးမှုန်ဝေသော ညကို ခွင်း၍ ရှုက်ကြီးတင‌င် ငိုကြွေးသံသည် ပေါ်ထွက်လာသည်။

ဒေါ်ဦးမှာ ဆတ်ဆတ်တုန်နေ၏။ မသက်ရှိ၏ ရင်မှ နှလုံးမှာလည်း အရှိန်ပြင်းစွာ ခုတ်မောင်းနေ၏။

မသက်ရှိက ဒေါ်ဦးကိုတွန်းဖယ်၍ အသံလာရာသို့ ဗွတ်ထွက်ခဲ့သည်။

တိမ်ရိပ်လွင့်သွား၍ လမှာ ထိန်ထိန်သာလာသည်။

မသက်ရှိသည် ခြံမြေမြင့်၏ ကမ်းပါးစွန်းသို့ ရောက်လာ၏။

ဤကမ်းပါးစွန်းတွင် အရင်းမှ လွှတိုက်ဖြတ်ထားသော သစ်ပင်ငုတ်တိုတစ်ခုကို တွေ့ရ၏။ ကမ်းပါးစွန်း၏ အောက်တွင်မူ ချောင်းငယ်တစ်ခုသည် ကြယ်ရောင်လရောင် တလက်လက်ဖြင့် စီးဆင်းနေ၏။

မသက်ရှိသည် ကုတ်အင်္ကျီတွင်းမှ ခေါက်လုံးပြူးကို လက်နှင့်ဖိကိုင်ရင်း ဟိုဟိုသည်သည် လှမ်းစစ်ကြည့်မိသည်။

အချိန် အတန်ကြာသွားသည်။ မည်သည့်အသံမျှ ပေါ်မလာ။

မသက်ရှိသည် ဒေါ်ဦးရှိရာ ပြန်မည်ဟု လှည့်လိုက်သည်။ လှည့်လိုက်မိရာဘက်မှာ ကံ့ကော်ပင်တန်းများ ရှိရာတည်း။

ကံ့ကော်ပင်ရိပ်၌ လူတစ်ယောက်က ရပ်နေလေသည်တကား။

"ဘယ်သူလဲ..."

www.burmeseclassic.com



မသက်ရှိက ခြောက်လုံးပြူးကို မထုတ်သေးသော်လည်း အဆင်သင့် အိတ်တွင်း၌ ဆုပ်ကိုင်၍ မေးသည်။

သစ်ပင်ရိပ်တွင်းမှ အသံက ပေါ်လာ၏။

"ကျွန်တော်ပါ မမရှိ၊ မောင်ညိုမှိုင်းရယ်ပါ"

အသံနှင့် မရှေးမနှောင်းပင် လူမှာလည်း သစ်ပင်ရိပ်မှ ထွက်လာ၏။

သူ့သဏ္ဌာန်က အေးချမ်းနေသည်။ လက်တွင်း၌လည်း တယော တစ်လက်ကို ပိုက်ထားသည်အား တွေ့ရသည်။

"ဩော်...မောင်ညိုမှိုင်းကိုး..."

မသက်ရှိသည် ကုတ်အင်္ကျီတွင်းမှ လက်ကိုထုတ်၍ သူ့အား စကားပြန်သည်။ မရှေးမနှောင်းပင် ဒေါ်ဦးမှာလည်း အနီးသို့ ကပ်လာ၏။

"မမရှိ မအိပ်သေးဘူးလား"

"မအိပ်သေးဘူး မောင်ညိုမှိုင်း၊ လသာတာနဲ့ လမ်းလျှောက်ချင်လို့ ခြံထဲဆင်းခဲ့တာ"

သူသည် ရုတ်တရက် စကားမပြန်ဘဲ ကမ်းပါးစွန်းမှ သစ်ငုတ်တို ဘက် ကြည့်သည်။ ထို့နောက် မသက်ရှိဘက်သို့ လှည့်၍ သတိပေးသည့်ဟန် ဆို၏။

"လမ်းလျှောက်ရင် ဒီဘက်ကို မလျှောက်နဲ့ မမရှိ၊ လာ ဟိုဘက်က ပိုသာယာတယ်"

သူက ဖိတ်ခေါ်သဖြင့် မသက်ရှိသည် သူ ဦးဆောင်ရာသို့ လိုက်ခဲ့၏။

ကံ့ကော်ပင်များ တစ်ဖက်၌ ရောင်စုံပန်းခင်းများ၊ ရွက်လှပင်ပျိုများ၊ စံပယ်ရုံများနှင့် သာယာသော ခြံ၏အပိုင်းရှိသည်။

ပန်းခင်းများဘေးရှိ နောက်မှီတပ် ခုံတန်းဖြူတစ်ခု၌ နှစ်ဦးသား

BURMESE CLASSIC .com

www.burmeseclassic.com



ထိုင်ကြသည်။ နောက်မှ ကပ်လိုက်လာသော ဒေါ်ဦးမှာမူ ထိုင်ရမည်ကို မဝံ့ဟန် ရပ်နေ၏။

"ဒီမှာ ဒေါ်ဦး၊ ခင်ဗျား အိပ်ချင်သွားအိပ်တော့လေ၊ တော်တော်ကြာ ခင်ဗျားကို မြင်လို့ မောင်မြင့်ဝေ ထလာဦးမယ်"

ဤစကားမှာ ဒေါ်ဦးမည်သို့မျှ ခံနိုင်ရည်ရှိသော စကားမဟုတ်။ အမယ်ကြီးမှာ သိသိသာသာ တုန်လှုပ်သွားရှာသည်။ မသက်ရှိမှာ မနေသာတော့ဘဲ ဝင်ပြောရ၏။

"ဩော်...ဒေါ်ဦး၊ အိပ်ချင် သွားအိပ်ပါလေ၊ ကျွန်မ မောင်ညိုမှိုင်းနဲ့ စကားပြောနေပါဦးမယ်"

ဒေါ်ဦးမှာ အနည်းငယ်မှုချီတုံချတုံဟန်ပြ၏။ သို့ရာတွင် နောက်ဆုံးမူ နေရာမှ ထွက်ခွာသွား၏။

ဤသည်ကို ညိုမှိုင်းက နှစ်နှစ်ခြိုက်ခြိုက် ရယ်သည်။ ဤသို့ ရယ်မောခိုက် သူ့မျက်နှာမှာ နုပျိုတောက်ပကြောင်း မသက်ရှိ သတိပြုမိသည်။

"ဒီ မိန်းမကြီးဟာ သိပ်သနားဖို့ကောင်းတယ် မမရှိ"

သူက ရယ်မောရင်း မှတ်ချက်ချသည်။

"ဒေါ်ဦးက ဘယ်လို သနားစရာကောင်းသလဲ မောင်ညိုမှိုင်း"

"ဒေါ်ဦးက ဝတယ်မဟုတ်လား"

"ဟင်..."

"ပြီးတော့ ပါးကလဲဖောင်းတယ်၊ ပါးဖောင်းသတ္တဝါများဟာ မိုက်လုံးကြီးတယ်"

မသက်ရှိသည် ရယ်ရခက် ပြုံးရခက်နှင့် သူ့ကိုမော့ကြည့်သည်။ သူကမူ ကလေးတစ်ဦးအား ချစ်စနိုး မှတ်ချက်ချနေသည့် လူကြီးတစ်ဦးဟန်

BURMESE CLASSIC .com

www.burmeseclassic.com



ပေါ်နေ၏။

"မောင်ညိုမှိုင်း တယောမထိုးဘူးလား"

သူက မသက်ရှိအား မျက်မှောင်ကြုတ်၍ လှမ်းကြည့်၏။

"မိုးမှ မရွာဘဲ၊ ဘာလို့ တယောထိုးရမှာလဲ"

"ဘာပြောတယ် မောင်ညိုမှိုင်း"

"မိုးများ ရွာမလားလို့ စောင့်နေတာ၊ မိုးရွာရင်တော့ မိုးရေထဲ တယော လျှောက်ထိုးမလို့"

"ဟင်…မိုးရေထဲ တယောလျှောက်ထိုးမယ်"

မသက်ရှိက အံ့သြမှုစွက်သည့် မေးခွန်းကို မေးမိသည်။ သူက ဘာကို သဘောကျသည်မသိ၊ အသာပင် ပြုံးလိုက်၏။

"မိုးရွာထဲ တယော လျှောက်ထိုးတာဟာ ဖြစ်ရိုးဖြစ်စဉ် **(Normal)** မဟုတ်လို့ ကျွန်တော့်ကို ရူးတယ်များ ဆိုချင်သေးသလား"

ရုတ်တရက် ကြောင်သွားမိပြီးမှ မသက်ရှိသည် အသံထွက်အောင် သာယာစွာ ရယ်မောလိုက်သည်။

"မမရှိ ဘာရယ်တာလဲ"

သူ့အသံမှာ အနည်းငယ် မာနေ၏။

မသက်ရှိသည် အရယ်ကို ရပ်လိုက်သော်လည်း အပြုံးမပျက်နှင့် သူ့အား တည်ငြိမ်စွာကြည့်လိုက်၍ "သဘောကျလို့ ရယ်တယ် မောင်ညိုမှိုင်း၊ စတွေ့ကြကတည်းက မောင်ညိုမှိုင်းပြောတာတွေ ထောက်တော့ မောင်ညိုမှိုင်း မှာ အင်မတန် စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဘဝအမြင်တစ်ရပ် ရှိနေတယ်လို့ မမရှိထင်မိတယ်၊ ဟုတ်သလား"ဟု မေး၏။

သူက ကျေနပ်စွာပြုံးလိုက်၏။ ထို့နောက် သူ့အယူအဆကို ဆက်ပြော၏။

www.burmeseclassic.com



"Normality ဆိုတဲ့ ဖြစ်ရိုးဖြစ်စဉ် ပျမ်းမျှခြင်း သဘာဝဟာ လူမှုလောကရဲ့ ပြဋ္ဌာန်းမှုသဘော Normality in the reflection of society ဆိုတဲ့ စကားကို မမရီ ဘယ်လိုထင်မြင်ချက် ပေးမလဲ၊ ဒီစကားကို ဆိုသူကတော့ ကုလသမဂ္ဂ ယူနက်စကို အဖွဲ့ရဲ့ လောကဓာတ်ပညာ အယ်ဒီတာ မောရစ်ဂိုးလ်စမစ် (Maurice Goldsmith) ပဲ၊ လူတစ်ယောက်ရဲ့စိတ်ကို ပတ်ဝန်းကျင် လူမှုပြဋ္ဌာန်းချက်တွေနဲ့ ဆီလျော်ကိုက်ညီနေသမျှ မဖောက်မပြန် မှန်ကန်တယ် ဆိုကြတယ်၊ ခက်တာက သီးသန့် မဖောက်မပြန် မှန်ကန်သော ပရမတ်လောကမည်သည် မရှိ၊ လူတစ်ယောက်ရဲ့ လောကဆိုတာဟာ ဒီလူရဲ့ ပုဂ္ဂလိက ယူဆထင်မြင်ချက်မျှသာ ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ထားတယ်"

သူသည် ပါမောက္ခ၏ တည်ငြိမ်ခြင်းဖြင့် ရှင်းပြနေ၏။

"ကျွန်တော်က ကျွန်တော်ထိတွေ့ခံစားရလို့ သိနားလည်တဲ့အလိုက် ကိုယ်ပိုင်လောကလေး တစ်ခုကို တည်ဆောက်လိုက်တော့ ကျွန်တော့်လောကဟာ အများလက်ခံထားတဲ့ လောက သဘာဝနဲ့ တူနိုင်ပါတော့မလား၊ စဉ်းစားစရာနော်၊ ကျွန်တော်ကိုယ်၌ကလည်း အများနဲ့မတူတာမို့ အများက ရူးတယ်ထင်ရင် နိုင်ငံရေး ဒီမိုကရေစီကို အဘိဓမ္မာရေးရာဆီ မျက်ကန်းသုံးလာတာမို့ အများကသာ ရူးတာပဲ၊ ကျွန်တော်က မရူးဘူး၊ ရူးတယ်လို့ ဘယ်သူပြောဝံ့သလဲ"

သူ့သဏ္ဌာန်မှာ လက်ဝဲနိုင်ငံရေးသမား၏ ဒေါသဟန် ပါလာပြန်၏။

"မောင်ညိုမှိုင်းက ကိုယ်ပိုင်လောကလေးကို တည်ဆောက်ထားတယ်ဆိုတော့ မမရီ မေးစမ်းပါရစေ၊ လူ့ဘဝကို ဘယ်လိုမြင်သလဲ"

သူသည် အမျိုးအမည် မခွဲခြားသာသော အပြုံးကို ပြုံး၏။

BURMESE CLASSIC .com

www.burmeseclassic.com



"အမှန်က ဟန်မဆောင်တမ်း ဝန်ခံကြကြေးဆိုရင် ဘဝဆိုတာဟာ ထင်မြင်ချက်ပါပဲ၊ ဘယ်သူကလည်း မသိဘူး၊ ကျွန်တော်ပြောဖူးတယ်၊ လောကနဲ့ ဘဝကို ကြည့်မြင်ရတာဟာ မျက်မှန်တပ်ပြီး လေ့လာရတာနဲ့ တူသတဲ့၊ အမည်းရောင် မျက်မှန်တပ် လေ့လာရင် တစ်လောကလုံးဟာ ပိန်းပိတ်အောင် မှောင်နေသလို အဝါရောင် မျက်မှန် တပ်ကြည့်ပြန်တော့ တောတောင်ရေမြေ ကမ္ဘာတစ်ခွင်လုံးဟာ ထွန်းပရွှန်းတင့်နေသတဲ့၊ သဘော ကတော့ လူတစ်ယောက်ရဲ့ ဘဝဆိုတာဟာ သူထင်မြင် ယုံကြည်ထားချက် ပေါ် တည်တာကလား"

သူသည် ခေတ္တနားလိုက်၏။ မသက်ရှိမှာလည်း မူလက အမူမဲ့ နားထောင်နေရာမှ ယခု အထူးစိတ်ဝင်စားလာ၏။

သူ့မျက်နှာမှာ ပြန်လည် အိုမင်းကျသွား၍ ဆက်ပြောသော စကားသံမှာ ဆွေးဆွေးမြေ့မြေ့ နိုင်၏။

"စင်စစ်တော့ ဘဝဆိုတာဟာ မိုးညရဲ့ တိမ်တိုက်တွေလို ညို့ညို့ မှိုင်းတဲ့ သောကအငွေ့ ဒုက္ခလေ့တွေနဲ့ ပြွမ်းတာမို့ မှန်တိုင်းထန်တဲ့ အဏ္ဏဝါရေပြင်ပမာ အမှောင်ဟာ မင်းမူနေသပေါ့လေ၊ ဒါပေမဲ့ ညို့မှိုင်းခြင်းနဲ့ အမှောင်သဘောကို သိရတာဟာလဲ ဆန့်ကျင်နှိုင်းယှဉ်သိစရာ အလင်း သဘောရှိလို့ပဲမဟုတ်လား၊ အမှောင်တိုင်းကို လွန်ပြီးကြည့်စမ်းပါ မမရီ၊ ပြီးတော့ တိမ်စိုင်တိုင်းရဲ့ ငွေနားကွပ်ကို ဖြစ်ပေါ်စေတဲ့ လျှံထွက်လာတဲ့ နောက်ဆွယ်က အလင်းဓာတ်ကို မြင်ထင်စမ်းပါ၊ အဲဒီ အလင်းသဘောဟာ ရအပ်တာမို့ ဘဝကြိုးပမ်းမှုရဲ့ ပန်းတိုင် မဖြစ်ထိုက်ပေဘူးလား"

သူက နိဂုံးချုပ်အနေနှင့် သက်ပြင်းရှိုက်ကာ မေးရင်း စကားကို ရပ်လိုက်၏။ ဤအခိုက်တွင် အခွင့်အရေးကို စောင့်နေသူ ဒေါက်တာ မသက်ရှိအတွက် မေးဖွယ်ကြုံလာသည်။

www.burmeseclassic.com



"အဲဒီ မောင်ညိုမှိုင်းရဲ့ ဘဝအမြင်နဲ့ မိုးညမှာ တယောလျှောက်ထိုးတာဟာ ဆက်စပ်မှု ရှိနေပါသလား"

သူက မသက်ရှိအား တစ်ချက်ကြည့်၏။ ထို့နောက် လက်တွင်းမှ တယောကို ငုံ့ကြည့်၏။ တစ်ဖန် နေရာမှ ဖြည်းညင်းစွာထ၍ မိုးကောင်းကင်ကို မျှော်ကြည့်နေသည်။ ဘာမျှတော့ ရုတ်တရက် မဖြေ။

လေဆောင်၍ တိမ်မည်းတို့ ဖြတ်ချည်သန်းချည်ကြောင့် လရောင်မှာ လင်းတစ်ဖုံ မှုန်တစ်လှည့်ရှိနေ၏။ အဝေးရပ် လယ်ကွင်းများမှ သတ္တဝါငယ်တို့၏ မြည်သံများမှာ ညနက်၍ ပိုကျယ်လာ၏။

သူက သဲ့သဲ့ရယ်သည်။ အသံမထွက်ဘဲ ကျိတ်ရယ်ရာမှ တဖြည်းဖြည်း ပွင့်ထွက်လာသော ရယ်သံဖြစ်သည်။ ထို့နောက် မိမိတစ်ကိုယ်တည်း ညည်းသည့်ပမာ ဆွေးမြေ့စွာ တစ်လုံးချင်းဆို၏။

"မိုးညမှာ တိမ်စိုင်တွေက လွင့်နေလိမ့်မယ်၊ ညကတော့ ငွေလရောင်ရှိသေးတာမို့ မှုန်ပျပျ လင်းနေမယ်၊ တစ်လောကလုံးဟာ အဖြူနဲ့အမည်း အရောင်နဲ့အရိပ် ဒီသဘောနှစ်ရပ်ကိုသာ အပ်စပ် ယှဉ်ဖက်ပြထားတဲ့ ပန်းချီတစ်ချပ်ပမာ ရှိနေလိမ့်မယ်၊ အဲဒီစဉ်မှာ ဘယ်ရာသီမှာမှ မရှိပေတဲ့ မိုးပေါက်သံတွေကလည်း သဘာဝဓမ္မဂီတ စည်းနရီကို ဖြိုးဖြိုးဖြောက်ဖြောက် ပိုင်းဖြတ်နေကြမယ်၊ မဆုံးနိုင်တဲ့ ခရီးလမ်းခုလတ်မှာ တိမ်ငွေ့ ရေမှုန်တွေက ငွေလမင်းကို ဖြတ်ကျော်ရင်း သက်တံရောင်စုံ စက်ဝိုင်းကို ပေါ်သစ်နေစေဦးမယ်၊ ဒီလို အခိုက်အတန့်မျိုးမှာ ဂီတလှိုင်းယဉ် သယ်ဆောင်လေရာ ငြိမ့်ငြိမ့်စုန် မျောပါရင်း သက်တံရောင်စုံကို အမိလိုက်နေရတာဟာ ဘယ်လောက်များ မွန်မြတ်တဲ့ အဘိဓမ္မာတစ်ရပ်ကို ရှာဖွေနေခြင်း မည်နေပါသလဲ၊ ပြီးတော့ လွတ်လပ်ခြင်းဆိုတာဟာလည်း ဒါပါပဲ မမရှိ"

စကားအဆုံး၌ သူက မရယ်မပြုံးနှင့် မသက်ရှိကို စိုက်ကြည့်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



စိုက်ကြည့်နေသော ဤမျက်လုံးများ၌ မျက်ရည်တို့ တောက်ပနေသည်အား မသက်ရှိ သတိပြုမိ၏။

ထိုစဉ် မိုးပေါက်ဖွဲဖွဲတို့ ကျလာသည်။ မသက်ရှိက ထိုင်ရာမှ ထလိုက်၏။

"ဟော... မိုးဖွဲတွေ ကျလာပြီ၊ အိမ်ထဲ ဝင်ကြရအောင်"

သူက မိုးပြင်ကို မျှော်ကြည့်သည်။ လှုပ်ကမှု နေရာမှ မရွေ့။

"လာလေ မောင်ညိုမှိုင်း၊ အထဲမှာ တယောတီးချင် တီးပေါ့၊ သွားကြရအောင်"

သူက ခေါင်းခါသည်။ ခေါင်းခါရုံမက မသက်ရှိက သူ့ကို ဆွဲခေါ်မည်အား ကြောက်သည့်အလား နောက်သို့လည်း ခြေနှစ်လှမ်းခန့် ဆုတ်သွား၏။

မသက်ရှိက သဘောပေါက်သွားသည်။ ထို့ကြောင့် သက်ပြင်းချ၍ နှုတ်ဆက်သည်။

"ကောင်းပြီ မောင်ညိုမှိုင်း၊ မမရှိ သွားမယ်၊ ဂွဒ်နိုက်"

မိုးဖွဲလေးများ အတော်ကျလာပြီဖြစ်သဖြင့် မသက်ရှိသည် သူ့ကို ထားရစ်ကာ အိမ်တွင်းသို့ ပြေးဝင်ခဲ့၏။

အခန်းတွင်း ပြန်ရောက်၍ ခြေလက်သုတ်သင်ပြီး မီးမှိတ်လျက် ခြင်ထောင်ချကာ မသက်ရှိသည် ခုတင်ထက် အိပ်မည်ပြင်သည်။

ထိုအခိုက်တွင်ပင် တယောသံသည် အခန်းတွင်းသို့ ဝဲပျံလွင့်ဝင်လာ၏။

မိုးဖွဲကျစ လေမှာ မပြင်းသေး၍ ဆိုသံကိုလည်း ကြားရသည်။ သီချင်းရိုးရိုးမဟုတ်၊ တယော၌ လက်မြောက်သူတို့သာစွမ်းသော ကဗျာတစ်ပုဒ်ကို ဆွေးဆွေးမြေ့မြေ့ ညည်းညူခြင်းသာ ဖြစ်သည်။

www.burmeseclassic.com



"သံသရာ... တာရှည်လမ်းဆီဝှ...
ဘဝမြူ... မှုန်အောင် လွှမ်းပြီမင့်...
အလှမ်းဖြင့်...ဝေးခဲ့တယ်
ထိုခရီး...
ငိုညည်း ရယ်တစ်ခါနှင့်...ဘယ်ကမ္ဘာ ဘယ်တွင် စပါလို့...
ကာလ ဘယ်ဆီ ဆုံးပေလိမ့်...
ပိတ်ဖုံး သင်္ကာထူသည့် မြိုင်အငူ စုံခြေတောမှာလှ...
မမောတမ်း လျှောက်ဆဲဝယ်"

မသက်ရှိသည် အိပ်ရာမှထ၍ နားထောင်မည် ကြံသည်။

သို့ရာတွင် မိုးမှာ သည်းခဲ့၍ လေသည် ပြင်းလာသဖြင့် တယောသံနှင့် တေးမှာ ပျောက်လွင့် ကွယ်ခဲ့လေပြီတည်း။

*

BURMESE CLASSIC .com

www.burmeseclassic.com

(၄)

စောစောနိုးတတ်သော မသက်ရှိသည် နောက်တစ်နေ့နံနက်၌ ငါးနာရီခန့်တွင် နိုးလာ၏။

သွားတိုက် မျက်နှာသစ်ပြီးနောက် မသက်ရှိသည် မပျက်သော ဘုရားရှိခိုးခြင်းကို ပြုသည်။ ငါးပါးသီလခံပြီးသော် နေရာမှထ၍ ပြတင်းတံခါးကို ဖွင့်၏။

နေ့ဦး၏သစ်လွင်သော လေချိုသည် စိတ်ချမ်းသာဖွယ်ရာ တိုက်ခတ်လာသည်။

ရိုးမတောင်မှ ကျော်တက်စရောင်နီတို့ကို မြင်ရသည်။ ငှက်ကျေးသာရကာတို့၏ တေးတို့လည်း သာယာစွာ မြည်ပေပြီ။

မသက်ရှိသည် နေမင်းကိုကြည့်၍ နံနက်အတွက်ဖြစ်သော ဥဒေတယံချီ ဥဒေါင်းမင်းပရိတ်ကို ဆက်ရွတ်၏။

လောက၌ ခြားနားသော အယူအဆ အထွေထွေသည် ရှိခဲ့ရှိနေရှိပေလိမ့်မည်။ သို့ရာတွင် မေတ္တာတရား၏မှန်ကန်မှုမှာ ထာဝရ တည်နေပေမည်။ ဤသို့ မှန်ကန်၍ အေးချမ်းသော မေတ္တာသဘောကို ဖွင့်ဆိုရာ၌ ဗုဒ္ဓရှင်တော်သည် ချီးမွမ်းခဲ့လေသည်တကား။

www.burmeseclassic.com



"မာတာ ယထာ, နိယံပုတ္တံ၊

မာရယုသာ ဧက ပုတ္တ မနုရက္ခေ။

ဧဝမ္ပိ သဗ္ဗဘူတေသု၊

မာနသံ ဘာဝယေ အ ပရိမာဏံ။

မသက်ရီသည် ပါဠိတော်ကို ရွတ်စဉ် အနက်အဓိပ္ပာယ်ကိုလည်း အောက်မေ့မိ၏။

"မာတာ၊ မြင်းမိုရ် ထိပ်ဦး၊ မကကျူးသည့်၊ ကျေးဇူးဂုဏ်သျှင်၊ မွေးမိခင်သည်။ နိယံပုတ္တံ၊ မိမိရင်နှစ်၊ သားရင်းဖြစ်သော။ ဧက ပုတ္တံ၊ အရေထူ, အရေပါး၊ အသားကိုဖောက် အစိုးရောက်အောင်၊ မြားမြောက်ခင်တွယ်၊ တစ်ယောက်တည်းသော သားငယ်ကို။ အာယုသာ၊ ဇီဝိန်အသက်၊ ယင်းအတွက်ကြောင့်။ အနုရက္ခေယထာ၊ နို့ချိုတိုက်ကျွေး၊ ပိုက်ထွေးယုယ၊ ဘေးမခအောင်၊ နေ့ညမကွေ၊ စောင့်ရှောက်လေသကဲ့သို့၊ ဧဝမ္ပိ, တထာ၊ ပမာမခြား၊ ထိုအလားလျှင်။ သဗ္ဗဘူတေသု၊ ခပ်သိမ်းရှိသမျှ၊ သတ္တဝါအနန္တတို့၌။ အ ပရိမာဏံ၊ အတိုင်းအရှည်ကင်းပ၊ များပြားလှသော၊ မာနသံ၊ တွေတွေယိုဖိတ်၊ မေတ္တာစိတ်ကို၊ ဘာဝယေ၊ ပွားစေရာ၏"

မိခင်၏ မေတ္တာဆိုသည်မှာလည်း မိခင်ဆုံး၍ မိခင်မေတ္တာကို လုံးလုံးမှ မရဖူးလေသူတို့သာ နားလည် တပ်မက်နိုင်လေမည် တကား။

မသက်ရီသည် ပရိတ်ရွတ်၊ အမျှဝေပြီးနောက် ရေမိုးချိုးသည်။

အဝတ်အစားလဲလှယ်ပြီးသော် အောက်သို့ ဆင်းခဲ့၏။

ဤအိမ်ကြီးမှာ ဆိတ်ငြိမ်လွန်းစွတကား။ လိုလေသေးမရှိ ပြည့်စုံသော ဤအိမ်ကြီးဝယ် စိုပြည်ရန် ဘဇာလိုနေပါသနည်း။

မည်သူတစ်ယောက်မျှ မမြင်သဖြင့် မသက်ရီသည် ခြံတွင်းသို့ ထွက်ခဲ့၏။ ညတုန်းက မကျေနပ်ခဲ့သည်လည်း ရှိသဖြင့် ငုတ်တို ရှိရာ

BURMESE CLASSIC .com

www.burmeseclassic.com



ကမ်းပါးစွန်းသို့ ထွက်ခဲ့၏။

ကမ်းပါးထက်မှ မျှော်ကြည့်လျှင် ကျယ်ဝန်းသော လယ်တောသည် ပြန့်ပြောသမျှ ခံ့ညားစွာ ကျယ်လွင့်နေ၏။

ဤကမ်းပါးစွန်းမှ အောက်သို့ ဆင်းရန်မှာ မလွယ်ကြောင်း မသက်ရှိ သိမြင်မိ၏။

မသက်ရှိသည် အမှတ်မထင်ပင် ကံ့ကော်ပင်များရှိရာဘက်သို့ လျှောက်ခဲ့၏။

ထိုနေရာ ကျကာမှ ကမ်းပါးအောက် ဆင်းရန်လမ်းကို မသက်ရှိ တွေ့သည်။

လမ်းဆိုသော်လည်း ခြေနှင့် အသာ ဆင်းလျှောက်သွားနိုင်သော လမ်းမျိုးမှု မဟုတ်။

အထက်ခြံတွင်းမှ သံပြွန်ကြီးတစ်ခုသည် အောက်ရှိချောင်းတွင်းသို့ စောင်းသွယ်ကျနေ၏။ ဤပြွန်ကို မြင်မှ မသက်ရှိသည် ဤတောမြို့လေး၌ ဦးမင်းခိုင်သည် အဘယ်ကြောင့် ရေဆွဲအိမ်သာ တပ်နိုင်ကြောင်း နားလည်မိသည်။

သံပြွန်ကြီးကို အားမှီတွယ်ဆင်းလျှင် ဆယ်ပေခန့်အနိမ့်ရှိ အောက်မှ ချောင်းရေစပ်သို့ ရောက်နိုင်၏။

ဤနည်းဖြင့်ပင် မသက်ရှိသည် ဆင်းခဲ့သည်။

ငုတ်တိုရှိရာ ကမ်းပါးသည် ချောင်းရေပြင်ကို မိုး၍ စွန်းထွက်နေ၏။ အောက်တည့်တည့်တွင် ရေလှိုက်စားသဖြင့် ကမ်းပါးမှာ အမိုးသဖွယ် ဖြစ်နေ၏။ ဤအမိုးရှိမှန်း အပေါ်မှကြည့်လျှင် မသိနိုင်။ ဤအမိုးအောက်၌ လူတစ်ယောက် ရှိနေပြန်လည်း မည်သူမျှ မြင်မည်မဟုတ်။

မသက်ရှိအတွက် ပဟေဠိတစ်ဝက်မှာ ရှင်းလာခဲ့သည်။

www.burmeseclassic.com



မသက်ရှိက ချောင်းဘေးတစ်လျှောက် တောင်ဘက်သို့ လျှောက်လာခဲ့သည်။ ချောင်းဘေးမှ ခြေသွားလမ်းသည် အနောက်ဘက်သို့ ကွေ့သွားသည်။ ဤလမ်းအတိုင်း လိုက်လျှင် အစေခံ တန်းလျားများဆီ ရောက်မည်ဖြစ်ကြောင်း မသက်ရှိ သဘောပေါက်မိ၏။

လမ်းအတိုင်း ဆက်မလိုက်တော့ဘဲ မသက်ရှိသည် ပြန်မည်အပြု၌ ကမ်းပါးထိပ် ကိုင်းပင်များကြားမှ ခေါ်သံပေါ်လာ၏။

"ဆရာမ... ပလိ(စ်)"

ကိုင်းတောတွင်းမှ ပေါ်လာသူမှာ မသက်ရှိ မည်သို့မျှ မမျှော်လင့်သော ဘတ္တလာ နိုဝယ်(လ်) ဖြစ်သည်။

"ဟဲလို နိုဝယ်(လ်) ဂွဒ်မောနင်း"

"မောနင်း ဆရာမ"

နိုဝယ်(လ်)က မသက်ရှိ အနီး၌ ရပ်လာ၏။

မသက်ရှိက နိုဝယ်(လ်)အား ထောက်ထားစာနာစွာ ကြည့်မိသည်။

"နိုဝယ်လ်...မင်း ဆရာမကို အထွေအထူး ပြောစရာ ရှိသလား"

မျက်လွှာချထားရာမှ နိုဝယ်(လ်)သည် မသက်ရှိအားမော့ကြည့်သည်။ ဤအကြည့်၌ အားနာခြင်းနှင့် တောင်းပန်ခြင်းများ ရောယှက်နေသည်ကို မသက်ရှိ တွေ့ရ၏။

မသက်ရှိက ပြုံး၍ အားပေးစကားဆိုသည်။

"နိုဝယ်(လ်) မင်း စကားစပြောရ ခက်နေတယ် ဟုတ်လား၊ ကောင်းပြီ၊ ဆရာမ ပြောမယ်၊ မင်းကိုရော မငြိမ်းခင်ကိုပါ မြင်မြင်ချင်း ဆရာမ ခင်မင်မိတယ်၊ မင်းတို့အတွက် ဆရာမ ဘာကူညီရမလဲ"

နိုဝယ်(လ်)၏ မျက်နှာမှာ တောက်ပသွားသည်။

"ဆရာမ ကျွန်တော်တို့အတွက် ကူညီနိုင်ပါလိမ့်မယ်၊ အများကြီး

BURMESE CLASSIC .com

www.burmeseclassic.com



ကူညီနိုင်ပါလိမ့်မယ်”

“ဆရာမ ဘယ်လို ကူညီရမလဲ”

နိုဝယ်(လ်)သည် မြန်မာစကား ရေလည်အောင် ကောင်းစွာ ပြော တတ်ပုံမရ။ ထို့ကြောင့် အင်္ဂလိပ်လိုတစ်ဝက် မြန်မာလိုတစ်ဝက် ရောဖက် ပြောသည်။

“ဆရာမ ညက မြင်ပြီးပြီပဲ၊ ငြိမ်းခင်နဲ့ ကျွန်တော်ဟာ **(We Are in Love)** ဆရာမ၊ ကျွန်တော်က ခရစ်ယာန် ကက်သလစ်ဘာသာဝင်၊ ငြိမ်းခင်က ဗုဒ္ဓဘာသာ၊ ကျွန်တော့်မေမေက သဘောတူမှာ မဟုတ်ဘူး၊ မေမေ့ကို နားထောင်အောင် ပြောနိုင်တာက အန်ကယ် ဦးမင်းခိုင်ပဲရှိတယ်၊ ဒါပေမဲ့ အန်ကယ့်ကို ကျွန်တော် သိပ်ကြောက်တယ်”

မသက်ရှိက နိုဝယ်(လ်) ပြောသည်အား နားလည်သဖြင့် ခေါင်းညိတ်၏။

“ပြီးတော့ ငြိမ်းခင်ကို အန်ကယ်က တူမလို ဟို အဒေါ့ဗ် အဒေါ့ဗ်”

“မွေးစားထားတယ်၊ ဟုတ်လား နိုဝယ်(လ်)”

“အား ဟုတ်တယ်၊ မွေးစားထားတယ်”

“ဒါကြောင့် မင်းတို့က ဒီသရဲခြောက်တယ်ဆိုတဲ့ နေရာနားမှာ လာ လာတွေ့တယ်၊ ဟုတ်လား”

“ဘယ့်နှယ်လုပ်မလဲ ဆရာမ၊ အိမ်မှာက မေမေရှိတယ်၊ ဟိုဘက်ခန်း မှာ စံကြူးရှိရင် သာဆိုးသေးတယ်၊ ခြံထဲမှာဆိုရင်လည်း ဒေါ်ဦးရှိတယ်၊ သူက စပင်စတာ (အပျိုကြီး)၊ ဒီတော့ ဘဲရီး အန်ဖဲရား (ကိုယ်ချင်း မစာတတ်ဘူး) ဆရာမ”

နောက်ဆုံးစကား အတွက်မူ မသက်ရှိသည် ပြုံးလိုက်မိ၏။

www.burmeseclassic.com



"ဒီတော့ ဆရာမ ဘာလုပ်ပေးရမလဲ"

နိုဝယ်(လ်)မှာ ရုတ်တရက် ဖြေရန် ခက်နေပုံရ၏။ အတန်ကြာမှ တောင်းပန်သည်။

"ကျွန်တော်တို့အကြောင်းကို မေမေ မသိပါစေနဲ့၊ ဒေါ်ဦးလည်း မသိပါစေနဲ့၊ အန်ကယ့်ကိုလည်း မတိုင်ပါနဲ့၊ ကျွန်တော်တို့ကို သနားပါ ဆရာမ"

မသက်ရှိသည် ဤရိုးသားသော သူငယ်အပေါ်၌ ကရုဏာသက်သွားသည်။

"အောရိုက် နိုဝယ်(လ်)၊ အိုင် ပရောမစ်(စ်)၊ မပူနဲ့ ကြားလား၊ ပြီးတော့ တတ်နိုင်သမျှ မင်းတို့ကို ဆရာမ အကူအညီ ပေးမယ်"

"သိုင်း ခယု ဆရာမ"

"ဩော်... ဒါထက်... မင်း မောင်ညိုမှိုင်းအကြောင်း ဘာသိလဲ"

နိုဝယ်(လ်)က မဆိုင်းမတွနှင့် ဖြေ၏။

"ဟီအစ်(စ်)အေ ဂျင်တဲ(လ်)မင်း (လူကြီးလူကောင်း တစ်ယောက်ပါ)၊ သူ့အခန်းထဲမှာပဲ စာရေးနေတာပဲ"

"သူ ဘာတွေ ရေးနေသလဲ"

"ဟာ ဘဲရီးဗစ်(ဂ်)သင်း (အကြီးအကျယ်) ဆရာမ၊ ကျွန်တော် မြန်မာလို မပြောတတ်ဘူး"

"သူက အင်္ဂလိပ်လို ရေးနေသလား"

"ဟုတ်တယ်၊ သူရေးနေတာက The Probabilities and Improbabilities of the Theory of Reinc Arnation တဲ့"

---

*** "တမလွန်ဘဝသစ် ဝါဒရေးရာ အလားအလာများ"**

www.burmeseclassic.com



မသက်ရှိမှာ ကြီးမားလှသော ခေါင်းစဉ်ကြောင့် ရယ်ချင်လာသည်ကို မနည်း ထိန်းထားရ၏။

"ဒါထက် သူဘယ်မှာ ထမင်းစားသလဲ"

"သူ့အခန်းထဲမှာပဲ စားတယ်၊ ငြိမ်းခင် သွားပို့ရတယ်"

မသက်ရှိသည် ခေတ္တစဉ်းစားပြီးနောက် နိုဝယ်(လ်)အား တောင်းပန်သည်။

"ဒါဖြင့် နိုဝယ်(လ်) တစ်ခု ဆောင်ရွက်ပေးပါ၊ ဆရာမက မောင်ညိုမှိုင်းကို ဒီနေ့ ဘရိတ်ဖတ်စ် (နံနက်စာ) အတူစားဖို့ ဖိတ်လိုက်တယ်လို့ မငြိမ်းခင်ကို ပြောခိုင်းပါ"

"ကောင်းပါပြီ ဆရာမ"

"သိုင်းခယူ နိုဝယ်(လ်)၊ သွားနိုင်ပြီ"

နိုဝယ်(လ်) ထွက်သွားသည်။ မသက်ရှိက ခေတ္တငြိမ်ရပ်ရင်း အိမ်ကြီးဆီသို့ မျှော်ကြည့်သည်။ ဤအိမ်ကြီးကို မိမိနိုင်ပြီထင်သည်။

ခုနစ်နာရီ ထိုးခါနီးပြီဖြစ်သဖြင့် မသက်ရှိသည် ခြံတွင်းမှ ပြန်တက်ခဲ့ကာ ထမင်းစားခန်းသို့ တိုက်ရိုက်သွား၏။

ထမင်းစားပွဲ၌ ဒေါ်ဦး အဆင်သင့် ရောက်နေသည်။ ဒေါ်ဦး၏ မျက်နှာမှာ မကောင်း။

"သြော်...ဒေါ်ဒေါ် ရောက်နှင့်ပြီကိုး၊ ဦးအုံးလှိုင်ကော"

မသက်ရှိက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း မေးသည်။

"အဲဒါပြောမလို့ပဲ တူမကြီး၊ မနက်စောစောက ကိုအုံးလှိုင် ရွှေတောင်ဘက်ကို အရေးတကြီး လိုက်သွားတယ်"

"ရွှေတောင်ကို...ဘာဖြစ်လို့လဲ"

"သခင်ကြီးရဲ့ကား မနေ့ညက တောင်ကြီးကွေ့မှာ လမ်းချော်ပြီး

BURMESE CLASSIC .com

www.burmeseclassic.com



မှောက်လို့၊ အခု သခင်ကြီးကို ရွှေတောင် ဆေးရုံကြီးမှာ တင်ထားရသတဲ့”

“အို…ဒဏ်ရာ သိပ်ပြင်းသတဲ့လား”

“သိပ်မပြင်းပါဘူးတဲ့၊ ပြည်ဘက်ကို သွားတဲ့ တပ်မတော်ကားတစ်စီးက တွေ့လို့ ရွှေတောင်ကိုတင်ခေါ်သွားတာတဲ့၊ စံကြူးလည်း ဘာမှ မဖြစ်ဘူးတဲ့၊ ကိုအုံးလှိုင်ကတော့ သူရော သခင်ကြီးရော ဒီညနေ ပြန်ရောက်အောင် ပြန်ခဲ့မတဲ့”

မသက်ရှိမှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိသည်။ ထို့ကြောင့်ပင် ထပ်၍မေးမိသည်။

“ဦးလေး ဦးမင်းခိုင် တကယ် ဒဏ်ရာ မပြင်းဘူးနော်”

“မပြင်းပါဘူးတဲ့ ဆရာမ”

မသက်ရှိသည် သက်ပြင်းချမိသည်။ စရောက်ကတည်းမှ ဖြစ်လာရသမျှမှာ အဆင်မပြေလေတကား။ သို့သော် မိမိအနေနှင့် ယခုမှ အဘယ်တတ်နိုင်လေတော့မည်နည်း။

ထိုစဉ် နို၀ယ်(လ်) ပေါ်လာသည်။

“ဆရာမ သူ လာပါမယ်တဲ့”

“သြော်…ကဲ နို၀ယ်(လ်) တစ်ယောက်စာ ပိုပြင်ပေါ့၊ ဟုတ်လား”

“ကျွန်တော် ပြင်ပြီးပါပြီ”

“သိုင်းခယု နို၀ယ်(လ်)”

“ဒုန့်မင်းရှင် ဆရာမ”

နို၀ယ်(လ်)က ထွက်သွား၏။ ဤသည်ကို နားမလည်သော ဒေါ်ဦးက ကြည့်ကြည့်ကြောင်ကြောင် ဖြစ်နေသည်။

“သြော်…ဒေါ်ဒေါ် ကျွန်မ မောင်ညိုမှိုင်းကို မနက်စာ အတူစားဖို့ ဖိတ်ထားတယ်၊ အဲဒါ လက်ခံပြီး သူလာမလို့တဲ့”

www.burmeseclassic.com



"ဘုရားရေ သူလာမလို့"

ဒေါ်ဦး၏ အာမေဋိတ်သံ မဆုံးလိုက်ရ။ အခန်းဝမှ ခြေသံကြားရသည်။

ညိုမှိုင်းက အခန်းဝ၌ ပေါ်လာ၏။ သူ့ကိုမြင်သော် မသက်ရှိသည်ပင် အံ့သြသွားမိ၏။

ရှပ်လက်တို အဖြူ၊ ဘန်ကောက်လုံချည် အစိမ်းရောင် တစ်ပတ်နွမ်း၊ မုတ်ဆိတ်ပါးသိုင်းမွေး စင်ကြယ်လျက် ခေါင်းကို သေသပ်ကျနစွာ ဖြီးထားသည်။ ဤသို့ ဆိုပြန်သော် သူ့မျက်နှာမှာ သန့်စင်ကြည်လင်သမျှ နုနယ် ချောမောနေ၏။

"မောနင်း မောင်ညိုမှိုင်း"

သူက ရုတ်တရက်မူ မသက်ရှိအား တွေတွေကြည့်သည်။ ထို့နောက်မှ ညင်သာစွာ တုံ့လှယ် နှုတ်ဆက်သည်။

"မောနင်း မမရှိ"

သူက ဒေါ်ဦးကို တစ်ချက်မျှ စွေကြည့်၍ မသက်ရှိအနီး ယှဉ်လျက်ရှိသော ကုလားထိုင်၌ ဝင်ထိုင်သည်။

မသက်ရှိက တစ်ဘက်အခန်းဝ၌ ရပ်နေသော နိုဝယ်(လ်)အား လှမ်းမေးသည်။

"စ ကြရအောင် နိုဝယ်(လ်)၊ ဆရာမတို့ ပထမ ဘာရနိုင်မလဲ"

"ကြိုက်တဲ့ဂျူ(စ်) (သစ်သီးရည်)ရမယ် ဆရာမ"

"ခရမ်းချဉ်သီးရည် ရမလား နိုဝယ်(လ်)"

"ရပါတယ် ဆရာမ..."

"ဆရာမအတွက် ခရမ်းချဉ်သီးရည် တစ်ဖန်ခွက် ပေးပါ၊ သံပရာ တစ်စိတ်လည်း ပေးပါ၊ ဪ မောင်ညိုမှိုင်း ဘာကြိုက်လဲ"

BURMESE CLASSIC .com

www.burmeseclassic.com



သူက ငြိမ်ထိုင်နေရာမှ မသက်ရီကို လှည့်ကြည့်၏။ ခေတ္တစဉ်းစားပြီးမှ

"မမရီ သောက်တာပဲ သောက်ပါ့မယ်"ဟု ဆိုသည်။

"ကဲ…ဒါဖြင့် ခရမ်းချဉ်သီး နှစ်ဖန်ခွက်ပေါ့…၊ ဒေါ်ဒေါ်ရော"

ဒေါ်ဦးက နှာခေါင်းရှုံ့ရင်း ခေါင်းခါ၍…

"မနက်စောစောကြီး အဲဒီအရည်တွေသောက်လို့ မရပါဘူး တူမကြီး၊ စားစရာလာမှ ဒေါ်ဒေါ်စားပါမယ်"ဟု စကားပြန်သည်။

နိုဝယ်(လ်) ထွက်သွားသည်။

မကြာမီပင် ငြိမ်းခင်က ခရမ်းချဉ်သီးရည်များကို ဖန်ခွက်ပါးများထဲ၌ ထည့်ယူချလာပေးသည်။ ရေခဲသေတ္တာတွင်းမှ ယူလာသဖြင့် ခရမ်းချဉ်ရည်မှာ အေးမြနေ၏။

မသက်ရီနှင့်ညိုမှိုင်းက ခရမ်းချဉ်ရည်ကို အနံ့သင်းအောင် သံပရာညှစ်၍ သောက်နေခိုက် ဘေးမှ ဒေါ်ဦးမှာ စိတ်မသက်သာဟန် ပေါ်နေသည်။

ထို့နောက် နိုဝယ်(လ်)က အခြားစားဖွယ်များကို ဆက်လက်ချလာပေးသည်။

ပထမ အရည်ကျဲကျဲ ဘဲသားဆန်ပြုတ်လာ၏။ ပေါင်မုန့်မီးကင်များကိုမူ ထောပတ်၊ ယို စသည်တို့နှင့်အတူ လိုသမျှယူနိုင်ရန် စားပွဲလယ်၌ ချထားပေး၏။

ဆာနေဟန်ရှိသော ဒေါ်ဦးက စကားမပြောတော့ဘဲ ငုံ့လွေးသည်။

ညိုမှိုင်းကလည်း မတုန်မလှုပ်နှင့် ဆန်ပြုတ်ကိုသာ သောက်နေရာ မသက်ရီက ပေါင်မုန့်ကင်၌ ထောပတ်သုတ်၍ သူ့အနီးရှိ ပန်းကန်များတွင် ထည့်ပေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com



သူက တစ်ချက်မော်ကြည့်သည်။ ဘာမျှတော့ မပြော။ ပေါင်မုန့် ထောပတ်သုတ်ကို ယူစားသည်။

"ယိုကော သုတ်ဦးမလား မောင်ညိုမှိုင်း""

သူက ခေါင်းညိတ်သည်။

မသက်ရီသည် သားငယ်၊ မောင်ငယ်အား အစားအစာ ဂရုစိုက် ကျွေးလေသော မိခင်သဖွယ်၊ အစ်မသဖွယ် သူ့အား ပြုစုနေသည်။

သူ ငြိမ်သက်စွာ စားနေခိုက် မသက်ရီသည် မိမိဝမ်းကိုလည်း ဖြည့်ရင်း သူ့အား အကဲခတ်ကြည့်သည်။

သူ့အသွင်မှာ အနည်းငယ် ရှိုးတိုးရှန့်တန့် နိုင်သည်။ ကျွေးသမျှကို အေးချမ်းစွာ စားနေသည်မှာ ကလေးငယ် တစ်ဦးနှင့်တူနေ၏။ တစ်ချက် တစ်ချက်တွင် မော့်ကြည့်သော မျက်လုံးများ၌ ကျေနပ်ခြင်း၊ သာယာခြင်း သဘောများ ပေါ်လွင်နေ၏။

နောက်ထပ် ငြိမ်းခင်က ဝက်အူချောင်းနှင့် ကြက်ဥအလုံး မပျက် ကြော်များ ယူလာသည်။

"မောင်ညိုမှိုင်း ခုလို မမရီတို့နဲ့ နံနက်စာ လာစားတာကို သိပ် ကျေးဇူးတင်တယ်ကွယ်၊ နို့မို့ဖြင့် ဒေါ်ဦးနဲ့နှစ်ယောက်တည်း ပျင်းစရာကြီး"

သူက ဘာမျှ ပြန်မဖြေ။

"မောင်ညိုမှိုင်း ခါတိုင်း တစ်ယောက်တည်း စားရတာ မပျင်း ဘူးလား"

သူက ခေါင်းမော်လာ၍ ဖြည်းညင်းစွာ ဖြေသည်။

"ပျင်းတော့ ပျင်းတာပေါ့၊ ဒါပေမဲ့ အစားဆိုတာ ပျော်ဖို့စားတာမှ မဟုတ်ဘဲ"

"ပျော်ဖို့စားတာ မဟုတ်ပေမဲ့ စားတုန်းပျော်ရရင်ကော မကောင်း

BURMESE CLASSIC .com

www.burmeseclassic.com



ဘူးလား”

သူက ပြုံးသည်။ ထိုနောက် လေးနက်စွာ ဖြေ၏။

“ကျွန်တော် ပျော်ချင်ပါတယ်”

သူ့စကားမှာ အဓိပ္ပာယ် များစွာ သက်ဝင်နေကြောင်း မသက်ရှိ သတိပြုမိသည်။

“ဒါဖြင့်ရင် မမရှိနဲ့ အမြဲလာစားမလား”

“မမရှိက ကျွန်တော့်ကို လာစားစေချင်သလား”

“အိုကွယ် လာစားစေချင်တာပေါ့”

မသက်ရှိသည် သူ့လက်ဖက်ရည် ပန်းကန်လုံးတွင်းသို့ ကော်ဖီငှဲ့ ထည့်ပေးသည်။ သကြားခွက်ကိုမူ သူကြိုက်သလောက် ထည့်ယူနိုင်ရန် အနီးသို့ တိုးပေးသည်။

နောက်ဆုံးပွဲအဖြစ် သင်္ဘောသီးမှည့်လာသည်။ သင်္ဘောသီးမှည့် စားပြီး ကော်ဖီသောက်ရင်း မသက်ရှိက စကား စပြန်သည်။

“ဘယ့်နှယ်လဲ လာမလား”

“ကျွန်တော် လာပါ့မယ်လေ”

လိုချင်သောအဖြေကို ရ၍ မသက်ရှိမှာ ကျေနပ်သွား၏။

သူ့အသွင်မှာလည်း နေသားကျဟန် ရှိလာ၍ မသက်ရှိကို မေးသည်။

“မနက်စောစောက ခြံအောက်မှာ မမရှိကို တွေ့တယ်၊ မမရှိ လမ်းလျှောက်ဝါသနာပါသလား”

“သိပ်ဝါသနာပါတယ် မောင်ညိုမှိုင်း၊ မောင်ညိုမှိုင်းကော…”

“လမ်းလျှောက်ရတာကောင်းတယ် မမရှိ၊ ညနေစောင်းမှာ လျှောက်ရတာ ပိုကောင်းတယ်၊ ညနေ ကျွန်တော် လမ်းလျှောက်ရင်

www.burmeseclassic.com



မမရီကို လာခေါ်မယ်၊ ဟုတ်လား”

“ကျေးဇူးပါပဲ မောင်ညိုမှိုင်း၊ မမရီလိုက်ပါ့မယ်”

ဤသို့ဖြင့် နံနက်စာ စားပြီးချိန်တွင် မသက်ရီနှင့် ညိုမှိုင်းမှာ ပိုမိုရင်းနှီးလာခဲ့သည်။

စားသောက်ပြီး၍ ညိုမှိုင်း သူ့အခန်း ပြန်သွားချိန်တွင် ဒေါ်ဦးက မသက်ရီအား ပြောသည်။

“ဒေါ်ဒေါ်တော့ ဒီမနက် အထူးအဆန်း နှစ်ခုတွေ့တာပဲ”

“ဘာတွေလဲ ဒေါ်ဒေါ်”

“တစ်ခုက မောင်ညိုမှိုင်းကို ထမင်းအတူစားဖို့ ဘယ်သူမှ ခေါ်လို့ မရဘူး၊ အခု ရတယ်”

“တစ်ခုကကော”

“မုတ်ဆိတ်တွေ ပါးသိုင်းတွေကို စင်စင်ကြယ်ကြယ် သုတ်သင်ထားတာလေ၊ တူမကြီး ဘယ့်နှယ်လုပ်လိုက်သလဲ”

မသက်ရီက ရယ်မောမိ၍ “ဘယ့်နှယ်မှ မလုပ်ရပါလား ဒေါ်ဒေါ်၊ ဒါပေမဲ့ သူ့ကြည့်ရတာ ကျွန်မကို ခင်မင်ပုံရတယ်”

ဒေါ်ဦးက မဖြေဘဲ မသက်ရီ၏ မျက်နှာကို စူးစိုက်ကြည့်နေရာ မသက်ရီမှာလည်း ရုတ်တရက် သတိရလာ၏။

“ဒါထက် ဒေါ်ဒေါ်၊ စန္ဒရားပေါ်က ဓာတ်ပုံဟာ ဘယ်သူ့ပုံလဲ”

ဒေါ်ဦးသည် မေးသည်ကို မဖြေဘဲမှတ်ချက်သာချသည်။

“အဲဒီပုံဟာ တူမကြီးနဲ့ သိပ်တူတယ်နော်”

“မှန်ပါတယ် ဒေါ်ဒေါ်၊ ဒါကြောင့်လည်း ကျွန်မ မေးနေတာပါ”

ဒေါ်ဦးက ခေတ္တ ဆိုင်းငံ့နေပြီးမှဖြေသည်။ အဖြေမှာ မသက်ရီ မည်သို့မျှ မမျှော်လင့်သော အဖြေဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



"အဲဒီ ပုံရှင်ဟာ မောင်ညိုမှိုင်းရဲ့ အမေ"

"ရှင်"

"ဒါပေမဲ့ မောင်ညိုမှိုင်းက ယုံပုံ မရဘူး"

"နို့ သူ့အမေကကော အခု ဘယ်မှာလဲဟင်"

"ဆုံးသွားပြီ တူမကြီး"

"အို "

ဒေါ်ဦးသည် ဘာမျှ ဆက်မပြောလိုဟန် အနားမှ ထွက်ခွာသွားသည်။

"ဒီဓာတ်ပုံအကြောင်း သူတို့က အမျိုးမျိုး ပြောကြတယ်၊ ဒါပေမဲ့ ဒီဓာတ်ပုံထဲက မမရီဟာ တစ်နေ့ပေါ်လာလိမ့်မယ်ဆိုတာ ကျွန်တော်သိတယ်"

ညိုမှိုင်း၏ ဤစကားရပ်များကို မသက်ရီ ပြန်လည်ကြားယောင်လာသည်။

မသက်ရီအတွက် စဉ်းစားတွေးခေါ်ဖွယ်ရာ အသစ်တိုးလာခဲ့ပြန်လေပြီတကား။

*

နံနက်ပိုင်းကို မသက်ရီသည် အခန်းတွင်း၌ နားနားနေနေပင် ကုန်လွန် စေသည်။ ဦးနှောက်သုံးရသော မသက်ရီကဲ့သို့ တက္ကသိုလ်ဆရာဆရာမ များမှာ သီတင်းကျွတ် ကျောင်းပိတ်ရက်ကဲ့သို့သော အားလပ်ရက်ကို အထူးခုံမင်နှစ်သက်သည်။ နေတို့ ထွက်၍ နေတို့ဝင်သွားမည်။ တိတ်ဆိတ်သော ပတ်ဝန်းကျင်သည် ပျင်းရိဖွယ် ကောင်းနေမည်။ နှောင့်ယှက်သူကင်းသော ဆိတ်ငြိမ်ခြင်း၌ ပျင်းရိနေရခြင်းသည်ပင် စည်းစိမ်တစ်မျိုးဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ခက်သည်မှာ နားနေချင်၍ အရပ်တစ်ပါးကို သွားတိုင်း အိမ်ရှင်တို့သည် ထူးဆန်းရာရာသို့ ခေါ်သွားချင်တတ်၏။ ကမ္ဘာ၏ အထူးအဆန်းဆုံး အရာတို့ကို ကြည့်ရခြင်းသည် (မသက်ရှိကဲ့သို့ သူများအတွက်) ကမ္ဘာ၏ အရိုးဆုံး ပျင်းရိနေနား အိပ်စက်ရခြင်းလောက် တပ်မက်မြတ်နိုးခင်တွယ်ဖွယ် မရှိကြောင်း အိမ်ရှင်တို့ မသိကြ။

ဤအိမ်ကြီးကိုမူ မသက်ရှိ နှစ်သက်လာခဲ့မိသည်။ စိတ်မောစရာ၊ စဉ်းစားစရာ၊ ပဟေဠိဆန်ရာများ ရှိသည်မှန်၏။ သို့သော် ဤအရာများ၏ သဘာဝမှာ တစ်မျိုးဖြစ်သည်။ မိမိဘာသာ ပဟေဠိကို စိတ်ဝင်စားပါမှ စဉ်းစား၍ စိတ်မောချင် မောရမည်။ မမောချင်က လာရောက်ဖိတ်ခေါ်နှောင့်ယှက်မည့်သူများ မရှိ။ ဤသည်ပင် လွတ်လပ်ခြင်း မည်၏။

သို့သော် ဤလွတ်လပ်ခြင်းမှာ ကြာမရှည်နိုင်ကြောင်း မသက်ရှိသိသည်။ ဦးမင်းခိုင်ပြန်ရောက်လျှင် ဖြေရှင်းဖွယ်ပြဿနာတို့ လာတော့မည်။ ထိုအခါ၌စဉ်းစားစရာများ အများ... အများကြီး လာလိမ့်မည်။

ထို့ကြောင့် မသက်ရှိသည် လောလောဆယ် စဉ်းစားဖွယ်ရာများကို ဦးနှောက်၏ တစ်နေရာ၌ ချောင်ထိုး၍ နားနေအိပ်စက်သည်။

မွန်းတည့် ဆယ့်နှစ်နာရီ၌ ထမင်းစားသည်။ ညနေသုံးနာရီ၌ လက်ဖက်ရည်သောက်သည်။ တစ်နေ့လုံး အထွေအထူးမရှိခဲ့။ ရှိသည်ဆိုရန်မှာ ဤနှစ်ကြိမ်စလုံး၌ ကတိတည်စွာ ညိုမှိုင်းလာ၍ စားသောက်ခြင်းပင် ဖြစ်သည်။ ဤနှစ်ကြိမ်စလုံး၌ မသက်ရှိ သတိပြုမိသည်မှာ နံနက်တုန်းကကဲ့သို့ပင် ညိုမှိုင်းသည် သူ့ဦးလေး ဦးမင်းခိုင်အကြောင်း စကားစပ်၍ မပြောခဲ့။

နံနက်က အိပ်ထားသဖြင့် လက်ဖက်ရည်ပွဲအပြီး၌ မသက်ရှိမှာ အားပြည့် လန်းဆန်းနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



လူမှာအားပြည့် လန်းဆန်းသော် စိတ်မှာလည်း ပေါ့ပါးရွှင်ကြည်နေ၏။

မသက်ရှိသည် စာရေးစားပွဲ၌ ထိုင်၍ စာတစ်စောင်ကို စတင်ရေးသည်။

**"ကိုမင်းလွင်"**

မသက်ရှိက စာကို ဤသို့ အစချီသည်။

"သက် ရထားပေါ်က ရေးလိုက်တဲ့စာကို ကိုမင်းလွင် ရပြီးပြီ ထင်တယ်။

သက် မပြောမဆို ပျောက်သွားတယ်ဆိုပြီး ကိုမင်းလွင် အပြစ်တင်မှာစိုးလို့ သက် ဝတ္တရားအတိုင်း ရေးလိုက်တာလေ။ အကြောင်းအကျိုးစုံအောင်တော့ မရေးမိဘူး။ အခု သက် ဦးလေး ဦးမင်းခိုင် အိမ်ကို ချောချောမောမော ရောက်ခဲ့ပါပြီ။ ဦးလေး ဦးမင်းခိုင်တော့ မရှိသေးဘူး။ လယ်ကွင်းတွေနဲ့ ရိုးမပြာပြာကို လှမ်းမြင်နိုင်တဲ့ အိမ်ကြီးကတော့ သာယာတယ် ကိုမင်းလွင်။ သက် အိပ်မက်မက်ကြည့်ဖူးတဲ့ တောရပ်စံအိမ်တော်မျိုးပဲ။ ဒါပေမဲ့ သက် အိပ်မက်ထဲမှာထက် ထူးဆန်း စိတ်ဝင်စားစရာတွေကို ကြုံနေရတယ်။ သက်ပြောပြမယ်"

မသက်ရှိသည် ဤအိမ်ကြီး၌ ကြုံတွေ့ခဲ့ရသမျှကို ဆက်၍ ရေးသည်။

စာဆုံးခါနီးမှ အဓိက ဆိုလိုသည်ကို ရေး၏။

"သက် ကြုံခဲ့ရတာတွေကတော့ ဒါတွေပါပဲကိုမင်းလွင်။ အရမ်းအတွေးခေါင်ပြီးတော့လည်း စိုးရိမ်မနေနဲ့ဦး။

ဘာပဲဖြစ်ဖြစ် သက်တော့ ဒီမှာ ကြာလိမ့်ဦးမယ် ထင်တယ်။

ကိုမင်းလွင်ရဲ့ **"နွယ်"** ပထမဇာတ်ကားကို သက် မကြည့်ရတဲ့အတွက်

BURMESE CLASSIC .com

www.burmeseclassic.com



တော့ ဝမ်းနည်းပါတယ်။ ကိုမင်းလွင်ပြောတဲ့ အတိုင်းဆိုတော့ နွယ်ဟာ အနုပညာ စွယ်စုံပြည့်သူမို့ ရုပ်ရှင်နယ်မှာလည်း အောင်မြင်လိမ့်မယ်လို့ သက်ယုံပါတယ်။ အောင်မြင်ပါစေလို့လည်း သက် တကယ် ဆုတောင်းပါတယ်"

မသက်ရှိသည် စာကို အဆုံးမသတ်သေးဘဲ တစ်ခေါက်ပြန်ဖတ်ကြည့်သည်။ အထူးသဖြင့် ဤစာနောက်ဆုံးပိုင်း၌ မိန်းမသား၏ အသည်းနှလုံးမှ လျှို့ဝှက်ရှိတတ်သော မနာလိုမှု သဘောများ ပေါ်လွင်နေမည်လောဟု စစ်ဆေးသည်။

မသက်ရှိသည် မိမိကိုယ်မိမိ မိန်းမသားဖြစ်ကြောင်း အစဉ် သတိပြုသည်။ မိန်းမသားဖြစ်ရသည့်အတွက်လည်း ဂုဏ်ယူသည်။ မိန်းမသားတို့၌ ရှိသော မြင့်မြတ်သည့် သဘောစေတနာတို့ကို တတ်နိုင်သမျှ ထိန်းသိမ်းကျင့်သုံးလိုသကဲ့သို့ မိန်းမသားတို့၌ရှိသော အားနည်း ချွတ်ယွင်းချက်များကို ဖြစ်နိုင်သမျှ ရှောင်ချင်၏။

ထို့ကြောင့် စာမှ "ကိုမင်းလွင်"ရဲ့ "နွယ်"ဟူသောစာကြောင်းကို "ကိုမင်းလွင်"ရဲ့ ဟူသည်အထိ မင်ထူထူဖြင့် ဖုံးဖျက်ပစ်လိုက်သည်။

"အောင်မြင်ပါစေလို့လည်း သက် တကယ် ဆုတောင်းပါတယ်" ဟူသော ဝါကျမှလည်း "တကယ်"ဟူသည့် စကားကို ဖျက်လိုက်၏။

ဤသို့ဆိုသော်စာမှာ ရိုးသားတည်ငြိမ်ပြီဟု မသက်ရှိ သဘောရသည်။ ထို့ကြောင့် နိဂုံးကို ဆက်ရေး၏။

"ကိုမင်းလွင်နဲ့ နွယ်ရဲ့ ပြဿနာကို သက် နားလည်သဘောပေါက်ပြီး စေတနာထားပါတယ် ကိုမင်းလွင်။ သက် ဒီကို ထွက်မလာခင်လေးတင် ကိုမင်းလွင် ပြောသလို သက်က ဝင်ပြီး အဆုံးအဖြတ်ပေးဖို့ ဆိုတာကတော့ မရွယ်မှန်းဘဲလျက်က ဒီဇာတ်လမ်းမှာ ကာယကံရှင် တစ်ဦးဖြစ်နေရတဲ့

BURMESE CLASSIC .com

www.burmeseclassic.com



သက်အတွက် မလွယ်ဘူး။ ဒါကို ကိုမင်းလွင် သဘောပေါက်လိမ့်မယ် ထင်တယ်။ ပြီးတော့ စိတ်ပညာရှင်တစ်ဦးအဖြစ် သက် ပြောပါရစေ။ လူတစ်ဦးဟာ အဆုံးအဖြတ် တစ်ခုခုကိုပြုရင် အဲဒီ အဆုံးအဖြတ်ဟာ ကိုယ်ပိုင် လွတ်လပ်သော အဆုံးအဖြတ်ပဲ ဖြစ်စေချင်တယ်။

အသေးစိတ်ကိုတော့ သက်ပြန်လာမှပဲ ဆက်ဆွေးနွေးကြတာပေါ့။ ဘာပဲဖြစ်ဖြစ် သက်နဲ့ ကိုမင်းလွင်ဟာ ငယ်စဉ်ကတည်းက ချစ်ခဲ့ကြတဲ့ သူငယ်ချင်းတွေပဲ၊ ဘယ်အခြေအနေမှာဖြစ်ဖြစ် သက်ဟာ သူငယ်ချင်းကောင်း ပီသအောင် ကြိုးစားပါ့မယ်။

ကိုမင်းလွင်ရဲ့...

**မသက်ရီ။**

မသက်ရီသည် သက်ပြင်းရှိုက်၍ စာရွက်ကို ခေါက်ပြီး စာအိတ် တစ်အိတ်၌ ထည့်လိုက်သည်။

လူဆိုသည်မှာ တစ်ကိုယ်ကောင်းဆန်တတ်၏။ ကိုယ့်ပြဿနာသည်သာ ပြဿနာဖြစ်တတ်၏။ မသက်ရီမှာ ဦးမင်းခိုင်၏ ပြဿနာဆိုသည်ကို လည်းကောင်း၊ ညိုမှိုင်းဟူသူ၏ သိသာသော ပြဿနာကိုလည်းကောင်း၊ နိုဝယ်(လ်)နှင့် ငြိမ်းခင်တို့၏ ပြဿနာကိုလည်းကောင်း ခေတ္တ မေ့လျော့သွားသည်။

စိတ်အနည်းငယ် အိုက်သော မသက်ရီသည် ပြတင်း၌ ထွက်ရပ်မိသည်။ စိမ်းသောလယ်တောနှင့် ပြာသောတောင်တန်းကို မြင်ရပြန်၏။ ထိုအခါကျမှ လမ်းလျှောက်ရန် ဖိတ်ထားသည့် ညိုမှိုင်းကို သတိရသည်။

မသက်ရီသည် အလျင်အမြန် အဝတ်အစားလဲ၍ ရေချိုးသည်။ အသင့်အတင့် မှုန်ခြယ်ပြီးနောက် မိမိအနှစ်သက်ဆုံးဖြစ်သည့် ရှုပီယာ အင်္ကျီဖြူ လက်ရှည်နှင့်အပြာနုခံတွင် နက်ပြာပွင့်ရိုက် တူတယ် တိုဘရားကိုး

BURMESE CLASSIC .com

www.burmeseclassic.com



ထဘီကို ဆင်၏။

ခြံတွင်းသို့ ငုံ့ကြည့်ရာ တုတ်ကောက်တစ်ချောင်းနှင့် စောင့်ဆိုင်းရင်း လမ်းလျှောက်နေဟန် ပေါ်သော ညိုမှိုင်းကို တွေ့ရသည်။

မသက်ရှိသည် ပြုံးလိုက်၍ မှန်ရှေ့၌ ခေတ္တရပ်ကြည့်ပြီး အောက်ထပ်သို့ ဆင်းခဲ့၏။

"မောင်ညိုမှိုင်း စောင့်ရတာ ကြာသွားသလား"

မသက်ရှိသည် သူ့နောက်ကျောမှ အသံပြုနှုတ်ဆက်သည်။

သူက လှည့်ကြည့်သည်။ သူ့မျက်လုံးများက ကြည်လင်ချောမောသော မသက်ရှိ၏ မျက်နှာကို ခေတ္တစိုက်ကြည့်၏။ လျှပ်တစ်ပြက်ခန့်မူ မျက်နှာမှာ ကျေနပ်နှစ်သိမ့်မှု ပေါ်လာ၏။ သို့သော် ချက်ချင်းပင် တည်ငြိမ် မှုန်မှိုင်းသွားသည်။

ဤသည်တို့ကို သတိပြုမိသော်လည်း မသက်ရှိသည် အမှတ်မထင်ဟန်နှင့် လက်ပတ်နာရီကို ငုံ့ကြည့်ရင်း ပြော၏။

"မမရှိ နည်းနည်းတော့ နောက်ကျသွားတယ်"

သူက ဤအခါမှ ခံ့ညားစွာ ပြုံးလိုက်ပြီး မသက်ရှိ နားမလည်နိုင်သော စကားတစ်ရပ်ကို ဆို၏။

"ကိစ္စမရှိပါဘူး မမရှိ၊ နောက်ကျခြင်း စောခြင်းတွေမှာ အဓိပ္ပာယ်က မရှိလှပါဘူး၊ အကြောင်းက အချိန်ဆိုတာဟာ လူရဲ့ထင်မှတ် ယုံမှားနေခြင်း တစ်ခုမို့ပဲ"

မသက်ရှိသည် သူ့အား မော့ကြည့်၏။ သူကမူ အသာအယာ ရယ်မောလိုက်ပြီး တုတ်ကောက်ကို လက်နှင့်လှည့်ယမ်းလျက် နေရာမှ ထွက်လိုဟန် သဘောကို ပြသည်။ မသက်ရှိက အလိုက်သိစွာနှင့် နေရာမှ စခွာသည်။

BURMESE CLASSIC .com

www.burmeseclassic.com



နှစ်ဦးသားသည် ခြံတွင်းမှ မြေနီလမ်းတစ်လျှောက် ထွက်ခဲ့ကြပြီး ခြံလက်ယာစွန်းရှိ မြေလမ်းလေးအတိုင်း အနိမ့်တွင် ဆင်းခဲ့ကြပြီး လယ်ကွင်းများဆီ လျှောက်ခဲ့၏။

ချောင်းကလေးဘေးရောက်သော် ညိုမှိုင်းက ချောင်းဘေး တစ်လျှောက် ကပ်မြောင်လျက်ရှိသော ခြေသွားလမ်းအတိုင်း ဆက်လိုက်သည်။

"အို...လယ်တောတွေဘက် လျှောက်ရအောင်လေ မောင်ညိုမှိုင်း"

မသက်ရီသည် သူရှေ့ဆောင်ရာမလိုက်ဘဲ ချောင်းလေးကို ဖြတ်လုံ ခင်းကူးထားသည့် ကျွန်းတုံးတံတားငယ် အနီးတွင် ရပ်နေ၏။

သူသည် လျင်မြန်စွာ လှည့်ကြည့်သည်။ မသက်ရီကို တစ်လှည့်၊ ကျွန်းတုံးတံတားလေးကို တစ်လှည့် ဆက်ကြည့်ပြီးနောက် သူ့ကိုယ်မှာ သိသိသာသာ ချောက်ချား တုန်ယင်လာ၏။

"အို...ဘယ်ဖြစ်မလဲ ဘယ်ဖြစ်မလဲ"

မသက်ရီသည် သူ့ကို အံ့သြစွာပြန်ကြည့်မိသည်။

"ဒီ တံတားကို ဖြတ်လို့ ဘယ်ဖြစ်မလဲ၊ လာပါ မမရီ၊ ကျွန်တော့် နောက်လိုက်ခဲ့ပါ၊ လယ်တောတွေဆီ ရောက်ပါမယ်"

မသက်ရီသည် သူ့ကို အကဲခတ်ကြည့်သည်။ သူ့အသွင်မှာ အရေးတကြီးရှိသမျှ အလေးအနက်ဆောင်၏။

မသက်ရီက ဆက် အငြင်းမပွားတော့ဘဲ သူ့နောက်မှ လိုက်ခဲ့သည်။

လမ်းလေးမှာ နံနက်က မသက်ရီရောက်ခဲ့ပြီးသော ခြံနောက်ပိုင်းဆီပင် ဆိုက်လာ၏။ ထိုမှဆက်သော် တစ်နေရာ၌ ချောင်းနှင့်ခွဲသည်။ ချောင်းမှာ တစ်ဆစ်ချိုးကွေ့၍ လမ်းပြောင်းသွားသောကြောင့် ဖြစ်၏။

မကြာမီပင် ညိုမှိုင်း ပြောခဲ့သည့်အတိုင်း မိမိတို့မှာ လယ်တောတစ်ခွင်၌ လျှောက်လျက်ရှိနေကြောင်း မသက်ရီ တွေ့ရသည်။

www.burmeseclassic.com



စပါးပင်များမှာ ရှည်လျားနေပြီ ဖြစ်သောကြောင့် လူ၏ ရင်ခေါင်းခန့် ရောက်၏။ သီးငုံစ စပါးနှံနုများမှ မွှေးပျံ့သောရနံ့တို့ ကြိုင်လှိုင်နေ၏။

ကန်သင်းရိုးတစ်လျှောက် လျှောက်လာရာမှ လယ်တဲတစ်ခုတွင် မသက်ရှိနှင့် ညိုမှိုင်းသည် ရပ်လိုက်ကြ၏။

မသက်ရှိသည် သန့်စင်သောလေကို ရှူရှိုက်ရင်း ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်သည်။

အဝေးမှ ကြည့်စဉ်က လယ်တော၏ ပြန့်ပြောခြင်းကို ခံစားရသည်။ ယခုမူ လယ်တော၏ မြထုမြထည် သဘောကို ထူးဆန်းစွာ ခံစားရ၏။

"လယ်တောကို မမရှိ သဘောကျလား"

သူက အေးချမ်းစွာ မေး၏။

"သဘောကျတယ် မောင်ညိုမှိုင်း"

"သဘာဝအလှ မရှိတဲ့ မြို့ကြီး ပြကြီးတွေနဲ့ စာရင် လယ်တောဟာ နိဗ္ဗာန်ပဲ၊ လယ်တောမှာ ရပ်ရင်၊ မိုးပြာပြာကို မျှော်ကြည့်ရင်း လူသားရဲ့ လွတ်လပ်ခြင်းကို ခံစားရမယ်၊ ကမ္ဘာကလည်း ပြန့်ပြောပြီး လောက ကလည်း ကျယ်ဝန်းနေတယ်၊ မမရှိ သဘောကျပါတယ်"

မသက်ရှိမှာ စိတ်တွင်းရှိသမျှ အမှန်အတိုင်း ပြောမိ၏။ ညိုမှိုင်းက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ မှတ်ချက်ချသည်။

"မမရှိက ပြန့်ပြောခြင်းနဲ့ ကျယ်ဝန်းမှုကို နှစ်ခြိုက်ပါသလား၊ ဒီလိုဆိုရင် အဆုံးအစ မရှိခြင်းကိုရော ယုံကြည်ရမှာပေါ့၊ လူတွေရဲ့ ထင်မှတ်ခြင်းသာဖြစ်ပြီး တကယ်မရှိတဲ့ အချိန်ဆိုတာကို နားလည်ရင် အဆုံး အစ ဆိုတာဟာမရှိဘူး၊ မြဲခြင်း မမြဲခြင်းဆိုတာတွေကိုလည်း အမြင်သစ်နဲ့ သုံးသပ်နိုင်မယ်၊ ဟိုဘဝ ဒီဘဝ နောင်ဘဝဆိုတာတွေဟာ လည်း မြူဝိုင်းလို့ ပြတ်နေတဲ့ခရီးစဉ်ပမာ စင်စစ် ဆက်နေတဲ့ သဘောတွေပဲ"

BURMESE CLASSIC .com

www.burmeseclassic.com



မသက်ရှိသည် ပါမောက္ခ၏ ကွက်ကျော် တက္ကဗေဒကို နားမလည်သူ ကျောင်းသူတစ်ဦးကဲ့သို့ သူ့အားကြည့်မိသည်။

"မောင်ညိုမှိုင်း ဘာကို ဆိုလိုတာလဲ"

သူက အားနာပါးနာ ပြုံးလိုက်သည်။

"ကျွန်တော် ဘာဆိုလိုတယ်ဆိုတာ ကျွန်တော် မမရိသိအောင် ပြောပြ ချင်တယ်၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ၊ လူဆိုတာက သနားဖို့ကောင်းသား ကလား။ သူတို့က မြေကြီးကိုသာ သိတယ်၊ လှေနံဓားထစ်တဲ့ အရူးလိုမြေကြီးကို ထစ်မှတ်ကိုးကားဖွယ် သင်္ချာစနစ်ရဲ့ သုညလို သဘာဝ အခြေခံမူလ စ ရာ **(Natural Origin)** အဖြစ် ကိုးကွယ်မှားကြတာကိုး"

သူသည် ကန်သင်းရိုးထက် တုတ်ကောက်ကို ဇော့ယမ်းရင်း ပို့ချရှင်း ပြ၏။

"မြေသား"တွေ အနေနဲ့ စဉ်းစား တွေးခေါ်မှုကို မြေရဲ့ ဆွဲငင်မှု အရှိန်နယ် အတွင်းကတင် ပြုရင်တော့ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်အောက် အဝေးအနီး ဆိုတာတွေ ရှိတယ်၊ မြေကို မေ့ပြီး အာကာသတွင်းကနေ တွေးခေါ်ကြည့်ရင် ဒါတွေ တစ်ခုမှ မရှိဘူး၊ နေဝင်တာ နေထွက်တာ နွေ မိုးဆောင်း ရာသီပြောင်းတာ မွေးဖွားတာ အိုမင်းတာ သေဆုံးတာ၊ ဒါတွေနဲ့ ခေါ်ဆိုပညတ် အမှတ်မှားတဲ့ အချိန်ဆိုတာလည်း မရှိဘူး၊ ဘဝဆိုတာဟာလည်း ဆန့်ထားတဲ့ လက်မနဲ့ လက်ညှိုးကြားက ခရီးအကွာကို တစ်ထွာလို့ အများသဘောတူ ခေါ်ဆို သတ်မှတ်ချက်နဲ့ ဘာမှမထူးဘူး"

သူသည် စကားပြောရသည်ကို အားမလို အားမရ ဖြစ်သည့်အလား တုတ်ကောက်ကို မြေ၌ချပစ်၍ လက်ဟန်ခြေဟန်နှင့် အားရပါးရ ဆက်ပြော၏။

www.burmeseclassic.com



"မြေကြီးတွေ၊ ကျောက်ခဲတွေ၊ သစ်ပင်တွေ၊ ရေတွေ၊ မီးနေအိမ်နဲ့ သင်္ချိုင်းကုန်းတွေ ဒါလောက်သာမြင်တတ်တဲ့ လူတွေနဲ့တော့ စကားမပြော ချင်ဘူး၊ မပြောချင်ဘူး၊ နာမ်သဘောနဲ့ ခရီးသွားကြည့်စမ်း၊ အင်္ဂါဂြိုဟ်ဆီ အရောက်သွားရတာနဲ့ နတ္တလင်းကို သွားရတာ ခရီးချင်း ဘာမှမကွာဘူး၊ ဒီဘဝကနေ လွန်လေပြီးသော ဘဝကို အာရုံခံကြည့်၊ ဒါမှမဟုတ် နောင် ဘဝကို အာရုံပြုကြည့်၊ အချိန်ဆိုတာဟာ မရှိတော့ဘူး"

သူသည် အလွန်မောပန်းဟန် သက်ပြင်းရှိုက် နားလိုက်သည်။ မသက်ရှိက အကယ်ပင် စိတ်ဝင်စားစွာနှင့် သူ့အား နားထောင်နေသည်။

သူက တုတ်ကောက်ကို ပြန်ကောက်ယူလိုက်၏။ လေသံကို လျှော့၍ ညည်းညည်းညူညူ ပြောသည်။

"ဒါတွေကို လူနားလည်အောင် ဘယ်လိုပြောမလဲ၊ နိုဝယ်(လ်)တို့ ငြိမ်းခင်တို့လို ကလေးတွေ နားလည်အောင်၊ ဒေါ်ဦးနဲ့ ဦးအုံးလှိုင်လို ပေါတာကြီးတွေ နားလည်အောင် သူ့ကိုယ်သူ တရားဝန်ကြီးဆိုပြီး ကျွန်တော့် ဦးလေးပါလို့ အပေါ်စီးနဲ့ အသားယူနေတဲ့ သတ္တဝါကြီး နားလည်အောင် ကျွန်တော် ဘယ်လိုလုပ် ပြောရမလဲ"

သူက စိတ်ပျက်လက်ပျက် ခေါင်းခါသည်။ မသက်ရှိကမူ ရယ်ချင် စိတ်ကို မျိုသိပ်၍ မေးရ၏။

"မင်းပြောတာတွေက သိပ်လေးနက်တယ်၊ မမရှိကကော ဘယ်လိုလုပ် နားလည်မလဲ"

သူက မသက်ရှိကို စိုက်ကြည့်လိုက်၏။ ထို့နောက် ပြုံး၍ ဆိုသည်။

"မမရှိမှာ ကြင်နာတတ်တဲ့ မျက်လုံးတွေရှိတယ်၊ ကရုဏာအပြုံးကို ပြုံးတတ်တဲ့ မျက်နှာရှိတယ်၊ ဒါတွေဟာ နားလည်မှုအတွက် အခြေခံတွေပဲ၊

www.burmeseclassic.com



ဘဝမြူတွေ စင်သွားရင် မမရီအလိုလို နားလည်သွားမှာပဲ၊ ကဲ... ကျွန်တော်တို့ ပြန်ကြရအောင်”

မသက်ရီသည် သူ့အား သဘောကျသွားသည်။ လက်စသတ်ဆိုသော် မိမိအား လမ်းလျှောက်ရန် ဖိတ်ခေါ်ခဲ့ခြင်းမှာ ဤတရားများကို ပို့ချချင်၍ ဖြစ်ဟန်တူသည်။

မသက်ရီသည် အနောက်ဘက်သို့ ကြည့်လိုက်သည်။ တစ်ဖာလုံခန့်၌ ရန်ကုန်–ပြည်လမ်းဟု သိသာသော လမ်းမြင့်ကို မြင်ရသည်။ လမ်းမြင့်ဖြတ်ကျော်သော တံတားနှင့် မီးရထားတံတားကိုလည်းမြင်ရ၏။

“ပြန်တာပေါ့ မောင်ညိုမှိုင်း၊ ဒါပေမဲ့ မမရီတို့ ဟောဟို တံတားကြီးတွေအထိ သွားကြရအောင်၊ ပြီးတော့ ကားလမ်းအတိုင်း လျှောက်ပြီး ပြန်သွားကြရအောင်၊ အချိန်စောသေးသားပဲ”

မသက်ရီသည် အနောက်၌ စောင်းသော ရွှေဝါနေခြည်၌ လုပသစ်လွင်သည့် တံတားကြီးများကို ညွှန်ပြရင်း ပြောသည်။

သူ၏လျော့ရဲသော ခန္ဓာကိုယ်သည် တောင့်တင်းတည့်မတ်လာ၏။ တံတားများဆီ ကြည့်၍ ပြန်လှည့်လာသော သူ့မျက်နှာ၌ ကြည်လင်ခြင်း မရှိ။

“အဲဒီဘက်ကို ကျွန်တော် ဘယ်တော့မှ မသွားဘူး”ဟု သူက သံပြတ်နှင့်ဆိုသည်။

“ဒါပေမဲ့ မမရီသွားချင်တယ်...”

“မမရီ သွားချင်ပေမဲ့ အချိန်မရှိတော့ဘူး၊ အိမ်က စိတ်ပူနေမယ်၊ ပြီးတော့ သူတို့က ကျွန်တော့်ကို စိတ်ချတာမဟုတ်ဘူး၊ ဟော ပြောရင်းဆိုရင်း ဒေါ်ဦးကြီး လိုက်လာနေပြီ၊ လာ ပြန်ကြရအောင်”

သူက စကားဆုံးလျှင်ဆုံးချင်း ရှေ့မှ သွက်သွက်ထွက်ခွာ သွား၏။

BURMESE CLASSIC .com

www.burmeseclassic.com



ပထမသော် မသက်ရှိသည် ကြောင်ကျန်ရစ်၏။ သို့သော် အဝေး၌ ဒေါ်ဦးကို လှမ်းမြင်ရသည်။ မသက်ရှိသည် ဘာမျှ မပြောတော့ဘဲ သူ့နောက်မှ လျှောက်လိုက်ပြန်ခဲ့၏။

အိမ်ပြန်ရောက်သော် ဘာကြောင့်မသိ၊ သူက မသက်ရှိကို နှုတ်ဆက်ပျောက်ကွယ်သွား၏။

သို့သော် ဒေါ်ဦးထံမှ ဝမ်းသာဖွယ် သတင်းတစ်ရပ် ကြားရသည်။

ယနေ့ည၌ ဦးမင်းခိုင်ပြန်ရောက်မည်။

ထမင်းစားချိန်မှာ စောသေးသဖြင့် မသက်ရှိသည် စာကြည့်ခန်းသို့ ဝင်၍ ပီယာနို၌ ထိုင်မိ၏။

မနေ့ကတည်းက ပီယာနို တီးချင်နေမိသည်။ ယခုမူ အပြင်၌ နေဝင်ရီ၌ ပန်းမာလာတို့ ကြူသင်းမွှေးနေ၏။ မသက်ရှိသည် ပီယာနိုကို စိတ်ပါလက်ပါ တီးမိသည်။

အစ ပထမ ကာလပေါ်များကို တီးစမ်းမိ၏။ သို့သော် ကာလပေါ်များကို တီးရသည်မှာ ရင်မှ လှိုင်းဖုံဖုံ ဝိုင်းအုံကြွသမျှ တီးလွှင့်ဖျောက်ပစ်၍ မရ။

မသက်ရှိက ဘွဲ့ခံကို တီးသည်။ ထိုနောက် "ရွှန်းရွှန်းမြ"သီချင်းခံကို စ၏။

ထိုအခိုက်တွင်ပင် ...

မသက်ရှိ၏ မျက်နှာချင်းဆိုင်ရှိ မှန်တံခါးမှာ ကျယ်လောင်စွာ အသံမြည်၍ ကွဲကြေကျလာသည်။ ပထမ၌ မသက်ရှိမှာ ထိတ်လန့်တုန်လှုပ်သွားသည်။ ဤခဏ၌ပင် ဆက်ကာ ကျလာသော ခဲလုံးများကို တွေ့ရသည်။

မသက်ရှိ၏စိတ်မှာ ထောင်းခနဲထ၍ လူမှာလည်း ခြံတွင်းသို့ ထွက်လာမိ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ခြံတွင်း၌တိတ်ဆိတ်၍ လူရိပ်သူယောင် မမြင်ရ။

မကျေချမ်းသော မသက်ရှိက ဟိုဟိုသည်သည် လိုက်လံ ရှာဖွေမိသည်။

ကံ့ကော်ပင်များကြားမှ ညိုမှိုင်းသည် ထွက်လာ၏။

"စောစောက မမရီ ပီယာနို တီးတုန်း ဘယ်သူ ခဲနဲ့ပစ်သလဲ မောင်ညိုမှိုင်း"

ဒေါသနှင့် တုန်ယင်လျက် မသက်ရှိက မေးသည်။

သူသည် ဘာကိုမျှ နားမလည်သော လူတစ်ဦး၏ ရိုးသားဖြူစင်မှုနှင့် ပြန်မေး၏။

"မမရီ ပီယာနိုတီးနေတာ ခဲနဲ့ပစ်တယ်၊ အို–ကျွတ်...ကျွတ်"

မသက်ရှိက သူ့မျက်နှာကို စူးစိုက် အကဲခတ်၏။ သူ့မျက်နှာမှာ ပကတိ အံ့သြဟန် ပေါ်နေသည်။

"ဒီခြံထဲမှာ မောင်ညိုမှိုင်းအပြင် ဘယ်သူ ရှိသေးလဲ"

သူက မသက်ရှိ၏ မျက်နှာကို ကွက်ခနဲကြည့်သည်။ ထိုနောက် အကြီးအကျယ် စိတ်မချမ်းသာသော မျက်နှာနှင့် ခေါင်းခါယမ်းရင်း ညည်း၏။

"ဒုက္ခပါပဲ...ဒုက္ခပါပဲ"

"ဘာဒုက္ခလဲဟင်...မောင်ညိုမှိုင်း"

သူက မော့ကြည့်၍ ဖြေ၏။

"ဒုက္ခပါပဲဆိုတာ ညည်းတာပေါ့ မမရီ"

ခါတိုင်းဆိုလျှင် မသက်ရှိမှာ ရယ်မိမည်။ သို့ရာတွင် ယခုမူ ဆတ်ဆတ် မေးမိ၏။

"မောင်ညိုမှိုင်း မမရီကို ဘယ်သူ ခဲနဲ့ပစ်သလဲ"

BURMESE CLASSIC .com

www.burmeseclassic.com



သူသည် သက်ပြင်းရှိုက်၍ "ငုတ်တို"ဘက် လှမ်းကြည့်သည်။

"ခက်တယ် သိပ်ခက်တယ်၊ တော်တော့်ကို ခက်တယ်"

မသက်ရှိက စိတ်မရှည်တော့ဘဲ သူ့ပခုံးကို ဆွဲလှည့်လှုပ်၍မေးမိ၏။

"ခဲပစ်တဲ့ လူကို မောင်ညိုမှိုင်း မြင်သလား"

သူက သက်ပြင်းတစ်ချက်ရှိုက်၍ ခေါင်းညိတ်ရင်း တောင်းပန်သည်။

"မြင်တယ်ပေါ့ မမရှိ၊ ဒါပေမဲ့ သူ့ကို ခွင့်လွှတ်ပါ၊ မမရှိ ခွင့်လွှတ်ပါ"

"အဲဒီ သူဆိုတာ ဘယ်သူလဲ"

သူက ငုတ်တိုဆီ လှမ်းကြည့်လိုက်ပြန်၏။ ထို့နောက် မသက်ရှိဘက် လှည့်၍ တစ်လုံးချင်းဖြေသည်။

"မောင်...မြင့်...ဝေ"

မသက်ရှိသည် ချာခနဲလှည့်၍ အိမ်ဘက်သို့ လျှောက်ပြန်လာခဲ့၏။ အိမ်ဝ၌ ထိတ်ထိတ်ပျာပျာ ဖြစ်နေသော ဒေါ်ဦးကို တွေ့ရသည်။

"မှန်တံခါးကို ဘယ်သူ ခဲနဲ့ပစ်လဲ ဆရာမ"

နေမှာ ဝင်စပြု၍ မှောင်ရိပျိုးနေ၏။ မသက်ရှိသည် ပြောထိုက် မပြောထိုက် ချိန်ဆနေပြီး နောက်မှ ဖြေလိုက်၏။

"မောင်မြင့်ဝေတဲ့ ဒေါ်ဦး"

ဒေါ်ဦးမှာ မျက်လုံးပြူးသွားသည်။ အသက်ရှူလည်း ရပ်သွားပုံရ၏။

"ဒေါ်ဦး သိပ်ကြောက်သွားလား"

အတန်ကြာ စကားမပြန်နိုင် ဖြစ်နေပြီးမှ ဒေါ်ဦးသည် ကြိုးစား ပြော၏။

"တူ...တူ...တူမကြီး...တီး...တီး...တီးတာက ဟို...မင်...မင် မင်္ဂလာဆောင် သီချင်းမျိုးကိုး"

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲဒေါ်ဒေါ်"

ဒေါ်ဦးမှာ ပိုမို၍ ထိတ်ထိတ်ပျာပျာ ဖြစ်လာ၏။

"ဘာ...ဘာဖြစ်ရမလဲ၊ မောင်မြင့်ဝေက အဲ...မင်္ဂလာဆောင်ညမှာ သေ...သေ"

ဒေါ်ဦးက စကားမဆုံး။ ဆုံးအောင်လည်း မသက်ရှိက နားမထောင်။

မသက်ရှိသည် ပီယာနို၌ ပြန်ထိုင်ကာ စောစောက သီချင်းခံကိုပင် ပို၍ ကျယ်အောင် တီးသည်။

ခဲများ ကျမလားဟု သတိစွင့်သည်။ မကျလာ။ မသက်ရှိ၏နား၌ အိမ်တစ်နေရာမှ အခန်းတံခါးကို ကျယ်လောင်စွာ ဆောင့်လိုက်သံကြားရ၏။

မသက်ရှိက သီချင်းဆုံးသည်အထိ အားရအောင် စိတ်ရှိလက်ရှိ တီးပစ်လိုက်သည်။

ထိုည ညစာထမင်းစားပွဲသို့ ညိုမှိုင်း ပေါ်မလာချေ တကား။

*

BURMESE CLASSIC .com

www.burmeseclassic.com

:

# (၅)

ညရှစ်နာရီခန့်၌ ဦးမင်းခိုင် ပြန်ရောက်လာသည်။

ကားသံကြား၍ မျှော်လင့်နေသူ မသက်ရီသည် အောက်ထပ်သို့ ဆင်းခဲ့ရာ ဦးမင်းခိုင်အား အိမ်ဝ၌တွေ့၏။ ဒေါ်ဦးလည်း ထွက်သွား၏။

ဦးမင်းခိုင်၏ ဖြူစင်ကြည်လင်သော မျက်နှာကို မြင်ရသောအခါ မသက်ရီမှာ အားရှိသွား၏။ ဥပဓိရုပ် ကောင်းသမျှ ပင်ကို ကရုဏာတရား မျက်နှာတွင် အစဉ်ပေါ်လွင်နေသူ ဦးမင်းခိုင်၌ မြင်ရရုံနှင့် တစ်ဖက်သားကို စိတ်ချမ်းသာစေနိုင်သော အသွင်ရှိသည်။

ဦးမင်းခိုင်မှာ လက်ဝဲဘက်လက်ကို ပတ်တီးစည်း၍ အဝတ်နှင့် သိုင်း မ,ထားသည်။

"အို ဦးလေး လက်မှာ ဒဏ်ရာနဲ့ပါလား၊ ဦးအုံးလှိုင်က မှာသွားတော့ ဒဏ်ရာမပြင်းဘူးဆို"

"မပြင်းပါဘူး တူမကြီး၊ နည်းနည်းပွန်းရှလို့ အရေပြားစုတ်တာနဲ့ အဆစ်လွဲသွားရုံပါ၊ ဘယ့်နှယ် တူမကြီး၊ ဖိတ်လို့လာပြီး ဒီကျ အိမ်ရှင် မရှိတော့ စိတ်ပျက်မသွားဘူးလား"

www.burmeseclassic.com



"စိတ်မပျက်ပါဘူး ဦးလေး၊ ကျွန်မကတော့ ကိုယ့်အိမ်လိုပဲ လွတ်လွတ်လပ်လပ် နေပစ်လိုက်တာပါပဲ"

ဦးမင်းခိုင်သည် သဘောကျ ရယ်မောလိုက်၍ မသက်ရှိ ဒေါ်ဦးတို့နှင့် အတူ ဧည့်ခန်း၌ ဝင်ထိုင်သည်။

"ဩော်... မောင်စံကြူး၊ သေတ္တာနဲ့ အိပ်ရာလိပ်တွေကို ငါ့အခန်း ပို့ပြီး မင်း နားနိုင်ပြီ၊ ကြားလား"

"မှန်ပါ"

သည်တော့မှ မသက်ရှိသည် ပစ္စည်းများကို ထမ်းယူထွက်သွားသော စံကြူးကို လှမ်းကြည့်မိသည်။ နို့ဝယ်(လ်)နှင့် ရွယ်တူခန့် မြန်မာလူငယ်တစ်ဦး ဖြစ်သည်။

စံကြူး ထွက်သွားမှ ဦးမင်းခိုင်က စကားဆက်ပြော၏။

"မောင်စံကြူးက အင်မတန် သတိကောင်းတဲ့ ဒရိုင်ဘာပဲ၊ ဟိုနေ့ ညက သူကတော့ ဖြည်းဖြည်းမောင်းသား၊ ဦးလေးက စိတ်စောပြီး လောတော့ မိုးရွာပြီး လမ်းက ချောနေတာနဲ့ ခုလို ဖြစ်တာ"

"ဒါနဲ့တောင် ညကြီးမှာ ထပ်ပြန်လာရသလား ဦးလေးရယ်"

"ဟာ တူမကြီး တစ်ယောက်တည်း ဒီမှာဆိုတော့ ဦးလေးစိတ် မကောင်းဘူးလေ၊ ပြီးတော့ ဒီလမ်းက သွားနေလာနေကျ လမ်းကောင်းပါ၊ ဒီနေ့လည်း စောစောပြန်ဖို့ဟာ မောင်အုံးလှိုင်ကို ပြည်ဘက် ဆက်လွှတ် လိုက်ရတယ်၊ ဒီဂျစ်ကလည်း နည်းနည်း ပြန်ပြင်နေရလို့ မိုးချုပ်သွားတာ"

ဦးမင်းခိုင်သည် ဒေါ်ဦးဘက်သို့ လှည့်၍ "ဘယ့်နှယ်လဲမဦး၊ဆရာမ ရောက်မှ ဘာတွေ ထွေထွေထူးထူး ဖြစ်သေးသလဲ"ဟု မေး၏။

ဒေါ်ဦးမှာ မလုံမလဲနှင့် ပြူးပြူးပျာပျာ ဖြစ်သွားသည်။ ရုတ်တရက် စကားရှာတွေ့ပုံလည်း မရ။

www.burmeseclassic.com



မသက်ရှိက ဝင်ပြောပေးရ၏။

"ဒေါ်ဦးဟာ ကျွန်မနားမှာ အစဉ်ရှိနေပါတယ် ဦးလေး၊ ဘာမှ ထွေထွေထူးထူး မဖြစ်ခဲ့ပါဘူး"

ဦးမင်းခိုင်က မသက်ရှိအား ပြုံး၍ တစ်ချက် စိုက်ကြည့်၏။ ဤအကြည့်က နှုတ်မှ မပြောသော်လည်း ဟုတ်ရဲ့လားကွယ်ဟု မေးဟန်ပေါ်နေ၏။

ဦးမင်းခိုင်သည် နေရာမှ ထ၏။

"ကဲ...ဦးလေးလဲ ခဏနားဦးမယ်၊ သြော်...တူမကြီးနဲ့တော့ အရေးတကြီး ပြောစရာတွေရှိတယ်၊ တူမကြီး မအိပ်ချင်သေးရင် ည ၉ နာရီ ခွဲလောက် စာကြည့်ခန်းကို လာခဲ့ပါလား"

"လာခဲ့ပါမယ် ဦးလေး၊ ကျွန်မ ဆယ့်တစ်နာရီလောက်မှ အိပ်တတ်ပါတယ်..."

"ကဲ...ကောင်းပြီ၊ မဦး ငါ ထမင်းမစားတော့ဘူးဟေ့၊ နို့တစ်ခွက်နဲ့ စားစရာတစ်ခုခု အခန်းပို့လိုက် ဟုတ်လား"

"မှန်ပါ"

ဦးမင်းခိုင် ထွက်သွား၏။ ဒေါ်ဦးသည် မသက်ရှိနား ကပ်လာ၍ "တူမကြီး ဒေါ်ဦး ပြောတာတွေ အကုန် လျှောက်မပြောနဲ့ဦးနော်"ဟု ပိတ်သည်။

မသက်ရှိက ပြုံးသည်။

"စိတ်ချပါလေ ဒေါ်ဒေါ်"

မသက်ရှိလည်း အခန်းပြန်ပြီးနောက် ခေတ္တစာဖတ်သည်။ ကိုးနာရီ ခွဲမှ အောက်ထပ် စာကြည့်ခန်းသို့ ဆင်းခဲ့၏။

မိုးရပ်နေ၍ အပြင်၌ အိုက်စပ်စပ် ဖြစ်နေသော်လည်း စာကြည့်ခန်း

www.burmeseclassic.com



ထဲ၌ အေးမြနေသဖြင့် အပူအအေးထိန်းစက် ဖွင့်ထားမှန်း သိသာသည်။

ဦးမင်းခိုင်ကို စာရေးစားပွဲရှိ ဆုံလည်ကုလားထိုင်၌ အဆင်သင့် တွေ့ရသည်။

"လာ...ထိုင်...တူမကြီး"

ဦးမင်းခိုင်က အနီးရှိ ဆိုဖာတစ်ခုကို ညွှန်ပြရင်း ကြိုဆိုသည်။

အခန်းတံခါးများ အားလုံး ပိတ်ထားရုံမက လိုက်ကာရှည်ကြီး များကိုပါ ဖြန့်ချ ဖုံးထား၏။

"ခရီးရောက်မဆိုက်ပေမဲ့ အတွင်းရေးကိစ္စတွေ ပြောစရာရှိတယ် တူမကြီး၊ ဒါကြောင့် တံခါးတွေ အားလုံးပိတ်ထားတယ်၊ ဒါတောင် ဟိုနားက မှန်တစ်ချပ် ကွဲနေတယ်၊ မနက်ကျမှ မေးရဦးမယ်"

မသက်ရီက မှန်ကွဲနေသော တံခါးရှိရာ ကြည့်၏။ ဘာမျှတော့ မပြော။ ထို့နောက် စန္ဒရားထက်မှ ဓာတ်ပုံကိုသာ လှမ်းကြည့်နေ၏။ ဦးမင်းခိုင်ကလည်း မသက်ရီ ကြည့်ရာကို လိုက်ကြည့်သည်။

"တူမကြီး ဒီဓာတ်ပုံကို ကြည့်ပြီး အံ့ဩနေသလား"

မသက်ရီက ခေါင်းညိတ်သည်။

"ဘယ်သူ ဆိုတာကို သိရင် တူမကြီး ပိုအံ့ဩလိမ့်မယ်"

"ဘယ်သူဆိုတာ ကျွန်မ သိပြီးပါပြီ ဦးလေး"

ဦးမင်းခိုင်က မမျှော်လင့်သည်ကို ကြားရဟန် မော့ကြည့်၏။

"ဒီလိုဆို နယူးယောက်မှာ တွေ့ကတည်းက တူမကြီးကို ဦးလေး ဘာကြောင့် အထူးခင်ခဲ့တယ်ဆိုတာ နားလည်ရောပေါ့၊ တူမကြီး သိပြီး ပေမဲ့ ဒါကို ပြန်ပြောရဦးမယ်၊ ဒီပုံဟာ ဦးလေးရဲ့ တစ်ဦးတည်းသော နှမရဲ့ ဓာတ်ပုံပဲ"

ဦးမင်းခိုင်၏ အသံ၌ ဆွေးမြေ့ခြင်း လွှမ်းနေ၏။

www.burmeseclassic.com



"ဒီနေ့ ဦးလေးပြောရမယ့် အကြောင်းတွေမှာ ဦးလေးရဲ့ နှမရဲ့ ကြေကွဲဖွယ်ရာအဖြစ်လဲ ပါနေတယ်"

ဦးမင်းခိုင်၏ ထာဝစဉ် ကြည်လင်သော မျက်နှာမှာ အိုမင်းမှိုင်းမှုန်လာသည်။

"တူမကြီး မောင်ညိုမှိုင်းကို တွေ့ပြီးပြီလား"

"မောင်ညိုမှိုင်းနဲ့ ကျွန်မ ခင်မင်ရင်းနှီးခဲ့ပါပြီ ဦးလေး"

"မောင်ညိုမှိုင်းကို တူမကြီး ဘယ်လိုထင်လဲ"

မသက်ရိက မသိမသာ ပြုံးသည်။ လူတစ်ယောက်အပေါ် အလွယ်တကူ ထင်မြင်ချက်ပေးရိုး သူတို့ စိတ်ပညာရှင်တို့၌ မရှိ။

"ကျွန်မ မောင်ညိုမှိုင်းအကြောင်း မှတ်ချက် မပေးပါရစေနဲ့ဦး"

ဦးမင်းခိုင်က ခေါင်းညိတ်သည်။

"မှတ်ချက် မပေးပါရစေနဲ့ဦး ဟုတ်လား၊ ပေးစရာတွေတော့ ရှိတယ်ပေါ့၊ ကောင်းပြီလေ၊ ဦးလေးကပဲ စပြောပါမယ်"

ဦးမင်းခိုင်သည် စကားရပ်သွားကာ စဉ်းစားသယောင် ငြိမ်နေ၏။

"မောင်ညိုမှိုင်းဟာ ဦးလေးရဲ့ တူအရင်းပဲ၊ ဒါကို တူမကြီး သိပြီးပြီလား"

"ဟုတ်ကဲ့ သိပြီးပါပြီ"

"ဒါပေမဲ့ မောင်ညိုမှိုင်းနဲ့ ဦးလေး ပြန်တွေ့ရတာဟာ တစ်နှစ်လောက်ပဲ ရှိသေးတယ်"

"ရှင်"

"ပြန်တွေ့ရတယ်ဆိုတဲ့ စကားဟာ မမှန်ပါဘူးလေ၊ မောင်ညိုမှိုင်းနဲ့ ဦးလေး စတွေ့တာဟာ တစ်နှစ်လောက်ပဲရှိသေးတယ်"

"ဦးလေး ဘာကိုဆိုလိုပါသလဲ၊ အစက မောင်ညိုမှိုင်းကို ဦးလေး

BURMESE CLASSIC .com

www.burmeseclassic.com



မတွေ့ဖူးဘူးလား”

ဦးမင်းခိုင်က ခေါင်းခါသည်။

“မတွေ့ဖူးဘူး၊ ဦးလေး သူ့ကို စတွေ့တော့ သူဟာ ဆွေမဲ့မျိုးမဲ့နဲ့ ရန်ကုန်ဆေးရုံကြီးပေါ်မှာ သတိလစ်လဲနေတဲ့ လူနာတစ်ဦးပေါ့”

မသက်ရှိမှာ စိတ်ဝင်စားလာ၍ ကိုယ်ကိုပင် မသိမသာ ရှေ့ညွတ်၍ နားထောင်မိသည်။

“ဆိုပါဦး ဦးလေး”

“ဆိုရေးရှိက ဆိုအပ်လှ ဆိုတာလို ဆိုရတော့မှာပဲ တူမကြီး၊ တူမကြီးကို ဖိတ်ခေါ်ရတာဟာလဲ ဒီအကြောင်းတွေကို အသေးစိတ် ပြောပြတိုင်ပင်ချင်လို့ပဲ”

ဦးမင်းခိုင်သည် စကားကိုရပ်၍ စန္ဒရားထက်မှ ဓာတ်ပုံကို မော့ကြည့်ပြန်သည်။ မော့ကြည့်ရင်း တစ်လုံးချင်း ဖြည်းဖြည်းပြောသည်။

ဦးလေးမှာ အင်မတန်ချစ်တဲ့ နှမတစ်ဦး ရှိခဲ့ဖူးတယ်၊ တစ်ဦးတည်းသော နှမလေး၊ ဒါပေမဲ့ အဲဒီနှမဟာ မိဘဆွေမျိုး အားလုံးကိုတော်လှန်ပြီး ဒီတုန်းကအမြင်နဲ့ ပြောရရင် ဂုဏ်ရည်ချင်းကွာလှတဲ့ ဂီတသင် ဆရာတစ်ဦးနဲ့ လိုက်ပြေးသွားခဲ့တယ်”

ဒေါသကြောင့်လော ဝမ်းနည်းမှုကြောင့်လော မသိ၊ ဦးမင်းခိုင်၏ အသံမှာ တုန်ယင်လာ၏။

“ဘုရားထူးခံ မိုးကျရွှေကိုယ်မျိုးလို့ မာနတံခွန် ထူခဲ့တဲ့ ဦးလေး မိဘတွေရော ဦးလေးရောဟာပါ ဒီနှမကို ဆွေခန်းမျိုးခန်းဖြတ်ခဲ့ကြတယ်၊ ပိုဆိုးတာက ဦးလေးတို့ မာနကြီးသလောက် တန်းတူ မာနကြီး အရွဲ့တိုက် တတ်တဲ့ ဦးလေးရဲ့ နှမပဲလေ”

ဦးမင်းခိုင်မှာ ရပ်သွားပြန်၏။

www.burmeseclassic.com



"သူက သူက အရွဲ့တိုက်ပြီး အငြိမ့်မင်းသမီး လုပ်တယ်လေ၊ သူ့ယောကျ်ားက ပတ္တလားဆရာ ဇာတ်ဆရာ"

ဦးမင်းခိုင်မှာ ရင်တွင်းမှ ထိခိုက်မှုကို ထိန်းချုပ်ဟန် စကားကို နားလိုက်ပြန်၏။ မသက်ရှိသည် ကိုယ်ချင်းစာနားလည်စွာ ငြိမ်နားထောင်နေ၏။

"တင်းလွန်းကြတော့ ပြတ်ကြတယ်ပေါ့၊ ဘယ်ထိအောင် ပြတ်ကြသလဲဆိုတော့ ဘယ်သူဟာ ဘယ်ရောက်လို့ ဘာဖြစ်ကြတယ်ဆိုတာတောင် မသိကြဘူး၊ ဒီလိုနဲ့ စစ်ဖြစ်၊ ဒီလိုနဲ့ စစ်ပြီး၊ မြန်မာပြည် လွတ်လပ်ရေးရ၊ သူပုန်ထ၊ နှစ်တွေဟာ ကုန်ချင်တိုင်း ကုန်ခဲ့တယ်"

ဦးမင်းခိုင်မှာ ပြန်လည် တည်ငြိမ်လာ၍ အသံမှာလည်း အဘိဓမ္မာရိပ် လွှမ်းလာ၏။

"လွန်ခဲ့တဲ့ငါးနှစ်လောက်မှာ ဦးလေးရဲ့ အိမ်သူလဲ ဆုံးခဲ့တယ်၊ သားမရှိ သမီးမရှိနဲ့ စည်းစိမ်အလယ်မှာ ဆိတ်သုဉ်းခြောက်သွေ့တဲ့ ဘဝရဲ့ ငြီးငွေ့မှုကို မခံနိုင်တဲ့ အဆုံးမှာ ဦးလေးဟာ တစ်ဦးတည်းသော နှမသည်ကို ပြန်ရှာခဲ့တယ်၊ နှမကိုတော့ မတွေ့ရပါဘူး၊ စစ်အတွင်းက သူ့ခင်ပွန်း ဆုံးပြီး နောက်အိမ်ထောင်ပြုသွားတယ်လို့ သိရတယ်၊ ဦးရဲ့ စုံစမ်းမှုကို စတဲ့အချိန်မှာ ဦးရဲ့ နှမဟာလဲ ဒီလူ့ပြည်မှာ မရှိတော့ပါဘူး၊ ဒါပေမဲ့ ပထမယောကျ်ားနဲ့ သားတစ်ယောက် ကျန်ရစ်မှန်း သိရလို့ အဲဒီ တူတော်မောင်ကို ထပ်ရှာပုံတော် ဖွင့်ရပြန်တယ်၊ ဒီအချိန်မှာ ဦးလေးရဲ့ တူတော်မောင်ဟာ ပညာချွန်လို့ စကောလားရှစ်နဲ့ ကောလိပ်ကို ရောက်နေတယ်လို့ သိရတယ်၊ ကောလိပ်မှာ စုံစမ်းပြန်တော့ ဘွဲ့ရပြီး စာပေဗိမာန်မှာ ဝင်လုပ်နေကြောင်းသိရပြန်တယ်၊ စာပေဗိမာန်မှာ ဆက်စုံစမ်းတော့ အားလုံးဟာ ကွင်းဆက် ပြတ်ကုန်တယ် တူမကြီး"

www.burmeseclassic.com



မသက်ရှိက မော့ကြည့်သည်။ ဦးမင်းခိုင်က ခေတ္တစဉ်းစားပြီး စကားပြန်ဆက်၏။

"စာပေဗိမာန်မှာ သူအလုပ်ဝင်လုပ်ခဲ့တယ် ဆိုတာကတော့ အမှန်ပဲ၊ ကွန်ပိုင်လာ (စာပြု အရာရှိ)လေ၊ ဒါပေမဲ့ ဦးလေး ရောက်တဲ့အချိန်မှာ သူဟာ မရှိတော့ဘူး၊ ဘယ်သွားတယ်လို့လဲ ဘယ်သူမှ မပြောနိုင်ကြဘူး၊ အလုပ်ထွက်သွားတာလဲ မဟုတ်ဘူး၊ သူငှားနေတဲ့ အိမ်ရှင်ဆီ တစ်ခါစုံစမ်းပြန်တော့ အိမ်ရှင်က ဂါတ်မှာ လူပျောက် တိုင်ထားသတဲ့၊ အကြောင်းက သူသာ ပျောက်သွားတယ်၊ သူ့ပစ္စည်းတွေဟာ အဝတ်အစားက အစ အိမ်မှာ အားလုံးကျန်ခဲ့တာကိုး"

မသက်ရှိမှာ အထူးစိတ်ဝင်စားခဲ့ပြီ ဖြစ်သဖြင့် "အဲဒီလိုမပျောက်သွားခင် ဘယ်ကို သွားသလဲ၊ ဘာဖြစ်ခဲ့လဲ၊ သူ့မိတ်ဆွေတွေ ဘာတွေက မသိကြဘူးလား"ဟု ဝင်မေးမိ၏။

"သူ့မှာ ရင်းရင်းနှီးနှီး မိတ်ဆွေလဲ ရှိပုံ မပေါ်ဘူးလေ၊ ဘယ်သူမှ ဘာမှ မပြောနိုင်ကြဘူး"

"နောက်တော့ ဦးလေး ဘယ်ပုံ ပြန်တွေ့သလဲ"

"ဦးလေး ပြောခဲ့သလိုပဲ ဆေးရုံကြီးမှာ သတိလစ် လဲနေတဲ့ လူနာတစ်ဦးအဖြစ်နဲ့ပေါ့၊ သူ ဆေးရုံကြီးပေါ် ရောက်နေတာကို သူ့ကိုသိတဲ့ ဆေးကျောင်းသားတစ်ဦးက တွေ့တာနဲ့ စပြီး တစ်ဆင့်တစ်ဆင့်နဲ့ ဦးလေး သိခဲ့ရတာ"

"ဆေးရုံကြီးကို သူ ဘယ်လို ရောက်လာသတဲ့လဲ"

"ဆရာဝန်တွေက ပြောတော့ သူ့ဘာသာသူ လာအပ်သတဲ့"

"ရောဂါကကော"

"တိုက်ဖွိုက်"

www.burmeseclassic.com



"အို ကျွတ်...ကျွတ်"

"ဒါနဲ့ ဦးလေးလဲ သူ့ကို ကုသိုလ်ဖြစ်ခန်းကနေ ပိုက်ဆံခန်းရွှေ့ပြီး အထူး ကြပ်မတ်ကုသရတယ်၊ အဲ...အဖျားသက်သာလို့ သတိလည်း လည်ရော အခုအထိ မဆုံးနိုင်တဲ့ပြဿနာဟာ ပေါ်ခဲ့တာပဲ"

"ရှင်... ဘယ်လိုလဲ"

"သူဟာ ဘယ်သူဆိုတာ ဦးလေး သေသေချာချာ စစ်ဆေးခဲ့တယ်၊ စာပေဗိမာန်က သူ့အထက်အရာရှိနဲ့ လုပ်ဖော်ကိုင်ဘက်တွေက သူ ဘယ်သူဆိုတာ သက်သေခံကြတယ်၊ ရန်ကုန်တက္ကသိုလ် မော်ကွန်းထိန်းဌာန မှာရှိတဲ့ ဓာတ်ပုံ၊ အမည်၊ မိဘနာမည် အားလုံးနဲ့လဲ တိုက်ဆိုင်မှန်ကန်နေ တယ်၊ ခက်တာက အဲဒီလို အများကသိတဲ့ သူ့ဘဝကို သူက ငြင်းပယ်တယ်"

"ရှင်၊ သူ့ဘဝကို သူက ငြင်းပယ်တယ်၊ ဘယ်လို ငြင်းပယ်ပါ သလဲ"

"သူက သူဟာ **မောင်မြင့်ဝေ** မဟုတ်ဘူးတဲ့"

ဤအကြိမ်တွင်မူ မသက်ရှိမှာ အံ့သြလွန်း၍ စကားမဆက်နိုင်။ မောင်မြင့်ဝေ... မောင်မြင့်ဝေ။ ဤနာမည်မှာ လာပြန်ချေပြီ။

"တူမကြီး သိပ်အံ့သြသွားလား"

မသက်ရှိက ပြုံးသည်။

"သိပ်အံ့သြသွားပါတယ် ဦးလေး၊ ဒါပေမဲ့ ကျွန်မ အံ့သြပုံက တစ်မျိုးဖြစ်ပါတယ်၊ ဒီတော့ ဦးလေး ဆက်ပြောမှာကို ကျွန်မက ပြောပါ ရစေ၊ မှန် မမှန်ကို ဦးလေးက ချက်(က်) လုပ်ပါ"

ဦးမင်းခိုင်သည် နားမလည်သယောင် မသက်ရှိအား မော်ကြည့်ခိုက် မသက်ရှိက ဆက်ပြော၏။

"မောင်မြင့်ဝေဟာ သူ့ကိုယ်သူ မောင်မြင့်ဝေ မဟုတ်ဘူးလို့

www.burmeseclassic.com



ငြင်းတယ်၊ ငြင်းရုံမက မောင်မြင့်ဝေအဖြစ်နဲ့ ကြုံခဲ့ရတဲ့ ရေးဖြစ်ကို တစ်ခုမှ မမှတ်မိဘူး၊ သူ့ကိုယ်သူ မောင်ညိုမှိုင်းလို့ အမည်ပေးပေမဲ့ အမည်ကလွဲပြီး ဘာမှ ပြောစရာမရှိဘူး၊ ဘယ်က လာသလဲ၊ ဘာဖြစ်ခဲ့သလဲ၊ မိဘဆွေမျိုးဟာ ဘယ်သူလဲ၊ ဒါတွေ တစ်ခုမှ ပြန်မပြောနိုင်ဘူး၊ ဟုတ်ပါ သလား ဦးလေး"

ဤအကြိမ် ပါးစပ်အဟောင်းသား ဖြစ်ရသူမှာ ဦးမင်းခိုင်ဖြစ်၏။ အတန်ကြာ အံ့အားသင့်နေပြီးမှ မေးမိ၏။

"ဒါတွေ အမှန်တွေပဲ၊ ဒီအတိုင်းပဲ၊ တူမကြီး ဘယ်လိုလုပ်သိသလဲ"

မသက်ရှိသည် ဦးမင်းခိုင်မေးသည်ကို မဖြေသေးဘဲ ဆက်ပြော၏။

"ကျွန်မ ဘယ်လိုလုပ် သိတယ်ဆိုတာကို နောက်မှ ရှင်းပြပါရစေ၊ အခု ကျွန်မ ဆက်မေးပါရစေဦး၊ မောင်ညိုမှိုင်းဟာ သူ့ကိုယ်သူ မောင်မြင့်ဝေ မဟုတ်ဘူးလို့ ငြင်းပေမဲ့ မောင်မြင့်ဝေဆိုတာကို မသိဘူးလို့တော့ မပြောဘူးနော်၊ ပြောရင်လည်း မောင်မြင့်ဝေဆိုတာဟာ သူစိမ်းတစ်ရံဆံလူ တစ်ဦးလိုလို အထူးသဖြင့် တမလွန်ဘဝက လူတစ်ဦးလိုလို ပြောတတ်တယ်၊ ဟုတ်လား ဦးလေး"

ဦးမင်းခိုင်သည် ဤအကြိမ်မှာမူ နေရာမှထသည်။ ခါတိုင်း၌ တည်ငြိမ်သော ဦးမင်းခိုင်မှာ ဝမ်းသာတုန်ယင်နေ၏။

"မှန်တယ်၊ တူမကြီး ပြောတာတွေ အားလုံးမှန်တယ်။ တူမကြီး ဘယ်လိုလုပ် သိတယ်ဆိုတာ ဦးလေး မမေးတော့ဘူး၊ နားလည်ပြီ၊ ဦးလေးရဲ့ ပြဿနာကို တူမကြီးသာ ဖြေရှင်းနိုင်မယ်ဆိုတဲ့ ဦးလေးရဲ့ ယုံကြည်မှုလဲ မှန်ပြီ"

ဦးမင်းခိုင်သည် အားရဝမ်းသာပြောပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ ထို့နောက် တစ်စုံတစ်ခု သတိရဟန်နှင့် ဆို၏။

www.burmeseclassic.com



"အဲ...ဦးလေး သူ့ကို ဒီအိမ်ခေါ်လာတော့ ရှုပ်ရှုပ်ထွေးထွေးဖြစ်မှာ စိုးလို့ သူ့နာမည်ကို သူ့အလိုကျ မောင်ညိုမှိုင်းလို့ပဲ အိမ်သားတွေကို အသိပေးထားတယ်၊ နို့မို့ဖြင့် မနည်းရှင်းနေရဦးမယ်မဟုတ်လား၊ ဒါကြောင့် သူ့နာမည်ရင်းဟာ မောင်မြင့်ဝေဆိုတာ ဦးလေးတစ်ယောက်ကလွဲပြီး မောင်အုံးလှိုင်တောင် မသိဘူး၊ ခက်တာက ဒီအိမ်ကြီး ရာဇဝင်နဲ့ဆက်လက် တခြား မောင်မြင့်ဝေ ဆိုတာက ရှိသေးတယ်"

"ဒါကို ကျွန်မ သိပြီးပါပြီ"

ဦးမင်းခိုင်က မျက်မှောင်ကြုတ် ပြန်ကြည့်၏။

"ဘယ်သူပြောလဲ၊ မဦး ပြောတယ် မဟုတ်လား"

မသက်ရီက မဖြေ။ ဆိတ်ဆိတ်သာနေ၏။

ဦးမင်းခိုင်က သဘောကျဟန် ရယ်မောသည်။

"အဲဒီ မဦးကလည်း တစ်ဒုက္ခပဲ၊ အင်မတန် ကြောက်တတ်တယ်၊ အဲဒီကြောက်တတ်တဲ့လူနဲ့က တွေ့လဲ တွေ့တတ်တယ်"

ဦးမင်းခိုင်သည် ဆက် ရယ်မောပြန်၏။

"တူမကြီး ပြောသလိုပဲ ညိုမှိုင်းက မောင်မြင့်ဝေဆိုတာကို သူ့ အဓိပ္ပာယ်နဲ့သူပြောတယ်၊ မဦးက သူ့အဓိပ္ပာယ်နဲ့သူ ယုံတယ်၊ ဟားဟား"

မသက်ရီသည် လိုက်လျော ရယ်မောသည်။

"ခက်တာက ဦးလေး၊ ဒေါ်ဦး ယုံထိုက်တဲ့ တခြားအကြောင်းတွေက ရှိနေသေးတယ်"

ဦးမင်းခိုင်သည် မော့်ကြည့်ပြန်၏။

"ဘာတွေလဲ တူမကြီး"

"ဘာတွေဆိုတာ ကျွန်မ ပြီးတော့ ပြောပြပါ့မယ်၊ ဒါပေမဲ့ ကျွန်မ သိချင်တာ တချို့ကို မေးပါရစေ"

www.burmeseclassic.com



"မေးပါလေ"

"သူ့မိခင် အိမ်ထောင်သစ်ထူတော့ မောင်ညို အဲ မောင်မြင့်ဝေဟာ ဘယ်အရွယ်လောက် ရှိပြီလဲ"

"ဒါတော့ ဦးလေး အတိအကျ မသိဘူး၊ လေးငါးခြောက်နှစ်သား ရှိလိမ့်မယ်ထင်တယ်"

"သူ့မိခင်ဆုံးတော့ကော"

"ဒါတော့ ဦးလေး ခန့်မှန်းလို့ ရတယ်၊ အဲ နှစ်ဆယ့် နှစ်နှစ်သား လောက်မှာ ရှိမယ် ထင်တယ်"

"သူ ပျောက်သွားတယ်ဆိုတဲ့ အချိန်နဲ့ သူ့မိခင် ဆုံးချိန်ဟာ ဘယ်လောက် ကွာသလဲ"

"အား...နေဦး၊ တူမကြီးပြောမှ သတိရတယ်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ နှစ်လလောက် ကွာမယ်ထင်တယ်"

မသက်ရီသည် ခေါင်းညိတ်၍ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေ၏။

"ပြီးတော့ သူ့ စတက်ဖာသာ (ပထွေး)ဟာ ဘယ်လိုလူစားလဲ၊ ဦး သိရပါသလား"

ဦးမင်းခိုင်၏မျက်နှာ မသိမသာ တင်းမာသွား၏။

"နည်းနည်းမှ ကောင်းတဲ့ကောင် မဟုတ်ဘူး၊ အသောက်သမား လူရမ်းကားထဲကပဲ၊ ဦး ဒါတွေကို လိုက်စုံစမ်းတော့ ဒီကောင် လာတောင် မတွေ့ရဲဘူး၊ အခု ရှိတယ်လေ နောက်အိမ်ထောင်နဲ့ ကွမ်းခြံကုန်းမှာ"

"မောင်မြင့်ဝေရဲ့ ဖခင်အရင်းရဲ့ စိတ်ဓာတ်ကကော"

ဦးမင်းခိုင်၏ မျက်နှာမှာ ပြန်လည် မှုန်မှိုင်းလာ၏။

"ဦး မှတ်မိသမျှတော့ လူအေး လူပျော့ ဂီတဆရာ တစ်ဦးပဲ"

BURMESE CLASSIC .com

www.burmeseclassic.com



"ဦးလေး ပြောပုံအရ မောင်မြင့်ဝေမှာ မိတ်ဆွေနည်းတယ် ဟုတ်လား၊ သူနဲ့ ရင်းရင်းနှီးနှီးကြီး မဟုတ်တောင် အတော်နီးစပ်တဲ့ အထဲက ဥပမာ ကျောင်းတက်ဖက် အလုပ်လုပ်ဖက် တစ်ယောက်ယောက် မရှိဘူးလား"

"ဒါတော့ ရှိပါတယ်၊ သူနဲ့ ကောလိပ်တက်ဖက် စာပေဗိမာန်မှာ လုပ်ဖက် မောင်ဝင်းတင်တို့ မောင်လှမြင့်တို့ ဆိုတာရှိတယ်"

"ကိုဝင်းတင်၊ အသားညိုညို၊ မျက်မှန်ထူထူ၊ အရပ်ရှည်ရှည်၊ တော်တော်ရှည်တယ်၊ သူလား"

"ဟုတ်တယ် တူမကြီး သိသလား"

"ကျွန်မ သူငယ်ချင်းပါပဲ"

မသက်ရီသည် နောက်ထပ် မေးစရာရှိသည်များအတွက် ခေတ္တ စဉ်းစား၏။

"ဦးလေးဟာ သူ့ကို ဘယ်လိုပြောပြီး အခုလို အတူနေဖို့ ခေါ်ခဲ့နိုင်သလဲ"

ဦးမင်းခိုင်သည် ခေါင်းတညိတ်ညိတ်နှင့် လမ်းလျှောက်ရင်း ရှင်းပြ၏။

"ပထမ ဦးလေး သူ့ကို အကျိုးအကြောင်း အမှန်အတိုင်း ရှင်းပြတယ်၊ ဒါကို သူ လက်မခံဘူး၊ ဒါပေမဲ့ ဦးလေးခေါ်ရာတော့ သူလိုက်ခဲ့တယ်၊ ဖြစ်နိုင်တာက တစ်–ဦးလေးကို သူ ကျေးရူးရှင်တစ်ယောက် အဖြစ်နဲ့တော့ အသိအမှတ် ပြုပုံရတယ်၊ နှစ်–ဦးလေးနဲ့မှ မလိုက်လဲ သူ့မှာ တခြားသွားစရာ ရှိပုံမရဘူး၊ သုံးအချက်က အဲ သူ့ဦးလေးဟာ စာရေးဆရာကြီး တစ်ဦးမှန်း သိသွားတယ်၊ သိသွားတာနဲ့ တစ်ပြိုင်နက် ဆွေးနွေးတော့တာပဲ"

"ဘာတွေ ဆွေးနွေးပါသလဲ၊ မရှိသော အချိန်ရဲ့ သဘောနဲ့

www.burmeseclassic.com



ဘဝရဲ့ အနက်အဓိပ္ပာယ်တွေလား”

“မှန်တယ် အဲဒါတွေပဲ၊ အဲ–သူက ဒါတွေနဲ့ ပတ်သက်ပြီး ကျမ်းတစ်စောင် ပြုစုမလို့တဲ့၊ ဒီတော့ ဦးနဲ့လိုက်နေတာဟာ ကျမ်းပြုစုချင်လို့နဲ့ တူတယ်”

စကားအဆုံး၌ ဦးမင်းခိုင်က ရယ်မောသော်လည်း မသက်ရှိမှာ မရယ်မိ။

“ဒီလောက် သိရတယ်ဆိုရင် ကျွန်မအတွက် စဉ်းစားဖို့ အချက်အလက် တော်တော်တိုးခဲ့ပါပြီ၊ အမှန်ပြောရရင် ဘုမသိ ဘမသိနဲ့ ကျွန်မ ရောက်လာစမှာ ကြုံတွေ့ရသမျှအတွက် နည်းနည်း စိုးရိမ် စိတ်ပျက်မှု ရှိခဲ့ပါတယ်၊ ဒါပေမဲ့ ဦး မရောက်ခင်မှာတင် အခြေအနေကို ကျွန်မ သဘောပေါက်လို့ ဒီမှာ ဆက်နေခဲ့တာပဲ၊ အခုဆိုရင် ကျွန်မ ရှေ့ဆက်ပြီး စိတ်ဝင်စားစွာနဲ့ပဲ ဦးလေးကို ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်”

ဦးမင်းခိုင်သည် လမ်းလျှောက်ရပ်လိုက်ပြီး မသက်ရှိအား လေးနက်စွာ ကြည့်၍ အဓိပ္ပာယ်ပါစွာ မေးသည်။

“ဒီလိုဆို မောင်ညိုမှိုင်းကို ကုလို့ရမယ်ပေါ့၊ ဟုတ်လား တူမကြီး”

မသက်ရှိသည် အတန်ကြာ စဉ်းစားပြီးမှ ပြန်မေး၏။

“ကုလို့ရမလား မေးတော့ မောင်ညိုမှိုင်းမှာ ဘာရောဂါ ရှိနေတယ်လို့ ဦးလေး ထင်လို့လဲ…”

ဦးမင်းခိုင်သည် မသက်ရှိအား ဖျတ်ခနဲ ကြည့်သည်။ ထို့နောက် နှုတ်ခမ်းများမှာ တုန်ယင်၍ စကားကို ပြောမထွက်ဟန် ဆုတ်ဆိုင်းနေ၏။ ခဏကြာမှ ပင်ပန်းစွာ ပြောသည်။

မောင်ညိုမှိုင်းဟာ စိတ်ဝေဒနာ၊ အဲ ရူးသွပ်နေတယ်”

ဦးမင်းခိုင်သည် စိတ်မချမ်းသာခြင်း ကြီးစွာဖြင့် ခေါင်းကို

BURMESE CLASSIC .com

www.burmeseclassic.com



ခါယမ်းလျက် လမ်း ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီးနောက် ရပ်လိုက်ကာ စိတ်ထိခိုက်ခြင်းကို မဖုံးလွှမ်းနိုင်သော အသံနှင့်ဆိုသည်။

"ဦးလေးဟာ ပညာတတ်လို့ တရားဝန်ကြီးအထိ ဖြစ်ခဲ့ပါတယ်၊ ဒါပေမဲ့ ဒါဟာ တစ်ကဏ္ဍပဲ၊ ဦးလေး ဘယ်လို ပြောရမလဲမသိဘူး၊ မောင်မြင့်ဝေရဲ့ ဝေဒနာကို ကုသဖို့ စိတ်ရောဂါကုဆေးရုံ ပို့မယ်လို့ ဦးလေး အတန်တန် ကြံစည်ခဲ့ပါတယ်၊ ဒါပေမဲ့ ဦးလေးရဲ့ အခက်အခဲကိုလည်း တူမကြီး ကိုယ်ချင်းစာနိုင်လိမ့်မယ် ထင်တယ်၊ ဦးတို့ရဲ့ သန့်စင်လှတဲ့ မျိုးရိုးမှာ ဒီလို ဝေဒနာရှိသူ တစ်ဦးမှ မပေါ်ခဲ့သေးပါဘူး၊ မောင်မြင့်ဝေကို စိတ်ရောဂါကုဆေးရုံပို့လို့ လူသိ ရှင်ကြားဖြစ်ရင် ဦးလေးရဲ့ အလုပ်အကိုင် ဂုဏ်သရေကို ဘယ်လို ထိခိုက်မလဲ၊ ပြီးတော့ ဦးလေးရဲ့ ဘိုးဘွားအစဉ်အဆက်က ရှိလာခဲ့တဲ့ လုပ်ငန်းကြီး ကိုင်ငန်းကြီးတွေကို အမွေဆက်ခံစရာဆိုလို့ မောင်မြင့်ဝေပဲရှိတယ်၊ သူ့ကို တင့်တောင့် တင့်တယ် အိမ်ထောင်ချပေးစရာလည်း ရှိတယ်၊ ဒါတွေကို ချင့်ချိန်ရတော့ သူ့ဝေဒနာကို ဦးလေး လူသိမခံရဲဘူး"

"ဦးလေး ဆိုလိုတာ ကျွန်မနားလည်ပါပြီ၊ မြန်မာပြည်တင်မက ကမ္ဘာ အရပ်ရပ်မှာ စိတ်ရောဂါကုဆေးရုံနဲ့ စိတ်ရောဂါဝေဒနာနဲ့ ပတ်သက်ပြီး ဒီလိုပဲ စိုးရိမ်ကြောင့်ကြ ယူဆသူတွေ များပါတယ်၊ ဒါပေမဲ့ စိတ်ရောဂါကုဆေးရုံဆိုတာဟာ သာမန်ဆေးရုံတွေထက်မက မြင့်မြတ်လှတဲ့ လူမှုဝန်ထမ်းဌာနတစ်ခုပါ။ စိတ်ဝေဒနာဆိုတာဟာလဲ လူမှန်ရင် အနည်းနဲ့ အများတော့ မကင်းနိုင်ကြတာမို့ အထူးရှက်စရာ ကြောက်စရာ ဝေဒနာမျိုး မဟုတ်ပါဘူး၊ ရှက်စရာကြောက်စရာ ထင်နေသူတွေကိုလည်း အပြစ်တင်လို့တော့ မဖြစ်ပါဘူး၊ မှန်ကန်တဲ့ သဘောထား ရလာအောင် ကျွန်မတို့ ဆိုင်ရာလူတွေက ပညာပေးဖို့ ဝတ္တရားရှိနေပါတယ်၊ ဦးလေးနဲ့ တိုက်ရိုက်

BURMESE CLASSIC .com

www.burmeseclassic.com



ပတ်သက်တဲ့ အဖြေနှစ်ခုကို ကျွန်မ ပေးစရာရှိပါတယ်”

“ဆိုပါဦး တူမကြီး”

“ရူးသွပ်ခြင်း ရောဂါဟာ ဆွေစဉ်မျိုးဆက် လိုက်တယ် မလိုက်ဘူး ဆိုတာ အတိအကျ ဆုံးဖြတ်မှု မရှိသေးပါဘူး၊ အချို့ ရူးသွပ်ခြင်းမျိုးဟာ ဆွေစဉ်မျိုးဆက် လိုက်တာတွေ့ရပေမဲ့ ဗီဇ **(Genes)** ကြောင့်လား၊ ဒါမှ မဟုတ် ဆွေစဉ်မျိုးဆက် ကြုံတွေ့ရတဲ့ အိမ်ထောင်ရေး ပတ်ဝန်းကျင် အခြေအနေကြောင့်လားဆိုတာ ဝိဝါဒ ကွဲပြားချက်တွေ ရှိနေပါသေးတယ်”

“ဆက်ပါဦး တူမကြီး”

“တစ်ခါ ကျွန်မ အကြမ်းဖျင်း ခန့်မှန်းရသလောက်ဆိုရင် အခု မောင်မြင့်ဝေ ခံစားနေရတဲ့ စိတ်ဝေဒနာဟာ ရူးသွပ်ခြင်း မဟုတ်ပါဘူး”

ဦးမင်းခိုင်သည် မရှင်းသယောင် မော့ကြည့်လိုက်၏။

“ကျွန်မ ရှင်းပြပါ့မယ်၊ အများကရူးသွပ်ခြင်း **(Insanity)** လို့ နားလည် ထားတဲ့ ရောဂါကို ကျွန်မတို့ စိတ်ပညာနဲ့ စိတ်ပိုင်းဆိုင်ရာ ဆေးပညာသိပ္ပံမှာ ဆိုက်ကိုးဆစ် **(Psychosis)** လို့ ခေါ်ပါတယ်၊ ဒီရောဂါမှာ လဲ ရုပ်ခန္ဓာ ချွတ်ယွင်းမှုကြောင့် ဖြစ်ရတဲ့ အော်ဂန်နစ် **(Organic)** မျိုးနဲ့ ဘယ်ရုပ်ခန္ဓာ ချွတ်ယွင်းမှုလို့ အတိအကျမသိရတဲ့ စိတ်သဘော ဖောက်ပြန်မှု ဖန်းရှင်နဲ **(Functional)** မျိုးလို့ ခွဲခြားထားပါတယ်၊ ဘယ်အမျိုးပဲဖြစ်ဖြစ် ဒီလို ရူးသွပ်ခြင်းမျိုးကို စိတ်ရောဂါကု ဆေးရုံမှတစ်ပါး ကယ်တင်နိုင်တဲ့ ဌာန မရှိဘူး”

“အဲဒီ စိတ်ရောဂါကုဆေးရုံဟာ တကယ်ပဲ ကယ်တင်နိုင်ပါသလား တူမကြီး”

“မြန်မာပြည်ရဲ့ တစ်ခုတည်းသော တံတားကလေး စိတ်ရောဂါကု ဆေးရုံကြီးဟာ ကြီးမားလှတဲ့ အခက်အခဲတွေ ကြားထဲကနေ ရုန်းကန်နေရ

www.burmeseclassic.com



ပါတယ်၊ ပြည်သူလူထုကရော အဆက်ဆက်တက်ခဲ့တဲ့ အစိုးရတွေကရော လေးလေးနက်နက် ဂရုမစိုက်ခဲ့ပါဘူး၊ နေရာထိုင်ခင်း၊ ပစ္စည်းကိရိယာ၊ ဆရာဝန် ဆရာမ၊ ငွေကြေး ဘဏ္ဍာကအစ မယုံနိုင်အောင် ချို့ငဲ့လှပါတယ်၊ ဒီကြားထဲကတောင် ဝေဒနာရှင် ရာခိုင်နှုန်းများများကို ကုသ ကယ်တင်ခဲ့ပါတယ်"

"ရာခိုင်နှုန်းပြည့်တော့ မဟုတ်ဘူး၊ ဒီလိုလား တူမကြီး"

"မှန်ပါတယ်၊ ရာခိုင်နှုန်းပြည့်တော့ မဟုတ်ပါဘူး၊ မပြည့်ရတဲ့ အကြောင်းက လူနာရှင်တွေရဲ့ အပြစ်လဲ ပါ, ပါတယ်၊ ခက်တာက ကျွန်မတို့နိုင်ငံမှာ ဒီရောဂါ ပေါ်လာရင် ဆေးမြီးတိုတွေ၊ အထက်လမ်း၊ အောက်လမ်း ပယောဂဆရာတွေနဲ့ ကျိတ်ကုပြီး လက်လွှန်ခြေလွှန်မီးစာကုန် ဆီခန်းမှ စိတ်ရောဂါကုဆေးရုံ ရောက်လာကြတာပဲ"

"စိတ်ဝင်စား မှတ်သားစရာပါပဲ၊ ကဲ...မောင်မြင့်ဝေရဲ့ ဝေဒနာ အကြောင်း ဆက်ပါဦး"

"မောင်မြင့်ဝေရဲ့ ရောဂါကို စနစ်တကျ စစ်ဆေးခြင်း ဆိုက်ခဲ့ယားထရစ် အိပ်ဇင်မီနေးရှင်း **(Psychiatric Examination)**ပြီးမှ ဘာဆိုတာ အတပ်ပြောနိုင်ပါမယ်၊ ဒီလို စစ်ဆေးရာမှာ ရုပ်ခန္ဓာအနေနဲ့ ချွတ်ယွင်းချက် ရှိ–မရှိကို အရင် ဆုံးဖြတ်ကြည့်ရပါတယ်၊ ဒီလိုမှ မဟုတ်ရင် ရမ်းသန်းပြီး ရုပ်ကြောင့် ဖြစ်နေတာကို စိတ်ကြောင့်လို့ မျက်စိမှိတ် ကုနေလို့ အကျိုးမရှိပါဘူး"

"ဩော်... ဒါတော့ ဦးလေး သူ့ ဆေးရုံက မဆင်းခင် ဆရာဝန်တွေနဲ့ တိုင်ပင်ပြီး သူ့ကို အသေးစိတ် ဆေးစစ်ချက် ယူပြီးပါပြီ၊ ဦးနှောက်နဲ့ ရုပ်ခန္ဓာနဲ့ ပတ်သက်လို့တော့ အစစ ချွတ်ယွင်းမှု မရှိဘူးလို့ ဆိုတာပါပဲ၊ ဆိုင်ရာစာရွက်စာတမ်းကို တူမကြီး ကြည့်ချင်ရင် ပြနိုင်ပါတယ်"

BURMESE CLASSIC .com

www.burmeseclassic.com



"ဒီလိုဆိုရင်တော့ ကျွန်မ အကြမ်းဖျင်း ခန့်မှန်းထားတာ မှားလိမ့်မယ် ထင်တယ်၊ မောင်မြင့်ဝေဟာ နျူးရိုးဆစ် (Neurosis) ခေါ်တဲ့ စိတ်ဝေဒနာမျိုးကို ခံစားနေရဟန် တူပါတယ်"

"အဲဒီ နျူးရိုးဆစ်ဆိုတာကို ဦးလေးလဲ စာတွေထဲမှာ ဖတ်ဖူးတယ် အတိအကျ ဘာဆိုလိုပါသလဲ"

"နျူးရိုးဆစ် ဆိုတာကတော့ စောစောကပြောခဲ့တဲ့ ရူးသွပ်ခြင်းဆိုတဲ့ ဆိုက်ကိုးဆစ်ရောဂါနဲ့ တခြားစီပဲ၊ နျူးရိုးဆစ်က သာမန်လူကောင်းရဲ့ ယေဘုယျ စိတ်အခြေအနေက အနည်းငယ်တိမ်းပါးမှုသဘောပါ၊ တစ်နည်းအားဖြင့် လူကောင်းပကတိရဲ့ စိတ်သဏ္ဍာန်ကို ပြည့်ဝ သမတဲ့ ပေါင်းစည်းမှု အဖြစ်နဲ့ ယူဆရင် ဆိုက်ကိုးဆစ် ရောဂါဟာ အဲဒီပေါင်းစည်းမှုသဘော လုံးဝစိတ်မြွာ ပျက်ပြားသွားတဲ့ သဘောဖြစ်ပါတယ်၊ နျူးရိုးဆစ်မှာက အဓိကပေါင်းစည်းမှု မပျက်ပေမဲ့ စိတ်ဖွဲ့စည်းမှု တစ်စိတ်တစ်ဒေသ ပဲ့ထွက် ချွတ်ယွင်း ကွဲပြားသွားတဲ့ သဘောမျှသာဖြစ်ပါတယ်၊ ဒီလိုဆိုတော့ နျူးရိုးဆစ်ရောဂါ ကျွမ်းသွားရင် ဆိုက်ကိုးဆစ် ဖြစ်သွားသလားဆိုတော့ မဟုတ်ပါဘူး၊ ပြီးတော့ နျူးရိုးဆစ်ရောဂါဟာ မျိုးရိုးလိုက်လို့ ခန္ဓာကိုယ် အစိတ်အပိုင်း ချွတ်ယွင်းလို့ မဟုတ်ပါဘူး၊ ပြင်းထန် ထိခိုက်လှတဲ့ ငယ်စဉ်ကလေးဘဝ၊ ပတ်ဝန်းကျင် အခြေအနေ၊ ခံစားရင်ဆိုင် တွေ့ကြုံရခြင်းများကြောင့်သာ ဖြစ်ပါတယ်၊ ကုသလို့လည်း ရပါတယ်"

ဦးမင်းခိုင်၏ မျက်နှာမှာ ကြည်ဝင်းသွားသည်။

"တူမကြီး ဘာကို ဆိုလိုသလဲ၊ မောင်မြင့်ဝေကို တူမကြီး ကယ်တင်ကုသနိုင်မယ် ဒီလိုလား"

"အဲဒီလောက်အထိ ကျွန်မ တာဝန်ခံ မရဲပါဘူး ဦးလေး၊ ဒါပေမဲ့ မျှော်လင့်ချက်ရှိပါတယ်၊ ဒီလောက်ပဲ ကျွန်မ ပြောနိုင်ပါတယ်၊ အမှန်က

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်မဟာ စိတ်ဝေဒနာကုသရေးကို အမေရိကန်ပြည်ထောင်စုမှာ သင်ကြား လေ့လာရင်း အသင့်အတင့် ပြုလုပ်ခဲ့ဖူးပါတယ်၊ ဦးလေး သိစေချင်တာက ရုပ်ဝေဒနာတွေမှာ နေရာဒေသမရွေး သတ်မှတ်ထားတဲ့ဆေးနဲ့ ကုသလို့ ရပေမဲ့ စိတ်ဝေဒနာကျတော့ တစ်မျိုးဖြစ်ပါတယ်၊ တိုင်းပြည်အလိုက်၊ ဒေသအလိုက်၊ ယဉ်ကျေးမှုအလိုက်သမဂ္ဂ သဘာဝဖြစ်အောင် နှိုင်းချိန် ကျင့်သုံးဖို့ အထူးလိုပါတယ်၊ စိတ်လို့ခေါ်တဲ့ သဘောအထွေထွေမှာ ပတ်ဝန်းကျင် လူမှုလောကရဲ့ အရှိန်အဝါ ပြုပြင်မှု အကျိုးသက်ရောက်မှု တွေက ရှိနေပါတယ်၊ ကျွန်မအနေနဲ့ မြန်မာပြည်ရဲ့ စိတ်ဝေဒနာရှင်တစ်ဦးနဲ့ အခု ပထမဆုံး နဖူးတွေ့ဒူးတွေ့ တွေ့ရတာပါပဲ၊ ဒီတော့ ကျွန်မထက် အတွေ့အကြုံများတဲ့ ပါမောက္ခများကို တိုင်ပင်ရပါဦးမယ်၊ ကျွန်မကို အချိန်ပေးပါ”

မသက်ရီသည် နေရာမှထ၏။ ညမှာလည်း နက်ခဲ့ပြီဖြစ်၏။

ဦးမင်းခိုင်က သဘောပေါက်ဟန် ငြိမ်နေသည်။ ထို့နောက်မှ တစ်စုံတစ်ခုကို သတိရဟန် မေးသည်။

“နေပါဦး တူမကြီး၊ စောစောက တူမကြီး ပြောတာ ဘာတဲ့၊ ဩော်...မဦးနဲ့ ပတ်သက်လို့၊ မဦးမှာ ဟို...အဲ...ယုံထိုက်တဲ့အကြောင်း ဆိုတာဘာလဲ”

မသက်ရီက တရားဝန်ကြီးပီပီ စကားရပ်တိုင်းကို မမေ့မလျော့ မှတ်သားတတ်သော ဦးမင်းခိုင်အား စိတ်တွင်းမှ ချီးမွမ်းမိ၏။ သို့သော် ရုတ်တရက် ပြန်ဖြေရန်မှာ မလွယ်။

မထူးပြီဖြစ်၍ နောက်ဆုံး၌ သွယ်ဝိုက်၍ စတင်ရ၏။

“ဦးလေး ဘတ္တလာနိုဝယ်(လ်)ကို ဘယ်လို ထင်ပါသလဲ”

လုံးဝ မမျှော်လင့်သော စကားဖြစ်၍ ဦးမင်းခိုင်မှာ ကြောင်တက်တက်

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သွား၏။

"နိုဝယ်(လ်) ဟုတ်လား၊ အင်မတန်ရိုးသားတဲ့၊ မိဘကို လုပ်ကျွေးနေတဲ့ သူငယ်တစ်ဦးပဲ"

"မှန်ပါတယ်၊ ငြိမ်းခင်ကကော"

ဦးမင်းခိုင်မှာ ပို၍ ရှုပ်ထွေးသွား၏။

"ငြိမ်းခင်ဟာ ဦးလေးကို ဖအေလို မှီခိုနေတဲ့ ကလေးတစ်ဦးပဲ၊ ဘာဖြစ်လို့လဲ တူမကြီး"

မသက်ရှိသည် ပြောထိုက် မပြောထိုက် ခေတ္တစဉ်းစား၏။ ပြောထိုက်သည်ဟု ယုံကြည်သည်။

"လူငယ်တွေဟာ လူကြီးတွေကို ဖွင့်မပြောရဲတာနဲ့ သေးငယ်တဲ့ ပြဿနာကို အကြီးချဲ့ရာက မမှားတန်တာ မှားတတ်ကြတာကို ဦးလေးဟာ တရားဝန်ကြီးတစ်ဦးမို့ ကျွန်မထက် ပိုသိပါလိမ့်မယ်၊ နိုဝယ်(လ်)နဲ့ ငြိမ်းခင်ဟာ ဒီအတိုင်းဖြစ်နေကြတယ်၊ အဲဒါ ဦးလေး သိစေချင်တယ်"

မသက်ရှိသည် ဤသို့ နိဒါန်းချီ၍ ယမန်နေ့ညမှ ကြုံတွေ့ရသမျှနှင့် နံနက်ခင်း နိုဝယ်(လ်) တောင်းပန်သည်များကို ဦးမင်းခိုင်အား ရှင်းပြသည်။

မသက်ရှိ ယုံကြည်သည့်အတိုင်းပင် ဦးမင်းခိုင်မှာ ကိုယ်ချင်းစာ ကြင်နာတတ်၏။

"ဖြစ်ရလေကွယ်၊ ဦး ဒါတွေ ဘာမှ မသိဘူး၊ ကောင်းပါပြီ၊ ဦး ဝတ္တရားရှိတဲ့အတိုင်း အစစ ဆောင်ရွက်ပေးပါမယ်၊ စိတ်ချ တူမကြီး"

မသက်ရှိသည် အတိုင်းမသိ ဝမ်းသာခြင်း ဖြစ်မိသည်။ ဤအိမ်သို့ မိမိရောက်လာရခြင်းအတွက် အနည်းဆုံး စိတ်ချမ်းသာစရာ တစ်ခုကိုတော့ ဆောင်ရွက်ခဲ့နိုင်ပေပြီ။

မသက်ရှိက နှုတ်ဆက်၍ အခန်းတွင်းမှ ထွက်ခါနီး၌ ဦးမင်းခိုင်က

www.burmeseclassic.com



မေး၏။

"သြော်... တခြားစကားတွေ ကောင်းနေလိုက်တာ၊ မေးရဦးမယ်၊ မောင်မင်းလွင် တစ်ယောက်ကော နေကောင်းရဲ့လား၊ သူ ဆိုဗီယက်က ပြန်လာမှ ဦး မတွေ့ရသေးဘူး"

မသက်ရီ၏မျက်နှာမှာ မသိမသာ ရှက်သွေးနှင့် ရဲသွားသည်။ ရင်မှာလည်း အနည်းငယ် ခုန်သွား၏။

"ကိုမင်းလွင် နေကောင်းပါတယ် ဦးလေး၊ ယဉ်ကျေးမှု ဝန်ကြီးဌာနမှာပဲ၊ အခုတလောတော့ အလုပ်များနေတယ်လေ၊ သူကလဲ ဦးကို အမြဲသတိရနေပါတယ်"

"သြော်...သြော်...သူနဲ့လဲ တွေ့ချင်ပါသေးသကွယ်၊ အေး... အေး... ညနက်ပြီ၊ တူမကြီးလဲ အိပ်ပေတော့၊ ဂွဒ်နိုက်"

"ဂွဒ်နိုက် ဦးလေး"

*

BURMESE CLASSIC .com

www.burmeseclassic.com

## (၆)

နောက်ထပ် နှစ်ရက်ခန့် အချိန်များ ကုန်ဆုံးခဲ့သည်။

ဤနှစ်ရက်ခန့်အတွင်း၌ ဘာမျှ ထွေထွေထူးထူး မဖြစ်ပေါ်လာခဲ့။

မောင်ညိုမှိုင်းသည် မသက်ရီ၊ ဦးမင်းခိုင်တို့နှင့်အတူ မှန်မှန် ထမင်းလာစားသည်။ ညနေစောင်းများ၌ မသက်ရီနှင့်အတူ မှန်မှန်လမ်း လျှောက်မြဲ လျှောက်သည်။ လမ်းလျှောက်တိုင်းလည်း တံတားများကို ရှောင်သည်။

အထွေအထူးဟု ဆိုစရာရှိသည်မှာ ယခင် ညကာလများက လရောင်ပက်သော ခြံဝင်းတွင်း၌ မသက်ရီနှင့် မောင်ညိုမှိုင်းသာ ရှိတတ်သော်လည်း ယခုမူ စကားလက်ဆုံ ပြောမကုန်သော တစ်စုံတွဲ တိုးလာသည်။

ဦးမင်းခိုင်၏ ဆောင်ရွက်ပေးမှုကြောင့် သီတင်းကျွတ်ပြီးလျှင်ပြီးချင်း လက်ထပ်ကြတော့မည့် ငြိမ်းခင်နှင့် နိုဝယ်(လ်)တို့ပင်တည်း။

ကိုမင်းလွင်ဆီမှ စာတစ်စောင်ကိုလည်း မသက်ရီ ရခဲ့သည်။

ဦးမင်းခိုင်မှာ ခြံဝ၌ စာလက်ခံသေတ္တာရှိသည်။ စာများကို နံနက်တိုင်း၌ စံကြူးသည် ဖွင့်ယူလပေးလေ့ရှိ၏။ စာတိုက်သို့ ပို့စရာရှိသည်

www.burmeseclassic.com



ကိုလည်း စံကြူးသာ ယူသွားရ၏။

စံကြူးမှာ အသားညိုညိုနှင့် မှိုင်းမှုန်တွေဝေသော မျက်နှာပေးရှိသည်။ အစဉ် စံကြူး၏ မှိုင်းမှုန်တွေဝေမှုမှာ ပင်ကို သဘာဝဟု ထင်မိသည်။ နောက်မှ နေရာတကာ စပ်စု၍ စပ်စု၍သိသမျှကို တစ်ပါးလူကို ဖွင့်မပြောရ မနေနိုင်သည့် ဒေါ်ဦးထံမှ အကျိုးအကြောင်း သိရသည်။

"သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်းဆိုတဲ့ စကားဟာ သိပ်မှန် တူမကြီးရေ"

တစ်နေ့လယ်၌ အခန်းသို့ ထုံးစံအတိုင်းလာရင်း ဒေါ်ဦးက ဆိုသည်။

"အလို ဒေါ်ဒေါ်၊ ဘာတွေ တရားရလာလဲ"

"မောင်စံကြူးအဖြစ်ပေါ့"

"မောင်စံကြူးက ဘာဖြစ်လို့လဲ"

"ရည်းစားလူလု ရွှေဥကျားချီ ဖြစ်နေတာပေါ့"

မသက်ရီက ရယ်နေခဲ့သည်။ ဒေါ်ဦးကသာ ဆက်မှတ်ချက်ချသည်။

"စံကြူးရဲ့ ရွှေလိုဥထားတဲ့ ငြိမ်းခင်ကို နိုဝယ်(လ်)ဆိုတဲ့ ကိုရွှေကျားက ချီသွားပြီလေ၊ မနေ့ညက အဒေါ့်ဆီ လာငိုလို့ အဒေါ်ပါရောငိုမိသေးတယ်၊ ပိယေဟိ ဘာပယောခေါ်ဆိုတဲ့ ဘုရားဟော ရှိတယ်မဟုတ်လား၊ ကိုစံကြူး အတွက်တော့ ဒုက္ခပေါ့၊ သူတို့ကတော့ အတိုးချ ကြည်နေလိုက်ကြတာ"

ဒေါ်ဦးပြောသော ဤဒုက္ခကြောင့်သာ စံကြူးခမျာ မျက်နှာမှုန်ရှာရှာ ရဟန် တူသည်။

ကိုမင်းလွင်၏စာ၌ မသက်ရီ မပြောမဆို ပေါင်းတည်သို့ ထွက်လာခဲ့သည့်အတွက် အပြစ်တင်ထားသည်။ ထို့နောက် နွယ်၏ ပထမဇာတ်ကား

www.burmeseclassic.com



အောင်မြင်ပုံကို ရွှန်းရွှန်းဝေအောင် ရေးထား၏။ မသက်ရှိမှာ မိမိကိုယ်တိုင် မိမိ နားမလည်သော သက်ပြင်းကို ရှိုက်မိသည်။

ဤရက်များအတွင်း တိမ်တို့ တစ်ခါတစ်ရံ ညိုမည်းသော်လည်း မိုးသည် စဲချင်ဟန် ပြနေ၏။

မသက်ရှိသည် ပေါင်းတည်မြို့၏ နာမည်ကျော် စွယ်တော်တိုက်သို့ ဘုရားဖူးသွားခြင်း၊ မြို့တွင်းရှိ အခြား ရှုကြည့်ဖွယ်တို့ကို လှည့်လည်ကြည့်ရှုခြင်းတို့ကို ပြုသည်။ ဤအခါများ၌ မောင်ညိုမှိုင်းအပြင် နိုဝယ်(လ်)နှင့် ငြိမ်းခင်တို့ပါ ကားတွင်း၌ လိုက်လာကြသည်။ ကားမောင်းသူမှာ စံကြူး မဟုတ်။ တစ်ရံတစ်ခါ နိုဝယ်(လ်)မောင်းသည်။ တစ်ရံတစ်ခါ မောင်ညိုမှိုင်း မောင်းသည်။

ထူးဆန်းသော အဖြစ်ကို သုံးရက်မြောက် တစ်ည၌ ကြုံရ၏။ ထိုည လသာသာ၌ မသက်ရှိမှာ ခြံတွင်းသို့ တစ်ကိုယ်တည်း လမ်းလျှောက်ဆင်းသည်။ ကံ့ကော်ပင်များ အနီးရောက်သော် ယောကျ်ားတစ်ဦး၏ ရှိုက်ငိုသံကို ကြားရ၏။ မသက်ရှိမှာ ခြေလှမ်းတုံ့၍ ငြိမ်ရပ် နားထောင်မိသည်။ မကြာမီပင် ညိုမှိုင်း၏ ပီသပြတ်သားသောအသံ ပေါ်လာ၏။

"အေး... ငိုပေါ့စံကြူးရာ ငိုပေါ့၊ မင်းငိုချင်နေတာကို မငိုပါနဲ့လို့ ငါမတားမြစ်ချင်ပါဘူး၊ ဒီတော့ ငိုသာငိုကွ၊ ဒါပေမဲ့ ဒီဒုက္ခ ဒီအပူဟာ သံသရာမှာကျင်လည်သော ယောကျ်ားတကာတို့ ခံရမြဲပဲကွ၊ ဒါ ငါပြောတာ မဟုတ်ဘူး၊ သုဝဏ္ဏသာမဇာတ်မှာ ဒီအတိုင်း ဆိုထားတယ်၊ ဒီတော့ မင်း ငိုကွာ၊ ဆက်သာငို၊ ငါ့ကို အားမနာနဲ့"

မသက်ရှိသည် စိတ်ဝင်စားလာသမျှ ရယ်လည်း ရယ်ချင်မိကာ ဆက်ငြိမ်နားထောင်နေ၏။

စံကြူး၏ ငိုသံမှာ ဆက်ပေါ်နေ၏။ ညိုမှိုင်းကလည်း ကတိတည်စွာ

BURMESE CLASSIC .com

www.burmeseclassic.com



ဘာမျှ ဆက်မပြော။ အတန်ကြာသော် ငိုသံရပ်သွားသည်။ ဤအခါကျမှ ညိုမှိုင်း၏အသံ ပေါ်လာသည်။

"ဟ မြန်လှချည်လား၊ မင်း ငိုလို့ ပြီးသွားပြီလား"

စံကြူးထံမှ အဖြေမပေါ်လာ။ ညိုမှိုင်းအသံသာ ဆက်ထွက်လာ၏။

"အေး မဖြေနဲ့၊ မဖြေချင် မဖြေနဲ့၊ မျက်ရည်ဆိုတာလည်း ထွက်ချင်တိုင်း ထွက်လို့ ရတာမဟုတ်ဘူးကွ၊ ဒါတော့ ငါသိတယ်၊ မင်း ငါနဲ့ စကားပြောနိုင်ပြီလား"

"ဟုတ်ကဲ့ ဆရာ"

"ငြိမ်းခင်ဟာ ဘာလဲ"

"မိန်းမ ဆရာ"

"အေး... မှန်တယ်၊ ဒေါ်ဦးကကော"

"မိန်းမ ဆရာ"

"အေး... မှန်တယ်၊ အခု တို့အိမ်ရောက်နေတဲ့...ဟို မမရီကကော ကွာ"

"မမရီဆိုတာ ဘယ်သူလဲ ဆရာ"

"မင်းကလည်း သိပ်ညံ့တဲ့ ကောင်ပဲ၊ ငါ မင်းကို မပြောထားဘူးလား၊ ခါတ်ပုံထဲကနေ တစ်နေ့ ထွက်လာမယ်ဆိုတဲ့ မိန်းမ၊ မင်းပဲစာတွေလာလာ ပြလို့၊ ထားပါတော့ကွာ၊ အဲသူဟာ ဘာလဲ"

"မိန်းမပဲဆရာ"

"အဲဒါလည်းမှန်တာပဲ၊ အေး... မိန်းမဆိုတာ ဘာလဲ၊ မင်းကို ငါ ဘယ်လို သင်ဖူးသလဲ..."

စံကြူးထံမှ အဖြေ ပေါ်မလာ။

"ဖြေလကွာ"

BURMESE CLASSIC .com

www.burmeseclassic.com



"ဆရာ ပြောထားတာတွေက အများကြီးပဲ၊ ကျွန်တော် ဘယ်မှတ်မိမလဲ"

"အေး... အဲဒါကြောင့် မင်း ငိုရတာ မှတ်ထား၊ မိန်းမဆိုတာ မိခင်လည်းမည်တယ်၊ ကျားလည်းမည်တယ်၊ မိခင်လို ကြည်နာတတ်သမျှ ကျားလိုလည်း ရက်စက်တတ်တယ်၊ နားလည်လား"

"ဟုတ်ကဲ့၊ ကျွန်တော် အခု နားလည်ပါပြီ"

"မင်းက အခုမှ နားလည်တာကိုး၊ စောစောက နားလည်ရောပေါ့၊ အဲလိုဆို မင်းငိုရမှာ မဟုတ်ဘူး၊ မင်းက တယ်ညံ့တဲ့ ကောင်ကိုးကွာ"

မသက်ရှိသည် ပန်းချီတစ်ခုဘေးမှ ကွယ်၍ သူတို့နှစ်ယောက်အား ချောင်းကြည့်မိသည်။

စံကြူးမှာ ခုံတန်းတစ်ခုထက် ထိုင်နေသည်။ ညိုမှိုင်းသည် လက်နောက်ပစ်၍ လေးလေးမှန်မှန် လျှောက်ရင်း ပါမောက္ခဟန်နှင့် ဟောကြားနေ၏။

"ဒီတော့ ဒီည မင်းကို ဘဝအတွေ့အကြုံပေါ်မှီပြီး သဘောပေါက်နိုင်မယ့် လင်္ကာတစ်ပုဒ် ငါသင်ပေးမယ် လိုက်ဆို"

"ဟုတ်ကဲ့ ဆရာ"

"မိန်းမဟူဘိ ထိုက္ကတ္တိကား"

စံကြူးကလည်း ရှိုရှိုသေသေ လိုက်ဆိုသည်။

"မိန်းမဟူဘိ ထိုက္ကတ္တိကား...

"မရှိနိဗ္ဗာန် ရှိမီးလျှံတည့်"

"မရှိမကောင်း ရှိမကောင်း မဟုတ်ဘူးလား ဆရာ"

"မင်းက ဆရာထက် တတ်နေပြန်ပြီ၊ မင်း ငါသင်တာ လိုက်ဆိုမလား မဆိုဘူးလား"

BURMESE CLASSIC .com

www.burmeseclassic.com



"ဆိုပ့ါမယ် ဆရာ"

"ဒါဖြင့် ဆို"

"မရှိနိဗ္ဗာန် ရှိမီးလျှံတည့်"

"ဖန်ဖန်ဆွဲဖျက် ဝဲဂယက်သို့"

"ဖန်ဖန်ဆွဲဖျက် ဝဲဂယက်သို့"

"ရမ္မက်ကိလေ သံသာရေနှင့်"

"ရမ္မက်ကိလေ သံသာရေနှင့်"

"သံတွေမီးခဲ ဘဝမွဲသို့"

"သံတွေမီးခဲ ဘဝမွဲသို့"

"နစ်နဲဘူတ ပစ္စယကြောင့်"

"နစ်နဲဘူတ ပစ္စယကြောင့်"

"ဤဘဝမှ ရေတွက်ဆသော်"

"ဤဘဝမှ ရေတွက်ဆသော်"

"ထိုမျှနိဗ္ဗာန် မရပြန်သေး"

"ထိုမျှနိဗ္ဗာန် မရပြန်သေး"

"အမှန်တဝ ချိန်ကာလ၌"

"အမှန်တဝ ချိန်ကာလ၌"

"မ နှင့် ဟူက ကင်းလိုရရှင့်"

"မ နှင့် ဟူက ကင်းလိုရရှင့်"

"အေး အေး၊ ဒီလောက် မှတ်ထားဦး၊ မင်း ပြန်နိုင်ပြီ၊ ငိုချင်လည်း ဆက်ငိုကွ၊ ကြားလား၊ အောင့်မထားနဲ့"

"ဟုတ်ကဲ့ ဆရာ"

စံကြူး ထွက်သွားသည်။ ညိုမှိုင်း တစ်ဦးတည်း ကျန်ရစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ညိုမှိုင်းသည် ဟက်ဟက်ပက်ပက် ရယ်သည်။ ရယ်သံမှာ ကြေကွဲသံ ပါနေ၏။

ခဏကြာ၍မှ ပါမောက္ခ ဦးညိုမှိုင်းမှာ ချုံးပွဲချ ငိုနေရှာပြန်လေပြီ တကား။

*

နောက်တစ်နေ့နံနက်၌ မသက်ရှိသည် စာလေးစောင်ရေး၍ ဦးမင်းခိုင်၏ ကားကို ကိုယ်တိုင်မောင်းကာ စာတိုက်၌ သွားထည့်သည်။

နှစ်စောင်မှာ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်မှ စိတ်ပညာ ပါမောက္ခများဆီ ဖြစ်သည်။ အခြားတစ်စောင်မှာ စာပေဗိမာန်မှ ကိုဝင်းတင် ဖြစ်၍ ကျန်တစ်စောင်မှာမူ ထုံးစံအတိုင်း ကိုမင်းလွင်ဆီတည်း။

မသက်ရှိ ပြန်လာသောအခါ ဦးမင်းခိုင်မှာ အံ့သြစွာစောင့်ကြိုနေ၏။

"တူမကြီး ဘယ်သွားတာလဲ"

"စာတိုက်ကို စာသွားထည့်တာပါ ဦးလေး"

"အို ဘာလို့ ကိုယ်တိုင်သွားရသလဲ၊ မောင်စံကြူးကို လွှတ်ရောပေါ့"

မသက်ရှိသည် ခေတ္တစဉ်းစားပြီးနောက်...

"ဦးလေးကို ကျွန်မ ပြောစရာရှိပါတယ်၊ စာကြည့်ခန်းထဲ သွားကြရအောင်"ဟု ခေါ်သည်။

စာကြည့်ခန်းတွင်းသို့ရောက်သော် မသက်ရှိက မေး၏။

"ဦးလေးမှာ ဓာတ်ပုံ အယ်(လ်)ဘန် ထားပါသလား"

"ဟုတ်တယ်–ဘာဖြစ်လို့လဲ"

"ကျွန်မ ခဏကြည့်ပါရစေ"

ဦးမင်းခိုင်သည် အလွယ်တကူပင် အံဆွဲတစ်ခုတွင်းမှ ဓာတ်ပုံ အယ်(လ်)ဘန်ကို ထုတ်ပေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com



မသက်ရှိသည် အယ်(လ်)ဘန်ကို ဖွင့်၍ ရှာသည်။ မျှော်လင့်သည့် အတိုင်းပင် လိုရာကို တွေ့၏။

ဦးမင်းခိုင်သည် အမေရိကန်ပြည်ထောင်စု၌ ရှိစဉ်က ရိုက်ကူးခဲ့သော ဓာတ်ပုံများကို အယ်(လ်)ဘန် တစ်မျက်နှာ၌ သီးသန့်ထားသည်။ ထိုဓာတ်ပုံ များတွင် လည်ရင်းပတ်ရင်း အဖော်တို့နှင့် တွဲရိုက်ထားသည့် ပုံများပါ၏။ ပုံအများတွင် မသက်ရှိပါဝင်နေသည်။ အယ်(လ်)ဘန် မျက်နှာအလယ်တွင် မိမိဒေါက်တာဘွဲ့ရစဉ်က ရိုက်ကူးပေးပို့လိုက်သည့် ကိုယ်တစ်ပိုင်းပုံကြီး ရှိနေ၏။ ပုံပေါ်တွင် သက်ရှိဟု မိမိက လက်မှတ်ထိုးထားခဲ့၏။

မသက်ရှိသည် မိမိ၏ပုံနှင့် စန္ဒရားခုံထက်မှ ဓာတ်ပုံကို နှိုင်းယှဉ်ကြည့် မိသည်။ ဓာတ်ပုံချင်းက ပို၍ တူနေ၏။

မသက်ရှိသည် ခေါင်းညိတ်လိုက်၍ အယ်(လ်)ဘန်ကို ဖြန့်ချပြီး မိမိပြုသမျှကို နားမလည်ဟန် ကြည့်နေသော ဦးမင်းခိုင်အား ရှင်းပြသည်။

"ကျွန်မရောက်တဲ့ ညနေက မောင်ညိုမှိုင်းကို ဒီအခန်းထဲမှာပဲ တွေ့ပါတယ်၊ သူက ကျွန်မကို သိနေတယ်၊ နာမည်ကိုပါ သိနေတယ်၊ ဒါတင်မက ကျွန်မရောက်လာမယ် ဆိုတာကိုတောင် ကြိုတင် သိနေတယ် ဦးလေး"

"ဟင် သူ ဘယ်လိုလုပ် သိသလဲ"

"အဲဒီအဖြေကို ကျွန်မ အခု ရပါပြီ၊ ဒီ အယ်(လ်)ဘန်ကို သူ ကြည့်ဖူးရမယ်"

"ဒါတော့ ဖြစ်နိုင်တယ်လေ၊ ဦး ဒီလိုပဲ အလွယ်တကူ ထားတာ ပဲဟာ"

"ကျွန်မ ရောက်လာမယ်ဆိုတာ ကြိုတင်သိရတာကတော့ ဦးလေးနဲ့ ကျွန်မရဲ့ စာပေးစာယူတွေကို သူ သိနေရမယ်"

BURMESE CLASSIC .com

www.burmeseclassic.com



ဦးမင်းခိုင်၏ မျက်နှာ၌ ဒေါသရောင် လွှမ်းသွားသည်။

"တော်ပြီ ဦးလေး သဘောပေါက်ပြီ၊ စံကြူးက ဒီစာတွေ သူ့ကို ပြရမယ်"

"မောင်စံကြူးကို စိတ်မဆိုးပါနဲ့ ဦးလေး၊ ဒီစာတွေက သာမန်အမြင်နဲ့တော့ အထူး လျှို့ဝှက်တာတွေမှ မဟုတ်ဘဲ၊ ဒီတော့ ပြချင်ပြမိမယ်ပေါ့၊ စာတွေကို ဖောက်တော့ မကြည့်ကြပါဘူး၊ ပြီးတော့ မောင်စံကြူးအပေါ် မောင်ညိုမှိုင်းဟာ စိတ်အားနဲ့ အထူးလွှမ်းမိုး ပိုင်နိုင်ထားပုံရတယ်"

"မောင်ညိုမှိုင်းက ဘာလို့ ဒီစာတွေကို ကြည့်ချင်ရတာလဲ"

"မောင်ညိုမှိုင်းလို ဝေဒနာရှင်တွေဟာ အပြင်ပန်းမှာ လောကကို ဂရုမစိုက်သယောင် နေပေမဲ့ စင်စစ်က အင်မတန် အစစ သက်မကင်း ရှိတတ်တယ်၊ အသေးအဖွဲလေးက အစအမှတ်ပြုတတ်ပြီး အဓိပ္ပာယ်ကိုလဲ ကောက်ချင်သလို ကောက်တတ်တယ်"

"ဒါကြောင့် တူမကြီး ဒီနေ့ စာကို ကိုယ်တိုင်သွားထည့်တာလား"

"ဟုတ်ကဲ့၊ ပြီးတော့ ပြန်လာမယ့် စာတွေကိုလည်း သူမသိစေချင်ဘူး၊ အထူးသဖြင့်က ကျွန်မဆရာ ပါမောက္ခမျှားဆီက အကြံပေးစာနဲ့ ညွှန်ကြားချက်တွေ ပါလိမ့်မယ်"

"ကောင်းပြီလေ၊ စာလက်ခံသေတ္တာက သော့ကို မောင်စံကြူးဆီက ဦးလေး မသိမသာ ပြန်ယူထားလိုက်မယ်"

"ဒီလိုလုပ်ရင် သူ ပိုမသင်္ကာဖြစ်လိမ့်မယ် ဦးလေး၊ ကိစ္စမရှိပါဘူး၊ ကျွန်မ ဒီနေ့စီစဉ်ခဲ့ပါတယ်၊ ကျွန်မအတွက် စာကို စာတိုက်မှာပဲ ထားပါလိမ့်မယ်၊ ကျွန်မ အချိန်တန် သွားယူပါ့မယ်"

ဦးမင်းခိုင်မှာစိတ်မကောင်းဟန် ပေါ်နေ၏။ သို့ရာတွင် ဘာမျှတော့ ဆက်မပြော။

www.burmeseclassic.com



မသက်ရှိက စန္ဒရားထက်မှ ဓာတ်ပုံကို ကြည့်လိုက်ပြန်၍ ဦးမင်းခိုင်အား မေး၏။

"ဒါထက် ဦးလေး၊ ကျွန်မဟာ ဟိုပုံထဲက ဦးလေးရဲ့ နှမနဲ့ ဘယ်လောက်အထိ တူသလဲ"

"ဘယ်လောက်အထိ တူလဲဆိုရင် ဦးဟာ အခု လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်ဆီ ပြန်ရောက်သွားပြီ ဖေဖေ့စာကြည့်ခန်းမှာ မောင်နှမနှစ်ယောက် စကား ပြန်ပြောနေရတယ် ထင်မိတယ်"

ဦးမင်းခိုင်၏အသံမှာ မသိမသာ တုန်ယင်လာမှန်း မသက်ရှိ သတိပြုမိ၏။

"တိုက်ဆိုင်လာတာဟာတော့ ဆန်းလှပါတယ် ဦးလေး၊ ဒါပေမဲ့ ဖြစ်သမျှအကြောင်းဟာ အကောင်းပဲလို့ မှတ်ယူရမှာပါပဲ"

"တူမကြီး ဘာဆိုလိုပါသလဲ"

"မောင်ညိုမှိုင်းဟာ အတိတ်ကို ဘယ်လောက်မေ့ပေမဲ့ ဒီဓာတ်ပုံရှင်နဲ့ ပတ်သက်တဲ့ ခံစားမှုဟာ သူ့ရင်မှာ တကယ်မပျောက်ပါဘူး ဦးလေး၊ အဲဒီ ခံစားမှု အခြေခံနဲ့ပဲ သူဟာ ကျွန်မကို ဆက်ဆံပါတယ်၊ အဲဒီ အခြေခံဟာပဲ သူ့ဘဝအတွက် မျှော်လင့်ချက် ဖြစ်ပါလိမ့်မယ်လို့ ကျွန်မ ယုံကြည်တယ်"

ဦးမင်းခိုင်သည် မသက်ရှိအား ကြည့်မိသည်။ ဘာကြောင့် မသိ၊ မသက်ရှိ၏မျက်နှာ၌ စိတ်လှုပ်ရှားမှု အရိပ်အယောင်ကို မြင်ရသည်။

"တူမကြီးကို သူက ဘယ်လို ဆက်ဆံသလဲ"

"သူက ကျွန်မကို ဒီဓာတ်ပုံရှင် အဖြစ်ပဲ ယုံထားလိုက်တယ်၊ ကျွန်မဟာ မိုးသည်းသည်းမှာ ဒီဓာတ်ပုံတွင်းက ထွက်ပေါ်လာတဲ့ သူ့ရဲ့"

မသက်ရှိက စကားကို ခေတ္တရပ်ထားသည်။ သူ့ရဲ့ မည်သူဆိုသည်

www.burmeseclassic.com



အတွက် အဆီလျော်ဆုံးသော ဝေါဟာရကို စဉ်းစားရသောကြောင့် ဖြစ်၏။

"ဆိုပါဦး၊ တူမကြီးဟာ သူ့ရဲ့ ဘယ်သူလဲ"

မသက်ရီသည် သက်ပြင်းရှိုက်လိုက်၍ မျှော်လင့်စောင့်ဆိုင်းနားထောင်နေသော ဦးမင်းခိုင်၏မျက်နှာကို တစ်ချက်ကြည့်ပြီး မိုးညိုမည်းသော အပြင်ဘက်ကို ငေးလျက်က တစ်လုံးချင်း ဖြည်းလေးစွာ ဆိုသည်။

"ကျွန်မဟာ သူ့ရဲ့ အစ်မ၊ ဘဝဟောင်းက အစ်မ"

*

ပေါင်းတည်နယ်၏ လှပသာယာသော သီတင်းကျွတ် အခါရာသီသည် ပီပီဆိုက်ခဲ့၏။

ကြာပန်းတို့ သင်းချိန်အမီ လေပြင်းတို့ ငြိမ်၍ လေညင်းသုန်သုန် တိုက်လာသည်။

ကြည်လင်သော ညနေ၏ ကောင်းကင်ပြာ၌ ငွေကြယ်စင်တို့ စောစော သဘင်ယင်ခိုက် ရိုးမ စိမ်းမှောင်မှောင်ထက် တိမ်ပဝါတို့ဂွမ်းလွှာနှယ် ဖြူဖြူ နုလေပြီ။

ဤသို့ဖြင့် အပြစ်ကင်း၍ မင်္ဂလာပြည့်သော ဝါကျွတ်ပွဲတော်သည် နှစ်၏ကဏ္ဍာသစ်ကို ဖွင့်လှစ် ဝင်းထိန်လာစေသည်။

မသက်ရီအတွက် နိုင်ငံခြား၌ ငါးနှစ်ကျော် နေခဲ့ပြီး ပြန်လာမှ ပထမဆုံး ကြုံရသော မီးထွန်းပွဲတော်ဖြစ်၍ ပိုထူးခြားနေ၏။ မြန်မာ့ရိုးရာကို မစွန့်သော မြို့ငယ်၏ ထုံးတမ်းစဉ်လာ သဘင်မဟာ ဖြစ်သောကြောင့်လည်း စိတ်ကြည်နူး ချမ်းမြဖွယ် ရှိလှ၏။

လရောင်ကြယ်ရောင် မီးပုံးရောင်နှင့် ဝင်းထိန်နေသော ပေါင်းတည်မြို့၏ မီးထွန်းပွဲတော်ကို လျှောက်လည်ကြစဉ် မသက်ရီ၏ မျက်နှာမှာ

www.burmeseclassic.com



ဝင်းထွန်းနေသည်။ နိုဝယ်(လ်)နှင့် ငြိမ်းခင်တို့၏ မျက်နှာလေးများကလည်း ဝင်းထိန်နေ၏။ ညိုမှိုင်းသည်ပင် မြူးရွှင်နေ၏။

ဤသို့ မြူးရွှင်ဖွယ် ဖြစ်ပြန်တော့ သုံးရက်မျှသော မီးပွဲသဘင်မှာ တိုလွန်းသည် ထင်ရ၏။

သို့သော် ဦးမင်းခိုင်၏ အိမ်ကြီးတွင်မူ မင်္ဂလာ ကာလသည် မဆုံးသေး။

ဝါကျွတ်ပြီးလျှင်ပြီးချင်း နိုဝယ်(လ်)နှင့် ငြိမ်းခင်တို့၏ လက်ထပ်ပွဲက လာသည်။ သားသမီးမရှိသော ဦးမင်းခိုင်မှာ ငြိမ်းခင်၏ မင်္ဂလာပွဲကိုပင် သမီးရင်း၏ မင်္ဂလာပွဲအလား ဆင်ယင် ကျင်းပပေးရန် စီစဉ်သည်။

အိမ်ကြီးနှင့် ခြံကို အထူးပြုပြင် ဆင်ယင်ထား၏။ ရင်းနှီးသော မိတ်သင်္ဂဟ အပေါင်းကိုလည်း ဖိတ်ထားသည်။

အားလုံးမှာ ပျော်ရွှင်နေရာ အပျိုကြီးဒေါ်ဦးနှင့် လူပျိုကြီး ဦးအုံးလှိုင်ကိုပင် ဝိုင်းစကြသည်။

သို့သော် မင်္ဂလာပွဲရက် နီးသမျှ ညိုမှိုင်းက အမူအရာများ ပြောင်းခဲ့သည်။

စောစောပိုင်း၌မူ အများနည်းတူပင် သူ့မှာ ရွှင်နေဟန် ရှိ၏။ မင်္ဂလာပွဲမတိုင်မီ တစ်ရက်ကစ၍ သူသည် အခန်းပြန်အောင်းနေ၏။

မင်္ဂလာနံနက်တွင်မူ သူသည် ဆင်းလာဖော် ရပါသေး၏။ သို့သော် သူ့အသွင်မှာ မချို၍ရယ်သောသွားနှင့် ပြုံးနေလေသည့် စံကြူး၏ အသွင်ထက်ပင် နွမ်းနယ်နေလေသည်တကား။

ဦးမင်းခိုင်၏ မျက်နှာကြောင့် ဧည့်ပရိသတ်များမှာ အထူးစည်သည်။

အစစအရာရာ ကိုယ်ဖိရင်ဖိ ပြုလုပ်ပေးနေသော မသက်ရှိမှာလည်း မအားလပ်။

BURMESE CLASSIC .com

www.burmeseclassic.com



သတို့သားနှင့် သတို့သမီးကို ဦးမင်းခိုင်က ကိုယ်တိုင် လက်ထပ်ပေးသည်။

လက်ထပ်ပြီး တစ်ခဏ၌ တီးဝိုင်းမှ ဘွဲ့ခံသည် သာယာဝေစည်စွာ ထွက်လာ၏။

ရုတ်တရက် သတိဝင်လာသော မသက်ရှိက ထိတ်လန့်တကြား ညိုမှိုင်းကို ရှာကြည့်သည်။

ပရိသတ်အများမှာ ထုံးစံအတိုင်း တိုးတိုးကျိတ်ကျိတ် စကားပြောသူပြော၊ သီချင်းကို နားထောင်သူ ထောင်နှင့် ရှိနေကြ၏။

ညိုမှိုင်းက အခန်းဝ၌ ရပ်နေသည်။ သူ့မျက်လုံးများက တီးဝိုင်းသားများဆီ စူးစိုက်ကြည့်နေ၏။

သတိထားမိ၍ ရှင်သော မသက်ရှိ၏ မျက်လုံးများက သူ့ခန္ဓာကိုယ်၏ တုန်ယင်မှုကို မြင်ရသည်။

မသက်ရှိသည် လျှင်မြန်စွာ နေရာမှထ၍ သူ့ထံ ထွက်ခဲ့သည်။ သို့သော် သူက မသက်ရှိထက် ပိုလျှင်မြန်၏။

အခန်းပြင်သို့ မသက်ရှိ ရောက်ချိန်၌ သူက မရှိတော့။

အိမ်ပေါ် လက်ဝဲဘက် အစွယ်အပေါ်ထပ်၌ ဦးမင်းခိုင်နှင့် ညိုမှိုင်း၏ အခန်းများ ရှိသည်ကို မသက်ရှိ သိခဲ့ပြီးဖြစ်၏။

မသက်ရှိသည် ဤအခန်းများရှိရာသို့ လှေကားမှ တက်လာခဲ့သည်။ မသက်ရှိ လှေကားထိပ် အရောက်၌ အခန်းတံခါး တစ်ခုကို ဆောင့်ပိတ်သံကြားရသည်။

ညိုမှိုင်း၏ အခန်းမှာ ပိတ်လျက် ရှိနေပေပြီ။

မသက်ရှိက အခန်းပြင်မှ နားစွင့်ထောင်သည်။

အခန်းတွင်းမှ တစ်စုံတစ်ခုကို ရိုက်ခွဲ၍ ကွဲရှသံများ ပေါ်လာ၏။

BURMESE CLASSIC .com

www.burmeseclassic.com



မသက်ရှိက တံခါးကို ခေါက်မည်ပြုပြီးမှ ရုတ်တရက် ရပ်လိုက်သည်။

အခန်းတွင်းမှ ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုသံပေါ်လာ၏။

မသက်ရှိသည် ခေတ္တ ငြိမ်ရပ်နေမိသည်။ ထို့နောက် သက်ပြင်းချကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

တီးဝိုင်းမှ သီချင်းသံကား သာယာဝေစည်စွာ ထွက်ပေါ်မြဲ ထွက်ပေါ်နေ၏။

"အတိုင်းမသိ မင်္ဂလာကျက်သရေ ရှိပါဘိတယ်ကို XXX တော်ကြီး ငယ်ယင်ရာ၊ ဇမ္ဗူဒီ တောင်ကျွန်း၊ တင့်ရွှန်းတည့် ကျက်သရေဖြာ XXX"

ဤသီချင်း ရည်ညွှန်းသည့် ကျက်သရေမင်္ဂလာ အဖြာဖြာမှာ နိုဝယ်(လ်)နှင့် ငြိမ်းခင်တို့အတွက် မှန်ပေလိမ့်မည်။

အခန်းတွင်း၌ ရှိုက်ကြီးတငင် ငိုကြွေးနေလေသူ တစ်ဦးအတွက်မူ မဟုတ်လေယောင်တကား။

*

BURMESE CLASSIC .com

www.burmeseclassic.com

(အပိုင်း နှစ်)

# မိုးမှောင်သော ညများ

BURMESE CLASSIC .com

www.burmeseclassic.com

:

www.burmeseclassic.com

(၇)

မင်္ဂလာပွဲပြီးသော ညနေ၌ မသက်ရှိသည် မမျှော်လင့်သည့် ဧည့်သည် တစ်ယောက်နှင့် ရင်ဆိုင်ရသည်။

ကိုမင်းလွင်...။ ဤအချိန် ဤအခါ ဤနေရာ၌ မည်သို့မျှ မသက်ရှိ မမျှော်လင့်သော ကိုမင်းလွင်။

ကိုမင်းလွင်မှာ ဖြူဝင်းသော အသားနှင့် မျက်ခုံးမျက်လုံးကောင်းသည်။ နှာတံပေါ် မျက်နှာသွယ်၍ လူချောတစ်ယောက်ဟု ခေါ်နိုင်သည်။ အရပ်မှာ မနိမ့်မမြင့် ဖြစ်၏။

ကိုမင်းလွင်၌ ဘာပစ္စည်းမျှမပါ။ ဝတ်စားဆင်ယင်ထားပုံမှာလည်း ခရီးဝေးမှ လာသည်ထက် ညနေခင်း အလည်အပတ် လျှောက်ရင်း ဝင်လာဟန် ပေါ်နေ၏။

ဧည့်ခန်း၌ ဆုံမိကြရာ၌ ပထမသော် မသက်ရှိ အံ့သြလွန်း၍ မည်သည်က စကားစရမည်မသိ ဖြစ်နေ၏။

“သက် သိပ်အံ့သြသွားသလား၊ ကိုမင်းလွင် နေ့ခင်းကတည်းက ရောက်နေတာ၊ မိုလ်တဲမှာပဲ ဒုက္ခငြိမ်းအောင် တည်းတယ်”

BURMESE CLASSIC .com

www.burmeseclassic.com



ကိုမင်းလွင်က ရှင်းပြ၏။

"သိပ်အံ့သြသွားတာပေါ့ ကိုမင်းလွင်၊ အကြောင်းမကြား ဘာမကြား နဲ့ အလုပ်ကိစ္စ ရှိလို့ လာတာလား"

ကိုမင်းလွင်က ခေါင်းခါသည်။

"သက်ဆီ တမင်လိုက်လာတာ၊ ရုံးတစ်ရက်ပဲ အားတယ်၊ မနက်ဖြန် ကို ကိုမင်းလွင် ပြန်မယ်"

"သက်ဆီကို တမင်လိုက်လာတာ၊ ဘာအကြောင်းထူး ရှိသလဲ ကိုမင်းလွင်"

ကိုမင်းလွင်သည် အဖြေမပေးသေးဘဲ အခန်းပတ်ပတ်လည်ကို လျှောက်ကြည့်သည်။

"ဒါထက် ဦးလေး ဦးမင်းခိုင်ရော သက်"

"မနက်က မင်္ဂလာကိစ္စ ပင်ပန်းတာနဲ့ ဦးလေး အနားယူအိပ်နေ တယ်၊ ဦးလေးနဲ့ တွေ့ချင်သလား"

"ကိစ္စမရှိပါဘူး သက်၊ ဪ...ဘယ်သူ့မင်္ဂလာဆောင်လဲ"

"ဦးလေးရဲ့ မွေးစားသမီးနဲ့ တပည့် ဆိုပါတော့လေ၊ ဆိုပါဦး သက်ဆီဘာလို့ လိုက်လာရတာလဲ"

ကိုမင်းလွင်က မသက်ရှိအား စိုက်ကြည့်သည်။ ဤအကြည့်၌ မခံချင်မှုနှင့် ဝမ်းနည်းမှု ပေါ်နေ၏။

"သက်ဆီ ဘာလို့ လိုက်လာရတာလဲ... ဟုတ်လား၊ သက်အမေးက နည်းနည်းစိမ်းတယ် သက်ရယ်"

မသက်ရှိမှာလည်း မိမိမေးပုံ မှားသွားမှန်းသိသဖြင့် စိတ်ထိခိုက် သွား၏။ ထို့ကြောင့် မျက်နှာထားကို ပြုံးချိုလျက် တောင်းပန်ရ၏။

"အို...သက် စိမ်းတာ မဟုတ်ပါဘူး၊ သက်က ဘာလို့ ကိုမင်းလွင်ကို

www.burmeseclassic.com



စိမ်းရမှာလဲ ဆရာကြီးရယ်၊ သက် ဆိုလိုတာက သက်ဆီကို အရေးတကြီး ဘာလို့ လိုက်ခဲ့တာလဲလို့”

ဤသည်တော့မှ ကိုမင်းလွင်ကလည်း ပြုံးနိုင်သည်။

“ကိုမင်းလွင် ဘာလို့ လိုက်လာရတယ်ဆိုတာ ပြောစရာတွေ အများကြီးရှိတယ်၊ ဒီမှာ မပြောချင်ဘူး၊ သက် လမ်းလျှောက်မလား၊ လမ်းလျှောက်ရင်း ပြောကြရအောင်”

မသက်ရှိသည် သဘောကျစွာ ပြုံးမိသည်။ ငယ်စဉ် ကလေးဘဝ မြို့မကျောင်းတွင် နေကြကတည်းက ကိုမင်းလွင်သည် စကားပြောစရာရှိလျှင် လမ်းလျှောက်ခေါ်တတ်သည်။ ကောလိပ် အတူရောက်ကြတော့လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။

မသက်ရှိ ကိုယ်၌မှာ ငြီးစီစီဖြစ်နေ၍ လမ်းလျှောက်ချင်သည်နှင့် အတော်နေဖြစ်၏။

မသက်ရှိသည် နေရာမှထ၍ အိမ်သားတစ်ဦးဦးကို တွေ့လျှင် မှာကြားမည်ဟု လှည့်လည်ကြည့်သည်။

မသက်ရှိ၏ မျက်လုံးများက အမှတ်မထင် တိုက်ခန်း၏ ဝဲဘက် လှေကားကြီးဆီ ရောက်သွား၏။

“အို...”

ဘယ်အချိန်ကတည်းက မိမိတို့နှစ်ဦးအား ကြည့်နေသည်မသိ၊ လှေကားခုလတ်၌ ညိုမှိုင်းသည် ကျောက်ရုပ်သို့ ငြိမ်ရပ်နေ၏။

မသက်ရှိသည် ကိုမင်းလွင်ဘက်သို့ လှည့်ကြည့်သည်။

ကိုမင်းလွင်၏ မျက်နှာထားမှာလည်း စက္ကန့်ပိုင်းအတွင်း အမျိုးမျိုး ပြောင်းနေ၏။ ပထမမှု အံ့အားသင့်သောဟန်။ ထို့နောက် မိမိ မယုံကြည်နိုင်သော သူတစ်ယောက်၏အသွင်။

BURMESE CLASSIC .com

www.burmeseclassic.com



ခဏမှာပင် ကိုမင်းလွင်၏နှုတ်မှ ခေါ်သံ ထွက်လာ၏။

"ကိုသစ္စာ၊ ခင်ဗျား ကိုသစ္စာ မဟုတ်လား"

ပထမသော် ညိုမှိုင်းမှာ တုန်လှုပ်သွား၏။ ချက်ချင်းပင် ဒေါသကို မထိန်းနိုင်သူအလား လှေကားမှ ထိုးဆင်းလာ၍ ကိုမင်းလွင်ရှေ့၌ ကပ်ရပ်သည်။ လက်သီးကို ကျစ်ကျစ်ဆုပ်ရင်း အော်၏။

"ခင်ဗျား ဘယ်သူလဲ၊ ဘယ်ကလူလဲ ဟင်..."

မသက်ရှိသည် လျင်မြန်စွာ ကြားဝင်လိုက်ရ၏။

"မောင်ညိုမှိုင်း၊ ဒါ မမရှိ မိတ်ဆွေပါ၊ မင်းကို လူမှားလို့ပါ"

ကိုမင်းလွင် အံ့အားသင့် မပြေသေးခင် သူသည်နောက်သို့ ဆုတ်လိုက်၏။

ထိုနောက် ကိုမင်းလွင်ကို စေ့စေ့ကြည့်၍ဆို၏။

"ခင်ဗျားဟာ မမရှိရဲ့ မိတ်ဆွေဆိုရင် လူကြီးလူကောင်း တစ်ယောက်ပဲ ဖြစ်ရမှာပဲ၊ လူကြီးလူကောင်းဆိုတာက တခြားလူတစ်ယောက်ကို ကိုယ်ထင်တဲ့ နာမည်တွေ အရမ်းလျှောက်မခေါ်ရဘူး၊ မှတ်ထား"

သူက စကားကို တုံးတုံးတိတိ ဖြတ်၍ မည်သူမျှ မတားဆီးမိမီ အိမ်ပေါ်သို့ ပြန်တက်ပျောက်ကွယ်သွားသည်။

အံ့ဩစိတ် ပြေသွားပြီဖြစ်သော ကိုမင်းလွင်၏မျက်နှာမှာ ရှက်သွေးဖြင့် ရဲနေသည်။

"လာ...ကိုမင်းလွင်၊ သက်တို့ လမ်းလျှောက်ရင်း စကားပြောကြရအောင်"

မသက်ရှိက သတိပေးခါမှ ကိုမင်းလွင်သည် လိုက်လာခဲ့၏။ လိုက်လာခဲ့သည် ဆိုသော်လည်း မိမိကိုယ်မိမိ လမ်းလျှောက်နေသည်ကိုပင် သတိမရအောင် တစ်စုံတစ်ခု၌ အတွေးနက်နေ၏။

BURMESE CLASSIC .com

www.burmeseclassic.com



မသက်ရှိသည် ကိုမင်းလွင်အား ခါတိုင်း သူနှင့် ညိုမှိုင်း လျှောက်နေကျလမ်းအတိုင်း ခေါ်ခဲ့သည်။

အတန်လျှောက်မိမှ ကိုမင်းလွင်သည် မိမိကိုယ်ကို ပြောသကဲ့သို့ ပြော၏။

"မမှားနိုင်ဘူး မှားကို မမှားနိုင်ဘူး၊ လူနှစ်ယောက်ဟာ ဒီလောက် တူရအောင် အမွှာပူးဆိုတောင် မဖြစ်နိုင်ဘူး"

မသက်ရှိသည် တဖျစ်တောက်တောက်ဆိုနေသော ကိုမင်းလွင်အား ဖြတ်မေးသည်။

"ခုနင်က မောင်ညိုမှိုင်းကို ကိုသစ္စာလို့ ကိုမင်းလွင် ခေါ်လိုက်တယ်၊ အဲဒီ ကိုသစ္စာဆိုတာဟာ ဘယ်သူလဲ"

"ကိုသစ္စာ ဆိုတာဟာ အဲဒီလူပေါ့၊ သက်စာထဲပါတဲ့ မောင်ညိုမှိုင်း ဆိုတာ သူလား"

"ဟုတ်တယ်လေ၊ နေပါဦး သက်မေးတာ ဖြေစမ်းပါဦး၊ ကိုသစ္စာ ဆိုတာက ဘယ်သူလဲ"

"ကိုမင်းလွင် ပြောရင် သက်ယုံမှာ မဟုတ်ဘူး"

"ရှင်"

"အဲဒီ ကိုသစ္စာဆိုတာဟာ အရင် နွယ့် အငြိမ့်ထဲက ခေါင်းဆောင် လူရွှင်တော်ပဲ"

မသက်ရှိသည် ပါးစပ်အဟောင်းသားနှင့် ကိုမင်းလွင်အား ပြန်ကြည့်မိသည်။ ရုတ်တရက် လမ်းလျှောက်ပင် ခေတ္တရပ်လိုက်မိ၏။

"နွယ့်အငြိမ့်ထဲက ခေါင်းဆောင် လူရွှင်တော်၊ ရှင်တကယ် ပြောနေတာလား ကိုမင်းလွင်"

"တကယ်ပြောနေတာ သက်၊ ကိုမင်းလွင် မျက်စိ မမှားနိုင်ဘူး၊

www.burmeseclassic.com



သူ့ကို ကောင်းကောင်း ရင်းရင်းနှီးနှီးသိတယ်”

“ဘယ်လိုသိတာလဲ”

“ကိုမင်းလွင် မန္တလေးမှာ ဒီစီ(အရေးပိုင်) လုပ်နေတုန်း တွေ့ကြတာပဲ၊ ဒီကတည်းက နွယ်နဲ့ခင်ခဲ့တာပဲ၊ ကိုသစ္စာက လူရွှင်တော်လို့သာ ဆိုတယ်၊ ဇာတ်လဲ ဇာတ်ဆရာပဲ”

“ကိုမင်းလွင် ဒါဟာ သိပ်အရေးကြီးတယ်၊ သက်အတွက် ပျောက်နေတဲ့ ကွင်းဆက်တစ်ခုပဲ၊ ဆိုစမ်းပါဦး”

“ကိုမင်းလွင် သိရသမျှက ကိုသစ္စာဆိုတာဟာ မိုးကျရွှေကိုယ်လို နွယ့်ဆီ ရောက်လာတာပဲ၊ ဒီတုန်းကနွယ်ဟာ တောအငြိမ့်မင်းသမီးတဲ့၊ ကိုသစ္စာနဲ့တွေ့မှ သူ့ကြံရည်ဖန်ရည် လုပ်ရည်ကိုင်ရည်တွေကြောင့် နွယ်ဟာ ကြီးပွားလာခဲ့တာ၊ နွယ် နိုင်ငံခြားကအပြန် ရုပ်ရှင်နယ် အဝင်မှာ ကိုသစ္စာဟာ ဘယ်က ပေါ်လာမှန်း မသိသလို ဘယ်ကို ပျောက်သွားမှန်း မသိတော့ဘူး”

မသက်ရှိသည် ငြိမ်သက်စွာ လျှောက်လာရင်း ကိုမင်းလွင် ပြောသမျှကို နားထောင်သည်။ သို့သော် ကိုမင်းလွင်သည် စကားကို ရပ်သကဲ့သို့ လမ်းလျှောက်ခြင်းကိုလည်း ရပ်လိုက်သည်။

သူ့မျက်နှာမှာ တစ်စုံတစ်ခုကို ကျေနပ်ဟန် ပြသကဲ့သို့ ဆုံးဖြတ်ချက် တစ်ရပ်ကိုလည်း ချမှတ်ပြီးဟန်တူသည်။

“ဟန်ကျပြီ၊ ကိုမင်းလွင် မနက်ဖြန် မပြန်တော့ဘူး၊ ပြီးတော့ နွယ့်ကို သံကြိုးရိုက် ခေါ်မယ်”

“ဘာပြောတယ် ကိုမင်းလွင်၊ နွယ့်ကို သံကြိုးရိုက်ခေါ်မယ်”

“ဟုတ်တယ် ခေါ်ရမယ်၊ အမြန်ဆုံး ခေါ်ရမယ်”

“ဘာကြောင့်...”

www.burmeseclassic.com



"ဘာကြောင့်ဆိုတော့"

စိတ်ဓာမာန်နှင့် ပြောနေသော ကိုမင်းလွင်၏ အာမှာ လေးသွားသည်။ သူသည် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ပြီး ပြန်လည် တည်ငြိမ်သွား၏။

"ဘာကြောင့်ဆိုတာ ကိုမင်းလွင် ရှင်းပြမယ်၊ လာ သက်၊ ဟို တံတားကြီးတွေအထိ လျှောက်ရအောင်"

မသက်ရီသည် ယခုမှ ပတ်ဝန်းကျင်ကို သတိပြုမိသည်။ စကားကောင်း၍ လျှောက်လာကြသော နှစ်ယောက်သားမှာ တံတားကြီးများ အနီးသို့ပင် ရောက်နေပြီဖြစ်၏။

မသက်ရီနှင့် ကိုမင်းလွင်သည် မီးရထားသံလမ်းပေါ် တက်၍ ဇလီဖားတုံးများအလိုက် ခြေလှမ်းကာ ဆက်လျှောက်လာခဲ့ကြသည်။

ဤနေရာ၌ ချောင်းငယ်သည် အတန်ကျယ်လာ၍ ရေတို့ သွင်သွင်စီးနေသည်။

ရထားလမ်းနှင့် ကားလမ်း အပြိုင်ပြေးနေ၍ တံတားနှစ်ခုမှာလည်း ယှဉ်လျက် ချောင်းကို ဖြတ်ကူးထားသည်။

မသက်ရီနှင့် ကိုမင်းလွင်သည် မီးရထားတံတားမှ ဖြတ်ကာ ချောင်းကို ကျော်ကြသည်။

ကားလမ်း တံတားအောက်၌ အနီးရှိ ရွာငယ်မှ ကလေးများ ပျော်ရွှင်စွာ ရေကူး ဆော့ကစားနေကြ၏။ တံတားလက်တန်းကို မှီလျက် ရပ်နေကြသော လေညင်းခံ လာဟန်တူသူ မြို့၏ လုလင်လုံမပျိုများကို တွေ့ရသည်။

တံတားများနှင့် အတော်ဝေးဝေး နေရာ၌ လူရှင်းသဖြင့် မသက်ရီနှင့် ကိုမင်းလွင်သည် မီးရထား သံလမ်းဘေး၌ ထိုင်လိုက်ကြ၏။

BURMESE CLASSIC .com

www.burmeseclassic.com



တိမ်တောက်သော ညနေမှာ သာယာလှပနေ၏။ သာယာလှပသော ညနေမှာ ရှေ့မှရှုခင်းကြောင့် အနည်းငယ်မှု ရင့်ရော် လေးနက်နေ၏။

အမြင်နှင့်ပင် ကုလားသချိုင်းငယ်ဟု သိသာနေသည်။ နံရံဖြူဖြူနှင့် တိုက်ဇရပ်အို ကလေးသည် ဆိတ်ငြိမ်စွာ ရပ်တည်နေသည်။ လှိုင်းကြက်ခွပ် ကလေးများ စိပ်စိပ်ထနေသည့် ကန်ငယ်တစ်ခုသည် တိုက်အိုနှင့် မနီးမဝေး၌ ရှိ၏။ ကန်ပေါင်ရိုးတစ်ထောင့်၌ ဆီးပင် တစ်ပင်သည် ကန်ရေပြင်သို့ ကိုင်းညွှတ်ကျနေသော အကိုင်းအရွက်တို့နှင့် ဆိတ်ဆိတ်သုဉ်းသုဉ်း တည်ရှိနေသည်။ လေတိုးလျှင် ဆီးရွက်ခြောက် တစ်ရွက်တလေသည် ရေပြင်သို့ ဝဲကြွေကျ၏။

အေးအေးဆေးဆေး ထိုင်မိကြပြီးသော် ကိုမင်းလွင်က စပြောသည်။

"ကိုမင်းလွင်နဲ့ နွယ့် အခက်အခဲကို သက် သိသင့်သမျှ သိသားပဲ၊ ဒါပေမဲ့ သက်သိတာက မေမေ့ဘက်က အခက်ကိုသာသိတယ်၊ နွယ့်ဘက်က အခက်ကို သက် မသိသေးဘူး"

"နွယ့်ဘက်ကလဲ အခက်ရှိတယ်၊ ဒါပေမဲ့ တစ်ခါတလေ ကိုမင်းလွင် အံ့ဩမိတယ်၊ မိန်းမတစ်ယောက်အတွက် ချစ်ခြင်းမေတ္တာနဲ့ သနားခြင်း ကရုဏာဟာ ဘယ်သင်းက ပိုအားကြီးသလဲ၊ သက် ကိုမင်းလွင်ကို အဖြေပေးနိုင်သလား"

မသက်ရှိက မဖြေ...။

"ကိုမင်းလွင် သိပါတယ်၊ ဒီအဖြေမျိုး သက် ဘယ်တော့မှမပေးဘူး၊ သက်က ဦးနှောက်ကို အသားပေးလွန်းတော့ အသည်းနှလုံးဟာ ခံစားဖို့ အခွင့်အရေးကို ဘယ်တုန်းကမှ မရခဲ့ဖူးဘူး"

မသက်ရှိသည် ကိုမင်းလွင်အား ဖျတ်ခနဲ လှည့်ကြည့်သည်။ ကိုမင်းလွင်သည် မိမိအား နားမလည်ခဲ့။ ဘယ်တုန်းကမှ နားမလည်ခဲ့...။

BURMESE CLASSIC .com

www.burmeseclassic.com



"သက်ရဲ့ အသည်းနှလုံးဟာ ခံစားတတ်ပါတယ် ကိုမင်းလွင်၊ တစ်ခုပဲရှိတယ်၊ အသည်းနှလုံးရဲ့ ခံစားမှုဟာ သက်ဘဝအတွက် ကြိုးကိုင်တဲ့ ခေါင်းဆောင်မဟုတ်ဘူး၊ ထားပါလေ သက် အကြောင်းက အရေးမကြီးပါဘူး၊ ကိုမင်းလွင်ရဲ့ ပြဿနာကို ဆက်စမ်းပါဦး"

ကိုမင်းလွင်သည် သက်ပြင်းရှိုက်၍ စကားဆက်၏။

"နွယ်က ကိုမင်းလွင်ကို ချစ်တယ်လေ၊ ဒါပေမဲ့ လူတစ်ယောက် ယောက်ကိုတော့ သနားတယ်၊ နွယ် သနားတယ်ဆိုတဲ့ လူဟာ ကိုသစ္စာပဲ"

မသက်ရီသည် ကိုမင်းလွင်အား ကြည့်သည်။ ဤအကြည့်၌ ကရုဏာငွေ့ ပေါ်လွင်နေ၏။

"အဲဒီ ကိုသစ္စာကို ပြန်မတွေ့မချင်း နွယ်ဟာ ကိုမင်းလွင်ကို လက်မထပ်နိုင်ဘူး၊ နွယ်က ဒီလိုတော့ ဖွင့်မပြောဘူး၊ ဒါပေမဲ့ နွယ်ဟာ အနုပညာသည်ပီပီ စကားမပြောဘဲနဲ့ လူကို နားလည်အောင် လုပ်တတ်တယ် သက်"

မသက်ရီ စကားမပြန်ဘဲ ခေတ္တငြိမ်သက်စွာ စဉ်းစားနေသည်။ အတန်ကြာမှ မေးသည်။

"နွယ်ဟာ ကိုသစ္စာအပေါ် တော်တော်သံယောဇဉ်ကြီးတယ်ပေါ့၊ ဟုတ်လား ကိုမင်းလွင်"

ကိုမင်းလွင်သည် မဖြေ၊ သို့သော် သူ၏ ဆိတ်ဆိတ်နေမှု၌ ဝန်ခံသည့် သဘောပါ၏။

"နွယ် မှန်တယ် ကိုမင်းလွင်၊ သံယောဇဉ်ဆိုတာက ဖြတ်လို့ ရတာမျိုး မဟုတ်ဘူး၊ ကောင်းပြီလေ၊ တစ်ဘက်ကို လှည့်စဉ်းစားစမ်း၊ ကိုမင်းလွင် အပေါ်မှာ သက် သံယောဇဉ် ကြီးတယ်၊ အဲဒါသိရင် နွယ် ဘယ်လို ခံစားရမလဲ"

BURMESE CLASSIC .com

www.burmeseclassic.com



ကိုမင်းလွင်မှာ ထိတ်လန့် တုန်လှုပ်သွား၏။

“သက် ဘာပြောတာလဲ”

“သက်ပြောတာ ရှင်းပါတယ်၊ ကာမဘုံ လူ့ပြည်သားရယ်လို့ ဖြစ်လာရင် သံယောဇဉ်တရားကို ရှောင်ရှားလို့ မရနိုင်ဘူး၊ အရင်းစစ် အမြစ်မြေက တဏှာလို့ အဘိဓမ္မာက ဆိုပေမဲ့ ပန်းချင်းတူလျက် အရောင်အသွေး အသွင်သဏ္ဌာန် ကွဲသလို သံယောဇဉ်မျိုးဟာ စုံနိုင်တယ် ကိုမင်းလွင်၊ သံယောဇဉ်မှန်သမျှကို ချစ်တာတစ်ခုနဲ့တော့ အနက်ပေးလို့ မရဘူး”

ကိုမင်းလွင်သည် မသက်ရှိအား ထိတ်လန့်တကြား ကြည့်မိပြန်သည်။ သူ ဘယ်တုန်းကမှ နားမလည်ခဲ့သော မသက်ရှိမှာ ယခု ပိုနားမလည်ဖွယ် ဖြစ်နေသည်။

နောက်ဆုံး၌ သူသည် သည်းမခံနိုင်တော့။ ထိုင်ရာမှထ၍ ဒေါနှင့် မာန်နှင့် ပြော၏။

“သက် ဘာတွေ ပြောနေတာလဲ၊ ကိုမင်းလွင်ဟာ သက်လို စိတ်ပညာ ကထိကကြီး မဟုတ်ဘူး၊ ပါရဂူဘွဲ့ကြီးတွေလည်း မရထားဘူး၊ ကိုမင်းလွင်ဟာ ခံစားတတ်တဲ့ လူပဲ၊ လူမှ အင်မတန် စိတ်ပျက်စရာကောင်းအောင် လူဆန်တဲ့ လူကောင်ပဲ၊ လူပီပီ ခံစားမှုရဲ့ သရုပ်ကိုတော့ ခွဲမကြည့်ဖူးဘူး၊ ခွဲလည်း မကြည့်တတ်ဘူး”

သူသည် အားရအောင် ပေါက်ကွဲဟစ်အော်ပြီးမှ ကလေးသူငယ် တစ်ယောက်ပမာ မသက်ရှိအနား၌ ဒူးထောက်ထိုင်လိုက်၍ စိတ်ပျက်ဝမ်းနည်းစွာမေး၏။

“ကိုမင်းလွင် ဘာလုပ်ရမလဲ သက်၊ ပြောစမ်းပါဦး၊ ကိုမင်းလွင် ဘာလုပ်ရမလဲ၊ ရှက်ဖို့လဲ ကောင်းတယ်၊ မခံချင်စရာလဲကောင်းတယ်၊

www.burmeseclassic.com



သက် သိသားပဲ၊ ကိုမင်းလွင်ဟာ အနုပညာကို မြတ်နိုးတယ်၊ လေးစားတယ်၊ ဒါကြောင့်လဲ နွယ့်ကို မြတ်နိုးခဲ့တယ်၊ လေးစားခဲ့တယ်၊ ဒါဟာ အမှန်ပဲ၊ အဲ ကိုမင်းလွင် မှားတာတွေက နွယ့်ကိုချစ်ခဲ့မိတာပဲ၊ ချစ်စရာကောင်းလို့ ချစ်တယ်၊ မတတ်နိုင်ဘူး၊ တစ်ခု ကိုမင်းလွင် သစ္စာဆိုရဲတာက ကိုမင်းလွင် နွယ့်ကို ချစ်တာက တခြားပဲ၊ အနုပညာရှင်အဖြစ်နဲ့ နွယ့်ကို အောင်မြင်လာအောင် တတ်နိုင်သမျှ ကူညီတာက တခြားပဲ၊ ဘာမှမဆိုင်ဘူး၊ ဒါပေမဲ့ အခုတော့ စွပ်စွဲကြတယ်လေ”

ကိုမင်းလွင်သည် မခံချိမခံသာ ဖြစ်လွန်းဟန် ရယ်ခြင်းမဟုတ်သည့် ရယ်သံကို ပြု၏။

“ကိုမင်းလွင်ဟာ ယဉ်ကျေးမှုဌာန အတွင်းဝန် ဖြစ်နေမိတာဟာ ကံဆိုးတာပဲ၊ စေတနာကောင်းနဲ့ နွယ့်အတွက် ဆောင်ရွက်ခဲ့တာတွေကို လူတွေက တစ်မျိုးအဓိပ္ပာယ်ကောက်ကြတယ်၊ ကိုမင်းလွင်ရဲ့ တန်ခိုးအာဏာ အခွင့်အရေးတွေကို သုံးပြီး ကိုမင်းလွင်ဟာ နွယ့်ကို အပိုင်သိမ်းမယ်ကြံတယ်တဲ့၊ လက်တွေ့က နွယ်ဟာ ကိုမင်းလွင်ကို ငြင်းပယ်နိုင်သူပါ၊ ဒီကိုသစ္စာ ဆိုသူကို ပြန်မတွေ့မချင်း ငြင်းနေသူပါ၊ ကိုမင်းလွင် ဘာလုပ်ရမလဲ”

မသက်ရှိသည် သက်ပြင်းရှိုက်၍ မပြောချင်သော စကားကို ပြောရသည်။

“ကိုမင်းလွင် ဘာလုပ်ရမယ်ဆိုတာ သက် မပြောချင်ဘူး၊ ကိုမင်းလွင်ဟာ သက်ကို အမြဲတမ်း ဒီလိုပဲ ဘာလုပ်ရမလဲ မေးတတ်တယ်၊ ဒီအတွက်တော့ သက် ဘဝင်မမြင့်ဘဲ ဂုဏ်ယူပါတယ်၊ ဒါပေမဲ့”

“ဒါပေမဲ့ ဘာဖြစ်လဲသက်”

“အခုကိစ္စကတော့ တစ်မျိုးပဲ ကိုမင်းလွင်ရယ်၊ ကိုမင်းလွင်

BURMESE CLASSIC .com

www.burmeseclassic.com



မှတ်မိသေးလား၊ ကောလိပ် ရောက်ကြတော့ သက်က ဝိဇ္ဇာဘက်ပဲ လိုက်မယ် ဆုံးဖြတ်တယ်၊ ကိုမင်းလွင်က ဆရာဝန်လည်း ဖြစ်ချင်တယ် အင်ဂျင်နီယာလည်း ဖြစ်ချင်တယ်၊ အယ်ဒီတာကြီးလည်း ဖြစ်ချင်တယ်၊ နောက်ဆုံးတော့ သက်ယူသလိုပဲ ဝိဇ္ဇာပညာတွေကို ယူပြန်တယ်"

မသက်ရှိသည် ငယ်စဉ်က အကြောင်းများကို ပြန်ပြောင်းဆိုလာရာ ကိုမင်းလွင်မှာ ဆွေးဆွေး မြေ့မြေ့နားထောင်နေ၏။

"ဘီအေ အောက်တန်းကျတော့ သက်က စိတ်ပညာ ဂုဏ်ထူး ယူတယ်၊ ကိုမင်းလွင်က မြန်မာစာပေ ဂုဏ်ထူး ယူရမလား၊ ရာဇဝင် ဂုဏ်ထူးယူရမလား ဖြစ်လာပြန်တယ်၊ သက်ပြောလို့ မြန်မာစာဂုဏ်ထူး ယူဖြစ်တယ်၊ ဂုဏ်ထူးအောင်ပြန်တော့ သက်က တက္ကသိုလ်မှာ နည်းပြ ဆရာမ ဝင်လုပ်တယ်၊ ကိုမင်းလွင်က နည်းပြဆရာ လုပ်ရမလား၊ ဘီစီအက်(စ်) ဝင်ဖြေရမလား ဖြစ်ပြန်တယ်၊ အဲဒီ အခါမှာတော့ သက် အဆုံးအဖြတ် မပေးခဲ့ဘူး၊ ကိုမင်းလွင် မေမေကပဲ ဆုံးဖြတ်ပေးခဲ့တာပဲ"

"သက် ဒီစကားတွေကို ဘာလို့ ပြန်ပြောနေရတာလဲ"

"ပြောထိုက်လို့ ပြောတယ် ကိုမင်းလွင်၊ ခုအချိန် ခုအရွယ် ခုအခြေမှာတော့ ကိုမင်းလွင် ဘဝကို ကိုမင်းလွင် ဆုံးဖြတ်ပါ၊ အဲဒီ အဆုံးအဖြတ်ဟာ အမှန်ဆုံး ဖြစ်လာမှာပါပဲ"

ကိုမင်းလွင်သည် မသက်ရှိ၏ မျက်နှာကို အကယ်ပြောသည် ဟုတ်အံ့ မဟုတ်အံ့ကို စူးစမ်းကြည့်၏။ ကြည့်သော်လည်း ဘာမျှမသိနိုင်။ မေးခိုင်ခိုင်နှင့် ခံ့ညားလှပသော မသက်ရှိ၏ တည်ငြိမ်သည့် မျက်နှာပြင်မှ သူ ဘာကိုမျှ အနက်မဖော်တတ်။

မာနကို ထိခိုက်သွား၍ ကိုမင်းလွင်သည် ရင်ကို ကော့ကာ နေရာမှ ထ၏။

BURMESE CLASSIC .com

www.burmeseclassic.com



"ကောင်းပြီလေ၊ ကိုမင်းလွင် ဘာသာပဲ ဆုံးဖြတ်ပါ့မယ်၊ နွယ့်ကို အမြန်ဆုံး ဒီခေါ်ယူမယ်"

"နွယ့်ကို ဘာလို့ ဒီခေါ်ရမှာလဲ"

"ခေါ်ရမယ်၊ ဒီပြဿနာကို အမြန်ဆုံး ရှင်းပစ်ရမယ်၊ ကိုမင်းလွင်ရယ် နွယ်ရယ် ကိုသစ္စာရယ် သုံးဦး ဆိုင်မိရင် အားလုံး ရှင်းသွားမှာပဲ"

မသက်ရှိကလည်း စိတ်မှတ်မဲ့ လျှင်မြန်စွာ ထရပ်လိုက်မိပြီး ကိုမင်းလွင်အား ရင်ဆိုင်သည်။

"ကိုမင်းလွင်ရယ် နွယ်ရယ် ကိုသစ္စာရယ် မတွေ့ကြရဘူး၊ ဘယ်နည်းနဲ့မှ မတွေ့ကြရဘူး"

"ဘာပြောတယ် သက်..."

"ကိုမင်းလွင်ရယ် နွယ်ရယ် ကိုသစ္စာရယ် ဒီသုံးဦးကို တွေ့ခွင့် မပေးနိုင်သေးဘူး၊ သက်က တွေ့ခွင့် မပေးနိုင်ဘူး"

ကိုမင်းလွင်မှာ အံ့ဩလွန်း၍ ဘာစကားမျှ မပြန်နိုင်ဘဲ မသက်ရှိကို ကြက်သေသေ ငေးကြည့်နေသည်။

မသက်ရှိသည် လေသံပြောင်း၍ တည်ငြိမ် အေးချမ်းစွာ ရှင်းပြသည်။

"မောင်ညိုမှိုင်း သို့မဟုတ် ကိုမင်းလွင်ပြောတဲ့ ကိုသစ္စာဟာ လောလောဆယ်မှာ သက်ရဲ့လူနာပဲ၊ ဒီတော့ သက်မှာတာဝန်ရှိနေတယ်၊ မောင်ညိုမှိုင်းဟာ ဘယ်သူနဲ့ တွေ့သင့်တယ် မတွေ့သင့်ဘူး ဆိုတာ သက်ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်၊ အခု မောင်ညိုမှိုင်းဟာ နွယ်နဲ့ မတွေ့သင့်ဘူးလို့ သက် ယူဆတယ်"

"ဘာလဲ၊ သက်က မောင်ညိုမှိုင်းနဲ့ နွယ့်ကို မတွေ့စေချင်ဘူး၊ ဟုတ်လား"

www.burmeseclassic.com



ကိုမင်းလွင်၏ စကားဟန်၌ အဓိပ္ပာယ် အစွန်းထွက်နေသည်။

မသက်ရီ၏ မျက်နှာမှာ အလွန်အမင်း တည်ကြည်သွားသည်၊ ပင်ကိုအားဖြင့် ပြုံးရယ်သော မျက်လုံးများမှာ စူးရှ တောက်ပြောင်လာ၍ ကိုမင်းလွင်၏ မျက်လုံးများကို ခွင်းဖောက်စိုက်ကြည့်သည်။

"ဒီမှာ ကိုမင်းလွင်၊ သက် အခု ပြောနေတာက ကိုမင်းလွင်ရဲ့ ငယ်သူငယ်ချင်း၊ ကိုမင်းလွင့် အမေက ကိုမင်းလွင်နဲ့ သဘောတူနေတဲ့ မသက်ရီအဖြစ် ပြောနေတာမဟုတ်ဘူး၊ စိတ်ရောဂါ ဝေဒနာ ကုသရေး ကထိက ဒေါက်တာသက်ရီအဖြစ်နဲ့ ပြောနေတာ၊ ရှင်းရဲ့လား"

မသက်ရီ၏ အသံမှာ မာနေ၍ စကားများကလည်း ပြတ်သားနေ၏။

"ကိုမင်းလွင်နဲ့ သက်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ၊ ကိုမင်းလွင် နွယ်နဲ့ ကိုသစ္စာတို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ၊ ဒါတွေက တခြား၊ ဒေါက်တာ သက်ရီနဲ့ လူနာညိုမှိုင်းတို့ရဲ့ ပြဿနာက တစ်ကဏ္ဍ၊ ဒီလောက်ဆိုရင် ကိုမင်းလွင် နားလည်လိမ့်မယ် ထင်တယ်၊ ဒီတော့ သက်ထပ်ပြောမယ်၊ ကိုမင်းလွင် နွယ်နဲ့ ကိုသစ္စာရဲ့ ပြဿနာကို အခု မောင်ညိုမှိုင်းဆီ မယူခဲ့ကြပါနဲ့ဦး၊ ယူလာလို့လဲ အကျိုးထူးမှာ မဟုတ်ဘူး၊ အချိန်တန်တော့ သက်ကလဲ တမင် မောင်ညိုမှိုင်းကို နွယ်နဲ့တွေ့ခိုင်းပါမယ်၊ နွယ်က မတွေ့ချင်ဘူးဆိုတောင် တွေ့ပေးမယ်၊ ကျေနပ်ပြီလား"

ကိုမင်းလွင်သည် စိတ်ပျက်ဟန် ခေါင်းခါ၏။

"ကောင်းပြီလေ၊ သက်သဘောပါပဲ၊ သက်က ဒီလိုပြောတော့ ပေါင်းတည်ကို ကိုမင်းလွင် မူလ လိုက်လာခဲ့ရတဲ့ အကြောင်းတောင် ဘယ်လိုပြောရမှန်း မသိတော့ဘူး"

"အို ဒါတော့ ပြောပါဦးလေ"

မသက်ရီက မျက်နှာကို ပြန်ချိုရင်း ပြောသည်။

www.burmeseclassic.com



"လိုတော့မယ် မထင်ပါဘူး၊ ဒါပေမဲ့ သက်ပြောစေချင်ရင် ပြောရမှာပေါ့"

"ဘာဖြစ်လို့ မလိုတာလဲ"

ကိုမင်းလွင်သည် သက်ပြင်းရှိုက်သံနှင့် ရော၍ ဆို၏။

"မူလက သက်ကို ကိုမင်းလွင် လာခေါ်တာ"

"အို လာခေါ်တာ၊ ဘာဖြစ်လို့..."

"သက်ဆီက ဒုတိယစာ ရတော့ ကိုမင်းလွင် စိတ်မချမ်းသာဘူး၊ စိုးလဲ သိပ်စိုးရိမ်မိတယ်"

ဤစကားရပ်များကိုမူ ကိုမင်းလွင်သည် စိတ်တွင်းရှိသည် အမှန်အတိုင်း ရိုးသားစွာ ပြောနေ၏။

"တတိယစာလဲ ရရော ကိုမင်းလွင် ပြေးလာခဲ့တာပဲ၊ စိတ်ရောဂါ သည်ဆိုတာဟာ အစိုးရတာမဟုတ်ဘူး၊ သက်က ပြောမယ် အခုဟာက ဆိုက်ကိုးဆစ်မဟုတ်ဘူး၊ နျူရိုးဆစ်ပါလို့၊ ဒါပေမဲ့ အဲဒီ နျူရိုးဆစ် ရောဂါသည်တွေဟာ ဘယ်လို ဘေးအန္တရာယ်များတယ်၊ ကြောက်ဖွယ် ကောင်းတယ်ဆိုတာ ကိုမင်းလွင် စာအုပ်တွေထဲမှာလဲ ဖတ်ဖူးတယ်၊ ရုပ်ရှင်တွေထဲမှာလဲ ကြည့်ဖူးတယ်၊ ပြီးတော့ သက်မှာက မိန်းမသား၊ သူက စိတ်ဖောက်ပြီး ထင်တာလုပ်ရင် ဘယ့်နှယ်လုပ်မလဲ၊ ကိုမင်းလွင် စိတ်မချလွန်းလို့ လိုက်လာရတာပဲ"

ဤစေတနာမှာ အမှန်ပင်ဖြစ်သည်။ အမှန်ဖြစ်မှန်း သိ၍ သူ့စကားကို မသက်ရှိသည် ရင်၌ ခံစားရသည်။

"အခုတော့ သက်က သူ့ကို ကုသဖို့ ဆုံးဖြတ်ပြီးရုံမက သိပ်စိတ် ထက်သန်နေပုံရတယ်၊ ဒါပေမဲ့ သက်ရယ် ပြန်စဉ်းစားကြည့်ပါဦး"

သူသည် တောင်းပန်ပြန်၏။ မသက်ရှိမှာ ငိုင်နေ၏။ ကိုမင်းလွင်၏

BURMESE CLASSIC .com

www.burmeseclassic.com



စိုးရိမ်မှုမှာ မလွန်ချေ။ ဤသည်ကို မသက်ရှိသိသည်။ စိတ်ဝေဒနာသည်ကို ကုသရေးမှာ ဘေးအန္တရာယ်ရှိကြောင်း မသက်ရှိ ပိုနားလည်၏။

ရုတ်တရက် ပြန်လည် ပေါ်ပေါက်လာသော ကရုဏာကြောင့် ကိုမင်းလွင်သည် မသက်ရှိ၏ပခုံးလေးကို ဆုပ်ကိုင်လှုပ်ခါကာ တိုက်တွန်းသည်။

"ဒါကို ရပ်လိုက်ပါတော့ သက်ရယ်၊ ရပ်လိုက်စမ်းပါ၊ စောစောက ကိုမင်းလွင် ပြောခဲ့တာတွေကိုလဲ မေ့ပစ်လိုက်ပါ၊ ဒါတွေကို နောင်မှ ဖြေရှင်းမယ်၊ အခုတော့ သက် ပြန်လိုက်ခဲ့ပါ၊ သူ့ကို စိတ်ရောဂါကု ဆေးရုံကိုသာ လွှဲလိုက်ပါလား၊ ဒါမှမဟုတ်ရင် သက်ရဲ့ ဆရာ ပါမောက္ခ တစ်ဦးဦးဆီ ညွှန်ကြားလိုက်ပါလား"

ငြိမ်နားထောင်နေရာမှ မသက်ရှိက ခေါင်းခါသည်။

"မဖြစ်ဘူး ကိုမင်းလွင်၊ သက် ရည်ရွယ်ချက်ကို ကိုမင်းလွင် နားမလည်ဘူး၊ ဒီဝေဒနာဟာ သက် မြန်မာပြည်မှာ ပထမဆုံး အခု တွေ့ဖူးတာပဲ၊ ဒီတော့ သက် လူတစ်ယောက်ကို ကူညီနိုင်ရုံ မကဘူး၊ အင်မတန် ရှားပါးတဲ့ လေ့လာမှု တစ်ခုကိုလည်း သက် လက်တွေ့လုပ်ခွင့် ရမယ်၊ ပြီးတော့..."

"ပြီးတော့ ဘာဖြစ်သလဲ"

"ပြီးတော့ သူ့ကို တခြားလူ ကုလို့တော့ ရမှာပဲ၊ ဒါပေမဲ့ သူ့ကို ကုသနိုင်ဖို့ သူများထက် တစ်ပန်းသာတဲ့ အခြေအနေ အခွင့်အရေးတစ်ရပ်ကို မမျှော်လင့်ဘဲ သက်ရထားတယ်၊ ဒါကိုတော့ ကိုမင်းလွင် နားလည်အောင် သက်ရှင်းပြလို့ ရမှာမဟုတ်ဘူး၊ ဒီတော့ သက်လုပ်ငန်း သက် ဆက်လုပ်ပါရစေ၊ သက်ရဲ့ လုံခြုံမှုအတွက် သက်အမြဲအဆင်သင့် ရှိပါတယ်"

ကိုမင်းလွင်က မသက်ရှိ၏ မျက်လုံးများကို စိုက်ကြည့်သည်။

www.burmeseclassic.com



သူ့ဆုံးဖြတ်ချက်ကို မိမိ ပြင်၍ရမည် မဟုတ်ကြောင်းကို သိမိ၏။

မသက်ရှိကလည်း ကိုမင်းလွင်ကို ပြန်ကြည့်နေမိသည်။

ကိုမင်းလွင် ကားလမ်းကို ကျောခိုင်းရပ်နေ၏။ ကိုမင်းလွင်ကို ကြည့်နေသော မသက်ရှိမှာ သူ့ပခုံးမှ ကျော်၍ ကားလမ်း တံတားဆီကိုပါ မြင်ရသည်။

တံတားနှင့် အတော်လှမ်းလှမ်း တစ်နေရာမှ လူတစ်ယောက်က သူတို့အား မတုန်မလှုပ် ငေးကြည့်နေသည်။ သို့သော် ထိုခဏမှာပင် လမ်းဘေးချောက်ထဲ ဆင်းပြေး၍ မီးရထားသံလမ်းကိုကျော်ကာ စပါးပင်တောထဲ၌ ပျောက်သွားသည်။

မသက်ရှိသည် အမှတ်မဲ့ မိမိပခုံးထက်ရှိ ကိုမင်းလွင်၏ လက်များကို ပုတ်ချဖယ်လိုက်ပြီး ထိုလူပျောက်သွားရာဘက် အလန့်တကြား ကြည့်မိ၏။

"ဘာလဲ သက်၊ ဘာတွေ့လို့လဲ"

ဤအခါတွင်မူ အဝေးလယ်တော၌ စပါးပင်တို့ထက် ခေါင်းတစ်လုံးသည်သာ ပေါ်လျက် လှုပ်ရှားဝေးသွားနေ၏။

"ဩော်... ဘာမှ မဟုတ်ပါဘူး၊ ဟို မီးရထားလမ်းပေါ် ဖြတ်ပြီး မြွေကြီးတစ်ကောင် ကျော်သွားလို့ပါ"

"မြွေကြီး– ဘယ်မှာလဲ သက်"

"မရှိတော့ပါဘူး၊ စပါးပင်တွေထဲ ဝင်ပျောက်သွားပြီ၊ ကဲ... လာ၊ ပြန်ကြရအောင်၊ နေဝင်တော့မယ်"

နှစ်ဦးသား ပြန်လာခဲ့ကြသည်။ အပြန်ခရီး၌ အလာမှာကဲ့သို့ စကားများများ ပြောစရာမရှိကြ။

အိမ်ကြီးသို့ ပြန်ရောက်သောအခါ ကိုမင်းလွင်သည် အတွင်းဝင်၍ ဦးမင်းခိုင်နှင့် ခေတ္တစကားပြောသည်။ ထို့နောက် ညစာ ထမင်းစား

BURMESE CLASSIC .com

www.burmeseclassic.com



ဖိတ်သည်ကို လက်မခံဘဲ ဗိုလ်တဲသို့ ပြန်သွား၏။

*

သီတင်းကျွတ်ပွဲတော်ရက်အတွင်း ခေတ္တနားနေခဲ့သော မိုးသည် အငြိုးနှင့် သဲသဲမဲမဲ ရွာချနေ၏။ လမိုက်ရက် ဖြစ်သဖြင့် ပိန်းပိတ်အောင် မှောင်နေသော ညကို ထိန်ထိန်ဝင်းစေမှု လျှပ်များပြက်ခိုက် မိုးခြိမ်းသံများ ဆူညံနေသည်။

မသက်ရီသည် မိမိ၏အခန်းရှိ စားပွဲ၌ အလုပ်များနေ၏။

နေ့ခင်းက မင်္ဂလာဆောင်ကိစ္စများနှင့် အလုပ်များနေသဖြင့် နံနက်ထကတည်းမှ သွားယူထားခဲ့သော စာများကို ယခုမှ ဖတ်ရသည်။

စာများသည် ပါမောက္ခတို့ထံမှ ဖြစ်သည်။ ဉာဏ်ပုဂ္ဂိုလ်ကြီးများက မသက်ရီ ဘာလုပ်ရမည်ကို အသေးစိတ် ညွှန်ကြားချက်များ ပို့ပေးသည်။ ညွှန်ကြားချက်များသာမက လိုအပ်လျှင်သုံးရန် တီအေတီ **(T.A.T)**နှင့် ရောရှား **(Rorschach)**ခေါ် စိတ်စမ်းသပ်ခြင်းဆိုင်ရာ ကိရိယာများကိုပါ ပို့ပေးကြသည်။ ပါမောက္ခကြီးများသည် ညွှန်ကြားချက်အဆုံး၌ သတိပေးချက် နှစ်ရပ်ကိုလည်း ရေးပေးလိုက်ကြသည်။ တစ်ချက်မှာ စမ်းသပ်ခြင်း ကိရိယာများ မည်မျှကောင်းသည်ဆိုစေ လေ့ကျင့် တတ်ပွန်ပြီးသော စိတ်ပညာရှင်၏ ကိုယ်တွေ့လက်တွေ့ စုံစမ်းမှတ်သားချက်များကို မမီသဖြင့် အစစ လေ့လာကြည့်မြင် နားထောင် စုဆောင်းရန်ဖြစ်သည်။ အခြားတစ်ချက်မှာ လိင်မတူသော စိတ်ကုသသူနှင့် ဝေဒနာရှင်တို့ ရင်ဆိုင်ရတတ်သည့် အခက်အခဲကို ထာဝစဉ် နှလုံးသွင်းရန် ဖြစ်သည်။

လိုအပ်သော စာအုပ်၊ စာတမ်း၊ မှတ်တမ်း စသည်များလည်း

BURMESE CLASSIC .com

www.burmeseclassic.com



ပါခဲ့သည်။

မသက်ရှိသည် ဝေဒနာရှင် ရာဇဝင် မှတ်တမ်းများ **(Case History)** ကို ပြန်လှန် ဖတ်ရှုနေသည်။ အထူးသဖြင့် ကမ္ဘာကျော် စိတ်ပညာရှင်ကြီး ပါမောက္ခ မော်တန်ပရင့်(စ်) **(Morton Prince)**၏ မစ္စဘိ(ချ်)အင်း(မ်) **(Miss Beauchamp)** ခေါ် ဝေဒနာရှင်တစ်ဦးနှင့် ပတ်သက်သော မှတ်တမ်း၊ ဒေါက်တာ ဘတ်(ချ်) **(DR, M, B, Buch)** ခေါင်းဆောင်သော သုတေသီတစ်သိုက်၏ ဝေဒနာရှင် မှတ်တမ်းများကို လေ့လာသည်။ မောင်ညိုမှိုင်း၏ ဝေဒနာရှင် မှတ်တမ်းများကို လေ့လာသည်။ မောင်ညိုမှိုင်းနှင့် ပတ်သက်၍ မိမိ ယနေ့အထိ စူးစမ်းလေ့လာ မှတ်သားထားချက်နှင့် အဆိုပါ မှတ်တမ်းများကို ယှဉ်ထိုးနှိုင်းချိန် စဉ်းစားသည်။

ည ဆယ့်တစ်နာရီထိုးမှ စားပွဲမှ ထလိုက်သည်။ အမှတ်မထင်ပင် ပိတ်ထားသော မှန်ပြတင်းမှ အပြင်သို့ ကြည့်မိ၏။

ဒေါကြီးမောကြီး ရွာပြီးသွားသော မိုးမှာ စဲသွား၍ တိမ်မည်းတို့ စင်စပြုသဖြင့် ညနက်မှ ထွက်သော လကွယ်လကျွေး၏ အလင်းရောင်သည် အားနည်း မှုန်ဝေစွာ ကျရောက်နေ၏။

မသက်ရှိသည် ကိုမင်းလွင်ကို ပထမသတိရမိ၏။ ထို့နောက် သူပြောသွားသော စကားများ။နောက်ဆုံး၌မူ မိမိတို့နှစ်ဦး စကားပြောနေခိုက် အဝေးမှ မတုန်မလှုပ် ရပ်ကြည့်နေပြီး ပြေးကွယ် ပျောက်သွားသည့် မောင်ညိုမှိုင်း။

ညစာကို ညိုမှိုင်း ဆင်းမစားခဲ့ချေ။ ညဦး မိုးရွာစက ခြံတွင်းမှ တယောသံ သဲ့သဲ့ကို ကြားမိသေးသည်။

မသက်ရှိသည် အနားယူရင်း စဉ်းစားနေခိုက် အရေးတကြီး အပေါ်ထပ်သို့ တက်လာသော ခြေသံများကို ကြားရ၏။ မရှေးမနှောင်းပင်

BURMESE CLASSIC .com

www.burmeseclassic.com



မိမိ၏တံခါးကို ခေါက်သံနှင့်အတူ ခေါ်သံပေါ်လာသည်။

"တူမကြီး တူမကြီး၊ တံခါး မြန်မြန်ဖွင့်စမ်းပါ"

ဦးမင်းခိုင်၏ အသံဖြစ်၏။

မသက်ရှိသည် လျင်မြန်စွာ တံခါးကို ဖွင့်လိုက်သည်။

အပြင်၌ ဦးမင်းခိုင်သည် ဦးအုံးလှိုင် စံကြူးတို့နှင့်အတူ ရပ်နေ၏။ စံကြူး၏ လက်ထဲတွင် မိုးရေနှင့် စိုနေသော တယောတစ်လက်ကို တွေ့ရ၏။

"ဘာဖြစ်သလဲ ဦးလေး"

မေးသာ မေးရသည်။ စံကြူး၏ လက်တွင်းမှ တယောကို မြင်၍ တစ်စုံတစ်ခုကို ကြိုတင်ရိပ်မိပြီးဖြစ်သည်။

"မောင်ညိုမှိုင်း မရှိတော့ဘူး"

"ရှင်..."

"မောင်ညိုမှိုင်း မရှိတော့ဘူး တူမကြီး၊ ထမင်းစားပြီး ဦးလေး စံကြူးနဲ့ မောင်မင်းလွင်ရဲ့ ဗိုလ်တဲကို သွားစကားပြောတယ်၊ ပြန်လာတော့ ခြံဝမှာ အဲဒီတယောကို တွေ့တယ်၊ ဒါနဲ့ သူ့အခန်း သွားကြည့်တော့ သူ မရှိတော့ဘူး၊ အခု ဦးလေးတို့ ထွက်ရှာမလို့"

မသက်ရှိသည် လျင်မြန်စွာ လှုပ်ရှားလာ၍ "နေဦး ဦးလေး၊ ကျွန်မပါ လိုက်မယ်"ဟု ဆိုကာ ကုတ်အင်္ကျီကို သွက်လက်စွာ ဝတ်သည်။

အောက်ထပ်၌ လူစုံနေသည်။ လက်နှိပ်ဓာတ်မီး၊ မီးအိမ်များလည်း အဆင်သင့်ရှိသည်။

မသက်ရှိသည် အစီအစဉ်များ ခွဲပေးသည်။

"မောင်စံကြူးရယ် ဦးလေးရယ် ဦးအုံးလှိုင်ရယ်က မြို့ထဲကို လိုက်ရှာပါ၊ ဂျစ်ကားကို ကျွန်မအတွက် ထားခဲ့ပါ၊ နိုဝယ်(လ်)နဲ့ ငြိမ်းခင်

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာမနဲ့ လိုက်ခဲ့ပါ”

ကားနှစ်စီးသည် ခြံတွင်းမှ ထွက်ခဲ့ကြသည်။

မသက်ရှိသည် ဂျစ်ကားကို ကိုယ်တိုင်မောင်း၍ မြို့၏တောင်ဘက်သို့ အပြင်းမောင်းခဲ့သည်။ မိနစ်ပိုင်းအတွင်း၌ မြို့အထွက် တံတားများဆီ ရောက်ခဲ့သည်။

ကားပေါ်မှ ဆင်းကြ၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ ဟိုသည် ရှာကြသည်။

မိုးမှာ ဖွဲဖွဲကျနေဆဲ ဖြစ်သည်။ ချောင်းရေမှာ တစ်ရှိန်ထိုး စီးဆင်းနေသည်။ မသက်ရှိတို့သည် တံတားအောက်သို့ဆင်းခဲ့၏။

“ဟိုမှာ ဆရာမ ဟိုမှာ”

ငြိမ်းခင်က အလန့်တကြား အော်သည်။ လက်နှိပ်ဓာတ်မီးရောင်၌ ချောင်းရေစပ် သဲသောင်ခုံဝယ် လူတစ်ယောက်သည် မတုန်မလှုပ် မှောက်ခုံလဲ ငြိမ်လျက်ရှိသည်။ သုံးဦးသားက သူ့ထံ ပြေးသွားကြသည်။

လက်နှိပ်ဓာတ်မီးရောင်၌ သတိလစ် မေ့မြောနေသော ညိုမှိုင်းကို တွေ့ကြရသည်တကား။

*

သတိလည်လာပြီးသော နောက်တစ်နေ့မှစ၍ ညိုမှိုင်းသည် အပြင်းဖျား၍ ဆရာဝန်နှင့် ကုသရသည်။

စိတ်ပညာ ဆရာမမှာမူ သူနာပြုဆရာ တစ်ဖန် ဖြစ်ခဲ့ရ၏။ သို့သော် ဤသို့ ပြုစုရခြင်းသည်ပင် မသက်ရှိအတွက် အဖိုးတန်လှသော အခွင့်အရေးကို ရသည်။

www.burmeseclassic.com



အဖျားတက်၊ သတိလွတ်နေစဉ်အတွင်း ညိုမှိုင်းသည် ယောင်ယမ်း ညည်းညူသည်။ မသဲမကွဲသော ဤယောင်ယမ်းချက်များမှ စကားနှစ်ရပ်ကိုမူ မသက်ရှိသည် သေသေချာချာ သတိထား မှတ်ယူရလိုက်၏။

"ထား...ထား"

လူနာသည် ဤစကားနှစ်လုံးကို လေသံသာသာနှင့် စတင် ရေရွတ် သည်။

"မှားတယ် မှားတယ်"

ဤစကားရပ်များကိုမူ ကြေကွဲဆို့နင့်စွာ အော်၏။

ညိုမှိုင်းသည် တစ်စုံတစ်ခုသော မချိမဆံ့ ဝေဒနာကို ခံစားရသည့်ပမာ ခုတင်ထက်၌ လူးလွန့်သည်။ ထို့နောက် ရှိုက်ကာ ရှိုက်ကာ ငိုသည်။

မသက်ရှိအတွက်မူ ဤစကားများမှာ အဖိုးမဖြတ်နိုင်သော သဲလွန်စ များတည်း။

"ထား "၊ "မှားတယ်"

ထားသည် မည်သူနည်း။ မှားသည်ဆိုခြင်းကို ညိုမှိုင်းသည် မည်သူ့အတွက် ရည်ညွှန်းပါသနည်း။ ထားဆိုသူ အတွက်လော၊ သူ့အတွက် လော။

ဤအတောအတွင်း ကိုဝင်းတင်ထံမှ ပြန်စာ ရောက်လာခဲ့သည်။ မိတ်ဆွေကောင်း ပီသသော ကိုဝင်းတင်သည် မသက်ရှိသိလိုသော မောင်မြင့်ဝေ၏အကြောင်းများကို တတ်နိုင်သမျှ စုံစမ်းစုပေါင်း၍ ရေးလိုက် သည်။ ဤမျှ စုံစမ်းစုပေါင်း ရေးထားသော်လည်း မိတ်ဆွေနည်း၍ အတွင်းရေးသိသူရှားသော မောင်မြင့်ဝေ၏အကြောင်းများမှာ မသက်ရှိသိပြီး တို့သည်ထက် ဘာမျှ ထွေထူး မပိုလွန်ချေ။ သို့သော် ကိုဝင်းတင်၏ စာ နောက်ဆုံးနား၌ မှတ်ချက်တစ်ရပ် ပါသည်။

www.burmeseclassic.com



"မောင်မြင့်ဝေမှာ မိတ်ဆွေနည်းပါးတယ် ဆိုပေမဲ့ မိန်းကလေး တစ်ယောက်နဲ့ ကျောင်းတုန်းက သူ ခင်ဖူးတာ ကျွန်တော်သတိရတယ်၊ ခင်တယ်ဆိုလို့ တပူးတွဲတွဲနေတာမျိုးတော့ မဟုတ်ဘူး။ တစ်ခါနှစ်ခါ စကားပြောနေတာ ကျွန်တော်တွေ့ဖူးတာပဲ။ ချစ်သူတွေတော့ ဟုတ်ဟန် မတူဘူး။ အဲဒီမိန်းကလေးဟာလဲ အခုဒီလောကမှာ မရှိတော့ပါဘူး။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က အိပ်ဆေးတွေ အသောက်လွန်လို့ ဆုံးသွားတယ် ကြားတယ်။ အဲဒီတုန်းက သတင်းစာတွေထဲမှာ ပါတာပဲ။ သူ့နာမည်က ထား...တဲ့"။

မသက်ရီသည် စာကို ဆုံးသည်နှင့် တစ်ပြိုင်နက် စာကြည့်ခန်းရှိ ဦးမင်းခိုင်ထံ ပြေးသည်။

"ဦးလေး ကျွန်မကို အဖြေနှစ်ခု အတိအကျ ပေးစမ်းပါ"

"ဘာအဖြေတွေလဲ တူမကြီး"

"တစ်က မောင်မြင့်ဝေနဲ့ဦးလေး၊ ဘယ်နှစ် ဘယ်လမှာ ပြန်တွေ့သလဲ၊ နှစ်က မောင်မြင့်ဝေ ဘယ်နှစ် ဘယ်လမှာ စာပေဗိမာန်က ပျောက်သွားသလဲ"

ဦးမင်းခိုင်သည် အံဆွဲတစ်ခုအတွင်းမှာ ဒိုင်ယာရီကို ထုတ်ယူကြည့် သည်။

"မောင်မြင့်ဝေကို ဦးလေး ၁၉၆၀ ခု၊ စက်တင်ဘာလ ၁၅ ရက်မှာ ပြန်တွေ့တယ်၊ မောင်မြင့်ဝေ ပျောက်သွားတာက သူ့ရုံးမတက်တဲ့ ရက်နဲ့ ချင့်တွက်ရင် ၁၉၅၈ ခု၊ ဒီဇင်ဘာလ ၁၀ ရက် ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ၁၁ ရက်နေ့ကစပြီး သူ ရုံးမတက်တာပဲ"

"ဦးလေး သတင်းစာဟောင်းတွေ ကျွန်မ ကြည့်ပါရစေ"

ဦးမင်းခိုင်သည် စာအုပ်စာတမ်း ပြုစုရာ၌ ကိုးကားရန် အင်္ဂလိပ်

BURMESE CLASSIC .com

www.burmeseclassic.com



သတင်းစာကြီး တစ်စောင်နှင့် မြန်မာသတင်းစာကြီးတစ်စောင်ကို နေ့စဉ် သိမ်းထားမှန်းသိ၍ မသက်ရှိက မေးခြင်းဖြစ်၏။

"တူမကြီး ဘယ်နှစ် ဘယ်လက ဟာကို ကြည့်ချင်သလဲ"

"၁၉၅၈ ခု ဒီဇင်ဘာလ အတွင်းက သတင်းတွေပဲ"

ဦးမင်းခိုင်သည် ဗီရိုကြီးတစ်ခုတွင်းမှ သတင်းစာများကို ထုတ်ပေးသည်။

မသက်ရှိက မြန်မာသတင်းစာများကို အရင် လှန်လှောရှာဖွေသည်။

ဒီဇင်ဘာလ ၁ ရက်၊ ၂ ရက်၊ ၃ ရက်၊ ၄ ရက်၊ ၁၀ ရက်။

မသက်ရှိသည် တစ်စောင်ပြီးတစ်စောင် အသေးစိတ် ရှာဖွေနေရာမှ ဒီဇင်ဘာလ ၁၁ ရက်နေ့ထုတ် သတင်းစာ စာမျက်နှာတစ်နေရာတွင် လိုရာ သတင်းကို တွေ့သည်။

"အိပ်ဆေးသောက် လွန်ခြင်း။ ကောလိပ်ကျောင်းသူ တစ်ဦးမှာ အိပ်ဆေးအသောက်လွန်၍ ဆေးရုံကြီးသို့ ရောက်ရှိလာရာ သတိပြန်လည် မလာဘဲ ၁၀-၁၂-၅၈ နေ့ ညဆယ့်တစ်နာရီ၌ သေဆုံးသွားကြောင်း။ ဖြစ်ပွားပုံမှာ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာ(က)တန်းသူ ထား အသက် ၂၀ သည်...။

မသက်ရှိနှင့်အတူ သတင်းကို ဖတ်ကြည့်နေသော ဦးမင်းခိုင်သည် နားမလည်ဟန် မော့ကြည့်သည်။

"ဘယ်လိုတုံး တူမကြီး"

မသက်ရှိက သတင်းတစ်နေရာကို ထောက်ပြသည်။

"ဒီမိန်းကလေးဆုံးတာက ၁၀-၁၂-၅၈ နေ့ည၊ မောင်မြင့်ဝေ စပျောက်သွားတာကလဲ ၁၀-၁၂-၅၈၊ သဘောပေါက်ပြီလား ဦးလေး"

ဦးမင်းခိုင်သည် သက်ပြင်းရှိုက်ရင်း ခေါင်းခါသည်။

www.burmeseclassic.com



"သဘောပေါက်သလိုလိုနဲ့ ပိုရှုပ်လာတယ်၊ ဟိုညကလဲ ကိုသစ္စာနဲ့ နွယ့်အကြောင်း တူမကြီး ပြောခဲ့တယ်၊ တူမကြီး လုပ်တာကိုင်တာ ကြည့်နေရတာ စုံထောက်ဝတ္ထုထဲကအတိုင်း ဖြစ်နေပြီ"

မသက်ရှိသည် သတင်းစာများကို နေရာတကျ ပြန်ထား၍ နေရာမှ ထကာ ဝန်ခံသည်။

"မှန်ပါတယ်၊ အတူတူပါပဲ၊ စုံထောက် တစ်ယောက်က ရာဇဝတ်မှု တစ်ရပ်ရဲ့ အခြေအမြစ်ကို ဖော်ဖို့ သဲလွန်စတွေ ရှာတယ်၊ ကျွန်မတို့က ရောဂါတစ်ခုရဲ့ အခြေအမြစ်ကို ဖော်ဖို့ သဲလွန်စကို ရှာတယ်"

ရက်တို့ တဖြည်းဖြည်း ကုန်ဆုံး၍ ညိုမှိုင်းမှာလည်း တစ်စစ ပြန်သက်သာ လာခဲ့သည်။

ညိုမှိုင်း ဖျားလိုက်သည့်အတွက် အဓိကရလိုက်သော အမြတ်မှာ မသက်ရှိနှင့် ပိုမိုနီးစပ် ခင်မင်လာခြင်းပင် ဖြစ်၏။

မသက်ရှိသည် အစားအစာများကို ကိုယ်တိုင်ကျွေးသည်။ ဆေးကို အချိန်မှန်မှန် ကိုယ်တိုင်တိုက်ပေးသည်။ နေ့ခင်းနေ့လယ်များ၌ သူ မပျင်းရန် ဝတ္ထုစာအုပ်များ ဖတ်ပြသည်။

သူ့မျက်နှာ၌ တွေ့စကရှိသော မာန်နှင့်ဟန်တို့ မရှိတော့။ သူ့စကား များကလည်း ယခင်ကကဲ့သို့ ပါမောက္ခမဆန်တော့။

ညအချိန်ကျ၍ မသက်ရှိသည် စောင်များကို လုံခြုံအောင် ဖိပေး ချပေးသောအခါတို့၌ သူသည် မသက်ရှိအား မျက်တောင်မခတ်ဘဲ ငေးငေးကြည့်နေတတ်သည်။ ဤအကြည့်မှာ မိခင်အား ကြည့်သော အားငယ်သည့် ကလေးတစ်ယောက်၏ အကြည့်နှင့်တူသည်။

တစ်ခါတစ်ရံ သူက အိပ်ရာထက် ပက်လက်လှန်၍ လှဲနေခိုက် မသက်ရှိသည် ဘေးမှထိုင်လျက် ထွေရာလေးပါး စကားထိုင်ပြောနေ

BURMESE CLASSIC .com

www.burmeseclassic.com



တတ်၏။ မသိသူများ အနေနှင့် သာမန်စကားပြောခြင်း ထင်မည်ဖြစ်သော်လည်း မသက်ရှိသာ ဤအခိုက်အတန့်သည် မည်မျှအရေးကြီးကြောင်း နားလည်သည်။ ဤသို့ အမှုမဲ့ အမှတ်မဲ့ ပြောကြရင်းမှ မသက်ရှိက ညိုမှိုင်း၏ မသိစိတ်၌ ဖုံးလွှမ်းနေသည်တို့ကို ဖော်မိရန် ကြိုးစားသည်။

ညိုမှိုင်းမှာ မိမိ၏နောက်ကြောင်းကို တစ်စတစ်စ မသိမသာ ပြန်ပြောလာသည်။ ခက်သည်မှာ သူ ပြန်ပြောနိုင်သော နောက်ကြောင်းသည် ဆေးရုံထက် သူ အဖျားဒဏ်နှင့် လဲနေရာမှစသည်။ သည်ထက်လွန်၍ သူ ဘာမှမသိ။

သို့ဖြင့် သီတင်းကျွတ် ကျောင်းပိတ်ရက်များ ကုန်လု၍ မသက်ရှိ ပြန်ရမည့်ရက် နီးကပ်လာခဲ့၏။

ဤပြန်ခါနီးကျမှ သူ့ဘဝဟောင်းကို မမျှော်လင့်သောနည်းနှင့် မသက်ရှိ သိလေခဲ့ရသည်တကား။

*

www.burmeseclassic.com

(၈)

နှောင်းမိုးသည် နှုတ်ဆက်ပွဲအဖြစ် သုံးရက် မစဲအောင် ရွာပြီးလျှက်က တဖွဲဖွဲစွေကျနေသည်။

မသက်ရှိသည် အလုပ်စားပွဲ၌ ထိုင်၍ တီအေတီနှင့် ရောရှား စမ်းသပ်ချက်များကို ညိုမှိုင်း ဖြေထားပုံများကိုလည်းကောင်း၊ မိမိမေးမြန်း သိရှိရချက်များကို လည်းကောင်း အခြေပြု၍ ညိုမှိုင်း၏ စိတ်ရောဂါ ရုပ်ပုံလွှာကို ဖော်ကြည့်သည်။

မိမိအတွက်မူ ရှင်းနေပေပြီ။ သို့ရာတွင် အဓိက အရေးကြီးသည်မှာ ကာယကံရှင်သည် ကိုယ့်ဘဝ ကိုယ် အမှန်သိရေးတည်း။

ည ၁၀ နာရီထိုးမှ ဇက်လေးလာသဖြင့် နေရာမှထကာ ပြတင်းဝ၌ ရပ်လျက် မိုးနံ့သင်းသောလေကို ရှူရှိုက်နေမိသည်။

ဆန်းစ တန်ဆောင်တိုင် ငွေလမှုန်မှုန်လက်သော ညဖြစ်သောကြောင့် လယ်ကွင်းများနှင့် တောင်တန်းကို ရေးရေးမြင်ရသည်။

သာယာသော ဩရှူကွင်းနှင့် ဩအိမ်ကြီးမှခွာ၍ မိမိပြန်ရတော့မည်။

ဩသည်ကို သတိရကာမှ ဩအိမ်ကြီးအပေါ် မိမိ သံယောဇဉ် တွယ်နေမိပြီကို သိရ၏။ ထိုခဏ၌ပင် စိတ်ဆရာမ မသက်ရှိသည်

BURMESE CLASSIC .com

www.burmeseclassic.com



တုန်လှုပ် ချောက်ချားသွားမိ၏။

"သက်ရဲ့ အသည်းနှလုံးက ခံစားတတ်ပါတယ် ကိုမင်းလွင်"

သည်တုန်းက အမှုမဲ့ပင် ပြောခဲ့သည်။ ယခုမူ ခံစားတတ်သော အသည်းနှလုံးကြောင့် မသက်ရီ တုန်လှုပ်ချောက်ချားရသည်။

မသက်ရီသည် ပြတင်းမှခွာလျက် စန္ဒရား တီးမည်ဟု အောက်ထပ်သို့ ဆင်းခဲ့သည်။

ထိုအခါကျမှ ပိတ်ထားသည့် လုံခြုံသော တံခါးကြောင့် မကြားရသော တယောသံ တိုးတိုးကို ညင်ညင်သာသာ ကြားရသည်။

ညိုမှိုင်းက စာကြည့်ခန်း ဆိုဖာတစ်လုံးထက် ထိုင်ရင်း သတိလွတ်သူပမာ ဟန်နှင့် တယောကို အသံခေါ်ရာ မျှောလိုက်ထိုးနေသည်။ အသံခေါ်ရာဆိုသည်မှာလည်း ရင်တွင်းဝေဒနာ၏ ဦးဆောင်ရာ ဖြစ်ပေလိမ့်မည်။ တယောသံတို့မှာ စိတ်ရှုပ် ညစ်ညူးသူတစ်ဦး၏ အလိုမကျရေရွတ် ညည်းညူသံ ပေါ်နေ၏။

မသက်ရီကို မြင်သော် သူသည် တယောကို ချလိုက်လျက် မျက်တောင်မခတ် မော့ကြည့်ပြီး ငြိမ်သက်နေ၏။

"ဪ မောင်ညိုမှိုင်း၊ မအိပ်သေးဘူးလား"

သူက ရုတ်တရက် မဖြေသေးဘဲ အပြုံးနှင့်အမဲ့ မကွဲပြားသော မျက်နှာလှုပ်ရှားမှု တစ်ခုပြုရင်း ခေါင်းကိုခါသည်။

"ဘယ့်နှယ်လုပ် အိပ်မလဲ၊ အိပ်လိုက်ရင် အခြေအနေတွေ ပိုဆိုးကုန်မှာပေါ့ မမရီ၊ မဟုတ်ဘူးလား၊ အိပ်ခါမှ အိပ်မက်ထဲမှာ စာထဲကအကြောင်းတွေ ကိုယ့်လာ ဖြစ်နေရင် ငိုနေရဦးမယ်၊ ရှာနေရဦးမယ်၊ ဘယ်လောက် ပင်ပန်းရဦးမလဲ"

သူက စိတ်ထိခိုက်ဟန် ပြောနေ၍ မသက်ရီက အသာနားထောင်

BURMESE CLASSIC .com

www.burmeseclassic.com



နေ၏။

“ဟုတ်တယ် အိပ်မက်ဆိုတာမျိုးဟာ ကောင်းကို ကောင်းတာမျိုး မဟုတ်ဘူး၊ မက်ပြီဆိုရင် ငိုရပါပြီ၊ ရှာရပါပြီ”

သူက စိတ်ပျက်လက်ပျက်နှင့် ခေါင်းတခါခါ လည်တခါခါ ဆိုနေခိုက် မသက်ရှိ၌ သတိဝင်လာသည်။

“မောင်ညိုမှိုင်းက အိပ်မက်ထဲ ဘာတွေရှာပြီး ဘာတွေကြောင့် ငိုရသလဲ”

သူက မျက်မှောင်တစ်ချက်ကြုတ်ကာ မသက်ရှိအား ကြည့်လိုက်သည်။

“အဲဒါ မသိလို့ ခက်နေတာပေါ့၊ ဒါကြောင့် ပြောတာ၊ အိပ်မက်ဆိုတာမျိုးဟာ ကောင်းတာမဟုတ်ဘူး”

မသက်ရှိသည် အသာပြုံးလျက် စကားကို လှီးလွှဲမေးရပြန်သည်။

“ခုနင်က မောင်ညိုမှိုင်းပြောတဲ့၊ စာထဲက ဟာတွေဆိုတာ ဘယ်စာထဲကလဲ”

သူက တိုက်ရိုက်အဖြေမပေးဘဲ အနီးရှိစားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို လှမ်းဆွဲယူလိုက်၏။

“စာရေးဆရာတို့ ကဗျာဆရာတို့တွေဟာ စင်စစ်တော့ အိပ်မက်သမားတွေပဲ၊ သူတို့တွေ့ကရာ အိပ်မက်လျှောက်မက်တာက ကိစ္စမရှိဘူး၊ သူတို့အိပ်မက်တွေကို လျှောက်ဖတ်မိတဲ့ လူသားခများတွေ ဘယ်လောက်တုန်လှုပ်ချောက်ချားရတယ်ဆိုတာ သူတို့သိကြဖို့ကောင်းတယ်၊ ဟောဒီမှာ မမရှိ၊ ကျွန်တော်ဖတ်ပြမယ်”

သူက စာအုပ်ကို ဖွင့်ရင်း စာတစ်ပိုဒ်ကို ဖတ်သည်။

“မြိုင်ယံတင့်မော၊ ရွက်ရင့်လျှောက၊ တောလည်းမှောင်မှောင်၊ တောင်လည်းခွေခွေ၊ ရေလည်းလျှမ်းလျှမ်း၊ စမ်းလည်းစိမ့်စိမ့်၊ ငြိမ့်ရရိမ့်တည့်၊

BURMESE CLASSIC .com

www.burmeseclassic.com



မနိမ့်မမြင့်၊ ဆင့်ရရင့်တွင်၊ ခပ်ဖြင့်စုံကျယ်၊ ရဂုံလယ်၌၊ ဘယ်လောက်များ လွှမ်းဖွယ်ကောင်းလိုက်ပါသလဲ မမရီရယ်၊ တောပန်းတောင်ပန်းတွေ ဆန်းကြယ်နေပုံကလဲ ကြည့်စမ်း "သာနိုးကံ့ကော်၊ ပျံ့ပျံ့ကျော်သည်၊ ရွှေလှော်ပိတောက်၊ မြေပေါ်မောက်မျှ၊ ပင်ပေါက်ဖွားရှ၊ စုံရတုဝယ်၊ ငုံနှင့်ငုံရင့်၊ ပုံလျက်ပွင့်သား"တဲ့။

သူက စိတ်ပါလက်ပါ ဖတ်ပြနေခိုက် မသက်ရီက စာအုပ်ကို အသာ လှမ်းကြည့်မိ၏။ မင်းလှ ရာဇကျော်ထင် စပ်ဆိုအပ်သော စန္ဒကိန္နရီပျို့တည်း။ ဤစာတို့ကို ဖတ်၍ ညိုမှိုင်းသည် မည်သို့မည်ပုံ ရင်၌ ခံစားနေရှာပါသနည်း။

"ဒါတွေဟာ အိပ်မက်နိုင်ငံရဲ့ အဆန်းတကြယ် အံ့ဖွယ်အလှအပ တွေပါ မမရီရယ်၊ ဒီတင့်မောတဲ့ စုံမြိုင်လယ်မှာ "လအရေးလို၊ မြသွေးခိုသည်၊ နဂိုန္ဒဲ့န္ဒဲ့၊ နာဂသွဲ့တွင်၊ မဲ့မစွန်းပြောက်၊ သွန်း၍လှောက်သို့"လို့ အံ့လောက်တဲ့ အလှရှင် ကိန္နရီ ခင်နဲ့ သူ့ကြင်ရာတို့ သမုဒယ ချဲ့ကြပုံလေးတွေ ဘယ်လောက်များ ကြည်နူးစရာကောင်းလဲ ကြည့်စမ်းနော်"

သူက လှိုက်လှိုက်လှဲလှဲနှင့် စာအုပ်ကို ဖတ်ချည် ရှင်းပြချည်နှင့် ပြုနေရာ မသက်ရီပင် စိတ်ဝင်စားလာ၏။

"ဆယ်ဆဆင့်နှောင်၊ မယ်နှင့်မောင်တို့၊ တောင်ဟိမဝါ၊ တက်စဉ် ခါလည်း၊ မောင်သာတစ်ဖက်၊ မယ်တစ်ဖက်နှင့်၊ ရွှေလက်ဆွဲကိုင်း၊ နွဲ့ကာယိုင်၏။ မုခ်လိုဏ်ဂူဝ၊ တူရောက်ကြသော်၊ သူကရှေ့ဝင်၊ နန်းလေ့ သွင်ဖြင့်၊ မယ်လျှင်နောက်က ပါနေကျတည့်တဲ့၊ ကြည်နူးစရာ အဖြစ်ပါ မမရီရယ်၊ ဒါပေမဲ့ မမရီ"

သူက ခေတ္တ နားလိုက်၏။ ထိုနောက် ဆွေးဆွေးမြေ့မြေ့ ဆက်ပြောပြန်သည်။

"ကြည်နူးမှု သာယာမှုဟာသာ ဘဝတွက် တောင့်တအပ်တဲ့

BURMESE CLASSIC .com

www.burmeseclassic.com



ဆုမွန်တွေပါ မမရီရယ်၊ ဒါပေမဲ့ ဒီစာရေးဆရာက ဒီလောက် ကြည်နူးအောင် သာယာအောင် ဖော်ပြပြီးမှ ကြေကွဲစရာကို ဘာကြောင့် တင်ပြရပြန်ပါသလဲ၊ ကြည့်ပါဦး။

"ချစ်ရည်မပြယ်၊ ဆွေသည်မယ်နှင့်၊ ကြည်ဖွယ်မရဲ၊ လည်ဝယ်ဆွဲလျက်၊ မခွဲဘူးပါ၊ သည်တစ်ခါဝယ်၊ သောင်သာစဲစ၊ သဲလွလွဌ်၊ ကွဲရတော့မည်"

သူ့အသံက တိမ်ဝင်သွားသည်။ ထို့နောက် စာအုပ်ကို ပစ်ချကာ လမ်းလျှောက်ရင်း ညည်းညူနေ၏။

"သောင်သာစဲစ၊ သဲလွလွဌ်၊ ကွဲရတော့မည်"

မသက်ရီက သူ့အား တစ်ချက်ကြည့်ရင်း စန္ဒရားခုံ၌ ဝင်ထိုင်ကာ အဖုံးကိုဖွင့်လျက် အသံကိုစမ်းသည်။ သူက နားမလည်သယောင် ကြည့်နေပြန်၍ အသာပြုံးရင်း စကားဆိုရသည်။

"ကြည်နူးမှု သာယာမှုတွေကိုသာ တောင့်တကြတဲ့ လူသားတွေ အနက်က လူတွေပဲဖြစ်တော့ စာရေးဆရာတွေ ကဗျာဆရာတွေဟာ ညို့မှိုင်းတဲ့ အလွမ်းကို ဘယ်မှာလာ စပ်ဆိုချင်ပါ့မလဲ မောင်ညိုမှိုင်း၊ ဒါပေမဲ့ မောင်ညိုမှိုင်း တစ်ခါက ပြောခဲ့သလို လူ့ဘဝဆိုတာဟာ မိုးညရဲ့ တိမ်တိုက်တွေပမာ ညို့ညိုမှိုင်းတဲ့ သောကအငွေ့ ဒုက္ခခလေ့တွေနဲ့ ပြွမ်းနေတာမို့ စာပေနဲ့ သောက ဒုက္ခ သဘောတွေဟာ ဘယ်လို လွတ်ကင်း နိုင်ပါ့မလဲကွယ်၊ စာရေးဆရာတွေ ကဗျာဆရာတွေဟာ ဒီသောက ဒုက္ခတွေကို တေးဖွဲ့ရင်း သောကဒုက္ခတို့ ကင်းရာ ငြိမ်းရာ ချုပ်ရာ ချမ်းသာခြင်းကို ရှာဖွေကြတယ်ဆိုရင်ကော အပြစ်တင်ဦးမှာလား၊ မမရီ သီချင်းတစ်ပိုဒ် တီးပြမယ် နားထောင်စမ်း၊ သောက သမုဒယ တေးပါပဲကွယ်၊ ဒါပေမဲ့ အဲဒီသောက သမုဒယဝဋ်နှောင် အမှောင်နောက်

BURMESE CLASSIC .com

www.burmeseclassic.com



ဆွယ်က အလင်းရောင် သဘောကိုလဲ မျှော်မှန်းကြည့်ကြရအောင်”

မသက်ရီက စန္ဒရားကိုတီးသည်။ တီးမိပြန်သည်မှာလည်း ဟောဝန်စုံမြိုင် ကိန္နရာချောင်းခြားကြီး ပတ်ပျိုးသာတည်း။ တီးမိပြန်တော့လည်း ဘဝကို ခေတ္တမေ့ကာ ဂီတဆောင်ရာ လွမ်းဖွယ့်နယ်ပယ်သို့ ပါမိလေသည် တကား။

“မာလာစုံထဲ၊ ပျော်ဖို့ရွှေမြိုင်၊ သင်းထုံနံ့ကြိုင်တယ်လေ၊ ပန်းဝတ်ကယ်လှိုင်၊ **x x x** သဇင်ခိုင် ယူကုံးလို့ ဘုန်းမိတဲ့ ခင်**x x x**”

အပြင်ဘက်တွင်မူ လရောင်မှုန်မှုန်ဝယ် မိုးဖွဲတို့ ရေးရေးလက်လက် ကြဲလျက်ကျကာ ရှိနေ၏။

မသက်ရီကမူ စိတ်ပါလက်ပါ ဆိုတီးရင်း တစ်ပိုဒ်မှတစ်ပိုဒ် ကူးပြောင်းလာမိသည်။

“ခိုသန်းရီဖြာ၊ ဆင်မိလ္လာနှင့်သာ၊ မြလွှာတိမ်ရိပ်ညို...”

ညမှာ ဂီတသံနှင့် မိုးပေါက်သံတို့မှတစ်ပါး ဆိတ်ညံ့ငြိမ်သက်နေ၏။

“ရဂုံစုံပေါင်း၊ ထုံနံ့ပေါင်းသလေလေ...၊ သောင်ကမ်း... သောင်ကမ်း...၊ ဒီပါဘွေလယ်၊ ကျွန်းပတ်လို့ နိုင်ငံမြေဝယ်၊ ရှာတယ် ရှာတယ် မောင်နှံ၊ ရေးဆုံကြ ဖူးရွှေစာကံ၊ နတ်ဟန်ချစ်တူ...ကိန္နရာ၊ ချောင်းညိုမြ၊ ရေယဉ်သီတာ၊ ကွဲပြန်ရ၊ ရေးဝဋ် ဖန်လာ...”

မည်မျှ စိတ်ပါဝင်စားစွာ ဆိုတီးနေသည်မသိ၊ မိမိ၏လက်များပေါ် တစ်စုံတစ်ယောက်က အုပ်ဆုပ်ကိုင်ကာထားလိုက်သဖြင့် မသက်ရီမှာ ရပ်လိုက်ရ၏။

ညိုမှိုင်းက ကြမ်းပေါ်တွင် ဒူးထောက်ရင်း မသက်ရီ၏ လက်များကို ဆုပ်ကိုင်ထားသည်။

“ရပ်လိုက်ပါ မမရီရယ်၊ ကျွန်တော့်ကို သနားရင် ဒီသီချင်းကို

BURMESE CLASSIC .com

www.burmeseclassic.com



ရပ်လိုက်စမ်းပါ”

သူက တောင်းတောင်းပန်ပန်ပြောကာ နေရာမှ လေးပင်စွာ ထလျက် ပြတင်းဝတွင် မတုန်မလှုပ် သွားရပ်နေသည်။

“မောင်ညိုမှိုင်း”

ခေါ်ရင်း မသက်ရှိကလည်း သူ့နား ချဉ်းကပ်မိသွား၏။

သူကမူ လွမ်းဆွတ်စွာဖြင့် ငွေပွင့်ပန်းပွားတို့ ဖွားဖွားကျရာ ညို့မှိုင်းသည့် လေဟာပြင်အား ငေးကြည့်နေသည်။ ထိုစဉ် လေငှေ့သဖြင့် အေးမြသော ရေပွင့်ရေစက်တို့ စဉ်ပက်ဝင်လာ၏။

“ဘာကြောင့်ဒီသီချင်းကို ဆိုရသလဲ ဟင်...မမရီ၊ ဘာတဲ့ ချောင်းညိုမြ ရေယဉ်သီတာ၊ ကွဲပြန်ရ ရှေးဝင့်ဖန်လာ တဲ့၊ ဟုတ်လား”

သူက သူ့ကိုယ်သူ ပြောဟန် ညည်းနေ၍ မသက်ရှိက သူ့ မျက်နှာအား ထိတ်လန့်တကြား မော့ကြည့်လိုက်သည်။

အလင်းရောင် ဖျော့ဖျော့ဝယ် ချောမော ညှိုးငယ်သော သူ့မျက်နှာ ပြင်၌ ပြင်းထန်သော စိတ်ထိခိုက်မှုကို မြင်နေရ၏။ မသက်ရှိ၏ ရင်၌ အမည်မဖော်နိုင်သော ဝေဒနာတစ်ရပ် ခံစားမိကာ စိတ်မှတ်မဲ့ သူ့လက်မောင်း ကို တယုတယ ဆွဲကိုင် ဆုပ်ထားမိသည်။

“ကြည့်စမ်းပါ မမရီရယ်၊ မိုးတွေ ရွာပြီ ဆိုရင် ဒီပြတင်းဝနားရပ်ပြီး ကျွန်တော်နေတတ်တယ်၊ မိုးမြူတွေက ဝေးကွာသော မှုန်မှေးခြင်းသရုပ်ကို ဘယ်လိုဆောင်ဆောင် ကျွန်တော့်အနားမှာ မမရီရှိတယ်၊ ဒါကို ကျွန်တော် သိတယ်၊ ဒါပေမဲ့ တစ်နေ့ကျရင်...တစ်နေ့ကျရင် မမရီနဲ့ ခွဲခွာသွားရဦးမယ်၊ အို...ကွဲခဲ့ရတယ်၊ ခွဲခဲ့ရတယ်၊ ကွဲရ ခွဲရပြန်တယ် ဆိုရင် ရှာရပြန်တယ် ငိုရပြန်တယ်”

သူက ရင်မှ ပေါက်ကွဲမှုဒဏ်အား မခံရပ်နိုင်ဟန်နှင့် မသက်ရှိ

BURMESE CLASSIC .com

www.burmeseclassic.com



လက်တွင်းမှရှန်းကာ ထွက်ပြေးသည်။ သတိထားနေမိသဖြင့် မသက်ရှိက သူ့နောက်သို့ ပြေးလိုက်ကာ ဆွဲထားရ၏။ ဒီတော့မှ သူက ဆိုဖာတစ်ခုထက် ကိုယ်ကို ပစ်လှဲကာ မျက်နှာမှောက်၍ ချုံးပွဲချ ငိုကြွေးသည်။

ပထမမူ မသက်ရှိမှာ ကြောင်၍ ရပ်နေခဲ့သည်။ ခဏမှာပင် ဒေါက်တာသည် မိမိ အလ,လ ဖော်မရသော ဝေဒနာ၏အစကို နင်းမိပြီဖြစ်ကြောင်း သဘောပေါက်လာလေသည်။ ဘာမျှ မပြောမိ။ တုန်လှုပ်သော ရင်နှင့်သာ သူ့အား ငေးကြည့်နေမိသည်။ ငေးကြည့်နေမိစဉ် မိမိရင်၌ ဖြစ်ပေါ်မိသော ကရုဏာ၏ အတိုင်းအဆကိုမူ ဒေါက်တာသည် ဆန်းစစ် မကြည့်မိ။

သူက အတန်ကြာသော် မသက်ရှိအား မော့ကြည့်သည်။ မျက်လုံးများ၌ မျက်ရည်များ ခိုတွဲနေသော်လည်း မျက်နှာမှာ တည်ငြိမ်နေ၏။

"မမရှိကို ပြောစမ်း မောင်ညိုမှိုင်း၊ မမရှိမောင် ဘာဖြစ်သလဲ၊ ဘာတွေဖြစ်ခဲ့သလဲ"

သူက မသက်ရှိအား ကလေးငယ်သဖွယ် မော့ကြည့်ပြန်၍ "ကျွန်တော် ဘာတွေပြောရမလဲ"ဟု မေးသည်။

"မောင်ညိုမှိုင်းမှာ ပြောစရာတွေရှိပါတယ်၊ ဒါကို မမရှိသိတယ်၊ ပြောလေ မောင်လေး"

သူက မော့ကြည့်ပြန်သည်။ နှုတ်ခမ်းများက လှုပ်နေသော်လည်း အသံက ပေါ်မလာ။

"ပြောလေမောင်၊ ဥပမာ...ငယ်ငယ်ကလေး၊ ပြီးတော့ အခုလိုပဲ မိုးတွေရွာနေတယ်၊ ပြောတော့ ဆက်ပြောတော့"

သူက မိုးရွာနေသော အပြင်ဘက်အား လှမ်းကြည့်လိုက်သည်။ နောက် တစ်လုံးချင်း ဖြည်းဖြည်း စပြောသည်။

BURMESE CLASSIC .com

"ကျွန်တော်ငယ်ငယ်က မိုးတွေရွာနေတယ်၊ ဟုတ်တယ်၊ မိုးတွေရွာနေတယ်၊ အိမ်ရှေ့ခန်းက ကွပ်ပျစ်ပေါ်မှာ ကျွန်တော်တစ်ယောက်တည်း လိုမ့်ပြီး ငိုနေတယ်၊ အဲဒီ ည ဟာ... အဲဒီ ည ဟာ..."

သူက ထစ်ငေါ့ရပ်သွားသည်၊

"ပြောလေ မောင်ညိုမှိုင်း၊ အဲဒီညဟာ ဘယ်ညလဲ၊ ပြောစမ်း"

သူ့ခေါင်းက စိုက်ကျသွား၏။ ထိုနောက် တိုးတိုး စပြောသည်။

"အဲဒီညဟာ မေမေ နောက်အိမ်ထောင်ပြုတဲ့ ည၊ ဟုတ်တယ် ဖေဖေ မရှိတော့ဘူး၊ ကွပ်ပျစ်ပေါ်မှာ ကျွန်တော်ငိုနေခဲ့တယ်၊ ကျွန်တော့်ကို ချော့မယ့် အားပေးမယ့်လူ တစ်ယောက်မှ အနားမှာ မရှိဘူး၊ မိုးတွေက ရွာပြီး လရောင်ရှိနေတယ်၊ ဖားအော်သံတွေနဲ့ ပုစဉ်းအော်သံတွေ ကြားနေရတယ်၊ ကျွန်တော်က တိတ်တိတ် အိပ်ရာက ထတယ်၊ ဘယ်သူတွေမှ မသိအောင် ထွက်ပြေးချင်တယ်၊ တတ်နိုင်ရင် ကျွန်တော် တစ်နေရာရာမှာ ဘယ်သူကမှ မသိတဲ့ လူသစ်လေးတစ်ယောက် ဖြစ်နေချင်တယ်၊ ဟုတ်တယ် ကျွန်တော်ထွက်ပြေးတာပဲ၊ မိုးထဲလေထဲမှာ ထွက်ပြေးတာပဲ၊ နောက်သူတို့က ပြောကြတယ်၊ မနက်မှာ ကျွန်တော့်ကို မြို့ပြင်ချောင်းက တံတားထိပ်မှာ မေ့လဲနေတာတွေ့လို့ ပြန်ခေါ်လာခဲ့ကြသတဲ့"

သူက အမှတ်ကောင်းစွာ ရလာဟန် တစ်လုံးချင်း ပြောနေသည်။ ပြောရင်းလည်း စိတ်ထက်သန်လာဟန် ပြ၏။

"ကလေးဘဝမှာ ကျွန်တော် မပျော်ခဲ့ပါဘူး၊ မေ့လဲနေတဲ့ ကျွန်တော့်ကို တွေ့သူတွေဟာ ကြင်နာတတ်တဲ့ တစ်ကျွန်းတစ်မြေ လူတွေဖြစ်ရင် သိပ်ကောင်းမှာပဲ ထင်မိတယ်၊ ကျွန်တော်ကြီးလာတဲ့အထိ ခဏ ခဏ ဒီစိတ် ပေါက်မိတယ်၊ နောက် ကောလိပ်ရောက်လာတယ်၊ ကောလိပ်ရောက်တော့"

www.burmeseclassic.com



သူက ရပ်သွားပြန်သည်။

“ကောလိပ်ရောက်တော့ ဘာဖြစ်လဲ မောင်ညိုမှိုင်း”

သူက ကြေကွဲစွာ ပြုံး၏။

“ကောလိပ်ရောက်တော့ ထား ကိုတွေ့တယ်၊ ထားနဲ့ တွေ့တဲ့အချိန်မှာ လောကကို ကျွန်တော် ခံမင်ရကောင်းမှန်း သိလာတယ်၊ ထားက ကျွန်တော့်ပေါ် သိပ်ကြင်နာတယ်၊ ထားနဲ့ ကျွန်တော် စာကြည့်တိုက်မှာ စာကြည့်ရင်းဆုံရာက ခင်သွားတာပဲ၊ ဒါပေမဲ့ ထားက မြို့ထဲက ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်ပြီး ကျွန်တော်က ဖောင်တိန်အကောင်းစားတောင် ဝယ်မကိုင်နိုင်တဲ့ ဘဝ”

သူက ဆွေးဆွေးမြေ့မြေ့ ဝန်ခံသည်။

“ထားနဲ့ ကျွန်တော့်ကြားမှာ ခြားနားထားတဲ့ ဂုဏ်ဒြပ် ချောက်ကမ်းပါးကြီး ရှိတယ်၊ ဒါပေမဲ့ တစ်နေ့တစ်ချိန်မှာ တစ်နည်းနည်းနဲ့ ကျွန်တော်ဟာ ထားနဲ့ သံသရာရှည်သမျှ အတူလျှောက်ကြရမယ် ယုံစားမိတယ်၊ ဒါကို ကျွန်တော် ထားသိအောင် ဖွင့်မပြောခဲ့ဘူး၊ ဖွင့်မပြောပေမဲ့ ထားကောင်းကောင်း သိပါတယ်”

သူက သက်ပြင်း ရှိုက်လိုက်၏။

“ကျွန်တော် ဘီအေအောင်ပြီး အလုပ်ရစ မိုးကုန်ခါနီး မေမေဆုံးတယ်၊ ကျွန်တော် မြို့ကို ပြန်သွားတယ်၊ မြို့ရောက်ရင်ပဲ ကျွန်တော်ဟာ စိတ်ပြန်ပြီး ထိခိုက်လာတယ်၊ အသုဘပြီးတဲ့ညမှာ ကျွန်တော် ငယ်ငယ်က အိပ်လေ့ရှိတဲ့ ကွပ်ပျစ်ပေါ်မှာ ညသိပ်နက်တဲ့အထိ ထိုင်နေမိတယ်”

သူက စကားကို ရပ်ကာ အပြင်ဘက်သို့ ငေးမျှော်ကြည့်လိုက်၏။

“အခုလိုပါပဲ၊ ညဟာ ဖြူဖပ်ဖြူရော် မှုန်ရီ မှုန်လဲ့နဲ့၊ မိုးက သည်းသည်း ရွာရင် ကောင်းလေသား၊ ဒါပေမဲ့ အားနည်းတဲ့ လရောင်ဟာ

BURMESE CLASSIC .com

www.burmeseclassic.com



သွေးဆုတ်သလို ဖျော့တော့နေတုန်း မိုးဖွဲတွေက ဖွားဖွားကျနေတယ်၊ လျှပ်လဲမပြက် လေလည်း မပြင်းပေမဲ့ သစ်ပင်တွေကတော့ ညည်းညူတယ်၊ ဒီ ညည်းညူသံ တွေနဲ့ ဖားအော်သံတွေဟာ ဆူညံမှု မပေးတဲ့အပြင် ညရဲ့ တိတ်ဆိတ်ခြင်းကို ပိုလေးနက်အောင် သတိပေးသလို ဖြစ်နေတယ်၊ ကျွန်တော်က ချမ်းချမ်းအေးအေးမှာ လှုပ်ရှားနေတဲ့ မြေကျသစ်ရိုပ်တွေကို ငေးကြည့်ရင်း တဖြည်းဖြည်းနဲ့ စိတ်ချောက်ချားလာတယ်၊ ငယ်စဉ်ကလေး ဘဝက တစ်ည ခံစားရတဲ့ အားငယ်စိတ် စိုးရိမ်စိတ်တွေ ဝင်လာတယ်၊ စိတ်ထဲမှာ မှိုင်းနေတဲ့မိုးကြီးက နိမ့်နိမ့်ဆင်းလာပြီး ညရဲ့ ဖြူရော်ခြင်းဟာ ကျဉ်းကျဉ်းပြီး ကျွန်တော့်ကို တွန်းညှပ်ဆို့ပိတ်လာတယ် ထင်မိပြီး သတိ လွတ်သွားတယ်၊ ကျွန်တော်သတိရတော့ ကျွန်တော်ငယ်ငယ်က ရောက်ခဲ့ တယ်ဆိုတဲ့ တံတား ဘေးကို ဘယ့်နှယ် ဘယ့်နှယ် ရောက်နေပြန်မှန်း မသိဘူး၊ အိပ်ရာက လန့်နိုးစ အိပ်မက်ထဲ ကြားရတဲ့ မကွဲပြားသော ညည်းညူတေးဆိုသံ ဂီတသံတွေ ပြန်ကြားယောင်နေသလို နားထဲမှာ ပဲ့တင်ထပ်နေတယ်”

သူက စကားကို ခေတ္တရပ်၍ ငိုင်နေပြီးနောက် ဆက်၍ လေသံတိုးတိုး ဖြင့် “အဲဒီအချိန်မှာပဲ ထားကို ကျွန်တော် အမှတ်ရမိတယ်”ဟု ဆိုသည်။

မသက်ရီကသာ ရင်ထုမနာ နားထောင်ရင်း သူ့အား ငြိမ်ငေး ကြည့်နေရ၏။ အပြင်ဘက်၌ ဖြိုးဖြိုးဖြောက်ဖြောက်ကျနေသော မိုးသံတို့ ကြောင့် သူ့ဇာတ်လမ်းမှာ ပိုမို အသက်ဝင်နေ၏။

“ထားကို အမှတ်ရမိတယ်”

သူက နာနာကြည်းကြည်း ပြုံးရင်း ထပ်၍ ညင်ညင်သာသာ ရေရွတ်နေ၏။

“ရန်ကုန် ပြန်ရောက်တော့ ကျွန်တော် အမှတ်ရနေမိတဲ့ ထားကိုပဲ

www.burmeseclassic.com



ကျွန်တော် ရှောင်နေမိပြန်တယ်၊ ထားကို သိပ်တွေ့ချင်တယ်၊ ပြီးတော့ တွေ့ရမှာကို ကြောက်မိတယ်၊ ကြောက်မက်ဖွယ် ဖြူရော်တဲ့ မိုးညတွေဟာ တစ်နှစ်တစ်တန် ပြန်ပြန်လည်လာသလို ဒီမိုးညတွေမှာ ကြုံရ ဆုံရတဲ့ ဒုက္ခဝဋ်ကြွေးဟာ သံသရာလည်ပြီး တစ်ဖန် ဆိုက်လေဦးမှာကို ကျွန်တော် အစိုးရိမ်ဆုံးပဲ၊ ဒါကြောင့်လဲ ထားကို ကျွန်တော် ရှောင်မိတယ်၊ ထားကို မေ့ပစ်ချင်တယ်၊ တတ်နိုင်ရင် ကြုံရဆုံရသမျှနဲ့ ကိုယ့်ဘဝကိုပါ စိတ်နာနာနဲ့ မေ့ပစ်ချင်တယ်၊ မေ့ပစ်အောင် ကြိုးစားမှ ဒီအဖြစ်တွေကို ပိုပို သတိရလာတယ်၊ မခက်လား”

သူက စကားရပ်လိုက်ပြန်၍ ပြန်လည် တွေးတောဟန် ခေတ္တ ငြိမ်နေ၏။

“အဆုံးသတ်တော့ ကျွန်တော် ကြောက်သမျှဟာ ကြောက်သမျှ ထက် ပိုမိုဆိုးရွားစွာ ဆိုက်ရောက်လာတယ်၊ တစ်နေ့မှာ ထားက ခေါ်လို့ ကျွန်တော် ထားဆီရောက်သွားရတယ်၊ ထားဆီ ဆိုတာက ထားတို့နေတဲ့ သွန်မဆင်ရိပ်သာလမ်းပါ၊ ဒီတုန်းက ထားက ကျွန်တော့်ကို စကားတွေ အများကြီးပြောတယ်၊ ဒါပေမဲ့ ကျွန်တော် သေသေချာချာ နားလည်လိုက်မိ တာက ထား လက်ထပ်တော့မယ့် အကြောင်းပဲ၊ ထားက ဘာလို့ ဒီစကားတွေ ကျွန်တော့်ပြောရသလဲ၊ ပြီးတော့ ထားနဲ့ ကျွန်တော်က ဘာဆိုင်လဲ၊ ထားကို နှုတ်ဆက်ပြီး ကျွန်တော်ပြန်လာတော့ တစ်ညလုံး မအိပ်ဘူး၊ အိမ်လည်းမပြန်ဘူး၊ ဒီဇင်ဘာလကြီး နှင်းတွေ သဲသဲမှာ ခြေဦးတည့်ရာ လျှောက်သွားနေမိတယ်၊ နောက်...နောက်...”

သူ၏အသံမှာ တိမ်ဝင်သွားသည်။ မသက်ရှိက အလန့်တကြား မော့ကြည့်လိုက်သောအခါ သူက မျက်နှာကို လက်ဝါးနှင့် အုပ်လျက် ကျိတ်ကာ ရှိုက်ငိုနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"နောက် ဘာဖြစ်သလဲ မောင်ညိုမှိုင်း"

သူက မျက်နှာပြင်ပေါ် ဝဲကျနေသော ဆံပင်များအား ခေါင်းခါ သိမ်းတင်၍ မသက်ရှိအား နာနာကြည်းကြည်း မော့ကြည့်သည်။ သူ့မျက်နှာမှာ အပြင်းအထန် စိတ်ကြေကွဲမှုအား ခံစားနေရသူပမာ အိုမင်းဖျော့တော့နေ၏။ ခဏချင်းပင် အရူးပမာ နေရာမှ ထ၍ ပြတင်းပေါက်၌ သွားရပ်နေ၏။ ထို့နောက် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်နှင့် မသက်ရှိအား ပြန်မျက်နှာမူသည်။

"နောက် ဘာဖြစ်သလဲ၊ နောက် ဘာဖြစ်သလဲ၊ ဒါကို ကျွန်တော် မေ့ချင်တယ်၊ ဒါကို သတိပြန်မရချင်ဘူး"

သူက အံကြိတ်ရင်း ဆိုသည်။ မသက်ရှိက အံ့သြစွာနှင့် သူ့အား ပါးစပ်အဟောင်းသား ငေးကြည့်နေမိ၏။

သူက စိတ်ကိုထိန်းလျက် ကြေကွဲစွာဆိုသည်။ ထိုစဉ် မျက်လုံးများက မျက်နှာကြက်ဆီ စိုက်ကြည့်နေ၏။

"ထား မရှိတော့ပါဘူး၊ ထား ဒီလောကကြီးမှာ မရှိတော့ပါဘူး မမရှိရယ်"

"အို"

သိပြီးဖြစ်လျက်နှင့် မသက်ရှိမှာ စိတ်ထိခိုက်သွား၏။

"ထား မရှိတော့ဘူး၊ ဟုတ်လား မောင်ညိုမှိုင်း"

သူက ဆွေးဆွေးမြေ့မြေ့ ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ထား မရှိတော့ဘူး"

သူက ခေါင်းခါခါ လည်ခါခါ ညည်းနေ၏။

"ထား မရှိတော့ဘူး"

သူကသာ ဤစကားကို အထပ်ထပ် ရေရွတ်နေသည်။

www.burmeseclassic.com



"ထားနဲ့ ကျွန်တော် ခွဲခွာခဲ့လို့ နှစ်ရက်မြောက်မှာ ထားအိပ်ဆေး အသောက်လွန်လို့ သတိလစ်နေတဲ့ အကြောင်းကြားရတယ်၊ ကြားတယ် ဆိုရင်ပဲ ဘာမှမစဉ်းစားနိုင်ဘူး၊ ထားတို့အိမ် ပြေးသွားမိတယ်၊ ဒီအချိန်မှာ ထား သတိလစ်နေတာဟာ နှစ်ဆယ့်လေးနာရီရှိပြီ၊လူတွေကလဲ အများကြီးပဲ၊ ဒါပေမဲ့ ဘယ်သူကမှ ကျွန်တော့်ကို ဂရုမစိုက်ဘူး၊ ဘယ်သူကမှလဲ သတိထားမိပုံမရဘူး၊ ထားက အိပ်ပျော်နေတယ်၊ ခုတင်ပေါ်မှာ အသက်ရှူ ပြင်းပြင်းနဲ့ အိပ်နေတာ ဟောက်သံကို ကျွန်တော် ကြားနေရတယ်၊ နောက် ထားကို သူတို့က ဆေးရုံပို့ဖို့ တွဲယူချသွားကြတယ်၊ ထား သတိရမှ ရကောင်းစေဆိုပြီး သူတို့က ထားကို တွဲပြီး လမ်းလျှောက်ခိုင်း ယူသွားကြတယ်၊ ထားက လမ်းလျှောက်ပါတယ်၊ မျက်လုံးတွေကသာ မဖွင့်တယ်၊ လမ်းလျှောက်မှ ဟောက်သံက ပိုပြင်းနေသေးတယ်၊ ဘယ်သူကမှ ခေါ်မယ့်လူမရှိတော့ ဆေးရုံကို ကျွန်တော်က ကျွန်တော့်ဘာသာ လိုက်ခဲ့ ရတယ်၊ ဆေးရုံရောက်ပြန်တော့ ကျွန်တော့်ကို ဆေးရုံပေါ် အစောင့်တွေ ဆရာဝန်တွေက တက်ခွင့် မပေးကြဘူး"

သူက ဒုတိယအကြိမ်မြောက် နာနာကြည်းကြည်း ရယ်လိုက်ပြန်၏။

"အဲဒီည သန်းခေါင်အထိ နှင်းတွေရွာတဲ့ ဆေးရုံရှေ့ မြက်ခင်းပြင်မှာ ကျွန်တော်က စောင့်နေခဲ့တယ်၊ နှင်းသဲသဲမှာ သာနေလေတဲ့ ငွေလဟာ မိုးညအတိုင်းပါပဲ၊ သန်းခေါင်ကျော်တော့ ထားရဲ့ဆွေမျိုးတွေ ဆင်းလာ ကြတယ်၊ ဒီဆွေမျိုးတွေအလယ်မှာ ငိုကြွေးပါလာတဲ့ ထားရဲ့မိခင်ကို တွေ့ရတယ်၊ ကျွန်တော်က အရူးလိုပဲ၊ တားဆီးနေတဲ့ ဆေးရုံ အမှုထမ်း တွေကို တွန်းဖယ်ပြီး အပေါ်ထပ် ပြေးတက်ခဲ့တယ်၊ ကံအားလျော်စွာ အပေါ်ထပ်မှာ ကျွန်တော့်မိတ်ဆွေ ကျောင်းနေဖက် ဆရာဝန်တစ်ဦးနဲ့ သွားတွေ့တယ်၊ သူ့ဆီက သိလိုက်ရတယ်၊ ထားတစ်ယောက် ဒီကြောက်ဖွယ်

BURMESE CLASSIC .com

www.burmeseclassic.com



လူ့လောကက စွန့်ခွာသွားပြီတဲ့”

သူက အံကြိတ်လျက် ရပ်လိုက်ပြန်၏။

“အဲဒီနောက် ဆေးရုံအောက်ကို ကျွန်တော် ဘယ်လို ဘယ်လို ရောက်လာတယ် မသိတော့ဘူး၊ ကျွန်တော် သတိထားမိတာက လရောင်မှာ စိန်ပန်းနဲ့ ငုပင်တွေက ယိမ်းယိုင်လှုပ်ရှားနေတာပဲ။

“သူတို့ လှုပ်ရှားနေပုံဟာလဲ တမလွန်ဘဝဆီ ကူးမြောက်လာသူတွေကို ဆီးကြိုတဲ့ တစ္ဆေသရဲတွေ ပမာပါပဲ၊ အဲဒီအချိန်မှာ ကျွန်တော့် စိတ်ထဲ မိုးပြင်ကြီး ပြိုကျလာတယ်ထင်မိတယ်၊ မိုးရဲ့ ညည်းညူသံနဲ့ ဖားအော်သံတွေကို ကြားရတယ်၊ ကျွန်တော်ငယ်ငယ်က ရောက်ခဲ့ရတဲ့ ချောင်းဦးတံတားကလေးကလဲ ပေါ်လာတယ်၊ ပြီးတော့ ပြီးတော့ ကျွန်တော် ဘာဖြစ်သလဲ”

သူ့မှတ်ဉာဏ်မှာ ပျောက်သွားပုံရသည်။

သူက မျက်စိများကို ပိတ်ထားသည်။ မည်းမှောင်သောအတိတ်ဆီ အာရုံကို ကြိုးစားရှန်းကန် ပို့နေပုံရ၏။

သူ့အခက်အခဲကို မသက်ရီ သိသည်။ ထို့ကြောင့် ဝင်ထောက်ပေးသည်။

“ပြီးတော့ မောင်ညိုမှိုင်း ထွက်သွားတယ်လေ၊ အဝေးကြီးကို ထွက်သွားတယ်၊ နောက် နွယ့်ကို တွေ့တယ်လေ”

သူ့မျက်လုံးများက ပြန်ပွင့်လာသည်။ အဝေးရပ်ဆီ မျှော်ကြည့်ရင်း တိုးတိုးရွတ်သည်။

“နွယ် နွယ်”

“ဟုတ်တယ် နွယ်နဲ့တွေ့တယ်လေ၊ ပြောလေ၊ နွယ်နဲ့တွေ့တော့ ဘာဖြစ်လဲ”

BURMESE CLASSIC .com

www.burmeseclassic.com



သူ့မျက်နှာ၌ ပြုံးရိပ်ငွေ့ငွေ့ပေါ်လာသည်။ အတန်ကြာငြိမ်နေပြီးမှ ဖြည်းလေးစွာ ဆိုသည်။

"ဟုတ်တယ် နွယ့်ကို တွေ့တယ်၊ နွယ့်ကို တွေ့တော့ ကျွန်တော်က ထမင်းဆာနေတယ်၊ သိပ်ကို ဆာနေတယ်၊ နွယ်က နွယ်က ကျွန်တော့်ကို ထမင်းကျွေးတယ်"

သူ့မှတ်ဉာဏ်မှာ တဖြည်းဖြည်း ပြန်ရောက်လာဟန်တူသည်။ တဖြည်းဖြည်းပင် သူက စ ပြောသည်။

**သူပြောသည်မှာ အငြိမ့်သမလေး ချစ်သက်နွယ်နှင့် ကိုသစ္စာတို့၏ ဇာတ်လမ်း ဖြစ်၏။**

*

BURMESE CLASSIC .com

www.burmeseclassic.com

# (အပိုင်း သုံး)

# တိမ်စွန်လေလျှင်

www.burmeseclassic.com

:

BURMESE CLASSIC .com

www.burmeseclassic.com

# ၉

တောင်ပြုံးရွာ အလှူအိမ်၏အငြိမ့်စင် နောက်ပိုင်း၌ အငြိမ့်သမလေး ချစ်သက်နွယ်သည် ထိုင်ငိုင်နေမိ၏။

အငြိမ့် ကရန်မှာ နာရီပိုင်းသာ လိုတော့သည်။ သို့ရာတွင် မိမိ အငြိမ့်မှ အားကိုးရသည့် ခေါင်းဆောင်လူရွှင်တော်ကိုမေတ္တာမှာ နံနက် ကတည်းက အဖျားဝင်ခဲ့ရာ ယခုမူ သတိလွတ်အောင် အဖျားတက်နေသည်။

ယနေ့ည ကိုမေတ္တာ မည်သည့်နည်းနှင့်မျှ မပါဝင်နိုင်တော့။ ကိုမေတ္တာ မပါလျှင်လည်း ပွဲက ပျက်ချေတော့မည်။ ကျန်လူပြက်ကလေး မောင်ချစ်စရာမှာ ပညာသင်စ မပြည့်သေးသူသာတည်း။ အသံမှာ မကောင်း၍ ခွန်းထောက်ပင် ပိုင်ပိုင်နိုင်နိုင် မဆိုတတ်။ ပြက်လုံးပင် ဟုတ်တိပတ်တိ မထုတ်တတ်သေးဘဲ ကိုမေတ္တာ ရှေ့ဆောင်မှ အဖြည့်ခံ လိုက်တတ်သူဖြစ်၏။

ဤအခြေအနေနှင့် မိမိ မည်သို့ ကရမည်နည်း။

နာမည်ကျော်လျှင် သတင်းကြီးတော့ မင်းသမီးသာ ဖြစ်သော်လည်း စင်စစ် လူရွှင်တော်ကောင်း မပါလျှင် ပွဲမစည်။ မပြီးမြောက်။ ကိုမေတ္တာ

BURMESE CLASSIC .com

www.burmeseclassic.com



ပြောလေ့ရှိသော ဤစကား၏ မှန်ကန်မှုကို ချစ်သက်နွယ်သည် ယခု ကောင်းကောင်း သဘောပေါက်မိ၏။

စောစောကပင် အလှူရှင် သူဌေးသည် လာ၍ ကြိမ်းမောင်းသွား သေးသည်။

ကံအကြောင်းမလှ၍ အဆင်မပြေဖြစ်ရသည်ကို သူဌေးမင်းက မိမိအား ပက်ပက်စက်စက် ပြောသွားသည်။ သူနိဗ္ဗာန်သွားရန် ရည်ရွယ် လုပ်သော ဤပွဲမှာ ပေါ့ဆ ကတိမတည်သော ဖက်ခွက်စားများကြောင့် ပျက်ရတော့မည်ဟု အလှူ့ဒါယကာသည် ကြိမ်းမောင်းမြည်တွန်သွားသည်။

ချစ်သက်နွယ်အနေနှင့် ဘာမျှ ပြန်မပြောနိုင်ခဲ့။ စရန်ကလည်း ယူပြီးပြီ။ အကုန်အကျ စိုက်ခံ၍လည်း သည်ကို လာခဲ့ရပြီ။ မနေ့ညက တစ်ညလုံး အရက်မူး၍ တေခဲ့သော သူ့ဦးလေး ကိုမေတ္တာကိုသာ စိတ်ဆိုးရမည်ကဲ့သို့ ဖြစ်နေ၏။

ဖြစ်သလို ကပြန်တော့လည်း နာမည်ပျက်ဦးမည်။ နာမည်ပျက် ပြန်တော့ အကြွေးနှင့် ထောင်ထားရသော ဤအဖွဲ့ပျက်၍ ဝတ်ကိန်း ဆိုက်တော့မည်။

ချစ်သက်နွယ်သည် ကျိတ်၍ ငိုမိသည်။

စိတ်ပျက် ဝမ်းနည်းနေသဖြင့် စားပွဲဝိုင်းပေါ်တွင် အမေစု လာပြင် ပေးထားသည့် ထမင်းဟင်းများကို မစားမိ။

ထမင်းဝိုင်းကို ကျောခိုင်း၍ တိုးတိုးကျိတ် မျက်ရည်ကျနေရ၏။

မည်မျှကြာသည်မသိ။ ထမင်းဝိုင်းဆီမှ ဇွန်းသံ ပန်းကန်သံများ ကြားရ၍ ချစ်သက်နွယ် လည်လှည့်ကြည့်လိုက်မိ၏။

လူတစ်ယောက်သည် မိမိအတွက် ပြင်ဆင်ထားသော ထမင်းပွဲတို့ကို အားရပါးရ မြိန်ရေရှက်ရေ ဝင်စားနေသည်။

www.burmeseclassic.com



ချစ်သက်နွယ်မှာ အံ့အားသင့်လျက် သူ့နား၌ ရပ်လိုက်မိသည်။ သူက တစ်ချက်မော့ကြည့်၏။ နောက် ထမင်းကို အငမ်းမရ ဆက်စားပြန်၏။

"ဒီမှာ ရှင်ဘာဖြစ်လို့ ကျွန်မထမင်းကို ဝင်စားရတာလဲ"

သူက မော့ကြည့်ပြန်၏။ ထို့နောက် ပလုတ်ပလောင်းနှင့် ပြော၏။

"အလှူအိမ်ပဲဗျာ၊ ပြင်ထားရင် ဝင်စားတာပေါ့၊ လာလေ ခင်ဗျား ဆာရင် ဝင်စားပါလား၊ ထမင်းတွေဟင်းတွေ အများကြီးပဲ"

သူသည် ဟင်းချိုကို တစ်ဇွန်းပြီးတစ်ဇွန်း ခပ်သောက်နေပြန်သည်။

"အလှူက မနက်ကတည်းက ပြီးပြီရှင့်၊ဒါ ကျွန်မစားဖို့ ပြင်ထားတဲ့ ထမင်းဝိုင်း"

သူသည် ထမင်းသီးသွား၍ တဟွတ်ဟွတ် ဖြစ်နေသည်။ အတန်ကြာမှ ပြန်မေးသည်။

"ခင်ဗျား တကယ်ပြောနေတာလား"

"ကျွန်မက ရှင့်ကို ဘာလို့ လိမ်ရမှာလဲ"

သူသည် ခေတ္တ ငြိမ်သွား၏။ ထို့နောက် လက်ဆေး၍ နေရာမှ ဖြည်းညင်းစွာ ထသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် ဆာလွန်းလို့ ဝင်စားမိတာပါ"

သူသည် တောင်းပန်၏။ သူ့တောင်းပန်ဟန်၌ ယဉ်ကျေးမှုကို ချစ်သက်နွယ် အမှတ်ပြုမိသည်။

"ရှင်တော်ပြီလား၊ ဆက်စားပါလေ၊ ရှင်မစားလဲ ကျွန်မက ဒီည ထမင်းမစားတော့ပါဘူး"

"ကျွန်တော် စားပြီးသားမို့ ခင်ဗျားက ရွံလို့လား"

"အို...အို မဟုတ်ပါဘူး၊ ကျွန်မ ထမင်းမစားချင်လို့ပါ"

"ခင်ဗျားက ဘာလို့ ထမင်း မစားချင်ရတာလဲ၊ မဆာဘူးလား"

www.burmeseclassic.com



"စိတ်ညစ်လို့"

"ဗျာ"

သူက အံ့သြနေပြန်ပါသည်။

"စိတ်ညစ်လို့၊ ခင်ဗျားမှာ ထမင်းစားစရာ ပွဲကြီး ပြင်ပြီးလျက်နဲ့များ စိတ်ညစ်ရသေးသလားဗျာ"

ချစ်သက်နွယ်သည် ပထမဆုံး ပြုံးမိ၏။ ဘယ်လို လူစားကို မိမိ လာတွေ့နေရပါသနည်း။

"ကဲပါလေ၊ ရှင့်ထမင်းကို ဆက်စားပါဦး၊ ပြီးတော့မှ စကားပြောတာပေါ့"

ဤအကြိမ်တွင်မူ သူသည် ဟန်မဆောင်နိုင်တော့ဘဲ ထမင်းကို ပြန်ငုံ့လွေးသည်။

"ရှင် ထမင်းသိပ်ဆာနေပုံရတယ်၊ ဟုတ်လား"

သူက ခေါင်းညိတ်သည်။

"ရှင် ထမင်းမစားရတာ ကြာပြီလား၊ ဟုတ်လားရှင့်"

"အင်း ကြာပြီ"

"ဘယ်နှနပ် ရှိပြီလဲ"

"မသိဘူး"

"ရှင်...မသိဘူး၊ ရှင့်မှာ အလုပ်မရှိဘူးလား"

သူက ခေါင်းခါသည်။

"ရှင် ဒီအရပ်သားလား"

"ဒီအရပ်က ဘာအရပ်လဲ"

"ဟောတော့ ဒုက္ခပါပဲ၊ ဒါဟာ တောင်ပြုံးရွာ ရှင့်၊ နို့...ရှင် ဘယ်က လာသလဲ"

www.burmeseclassic.com



သူသည် ငိုင်ကျသွား၏။ ထို့နောက် ဘာမျှ စကားမပြန်ဘဲ ထမင်းကို လက်စသတ်စားသည်။

"ဒီမှာ ကျွန်မ မေးနေတယ်၊ ရှင် ဘယ်က လာလဲ"

သူသည် မှိုင်ငေးသွား၏။ အတန်ကြာ စဉ်းစားပြီးမှ ဖြည်းလေးစွာ ဖြေ၏။

"ကျွန်တော် ဘယ်က လာတာလဲ၊ အဲဒါကို ကျွန်တော် ကိုယ်တိုင် သိချင်လိုက်တာ"

"ဘုရားရေ… ရှင် ဘယ်ကလာတယ်ဆိုတာ ရှင် မသိဘူး"

ချစ်သက်နွယ်သည် ပထမဦးစွာ သူ့အား အသေးစိတ် အကဲခတ် ကြည့်မိသည်။

သူ့ဆံပင်တို့မှာ ကျယ်ဝန်းသော နဖူးထက် ခပ်ရိုင်းရိုင်းဝဲကျနေ၍ မုတ်ဆိတ် နှုတ်ခမ်းမွေးများ အနည်းငယ် ရှည်နေသည်။ ထို့ကြောင့် သူ့ရုပ်ရည်မှာ ကြမ်းဟန်ပေါက်သော်လည်း သေသေချာချာကြည့်မှ ထူထဲသော ကျွဲကော်ကိုင်းမျက်မှန်နှင့် သူ့အသွင်မှာ မြို့သားတစ်ဦး၏ မွန်ရည် သားနားမှုရှိ၏။ ပေါ်ပလင် ရှပ်လက်တိုအဝါနုနှင့် တွဲပုဆိုး အနက်ရောင် ကွက်စိပ် လုံချည်တို့မှာ မလဲဟန်ကြာ၍ အနည်းငယ် ညစ်နွမ်းလင့်ကစား ဝတ်ဟန်ဆင်ဟန်မှာ သပ်ရပ်ပုံမှန်သည်။

ဤလူထူးကို စိတ်ဝင်စားမိ၍ ချစ်သက်နွယ်မှာ မိမိ၏ လက်ငင်း ဒုက္ခကို မေ့သွားမိသည်။

"နို့… ရှင်ဘယ်ကို သွားမလို့လဲ"

သူသည် ခက်ခက်ခဲခဲ စဉ်းစားနေပြန်သည်။ တအောင့်ကြာသော် နဖူးရေရှုံ့ မျက်မှောက်ကြုတ်၍ ခေါင်းခါရင်း ဖြေသည်။

"ခက်တာပဲဗျာ၊ အဲဒါလဲ ကျွန်တော်မသိဘူး"

BURMESE CLASSIC .com

www.burmeseclassic.com



ချစ်သက်နွယ်မှာ ပါးစပ်လေးဟ၍ သူ့အား ကြည့်နေမိသည်။

သူက လက်ဆေးပြီးနောက် ဟိုဟိုသည်သည် ကြည့်သည်။

"ဘာလဲ လက်သုတ်ပဝါလား ဒီမှာ"

ချစ်သက်နွယ်က စားပွဲပေါ်မှာ လက်သုတ်ပဝါကို ကောက်ယူပေးသည်။

"လက်သုတ်ပဝါတော့ မြင်တာပေါ့ဗျာ၊ ကျွန်တော် ရှာတာက ဆပ်ပြာ"

ချစ်သက်နွယ်မှာ သူ့ကို မျက်လုံးလေးပြူး၍ အံ့သြစွာ ကြည့်မိပြန်၏။ ထမင်းပင် နပ်မှန်အောင် မစားခဲ့ရဆိုသည့် ဤအမျိုးအမည် မသိလူက လူကြီးလူကောင်းဆန်စွာ ထမင်းစားပြီး လက်ကို ဆပ်ပြာနှင့် ဆေးချင်နေသည်။

ချစ်သက်နွယ်သည် ဝမ်းနည်းအားနာစွာဖြင့် တောင်းပန်၏။

"ဝမ်းနည်းပါတယ်ရှင်၊ ဒီတောအရပ်မှာက ထမင်းစားပြီး လက်ကို ဆပ်ပြာနဲ့ ဆေးရိုးမရှိတော့ ဆပ်ပြာ အလွယ်တကူမရနိုင်ဘူး၊ ရော့ လက်သုတ်ပဝါနဲ့ပဲ စင်အောင် သုတ်ပေါ့ရှင်"

သူသည် ခေါင်းခါ၍ ချစ်သက်နွယ် ကမ်းပေးသော လက်သုတ်ပဝါကို ယူ၍ လက်သုတ်၏။ ထို့နောက် သူ့လက်ကို သူ ပြန်နမ်းကြည့်သည်။

"ဟင်းစော်က မပျောက်ဘူး၊ ကိစ္စမရှိပါဘူးလေ၊ နောက်တစ်ခါဆာတော့ နမ်းကြည့်ပြီး စိတ်ဖြေလို့ ရတာပေါ့"

သူက ပေါ့ပေါ့ ပြောလိုက်သော်လည်း ချစ်သက်နွယ်၏ ရင်၌ ကရုဏာနှင့် ဆို့သွားသည်။

"ရှင် တကယ် နောက်တစ်ခါ ထမင်းစားစရာ ပိုက်ဆံမရှိဘူးလား"

"ခင်ဗျား ခုနင်က ပြောသလို ကျွန်တော်က ဘာလို့လိမ်ရမှာလဲ၊

www.burmeseclassic.com



တကယ့်ကို မရှိလို့ ငတ်နေရတာပေါ့"

"ဒါဖြင့် ရှင် ဘာလုပ်တတ်သလဲ"

သူ့အတွက် ခက်ခက်ခဲခဲ ဖြေစရာ ပေါ်လာပြန်သည်။

"ကျွန်တော် တော်တော်များများ လုပ်တယ်တယ် ထင်တာပဲ၊ ဘာတွေမှန်းတော့ မသိဘူး၊ ခင်ဗျားက လူများကိုသာ မေးနေတယ်၊ ခင်ဗျား ဘာလုပ်တတ်သလဲ"

ချစ်သက်နွယ်သည် ပြုံးမိ၏။

"ကျွန်မက မင်းသမီးရှင့်"

"ဗျာ"

"ကျွန်မက မင်းသမီး၊ အငြိမ့်မင်းသမီး"

သူသည် အံ့သြခြင်းပြေဟန် ခေါင်းတဆတ်ဆတ် ညိတ်သည်။

"သြော်...သြော်...ဒါကြောင့် ခင်ဗျားက ချောတာကိုး"

"ဘာလဲရှင့်"

"သြော်... ခင်ဗျားကို ချောပါတယ်လို့ ပြောနေတာ"

"ကျွန်မ တကယ်ချောသလား"

"ဒုက္ခပါပဲ၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား လုပ်နေပြန်ပြီ၊ ခင်ဗျားကို ကျွန်တော်က ဘာလို့လိမ်ရမှာလဲ"

ချစ်သက်နွယ်က အသံထွက်အောင် ရယ်မိသည်။

"ခင်ဗျား ဘာရယ်တာလဲ"

ချစ်သက်နွယ်သည် သူ့အမေးကို မဖြေဘဲ ပြန်မေး၏။

"ရှင်တကယ် ဘယ်ကလာပြီး ဘယ်သွားမယ်ဆိုတာ မသိဘူးလား"

"ဒီအမေးကို ခင်ဗျား မေးပြန်ပြီ၊ သိတော့ သိတာပေါ့ဗျ"

"နို့ အစကတော့ မသိဘူးဆို"

BURMESE CLASSIC .com

www.burmeseclassic.com



"ဟာ... ဒါတော့ ဘယ်သိမလဲ၊ ကျုပ် အခု သိတယ်ဆိုတာက တစ်မျိုးပဲ"

"ဘယ်လို တစ်မျိုးလဲ"

"ကျွန်တော် သိတာက အဲ...ဒီလို၊ မှတ်ထား၊လူဆိုတာ မွေးဖွားခြင်း မှတ်တိုင်နဲ့ သေခြင်းပန်းတိုင်ကြား ခရီးသွားနေတဲ့လူ၊ ဒီတော့ ကျွန်တော် လည်း မွေးဖွားခြင်း အရပ်ကလာတယ်၊ သေခြင်း ပန်းတိုင်ကို သွားနေတယ်၊ ရှင်းပြီလား"

ချစ်သက်နွယ်သည် ရယ်မိပြန်သည်။

"ခင်ဗျား ရယ်တာ နှစ်ခါရှိပြီ၊ ဘာရယ်တာလဲ"

"ရှင်က ရယ်စရာကောင်းတာကိုး"

"ကျွန်တော် တကယ်ရယ်စရာ ကောင်းသလား"

"ဒုက္ခပါပဲ၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား လုပ်နေပြန်ပါပြီ၊ ရှင့်ကို ကျွန်မက ဘာလို့ လိမ်ရမှာလဲလို့"

သူက ပထမဦးစွာ ရယ်သည်။

ထို့နောက် ရုတ်တရက် မေး၏။

"ကျွန်တော် ရယ်စရာကောင်းရင် ခင်ဗျား အငြိမ့်ထဲမှာ လူပြက် ခန့်မလား"

ချစ်သက်နွယ် မျက်လုံးလေး ပြူးသွား၍ ရင်မှာလည်း ခုန်လာသည်။

"ရှင်တကယ်လုပ်မှာလား၊ လူပြက်ကော လုပ်တတ်ရဲ့လား"

"လူပြက်တော့ လုပ်တတ်ပါတယ်ဗျာ၊ ကျွန်တော်က ဝန်ကြီးချုပ်သာ မလုပ်တတ်တာ"

ချစ်သက်နွယ်က ခစ်ခနဲရယ်သည်။

"ဟော... ခင်ဗျား ကျွန်တော့်ကို ပွဲကျသွားပြီ"

www.burmeseclassic.com



ချစ်သက်နွယ်သည် အတန်ကြာ ဆက်ရယ်နေပြီးမှ မေး၏။

"ရှင် လူပြက် လုပ်ရဲလို့လား"

သူက မျက်မှောင်ကြုတ်ကြည့်သည်။

"လူပြက် ဘာမလုပ်ရဲရမှာလဲ၊ ကျွန်တော်က လူကောင်းလုပ်ရမှာသာ ကြောက်တာ"

"ရှင် ဘာပြောတယ်"

"လူကောင်း လုပ်ရမှာ ကြောက်တယ် ပြောတာပါ၊ လူကောင်း ဆိုတာ အရူးပဲ"

ချစ်သက်နွယ်မှာ ရယ်မိပြန်၏။ ခဏကြာမှ အမှန်ကို ဝန်ခံသည်။

"ရှင့်ကို ကျွန်မ ကြိုက်သွားပြီ"

"ဗျာ... ဗျာ... ဘယ်လို ဘယ်လို ကြိုက်တာလဲ"

ချစ်သက်နွယ်က သူ့အား ချစ်စဖွယ် မျက်စောင်းလေး ထိုးလိုက်သည်။

"ရှင် တော်တော်ဝိတ်တဲ့ ငှက်ပျောတောမင်းသားပဲ"

"ဟား ဟုတ်ပြီ၊ အဲဒီငှက်ပျောတောမင်းသား ကျွန်တော် ကောင်းကောင်း လုပ်တတ်တယ်"

မသက်နွယ်မှာ ရယ်မိပြန်သည်။

"ရှင် သီချင်းတော့ ဆိုတတ်တယ်နော်"

"ဟာ ဆိုတတ်တာပေါ့"

"ဒါဖြင့် ဆိုပြစမ်းပါ တစ်ပုဒ်လောက်"

"ဟင့်အင်း၊ ဆိုင်းမပါဘဲနဲ့တော့ မဆိုချင်ပေါင်"

ချစ်သက်နွယ်သည် ထပ်မံ ရယ်မောလိုက်မိပြီး သူ့ငှက်ပျောတောမင်းသားအား အိမ်နောက်ပိုင်း တစ်နေရာရှိ မိမိ၏ အဖွဲ့ရှိရာ ခေါ်လာသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အဖွဲ့သားများ အားလုံးမှာ ထိုင်မှိုင်နေကြသည်။ မလှမ်းမကမ်း၌ အဖျားတက်နေသော ကိုမေတ္တာသည် စောင်ခြုံကွေးနေ၏။

အားလုံးမှာ ရယ်ရယ်ပြုံးပြုံးနှင့်ဝင်လာသော မင်းသမီးနှင့် အမည်မသိ သူ့ကို ဝိုင်းကြည့်ကြသည်။

"ဦးလေး စိန်ငှက်ရိုး၊ ပတ္တလား တီးစမ်းပါ"

ချစ်သက်နွယ်က အမိန့်ပေးသဖြင့် စိန်ငှက်ရိုးသည် ဘုမသိဘမသိ နှင့် ထ၍ ပတ္တလား အသံစမ်းသည်။

"ကဲ...ရှင် ခွန်းထောက်တစ်ပုဒ် ဆိုစမ်းပါ"

သူက လည်ချောင်းရှင်းသည်။ ထိုနောက် ပတ္တလားဆရာအား မျက်စပစ်ပြပြီး စ၍ ဟဲတော့၏။

"တောင်တစ်ရိုး**X X X X**မှောင်ခိုးတွေက တဝေ**X X X**... ဝေ..."

သူ့အသံမှာ အောင်မြင်သော အသံဝါဖြစ်၍ ပတ္တလားသံနှင့် ကပ်ငြိမိနေ၏။

"မိဂဒ္ဒီ သမင်မငယ်တို့**X X** တော **XX** ခတဲ့မြေ **XX**"

အဖျားတက်နေသော ကိုမေတ္တာမှာ လူးလှိမ့်ထလာ၍ ခပ်လှမ်းလှမ်း၌ ခွေနေသော ချစ်စရာသည် ငုတ်တုတ်ထထိုင်၏။

"ဘိက္ခဝေ စံနေတဲ့ ဒီတော**XX** ဟော**XX** ဟော... ဟော်...ဝေါ"

သူ့အသံ၌ အများငိုင်နေခိုက် သူက ကောက်ဖောက်လိုက်သဖြင့် အဖွဲ့သားများမှာ အငိုက်မိသွားရာမှ ဝါးခနဲ ဝိုင်းရယ်ကြသည်။

အကင်းပါးသော ချစ်စရာသည် နေရာမှ ကပျာကသီထ၍ သူ့ရင်ဘတ်နှင့်ကျောကို ဖိပေးသည်။

"ဩော်... ကိုယ့်ဆရာကလဲ အလူမှာ လာ ဝေယျာဝစ္စ လုပ်ပေး ရတာ စေတနာ ရေချိန် လွန်သွားတယ် ထင်တယ်"

BURMESE CLASSIC .com

www.burmeseclassic.com



အဖွဲ့သားများ ရယ်ကြပြန်သည်။ လမိုင်း ကပ်ပေပြီ။

"နတုန်းခါစဉ်က X နတုန်းခါစဉ်က ဘူးသီးနုနု မခူးရ၊ ငါ၏ ဒူးနာသည်၊ မနေ့က လေ..."

ချစ်စရာက သူ့ဇက်ပိုးကို မနာအောင် အုပ်ပေးသည်။

"အံ့မယ် လူပြက်လုပ်ပါဆိုမှ ဘယ့်နှယ် ပိဋကတ်သုံးပုံတွေ ရွတ်နေရတာလဲ"

ချစ်စရာ၏ ဖြည့်ကွက်မှာလည်း မိ၏။

"နတုန်းခါစဉ်က X စံပျော်ရှင် သစ္စာသုံးကြတယ်၊ ငုံးမင်းမြိုင်တော"

သူသည် ပထမစာမေးပွဲကို ကောင်းကောင်း အောင်သွားပေပြီ။

အားလုံးက ဝမ်းသာကြသည်။ ချစ်သက်နွယ်မှာမူ ဝမ်းသာလွန်း၍ တစ်ကိုယ်လုံး တုန်ယင်နေသည်။

ချစ်သက်နွယ်က သူ့လက်မောင်းများကို ကိုင်၍ ချီးကျူးသည်။

"ဟုတ်ပြီ...ရပြီ...ကျွန်မ ကျေနပ်ပြီ"

"အင်းလေ ခင်ဗျား ကျေနပ်ဖို့ အရေးကြီးတာပဲ"

သူက အမှန်အတိုင်း ရိုးသားစွာ ပြောလိုက်သည် ဖြစ်သော်လည်း ဟဒယ ရွှင်နူးနေပြီဖြစ်သော အဖွဲ့သားများက ဝိုင်းရယ်ကြ၏။

ချစ်သက်နွယ်ကသာ ဆက်မေး၏။

"ရှင်... ခုနင်က ငှက်ပျောတောမင်းသား လုပ်တတ်တယ်လို့ ပြောတယ်၊ အဲဒီအတွက်ကော ဘာသီချင်း ရလဲ"

သူသည် ငြိမ်ကျသွား၏။ ခေါင်းကို ကုတ်၍ စဉ်းစားသည်။ မရသည့် အဆုံး၌ တံစက်မြိတ်တောင့် တိုင်တစ်လုံးတွင် သွားထိုင်ငိုင် တွေး၏။

"အဲဒီအိုင်တင် ကြိုက်ပြီဗျို့"

www.burmeseclassic.com



ခြောက်လုံးပတ်နှင့် ဒိုးတီးဆရာ စံကွန့်က လှိုက်လှိုက်လှဲလှဲ ဝင်အော်သည်။

အားလုံးက ရယ်နေခိုက် သူက ပတ္တလားဆရာအနီးသို့ ထလာကာ လက်ခတ်ကို တောင်း၍ အသံစမ်းသည်။

ခဏကြာသော် သူက ဝမ်းသာအားရ ထအော်၏။

"ရပြီ ရပြီ၊ မင်းသမီး လာ၊ ဒီနား တိုး"

ချစ်သက်နွယ်က သူ့အမိန့်ကို နာခံသည်။

သူက ချစ်သက်နွယ်အား မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် ကြည့်၏။ ထို့နောက် ကြက်သီးထပြသည်။ ထိုနောက် ဆတ်ဆတ်တုန်၍ နောက်သို့ဆုတ်သည်။ ထိုနောက် ဖနောင့်မှ ခြေမှုန့်ကို လက်ဝါးနှင့်ယူ၍ နဖူးဝသုတ်၍ ကြက်သီးပြန်ထသည်။

အဖွဲ့သားများက လက်ခုပ်တီးပေးသည်။ ချစ်သက်နွယ်က ပါးစပ်ကို လက်နှင့်ဆို့ကာ တခစ်ခစ်ရယ်သည်။

ထိုစဉ် သူက ငှက်ပျောတောမင်းသား သီချင်းတစ်ပုဒ်ကို ဟစ်ဆို၏။

"ချစ်စို့ တူနှစ်သွယ်၊ ကြိုက်စို့တူနှစ်သွယ်၊ စုံမက်ကြစို့ တူနှစ်သွယ်"

အဖျားတက်နေသော ကိုမေတ္တာသည် အလန့်တကြား လူးလဲ ထသည်။

သူကမူ ဘာကိုမှ ဂရုမစိုက်၊ ချစ်သက်နွယ်၏ လက်ကလေးကို ဆွဲလိုက် ကျဉ်စက်မိသူသို့ တုန့်ပြ၍ လွတ်လိုက်လုပ်နေပြီးမှ လက်ကိုပြန်ဆွဲ တွဲလိုက်ပြီး ဖိုးစိန်ကြီး လေနှင့် ဟစ်သည်။

"မင်းနဲ့ငါနဲ့ နှစ်ယောက်ပြေး မန္တလေးက ချွာတော့မယ်"

သူသည် လေသံကို လျှော့၍ နှစ်ကိုယ်ကြားဆိုဟန် တိုးတိုးဆို၏။

"အမရပူရနဲ့ စစ်ကိုင်းကျတော့ အင်းဝ ဝင်ဦးမယ်"

BURMESE CLASSIC .com

www.burmeseclassic.com



သူက မင်းသမီး၏ ခြေရင်း၌ စည်းချက်အလိုက် ဒူးထောက်ချလိုက်ရာမှ ပက်လက်လန်လဲသည်။

အဖွဲ့သားများ ရယ်နေခိုက် ထော့နင်းထော့နင်းနှင့် နေရာမှ ပြန်ထ၍ ဟိုလျှောက်သည်လျှောက်လုပ်သည်။ တစ်ဖန် ကဆုန်ချ ပြေးဟန် ပြု၍ စည်းလွတ်ဝါးလွတ် အသံကြောင်နှင့် အော်၏။

"မြင်းခြံမြို့ လည်မယ် လည်မယ်၊ မြင်းမူမြို့ လည်မယ် လည်မယ်"

သူက ဟောဟဲဆိုက် မောဟန်ပြု၍ ဆက်ဆိုသည်။

"ပြည် ပုဂံ ညောင်ဦး၊ မင်းဘူး၊ မင်းလှ၊ ဟသ်ာတဝင်အိပ်မယ်"

သူသည် လှဲအိပ်လိုက်ပြီး ပြန်ထ၍ သံမှန်နှင့်ဆိုသည်။

"တော်ပြီ၊ မောတယ်၊ ကျန်တာ၊ ပိတ်ကားပေါ်မှာကြည့်"

သူက အကယ်မော၍ ထိုင်ချလိုက်ရာ ချစ်သက်နွယ်မှာလည်း တကယ်ပင် စေတနာနှင့် ယပ်ခတ်ပေး၏။

အဖျား လွင့်စဉ်ပြေးဟန်တူသောကိုမေတ္တာသည် အနီးသို့ ကပ်၍ လာ၏။

"နွယ်၊ သူ ဘယ်သူလဲ သူဘယ်သူလဲ"

ကိုမေတ္တာက မေးသည်။

"အဲဒါမှ ဒုက္ခပဲ၊ သူဘယ်သူဆိုတာ နွယ်လဲ မသိဘူး"

ကိုမေတ္တာက ဆက်မမေး။ သို့သော် ဝမ်းသာမှုကြောင့်လော၊ အဖျားရှိန်ကြောင့်လော မသိ၊ တုန်ယင်သော အသံနှင့် သူ့ကိုပြောသည်။

"ငါ့ညီဟာ ဘယ်သူဆိုတာ အစ်ကိုမသိဘူး၊ ဒါပေမဲ့ ကိစ္စမရှိဘူး၊ ခုနင်က ငါ့ညီ ဆိုသွားတာ၊ အစ်ကိုတို့ ဆရာ့ဆရာ ရွှေလူရွှင်တော်ကြီး၊ တစ်ဦးရဲ့ တိမ်မြုပ်နေတဲ့ သီချင်းပဲ၊ အစ်ကိုတောင် မရတော့ဘူး၊ ဒီအတွက် ငါ့ညီကို အစ်ကိုရှိခိုးတယ်"

www.burmeseclassic.com



ကိုမေတ္တာသည် သူ့အား ရိုသေစွာပင် ဦးထိုင်ချသည်။

"ကဲ...ငါ့ညီ ကျေးဇူးကြောင့် အစ်ကို အဖျားလည်း လွင့်ပြေးပြီ၊ ဒါထက် ငါ့ညီနာမည် ဘယ်လိုခေါ်သလဲ"

ဤသည်မှာ သူ့အတွက် ဒုက္ခဖြစ်သည်။ သူက သူ မသိသော နာမည်ကို ပင်ပင်ပန်းပန်း ရှာနေသည်။ အဖြေမှု ပေါ်မလာ။

နွယ်သည် ချက်ချင်း သတိရလာ၏။ မိမိလာရာနှင့် သွားရာကိုပင် မသိသူ တစ်ဦးက အသို့လျှင် နာမည်ကို မှတ်မိတော့မည်နည်း။

ဉာဏ်ထက်သော တော အငြိမ့်သမကလေး ချစ်သက်နွယ်သည် သူ့အား ကင်ပွန်းတပ်ပေးသည်။

"တစ်ယောက်နာမည်က ချစ်စရာ၊ တစ်ယောက်က မေတ္တာ၊ ဒါကြောင့် သူ့နာမည် ကိုသစ္စာ ကိုသစ္စာ"

ကိုမေတ္တာသည် သွက်လက်စွာ နေရာမှထသည်။

"ဟော့...စံကွန့် ချစ်စရာ၊ သွား ပစ္စည်းတွေ စင်ပေါ်တင်တော့၊ ဒီည ချစ်စရာ မေတ္တာ သစ္စာ မင်းသား သုံးလက်ဟော့"

ခဏအတွင်းပင် အခြေအနေတို့ လုံးဝ ပြောင်းလဲသွားသည်။

ထိုည၌ လူရွှင်တော် တစ်ယောက်တည်းနှင့် စခန်းသွားရမည် ဖြစ်နေသော နွယ်မှာ ဘက်ညီအကွက်စေ့သော လူရွှင်တော် သုံးဦးနှင့် ကပြရသည်။

ထိုညသည်ပင် ချစ်စရာ၊ မေတ္တာ၊ သစ္စာနှင့် ချစ်သက်နွယ်တို့၏ ရှေးဦးဖြစ်သော အောင်ပွဲကြီး ဖြစ်ခဲ့လေသည်တကား။

*

BURMESE CLASSIC .com

www.burmeseclassic.com

# (၁၀)

တောင်ပြုံးမှ ပွဲပြီး၍ မတ္တရာသို့ နွယ်တို့အဖွဲ့ ပြန်လာသောအခါ ကိုသစ္စာလည်း ပါလာသည်။

ကျန်အဖွဲ့သား အသီးသီးမှာ တစ်နေရာ တစ်ရပ်ကွက်စီ နေကြသည်။ နွယ်နှင့် ကိုမေတ္တာတို့သာ ခြံတစ်ဝင်းတည်း၌ အိမ်တစ်လုံးစီနှင့် နေကြသည်။ အငြိမ့်ပစ္စည်းအားလုံးမှာလည်း နွယ်နှင့် ကိုမေတ္တာတို့ အိမ်များ၌ တစ်ဝက်စီ ရှိကြ၏။

အိမ်များမှာ ဝါးကပ်မိုး၊ ဝါးထရံကာ၊ မြေစိုက်တဲ သာသာဖြစ်သည်။ နွယ်၏အိမ်၌ အိမ်ရှေ့ခန်းနှင့် အတွင်းခန်း နှစ်ခန်းသာပါရာ အိမ်ရှေ့ခန်းနှင့် ကွပ်ပျစ်ကို ကိုသစ္စာအား အပိုင်စားပေးသည်။ ကိုမေတ္တာ၏ အိမ်ငယ်မှာမူ သူ့ဇနီး မလှငွေ၊ အေးဆောင်၊ အေးမောင်၊ အေးသောင်တို့နှင့်ပင်ပြည့်နေ၏။ အေးဆောင်၊ အေးမောင်၊ အေးသောင်တို့မှာ တစ်ကောင်မှ မအေးသော၊ မျောက်ရှုံးအောင် ဆော့သော၊ မလှငွေဆယ့်တစ်လ တစ်ယောက်မွေးထားသော၊ အကြီးဆုံးအေးဆောင် ရှစ်နှစ်၊ အငယ်ဆုံးအေးသောင် ခြောက်နှစ်ရှိသော ကိုမေတ္တာ၏ သားရဒါနာ သုံးသွယ်ဖြစ်သည်။ ရဒါနာ သုံးသွယ်ကို

BURMESE CLASSIC .com

www.burmeseclassic.com



ကိုမေတ္တာက "ရ ဒါ နာ သော ရဒနာ" ကလေးများဟု အနက်ဖွင့်ဆိုသည်။

ကိုမေတ္တာမှာ အသက်လေးဆယ်ကျော်ပြီဖြစ်၍ မလှငွေမှာ နှစ်ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။ အသက်ကြီးမှ မယားငယ်ငယ်နှင့် နွားအိုနောက်ကျသား သုံးကောင်ရှိနေရခြင်းကို ကိုမေတ္တာသည် လုံလောက်စွာ အဖြေပေးနိုင်သည်။

ဓာတ်ထဲလိုက်ရာမှ တရားကျပြီး ရဟန်းဝတ်၍ ဓမ္မာစရိယတန်းအောင်ပြီးမှ မလှငွေကို မျက်စိကျ၍ လူထွက်ကာ အငြိမ့်ထဲ ပြန်ရောက်ခဲ့ရသောကြောင့် ဟူသတည်း။

အိမ်ပြန်ရောက်ကြပြီး တစ်ညအိပ်၍ နောက်တစ်နေ့ စောစောတွင် ရဒါနာသုံးကောင် သောင်းကျန်းသဖြင့် ကိုမေတ္တာသည် အိပ်ချင်သေးလျက်က ထခဲ့ရသည်။ မျက်နှာသစ်ပြီး လက်ဖက်ရည်ကြမ်း ထိုင်သောက်နေဆဲ စောစောစီးစီး မြို့ထဲမှ ပြန်လာသော နွယ့်အား ဝင်းဝ၌ တွေ့ရ၏။

"ဟော့...နွယ်၊ စောစောစီးစီး ဘယ်က ပြန်လာတာလဲ"

နွယ်သည် ဘာမျှမဖြေဘဲ သူ့အနီးသို့ ကပ်လာခဲ့၏။

ကိုမေတ္တာသည် နွယ်၏လက်တွင်းမှ ပစ္စည်းများကိုကြည့်၍ အံ့အားသင့်သွား၏။ နွယ့်လက်တွင်း၌ သွားပွတ်တံ၊ သွားတိုက်ဆေး၊ မုတ်ဆိတ်ရိတ်ကိရိယာများနှင့် ဆပ်ပြာမွှေးတစ်ထုပ်ကို တွေ့ရ၏။

"ဒါတွေ ဘာလုပ်ဖို့လဲ နွယ်"

"ကိုသစ္စာဖို့ပါ ဦးဇင်း"

နွယ်သည် ဦးလေးဖြစ်သူ ကိုမေတ္တာကို ငယ်စဉ်ကြာမြင့်စွာမှ ဦးပဉ္စင်းအဖြစ်သာ ဆက်ဆံ ခေါ်ဝေါ်ခဲ့ရသည်။ ထို့ကြောင့် နှုတ်ကျိုးနေပြီဖြစ်ရကား ယခုအခါ ကောင်းမွန်စွာ လူပြန်ပြီးရုံမက လူပီသစွာ ရဒါနာသုံးကောင်နှင့် ကိုမေတ္တာအား ဦးဇင်းဟုသာ ဆက်လက်ခေါ်နေသည်။

www.burmeseclassic.com



ဦးဇင်း ကိုမေတ္တာသည် စိတ်ပျက်ဟန် ခေါင်းခါသည်။

"နင့်မလဲ ဒုက္ခပဲနွယ်ရာ၊ ဘုမသိ ဘမသိနဲ့ ကြည့်လဲလုပ်ဦး၊ တော်တော်ကြာ အမှုတွေဘာတွေ ပတ်နေဦးမယ်"

"ဘာလို့ အမှုပတ်ရမှာလဲ..."

"ဟယ်... ဘယ်ပြောနိုင်မလဲ၊ သူ ဘာတွေဖြစ်ခဲ့မှန်းမှ မသိဘဲ၊ နင့်လူက ကိုယ့်နာမည်တောင် ကိုယ် မသိတာ"

"ဘာမှ ရှုပ်ရှုပ်ထွေးထွေးတော့ ဖြစ်ခဲ့ပုံ မရပါဘူး၊ ဖြစ်ခဲ့တဲ့လူက ဒီလို လူမြင်သူမြင် စင်မြင့်ပေါ်တက် လူပြက်လုပ်မလား"

ကိုမေတ္တာ ငိုင်သွား၏။

"အေး နင်တွေးတာ မဆိုးဘူးဟ"

ကိုမေတ္တာက ခေါင်းတညိတ်ညိတ် လုပ်နေခိုက် နွယ်က ဆက်ပြောသည်။

"သူ ပြောပုံဆိုပုံ နေပုံထိုင်ပုံ ကြည့်ရတာဟာ ဘိုစာတတ် မျိုးကောင်း ရိုးကောင်းထဲကနဲ့ တူတာပဲ"

ကိုမေတ္တာသည် ခေါင်းတညိတ်ညိတ် ဆက်လုပ်နေရာမှ ဖျတ်ခနဲ လှုပ်ရှားလာသည်။

"ဟဲ့ နေဦး၊ နင့်လူက မဟော်သဓာလိုများ ရုပ်ဖျက်ပြီး ကတော်ရှာထွက်လာတာလားမှ မဆိုနိုင်ဘဲ"

နွယ်၏ မျက်နှာမှာ ရက်သွေးဖြင့် ရဲသွားသည်။

"ဦးဇင်းကလဲ မတော်တာ ပြောရှော့မယ်"

နွယ်သည် ဤသို့ပြောပြီး မိမိ၏ အိမ်လေးရှိရာသို့ ထွက်လာခဲ့သည်။

နွယ် ဝင်လာကာမှာ ချမ်းချမ်းနှင့်ကွေး ဇိမ်ယူနေဟန် တူသော

BURMESE CLASSIC .com

www.burmeseclassic.com



ကိုသစ္စာသည် လူးလဲထ၏။

"နိုးပြီးလား ကိုသစ္စာ၊ အိပ်ချင်လဲ ဆက် အိပ်ဦးလေ"

"တော်ပါပြီ၊ နွယ် အခု ဘယ်က ပြန်လာတာလဲ"

နွယ်က လက်တွင်းမှ ပစ္စည်းများကို သူ့အနီး၌ ချထားပေးသည်။

"ကိုသစ္စာဖို့ ဒါတွေ သွားဝယ်တာလေ"

သူက ပစ္စည်းများကို ကြည့်သည်။ ထို့နောက် နွယ့်အား ပြန်ကြည့်၍ နူးညံ့စွာ ပြုံးသည်။ ဤအပြုံး၌ ကြည်နူးသာယာမှုမှာ သိသာထင်ရှားနေသည်။

သူက သွားပွတ်တံကို ထုတ်ယူ၍ သွားတိုက်ဆေး ညှစ်တင်သည်။ ပြီးမှ သတိရဟန်နှင့် နွယ့်အတွက်ကောဟု မေးသည်။

"နွယ့်အတွက် ကိစ္စမရှိပါဘူး ကိုသစ္စာ၊ နွယ့်မှာ မီးသွေးမှုန့်နဲ့ဆား ရှိပါတယ်"

သူက စိတ်ထိခိုက်သွားဟန်နှင့် တိုက်မည်ပြုသော သွားပွတ်တံကို ပြန်ချသည်။

"ဒီသွားပွတ်တံကို ပြန်သိမ်းထားလိုက်တော့နွယ်၊ ပြီးတော့ နွယ် သုံး၊ ကိုသစ္စာကို မီးသွေးမှုန့်နဲ့ဆား ပေးပါ"

"အို ဘယ်ဟုတ်မလဲ၊ ဒါ ကိုသစ္စာဖို့ နွယ် ဝယ်ခဲ့တာ"

"မဟုတ်ဘူးလေ၊ နွယ်က မင်းသမီး၊ သွားလေးတွေလှလှရှိဖို့ အရေးကြီးတယ်၊ နွယ် ပြုံးစမ်း"

သူက ခိုင်း၍ နွယ်မှာ ပြုံးလိုက်ရသည်။

"တော်ပြီ၊ နွယ့်သွားလေးတွေက သိပ်လှတယ်၊ ဒီသွားမျိုးမှ ပြုံးတာကို အသက်ဝင်စေနိုင်တယ်၊ ဒီသွားလှလှကလေးတွေ ဒီအတိုင်းနေဖို့ အရေးကြီးတယ်၊ မီးသွေးမှုန့်က သွားကို ဖြူစေတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ သွားအပေါ်က ပုလဲသားကို ပွန်းရှ ဖျက်ဆီးတတ်တယ်၊ ဒီတော့

BURMESE CLASSIC .com

www.burmeseclassic.com



သွားပွတ်တံနဲ့ဆေးကို နွယ်သုံး၊ ကြားလား၊ မီးသွေးမှုန့်နဲ့ ဆားကို ကိုသစ္စာပေး၊ သွားလေ”

နွယ်သည် ငြင်းပယ်ဦးမည် စိတ်ကူးသည်။ သို့ရာတွင် သူ့ကို ဘာကြောင့်မသိ ပြန်လှန် မဆန့်ကျင်ချင်။

နွယ်က နေရာမှထ၍ စီးကရက်သံဗူးနှင့် ထည့်ထားသော မီးသွေးမှုန့် နှင့် ဆားကို ယူပေး၏။

“ဆပ်ပြာမွှေးတော့ ရှင်သုံးနော် ကိုသစ္စာ”

နွယ်က မရဲတရဲ တိုက်တွန်းသည်။

“ဟာ… အတူတူသုံးတာပေါ့၊ နွယ်တို့ ဆပ်ပြာခွက်ထဲ ထည့်ထား လိုက်”

“အို ဘယ်ဖြစ်မလဲ”

“ဘာလို့ မဖြစ်ရမလဲ”

“ယောက်ျားနဲ့ မိန်းမ တစ်ဆပ်ပြာတည်းသုံးတော့ ကိုသစ္စာ ဘုန်းကံတွေ နိမ့်ကုန်မှာပေါ့”

သူက မျက်လုံးပြူး နားထောင်သည်။ နောက် ဘာကို သဘော ကျသည် မသိ၊ ဟက်ဟက်ပက်ပက် ရယ်သည်။

“ဘာဖြစ်လို့ ရယ်တာလဲ”

“နွယ်ပြောတာ သဘောကျလို့ပါ၊ တစ်ဆပ်ပြာတည်း သုံးတော့ ဘုန်းနိမ့်မှာ ကြောက်တယ်၊ နို့ တစ်အိပ်ရာတည်း အိပ်ကြတော့ကော ဘုန်းမနိမ့်ဘူးလား”

“အို…”

နွယ့် မျက်နှာ၌ ရက်သွေးဖြန်းသွားသည်။ သူကလည်း စကား မှားသွားမှန်း သိ၍ ပြင်ပြော၏။

BURMESE CLASSIC .com

www.burmeseclassic.com



"ကိုသစ္စာ ပြောတာက တခြားလူတွေကို ပြောတာပါ၊ နွယ်နဲ့ ကိုသစ္စာက တစ်အိပ်ရာတည်း အိပ်ကြတာမှ မဟုတ်ဘဲ၊ မဟုတ်ဘူးလား"

ပြင်ပြောကာမှ ပိုဆိုးနေသည်။ ဘာပြန်ပြောရမှန်းမသိဘဲ နွယ် ငြိမ်နေခိုက် သူက ဆက်ပြော၏။

"ဒီတော့ တစ်ဆပ်ပြာတည်းပဲ သုံးကြတာပေါ့၊ ယောကျ်ားနဲ့မိန်းမ တစ်ဆပ်ပြာတည်း သုံးလို့ ဘုန်းနိမ့်တယ် မှန်တယ်ထား၊ ကိုသစ္စာမှာ နိမ့်စရာ ဘုန်းဆိုလို့ တစ်လက်မမှ မရှိဘူး၊ ကျေနပ်ပြီလား"

သူသည် မီးသွေးမှုန့်နှင့် သွားတိုက်၏။ ထို့နောက် နွယ် ယူလာ ချပေးသော ဆပ်ပြာကို အသုံးပြု၍ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး ရိတ်သည်။

သူ မျက်နှာသစ်၊ ခေါင်းဖြီးပြီးသောအခါ နွယ်သည် ပဲပြုတ်ဆီဆမ်း လက်ဖက်ရည်ကြမ်းတို့ကို အမေစုနှင့်အတူ ပြင်ဆင်ပြီး ဖြစ်နေ၏။

တောရိပ်တောင်ရိပ်ဝိုင်းသော မတ္တရာ၏ ဆောင်းမှာ ချမ်းအေး လှသည်။ နွယ်က ကိုမေတ္တာထံမှ ငှားပေးထားရသည့် ပင်ဖြူ ဖျင်ကြမ်း အပေါ်အင်္ကျီကိုသာ အနွေးထည်အဖြစ် ဝတ်ထားရသော သူ့အား ကရုဏာ သက်သွားသည်။ သူကမူ ချမ်းအေးခြင်းကို ဂရုပြုလှပုံ မရ။

"လာ ကိုသစ္စာ၊ စားလှည့်"

သူက ဝင်၍ ပဲပြုတ်ဆီဆမ်းနှင့် လက်ဖက်ရည်ကြမ်းကို မြိန်ရှက်စွာ စားသည်။ အမေစုမှာ ဈေးသွားပြီဖြစ်၍ စားရင်းသောက်ရင်း အိမ်၌ နှစ်ဦးသာ ကျန်ရစ်သည်။

စားသောက်နေကြစဉ် နွယ်က တစ်စုံတစ်ခုကို သတိရဟန်နှင့် ကုတ်အင်္ကျီအိတ်တွင်းမှ ငွေတစ်ဆယ် ထုတ်ပေးသည်။ သူက မယူဘဲ မျက်မှောင်ကြုတ်၍ မေးသည်။

"ဒီငွေက ဘာလုပ်ဖို့လဲ"

www.burmeseclassic.com



"ဟိုညက ကိုသစ္စာအတွက်လေ"

သူ့မျက်နှာမှာ ရုတ်တရက် ညိုမှိုင်းသွားသည်။ စားနေဆဲ ပဲပြုတ်ဇွန်းကို ချလိုက်၍ ဖြည်းလေးစွာ မေး၏။

"ကိုသစ္စာ ဒီအိမ်က သွားရတော့မလား၊ ဟုတ်လား နွယ်"

သူ့အသံ၌ ဝမ်းနည်းငွေ့ လွှမ်းနေ၏။

"အို အို မဟုတ်ပါဘူး၊ ဘယ်သူက ကိုသစ္စာကို ဒီအိမ်က သွားရမယ် ဆိုလို့လဲ"

ဤအခါမှ သူ့မျက်နှာမှာ ပြန်ကြည်လာသည်။

"မသိဘူးလေ၊ ကိုသစ္စာကို ကိစ္စပြီးလို့ အခပေးပြီး ပြန်ခိုင်းတာလားလို့ပါ၊ ဒါထက် နွယ်၊ ကိုသစ္စာ တကယ်ဒီမှာ ဆက်နေသွားရမှာလား"

နွယ်သည် သူ့အား စိတ်မရှည်တော့။ မျက်စောင်းလေး ထိုးရင်း အပြစ်တင်မိသည်။

"ရှင်ဟာ တော်တော်ဝိတ်တဲ့ ငှက်ပျောတော မင်းသားပဲကိုသစ္စာ"

နွယ်က တွေ့စမှ စကားရပ်ကို ပြန်သုံးလိုက်သဖြင့် သူသည် အားရပါးရ ကျေကျေနပ်နပ် ပြုံးလိုက်သည်။

"ဒီငွေကို နွယ်ပဲယူထားပါ၊ ကိုသစ္စာ ထမင်းနပ်မှန်အောင်စားရရင် တော်ပါပြီ"

နွယ်၏ရင်မှာ ကရုဏာနှင့် ဆို့သွားပြန်သည်။

"ဘယ်ဟုတ်မလဲ ကိုသစ္စာ၊ သုံးချင်တာသုံးဖို့ ဒီငွေတော့ ယူထားပါ၊ ထမင်းကို နွယ် မှန်မှန်ကျွေးပါ့မယ်"

"ထမင်းမှန်မှန်ကျွေးရင် တော်ပါပြီ၊ သောက်စရာ ဆေးလိပ်လဲ ဟိုဘူးထဲမှာ ရှိသားပဲ၊ ကိုသစ္စာ ဘာမှ သုံးစရာမရှိဘူး၊ ယူထား ယူထား ပြန်ယူထား"

www.burmeseclassic.com



ဤသို့ဆိုပြန်သော် နွယ်မှာ ဆက် ဖွတ်မပေးသာတော့ဘဲ ငွေကို အိတ်တွင်း ပြန်ထည့်ထားလိုက်ရသည်။

"နွယ်တို့ ပွဲတစ်ခါကရင် ဘယ်လောက်ရသလဲ"

"အမှန်မရှိဘူးလေ၊ အများဆုံးတော့ တစ်ရာလောက် ရတယ်"

"လူပြက်တစ်ယောက်က ဘယ်လောက်ရသလဲ"

"ငါးကျပ်လောက်ပေါ့ရှင်"

"နို့ ဘာလို့ ကိုသစ္စာကို တစ်ဆယ်တောင် ပေးရသလဲ"

"ဪ... ဒါက ညက အလှူရှင်က ကိုသစ္စာကိုရော နွယ့်ကိုပါ ဆုချတယ်မဟုတ်လား၊ ဝေစု ခွဲယူလိုက်တော့ ကိုသစ္စာအတွက် ဒီလောက် ရတာပေါ့"

"ထုံးစံအတိုင်းဆို နွယ်က မင်းသမီးခ ဘယ်လောက်ရသလဲ"

"ဆယ့်ငါးကျပ်"

"နွယ်တို့ အဖွဲ့ပိုင်ရှင်က ဘယ်သူလဲ"

"နွယ်နဲ့ ဦးဇင်း"

"ဪ... ဪ၊ ပိုင်ရှင်အနေနဲ့ကော ဘယ်လောက်ကျန်သလဲ"

"နှစ်ယောက်ပေါင်း အသားတင် ငါးဆယ်လောက်ပေါ့"

သူသည် ဘာမျှပြန်မပြောတော့ဘဲ တစ်စုံတစ်ခုကို တွေးဟန် ငြိမ်နေသည်။

ထိုစဉ် အမေစု ဈေးကပြန်လာသဖြင့် နွယ်က "ကဲ...နွယ် ဝိုင်းပြု ချက်လိုက်ဦးမယ်၊ ကိုသစ္စာ ပျင်းရင် ဦးဇင်းနဲ့ သွားစကားပြောပါ လား"ဟု ဆို၍ နေရာမှ ထသဖြင့် သူကလည်း ကိုမေတ္တာ၏ အိမ်ဘက်သို့ ထွက်လာခဲ့သည်။

နွယ်သည် အမေစုအား ဝိုင်းကူချက်ရာမှ တစ်ချက်တစ်ချက်

www.burmeseclassic.com



သူရှိရာသို့ လှမ်းကြည့်သည်။ ကိုမေတ္တာ၏ အိမ်ရှေ့ကပြင်၌ သူက ကိုမေတ္တာနှင့် စိတ်ဝင်စားစွာ တစ်စုံတစ်ရာကို လေးလေးနက်နက် ဆွေးနွေးနေသည်။

ထမင်းစားခါနီးမှ သူပြန်လာသည်။ စားပြီးသောက်ပြီးသည်နှင့် တစ်ပြိုင်နက် အမေးအမြန်း ထူပြန်တော့၏။

"မန္တလေးဘက်မှာ နာမည်ကြီး အငြိမ့်တွေဟာ တစ်ချိုကို သုံးရာလောက် ရတယ်ဆိုတာ ဟုတ်လား"

"သူတို့ကတော့ ဟုတ်တာပေါ့ ကိုသစ္စာ၊ တစ်ချိုကို သုံးရာလောက် မကဘူး၊ အချိုကလဲ ခဏခဏ ကကြရတယ်"

"နွယ်က ဘာပြုလို့ မန္တလေး တက် မကလဲ"

အလိုက်မသိသော သူက မေးသဖြင့် နွယ်မှာ မချိပြုံးလေး ပြုံးလိုက်ရသည်။

"က ချင်တာပေါ့ ကိုသစ္စာရယ်၊ ဒါပေမဲ့ နွယ် ဘယ်တိုးနိုင်ပါ့မလဲ"

"ဘာပြုလို့ မတိုးနိုင်တာလဲ၊ နွယ့်အက ကောင်းသားပဲ၊ ညက ကိုသစ္စာ ကောင်းကောင်းကြည့်မိတယ်၊ နွယ့်ဆရာ ဘယ်သူလဲ"

"နွယ့်အမေ"

"ဟင်... နွယ့်အမေ"

"ဟုတ်တယ် အမေက ရှေးဇာတ်မင်းသမီးကြီးတစ်ဦးပဲ"

ဘာကြောင့်မသိ၊ သူ့သဏ္ဌာန်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မျက်နှာမှာလည်း မှုန်တစ်ချီ ဝင်းတစ်ချက်နှင့် အမျိုးမျိုး ပြောင်းသွားသည်။

နွယ်ကသာ ဆက်ပြော၏။

"အမေက အငြိမ့်ကို သဘောမကျဘူး၊ ပညာမယှဉ်တဲ့ ဟာသသဘင် သက်သက်တဲ့၊ ပြီးတော့ ကလက်တယ်တဲ့၊ နွယ့်ကို မင်းသမီးကြီး ပညာတွေသာ အမွေပေးခဲ့တယ်၊ ရှေးမူရှေးဟန် ရှေးအက ရှေးအဆိုတွေမှာ

BURMESE CLASSIC .com

www.burmeseclassic.com



နွယ် ဘယ်သူနဲ့မဆို ပြိုင်ရဲပါတယ်၊ အဲ...မြို့ကြီးတက်ပြီး ကဖို့က ကာလပေါ် အကဆန်း အဆိုဆန်းတွေ နွယ် မရဘူး”

“နွယ် ဒါဖြင့် ဘာလို့ ဇာတ်မင်းသမီး မလုပ်သလဲ”

နွယ်က နာကြည်းစွာ ပြုံးသည်။

“လုပ်ခဲ့ဖူးပါတယ်လေ၊ ဒါပေမဲ့...”

နွယ်သည် ရှေ့ဆက်ရန် ခက်ခဲသည်သို့ စကားရပ်သွားသည်။

“ပြောပါလေ၊ ဘာမှမရှက်ပါနဲ့”

သူကမူ လုံးဝ အလိုက်မသိတတ်။

“နွယ် အင်မတန် နာမည်ကြီးတဲ့ မင်းသားတစ်ဦးရဲ့ ဇာတ်ထဲလိုက်ဖူးပါတယ်၊ ခက်တာက မင်းသားက တကယ့် မင်းညီ မင်းသားတွေ မောင်းမမိဿံအများကြီးထားသလို နွယ်တို့ကိုလည်း ခြေတော်တင်ချင်တယ်လေ၊ ဒါနဲ့ နွယ် ထွက်ခဲ့ပြီး ဒီမှာ ဦးဇင်းနဲ့ ကြုံမိကြုံရာ အငြိမ့်ထောင်မိတာ”

သူသည် ငြိမ်၍ နားထောင်ရာမှ နွယ့်စကားအဆုံး၌ နွယ် မမျှော်လင့်သော စကားကို ဆို၏။

“ကိုသစ္စာတို့ နွယ်တို့ မန္တလေး တက်က ကြရအောင်”

“ရှင်...”

“မန္တလေးတက် ကကြရအောင်လို့၊ ကာလပေါ် အဆန်းတွေ နွယ် ကတတ်တာ မကတတ်တာက အရေးမကြီးဘူး၊ ပညာစစ် ပညာမှန်တွေ နွယ့်မှာရှိတယ်၊ အဲဒါထက် ပိုအရေးကြီးတာက နွယ် ချောတယ်၊ မြို့မှာ အောင်မြင်ဖို့ အရေးအကြီးဆုံး ပထမအချက်က ချောရမယ်၊ ဒုတိယ အချက်က အဲကိုယ်လုံးကိုယ်ပေါက် လှရမယ်၊ လှရမယ်ဆိုတာ ဒီမှာ ပြောကြသလို အရုပ်ကလေးလို ဝဝကစ်ကစ် သေးသေးလေး ပြောတာ

BURMESE CLASSIC .com

www.burmeseclassic.com



မဟုတ်ဘူး၊ နွယ့်လို လည်တိုင် ရှင်းရှင်း၊ အရပ်သွယ်သွယ်၊ ခါးသေးသေး တင်ထွားထွား ရင်...အဲ...ရင်”

သူသည် စိတ်ရှိတိုင်း အားရပါးရ ပြောချနေရာမှ မတော်တရော်တွေ ပြောမည့်ကဲ့သို့ ဖြစ်ပြီး သတိရဟန် စကားရပ်ပစ်လိုက်သည်။

နွယ်က အရက်ပြေ ပြုံးရင်းက မေးသည်။

“ရှင့်မျက်စိထဲမှာ နွယ်ဟာ တကယ်ပဲ ချောနေသလား”

“ကျွန်တော့်မျက်စိထဲ ချောနေတာမဟုတ်ဘူး၊ တကယ်ချော နေတာကို ပြောတာ၊ ဒါပေမဲ့ နွယ်က နည်းနည်း အဲ တောဆန်နေသေးတယ်”

နွယ်၏စိတ်ထဲ၌ အနည်းငယ် မခံချင်ဖြစ်သွားသည်။

“ကျွန်မက တောဆန်နေတယ်၊ ဘယ်လို တောဆန်တာလဲ”

သူက နွယ်၏အသံမှ မခံချင်ဟန်ကို ရိပ်မိသွားသည်။

“နွယ် စိတ်ဆိုးသွားသလား၊ ကိုသစ္စာက စေတနာနဲ့ ပြောတာပါ”

ဤသို့ ဆိုပြန်ရာ နွယ်မှာ စိတ်ပြေ၍ ပြုံးရပြန်ပါ၏။

“ကဲပါ စေတနာနဲ့ဆိုရင် ပြောမယ့်ဟာ ဆက်ပြောစမ်းပါ”

“ပြောမလို့ပဲဟာ၊ နွယ်ကမှ မကြိုက်တော့...”

“တကတဲနော်၊ ဝိလိုက်တဲ့ မင်းသား၊ ပြောတော်မူပါလို့ မောင်မောင် ဘုရားကို ဘုရားနှမ သံတော်ဦးတင်နေတယ် မဟုတ်လားလို့၊ ကဲ...”

သူက သည်တော့မှ နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်၍ ဆက်ပြော၏။

“နွယ့်နဖူးက မကျဉ်းမကျယ် ကြည့်ကောင်းပြီးသားပဲ၊ ထိပ်မှာ ဆံပင်လေး ခပ်ဖွဖွ ရွှရွှမြင့်မြင့်လေးဆို ပိုလှမယ်၊ နွယ်က တရုတ်မ ဆံယဉ် ချထားတယ်၊ မနိပ်ဘူး”

“ပြီးတော့ကော...”

“နွယ့်ဆံထုံးက ကြီးလွန်းအားကြီးတယ်၊ ဆံထုံး သေးသေးထုံးပြီး

www.burmeseclassic.com



နွယ့်ဆံပင် ကောင်းသားပဲ၊ ဆံမြိတ်ရှည်ရှည် ချမယ်၊ ဒါမှ နန်းဆန်တယ်”

“ဟုတ်ကဲ့ရှင် နောက်ပြီးတော့ကော…”

“နွယ်က နားသယ်က ဆံပင်တွေကို ဆွဲတင်တာ တင်းလွန်းအားကြီးတော့ လူရင့်သွားတယ်၊ ဒီလိုပဲ နောက်စေ့က ဆံပင်တွေကိုလည်း ဆွဲတင်းလွန်းအားကြီးတော့ ကုပ်ကြီးရှင်းနေတယ်၊ လည်ကုပ်တို့ နားသယ်တို့မှာ ဆံယဉ်လေးတွေ အနေလှလှ ကျနေမှ လူလှတယ်”

နွယ်က သူ့ကို အံ့ဩသွားသည်။ အထင်လည်း ကြီးလာ၏။ ထို့ကြောင့် ဆက်ပြောသည်ကို ငြိမ်ငြိမ်လေး နားထောင်ရှာသည်။

“မျက်ခုံးမွေးဆွဲတာ၊ နှာကျားဆွဲတာ၊ နှုတ်ခမ်းဆိုးတာ၊ ဒါတွေနဲ့ ပတ်သက်ပြီးတော့တော့ နောက်မှပြောမယ်၊ အဝတ်အစားနဲ့ ပတ်သက်ပြီး ပြောဦးမယ်၊ နွယ့် အင်္ကျီက အဖြူပြောင်ချော ပါးလွန်း ကျပ်လွန်းတယ်၊ ဟိုညက ထဘီရွေးတာ ကိုသစ္စာ သတိထားလိုက်မိတယ်၊ အစိမ်းနုနုလေးဟာ လိုက်သား၊ ဒါပေမဲ့ နွယ်က ပိုသစ်ပြီး ရွှေခြည်ထိုးတွေ ပိုပြောင်တဲ့ အနီရဲရဲကြီးကို ဝတ်တော့ ကိုသစ္စာ မျက်စိကို ကျိန်းသွားတာပဲ၊ နွယ့်ရုပ်ကလဲ ပိုရင့်သွားတယ်၊ အဝတ်အစား အသွေးအရောင် အရွေးဟာ သိပ်လိုတယ်၊ ကိုယ့်အသားနဲ့ နေ့မီးညမီး အခြေအနေ၊ ရာသီဥတု၊ နောက်ခံကား အသွင်အပြင်၊ ဒါတွေနဲ့ ဆီလျော်ဟပ်စပ်အောင် ရွေးဝတ်ရတယ်၊ တချို့ မင်းသားမင်းသမီးတွေဟာ ပုဆိုးထဘီပေါ်ကြောင်း ကြွားချင်တာနဲ့ ကိုယ်နဲ့ လိုက်မလိုက် မစဉ်းစားဘူး၊ ထည်လဲထည်လဲသာ ဝတ်ပြတယ်၊ ပရိသတ်ဟာ အဝတ်ကောင်း အစားကောင်း လာကြည့်တာ မဟုတ်ဘူး”

သူက ရှည်လျားစွာ ပြောပြီးနောက် လက်ဖက်ရည်ကြမ်းတစ်ခွက် ငုံ့သောက်၏။

“ကိုသစ္စာ ရှင် မှန်မှန်ပြောစမ်း၊ အရင်တုန်းက ဘယ်ဇာတ်ထဲ

BURMESE CLASSIC .com

www.burmeseclassic.com



လိုက်ဖူးလဲ”

“ဟော... ခက်ပါပြီ၊ ကျွန်တော် တစ်နေ့ကမှ စင်ပေါ်ရောက်တာ မဟုတ်လား”

“မဟုတ်ဘူးလေ၊ ရှင် ဒါတွေကို လေ့လာဖူး သင်ဖူးရမယ်၊ ဘယ်မှာ သင်ခဲ့သလဲ”

“သင်တော့ သင်ဖူးမှာပေါ့၊ ဘယ်တုန်းက ဘယ်မှာ ဆိုတာ ကျွန်တော် ဘယ်လိုလုပ် သိမလဲ”

“ရှင် တကယ် ရှင်ဘယ်သူဖြစ်တယ် ဘာလုပ်ခဲ့တယ်ဆိုတာ မမှတ်မိဘူးလား...ဟင်”

သူ့မျက်နှာက တည်ကြည်သွားသည်။ တည်ကြည်သွားရုံမက အလွန်အမင်း စိတ်ပင်ပန်းသွားပုံလည်း ရ၏။

“ကိုသစ္စာ”

သူက မထူး။

“ကိုသစ္စာ”

သူသည် ငိုင်မြဲ ငိုင်နေသည်။

“ဒီမှာ ကိုသစ္စာ၊ ရှင် ဘာဖြစ်သွားတာလဲ”

နွယ်က သူ့လက်မောင်းကို ကိုင်လှုပ်၍ မေးသည်။

သူက သက်ပြင်းရှိုက်၏။

“ကျွန်တော် ဘာဖြစ်ခဲ့တယ်ဆိုတာ မသိဘူး နွယ်၊ ဘာလို့ ဒါကို မေးတာလဲ၊ ကျွန်တော့်ကို မယုံဘူးလား”

“ယုံတာပေါ့ ကိုသစ္စာ၊ ယုံလို့ပဲ ရှင့်ကို ကျွန်မအိမ်ပေါ် ခေါ်တင်ခဲ့ပြီ မဟုတ်လား”

“ယုံရင်လဲ ဘာလို့ ကိုသစ္စာ မသိတာတွေကို မေးချင်ရသလဲနွယ်၊

BURMESE CLASSIC .com

www.burmeseclassic.com



ကိုသစ္စာ သိတာဆို ဘာလို့ နွယ့်ကို မပြောဘဲ နေရမလဲ”

နွယ်သည် များစွာ စိတ်မကောင်း ဖြစ်သွားမိသည်။ ထို့ကြောင့် ကြိုးစား ရယ်ရွှင်ပြုံးလျက် လက်ရှိ စကားစပ်ကိုဖြတ်၍ မူရင်းစကားဆီ အာရုံ ပြန်လွှဲယူရ၏။

“ကောင်းပါပြီလေ၊ ကိုသစ္စာ မသိတာတွေ နွယ် နောက်မမေးတော့ပါဘူး ဟုတ်လား၊ ဒီတော့ စောစောက ကိုသစ္စာပြောတာကို ပြန်စကြရအောင်၊ မန္တလေးကို တက်ကဖို့ ဆိုတာလေ၊ ဒီမှာ ကိုသစ္စာ”

“ပြောလေ နွယ်”

“တက်ကချင်ပေမဲ့ ကဖို့ဆိုတာက ငှားမယ့်လူ ရှိဦးမှ မဟုတ်လား၊ နွယ်တို့ကို ဘယ်သူက လာငှားမှာလဲ”

ဒါတော့မှန်သည်။ ရတနာပုံ ယဉ်ကျေးမှု ရွှေမြို့တော်မှ မည်သူသည် မတ္တရာမြို့လေးက တောအငြိမ့်ကို လာငှားမည်နည်း။

သူသည် ငိုင်နေ၏။ အတန်ကြာမှ ဖျတ်လတ်လှုပ်ရှားလာသည်။

“ငှားသူမရှိရင် ကိုယ်က ငှားမယ့်လူ လိုက်ရှာရမှာပေါ့၊ ဒီလမ်းပဲ ရှိတယ်၊ သြော် နွယ့်မှာ ကြော်ငြာ စာရွက်တွေ ဘာတွေမရှိဘူးလား”

“ဟင့်အင်း”

သူက စိတ်ပျက်သွားဟန်ရှိ၏။

“ဒါဖြင့် ဓာတ်ပုံတွေ ဘာတွေ မရှိဘူးလား”

“ရှိတယ် ရှိတယ်”

နွယ်သည် နေရာမှ ထ၍ သူ အကောင်းဆုံးဟု ထင်သည့် ဓာတ်ပုံများကို ယူပေးသည်။

သူက ဓာတ်ပုံများကို တစ်ခုစီ ရွေးချယ်စစ်ဆေးသည်။ နောက် ခေါင်းခါသည်။

www.burmeseclassic.com



"မကြိုက်ဘူးလား ကိုသစ္စာ"

"ဟင့်အင်း"

"ဘာဖြစ်လို့..."

သူက မဖြေ။

"တောဆန်တာပဲ ဟုတ်လား"

သူက ဆိတ်နေသည်။ အတန်ကြာမှ ပြော၏။

"ဒီလိုလုပ်လေ၊ မနက်ဖြန်ကျ မြို့ထဲက ဓာတ်ပုံဆရာ တစ်ယောက်ဆီ ဓာတ်ပုံသွားရိုက်ရအောင်၊ ဘယ်လို ဝတ်ရမယ်၊ ဘယ်ပုံရိုက်ရမယ်ဆိုတာ ကိုသစ္စာ ပြပေးမယ်"

"ကောင်းပြီလေ၊ ဓာတ်ပုံရိုက်ပြီးတော့ကော"

"ဒါ ကိုသစ္စာ ကြည့်စီစဉ်မယ်"

နွယ်က သူ့အား ယုံရခက် မယုံရခက် ကြည့်သည်။ သို့ရာတွင် သူ့သဏ္ဍာန်မှာ တည်ငြိမ်လေးနက်နေ၏။

*

ထိုနေ့ညဌ် ထုံးစံအတိုင်း အငြိမ့်အဖွဲ့သားများ ခြံတွင်း၌ ဆုံမိရာ ကိုသစ္စာ၏ မန္တလေးတက်ကရေး စီမံကိန်းသတင်းစကားကြား၍ အချင်းချင်း လက်တို့ ကျိတ်ရယ်ကြသည်။

ရယ်ကြပေမည်။ နောက်ထပ် ဘယ်တောအလှူ၊ ဘယ်တောဘုရားပွဲက လာငှားပါမည်နည်းဟု စောင့်မျှော်နေရသည့် ဘဝ၌ ယဉ်ကျေးမှု ရွှေမြို့တော်သို့ တက်ချိန်ခြင်းမှာ ကြီးမားလှသော ဟာသကြီး ဖြစ်၏။

မည်သူ မည်သို့ဖြစ်စေ ကိုသစ္စာကမူ တူရိယာပစ္စည်းများကြား၌ အလုပ်များနေ၏။

သူက တယောတစ်လက်နှင့် အလုပ်ရှုပ်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အငြိမ်မနေတတ်သော ချစ်စရာသည် သူ့နား ကပ်လာခဲ့၏။

“နေပါဦး ခင်ဗျား တယောထိုးတတ်လို့လား”

“အင်း ထိုးတတ်တယ် ထင်တာပဲ”

သူ့အဖြေကြောင့် ကြားရသူ နီးစပ်ရာ လူများက ရယ်ကြသည်။ သူက ရယ်သူများအား တင်းမာသော မျက်နှာနှင့်

“ဘာရယ်တာလဲ၊ ကျုပ်ပြက်လုံးထုတ်နေတာ မဟုတ်ဘူး”

ရယ်သူများမှာ ဇက်ပုရှ ငြိမ်သွားကြ၏။

သူက ဓာတ်သေတ္တာတစ်ခုထက် ကျကျနနထိုင်၍ တယောကို စမ်းသည်။ ခဏကြာသော် သူက လှုပ်ရှားလာ၍ ကြိုးပြန်ညှိသည်။ နောက် မျက်စိမှိတ်၍ အသံ ပြန်စမ်းသည်။ ဤအကြိမ်တွင်မူ ပီရိရွဲနွဲ့သော တယောလက်စမ်း အတောတစ်ရပ် ပေါ်လာ၏။

သူက နေရာမှထသည်။ မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ တယော ပိုက်၍ ခြံနောက်ပိုင်းသို့ ထွက်လာခဲ့သည်။

ဤအချိန်၌ နွယ်သည် အဖွဲ့သားများဆီ ရောက်လာခဲ့၏။

“နွယ်တော့ ကော်တာပဲ”

ကိုစံကွန့်က ဆီးပြောသည်။

“နွယ် ဘာကော်တာလဲ”

“ဟိုမှာလေ၊ လူပြက်ပါ မကဘူး၊ တယောပါ ရတယ်”

နွယ်သည် ခြံနောက်ပိုင်းသို့ လှမ်းကြည့်သည်။ လူကို မမြင်ရသော်လည်း တယောသံ ကြားရ၏။

“ဘယ်သူလဲ ကိုသစ္စာလား”

“ဟုတ်ပါ့ဗျာ ဟုတ်ပါ့”

နွယ်သည် ဘာမျှမပြောတော့ဘဲ စည်းနှင့်ဝါးကို ယူ၍ သူရှိရာသို့

www.burmeseclassic.com



ထွက်ခဲ့၏။

ခြံနောက်ပိုင်း၌ သောင်ပေါ်ထွန်းစ မြစ်ကလေးရှိသည်။ ကမ်းစပ် ထနောင်းပင်ကို မှီ၍ သူသည် တယောကို ထိုးနေ၏။

မျက်နှာမူရာ၌ ဆောင်းညနေ၏ နှင်းသင်တိုင်း ပြာပြာလွှမ်းစ တောနှင့် တောင်တို့ကို မြင်ရသည်။ မြစ်ပြင်ထက်၌လည်း ငှက်ငယ်တို့ ဝဲပျံနေကြ၏။

နွယ်သည် ဘာမျှမပြောဘဲ သူ့အနီး မြေပြင်၌ ကျုံ့ကျုံ့ယုံ့ယုံ့ ညင်သာစွာ ဝင်ထိုင်၏။

သူက တီးလက်စ ပတ်ပျိုးကို ခေတ္တ ရပ်၍ နွယ့်အား ကြည့်သည်။

နွယ်က ပြုံး၍ သူ့အား ပြန်ကြည့်သည်။ သူက နားလည်သွားလေပြီ။

သူသည် တယောကို ပြန်စ အသံခံပေး၏။

နွယ်က သူစောစောက တီးနေခဲ့သော ပတ်ပျိုးကိုပင် ဆိုသည်။

"ရွှေ...ယင်... ပေါင်... ငွေ... ယင်... ပေါင်... သဲခုံပြန့်... ကျွန်းငွေသောင် **xxxx**"

သဲခုံ ရေယဉ် အေးထက် ငှက်မယ်မောင် တောင်ပံယှက်ခိုက် ဆောင်းမိုးပြာဝယ် လေယူ၍ တိမ်ဖြူလွှာတို့ ညင်ညင်သာသာ ခရီးလွင့်မျော မဆုံး ရှိနေလေသည်တည်း။

*

www.burmeseclassic.com

## (၁၁)

ကိုသစ္စာသည် သူပြောခဲ့သည့်အတိုင်း နွယ့်အား ဓာတ်ပုံတိုက်သို့ ခေါ်ဆောင်၍ အမျိုးမျိုး ဓာတ်ပုံရိုက်ယူသည်။

ဓာတ်ပုံများ ရသောနေ့၌ နွယ်ကိုယ်တိုင်ပင် အတိုင်းမသိ အံ့သြမိခဲ့ရ၏။

မိမိပဝါလေးဖြန့်ခြုံကာ ယိုးဒယားဟန် က,ထားခြင်းအား အကြီးချဲ့၍ အပြာနုနုနှင့် ရွှေဝါရောင်ပြေပြေ ဆေးရောင်သွင်းထားသော ပုံအား မိမိ မျက်လုံးများကိုပင် မယုံမိဘဲ ငေးကြည့်မိ၏။

အခြားပုံများမှာ မိမိအား ထောင့်အမျိုးမျိုးမှ မျက်နှာအလှနှင့် ကိုယ်လုံးအလှကို ပေါ်လွင်အောင် ရိုက်ထားသည့် ပုံများဖြစ်၏။

ဤပုံများကို ပိုက်၍ ကိုသစ္စာသည် ကိုမေတ္တာအား အဖော်ပြုလျက် မန္တလေးသို့ တက်သည်။

မတ္တရာ ဘူတာ၌ လက်ပြကျန်ရစ်ရင်း နွယ်သည် အမျိုးအမည်မသိသော မျက်ရည်များ ကျမိ၏။

BURMESE CLASSIC .com

www.burmeseclassic.com



သူတို့ထွက်သွားသည်က စ၍ ရထားဆိုက်ချိန်တိုင်း နွယ်သည် ဘူတာသို့ ရင်တခုန်ခုန်နှင့် ထွက်ကြိုခဲ့ရရှာသည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

ဤရက်များမှာ နွယ့်အတွက် ကမ္ဘာများသို့ ကြာရှည်သည်။

လေးရက်မြောက် ရထားဆိုက်ချိန်၌ မည်သူမျှ ပြန်ပေါ်မလာသော အခါ နွယ်သည် စိတ်ပျက် ငိုကြွေးမိသည်။

သို့သော် မမျှော်လင့်ဘဲ ဂျစ်ကားတစ်စီးသည် ခြံဝ၌ တိုးဆိုက် လာသည်။

"နွယ်ရေ... နွယ်ရေ..."

ကိုသစ္စာ၏ ဝမ်းသာအားရ ဟစ်အော်ခေါ်သံ ကြားရသည်။

ဝမ်းသာအားရနှင့် နွယ်က အိပ်ရာတွင်း လှဲနေရာမှ ကိုယ်ကို မပြုပြင်မိဘဲ ကပိုကရိုနှင့် အခန်းတွင်းမှ ပြေးထွက်ခဲ့သည်။

ထိပ်ဆုံးမှ အထုပ်အပိုးများ ပိုက်၍ ကိုသစ္စာ ဆင်းလာသည်။ ကိုသစ္စာနောက်၌ ကိုမေတ္တာ။ ကိုမေတ္တာနောက်၌ အမည်မသိ သားနား မွန်ရည်သော လူရွယ်နှစ်ဦး။

နွယ်သည် စကားမဆိုနိုင်ဘဲ ကြောင်ကြည့်နေ၏။

သူက နွယ့်ပခုံးမှ ဆွဲဖက်ကာ ကွပ်ပျစ်ရှိရာသို့ ဆွဲခေါ်ခဲ့၏။ ထို့နောက် အထုပ်အပိုးများကို ပစ်ချ၍ နွယ့်ကို ပခုံးမှ ဖိကာ ထိုင်ခိုင်းသည်။

"ကဲ... နွယ် ဝမ်းသာတော့၊ ကိုသစ္စာတို့ သန်ဘက်ခါ မန္တလေး တက် ကမယ်"

"ရှင်... တကယ်ပြောတာ"

"သြော်... ဒုက္ခပါပဲ၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေး နဲ့လား လုပ်နေပြန်ပြီ၊ နွယ့်ကို ကိုသစ္စာက ဘာလို့ လိမ်ရမှာလဲလို့"

BURMESE CLASSIC .com

www.burmeseclassic.com



ဤစကားကြားသော် နွယ်က အံ့ဩခြင်းပြေ၍ ရယ်မိသည်။

သူက ယခုမှ သတိရဟန် လူစိမ်းညှော်သည် နှစ်ဦးဘက် လှည့်၏။

"ဆောရီးဗျာ ကိုခင်မောင်သိန်းနဲ့ ကိုညီဝင်းအောင်၊ ထိုင်ကြဗျ၊ ဒါ နွယ်ပဲ"

လူရွယ်နှစ်ဦးသည် မထိုင်ကြသေးဘဲ နွယ့်အား နှုတ်ဆက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည် ညီဝင်းအောင်"

နွယ်သည် ဤသို့ ယဉ်ကျေးစွာ နှုတ်ဆက်သည်ကို မကြုံဖူး။ ထို့ကြောင့် မည်သို့ စကားပြန်ရမှန်းမသိ။ နောက်ဆုံး၌ ပင်ကိုအပြုံးလေးနှင့်သာ တုံ့ပြန်ရ၏။

လူရွယ်နှစ်ဦးက ကွပ်ပျစ်တစ်ထောင့်စွန်း၌ ဝင်ထိုင်ကြသည်။ ကိုမေတ္တာကမူ သူ၌လည်း ပါလာသော အထုပ်အပိုးတို့နှင့် သူ၏ ရဒါနာများဆီ ပြေးသည်။

"နွယ်၊ သူတို့က တက္ကသိုလ် ကျောင်းသားတွေ၊ အခု ကိုသစ္စာတို့ သူတို့ကျောင်းမှာ သွားကရမှာ"

"ဟုတ်လား၊ ဝမ်းသာပါတယ်ရှင်"

နွယ်သည် စိတ်ရင်းအမှန်ကို လူရွယ်များအား ပြောပြသည်။

"အဲဒါ ထားတော့နွယ်၊ အခု သူတို့ကို သီချင်းတစ်ပုဒ် ဆိုပြပါ၊ ကိုသစ္စာ တယောထိုးပေးမယ်"

"အို ကိုသစ္စာရယ်၊ နေ့ခင်းကြီး"

နွယ်မှာ နေ့ခင်းကြောင်ကြောင်ဝယ် လူစိမ်းများရှေ့ ဆိုရမည်ကို အနည်းငယ် ရှက်သည်။

"ဆိုပြလိုက်ပါ နွယ်ရယ်၊ သူတို့က ကျောင်းသားအများကို တာဝန်ခံ အငြိမ်းငှားရတာ၊ ဒါကြောင့် ဒီအထိ တကူးတက လိုက်လာကြတာ၊

BURMESE CLASSIC .com

www.burmeseclassic.com



ကဲပါ စကြရအောင်”

သူက ခေါင်းရင်းမှ တယောကိုယူ၍ အသံစမ်းသည်။

“နွယ် ဘာဆိုရမလဲ”

နွယ်က မေးသဖြင့် ကိုခင်မောင်သိန်းဆိုသူက “သီချင်းကြီးထဲက လုပ်ပါ၊ ပတ်ပျိုးပေါ့”ဟု ခိုင်းသည်။

နွယ်က ကိုသစ္စာအား လှမ်းကြည့်ရာ သူက ပြုံး၍ ခေါင်းညိတ်သည်။

နွယ်သည် မနေ့ညက ဆိုခဲ့သော ရွှေယင်ပေါင် ငွေယင်ပေါင် ပတ်ပျိုးလေးကိုပင် ဆိုပြ၏။

ပတ်ပျိုး ဆိုပြီးသောအခါ ညီဝင်းအောင်ဆိုသူက ကာလပေါ် ဆိုခိုင်း၍ နွယ်က မေရှင်၏ “ပျို့မှာတမ်း”ကို ဆိုပြသည်။

အဆိုပြီးသောအခါ ကျောင်းသားနှစ်ဦးစလုံးက ပြိုင်တူလိုပင် “ကြိုက်တယ်ဗျို့၊ အဆိုကို သိပ်ကြိုက်တယ်”ဟု ချီးမွမ်းသည်။

ကိုသစ္စာသည် တယောကို ခေတ္တချလိုက်ပြီး “ကဲ အကကော ကြည့်ကြဦးမလား”ဟု မေး၏။

နွယ်က မျက်လုံးလေး ပြူးသွားသည်။ လူရွယ်နှစ်ဦးကမူ နွယ့်ကို အားနာဟန်ကြည့်၍ ဘာမျှမပြော။

သူကသာ ဆက်ပြောသည်။

“ကဲ ကြည့်သွားသေးတာပေါ့၊ ဟုတ်လား၊ ခင်ဗျားတို့ကလဲ ဘာမှ အားမနာနဲ့၊ နွယ်ကလဲ ဘာမှ မရှက်နဲ့၊ အလုပ်သဘောက အလုပ်သဘောပဲ”

သူသည် ဆက်တိုက် ပြတင်းမှ ထွက်၍ ကိုမေတ္တာအား လှမ်းခေါ်သည်။ ကိုမေတ္တာ ရောက်သောအခါ သူက စည်းနှင့်ဝါး တီးခိုင်းသည်။

“ကဲ... နွယ်က၊ ယိုးဒယား၊ နမူနာပေါ့”

BURMESE CLASSIC .com

www.burmeseclassic.com



သူက တယောနှင့် ယိုးဒယား တစ်ပုဒ်တီးပေးရာ ကိုမေတ္တာ၏ စည်းဝါးအလိုက် နွယ်မှာ ကရပြန်သည်။

နွယ်၏ ကကြိုးဆုံးသည်နှင့် တစ်ပြိုင်နက် လူရွယ်နှစ်ဦးသည် လက်ခုပ်တီး ဩဘာပေးလိုက်ကြပြီး ကိုသစ္စာအားလည်း ထလက်ဆွဲ နှုတ်ဆက် ကြသည်။

"သိပ်ကောင်းတာပဲဗျာ၊ သိပ်ကောင်းတာပဲ၊ ကျွန်တော်တို့လဲ တာဝန်ကျေပြီ၊ ခင်ဗျားတို့လဲ ကြိုးစားကြပေတော့၊ ကျောင်းမှာ နာမည်ရရင် စားပေတော့ပဲ၊ နာမည်လဲ ရမှာပါပဲဗျာ"

ကိုသစ္စာသည် အားရကျေနပ်စွာ ပြုံးလိုက်သည်။

"ဒါကြောင့် စိတ်ချပါလို့ ကျွန်တော်ပြောတယ်မဟုတ်လား၊ ကျွန်တော်က မှန်သောစကားကို အမြဲဆိုတယ်၊ နာမည်ကိုက ကိုသစ္စာတဲ့ဗျ"

လူရွယ်နှစ်ဦးသည် နေရာမှထသည်။

"ကဲ...ကိုသစ္စာ၊ မိုးချုပ်နေဦးမယ်၊ ကျွန်တော်တို့ ပြန်မယ်၊ ဟိုနေ့ကျ အစစ အချိန်မီအောင်သာ စောစောလာခဲ့ပါ ဟုတ်လား"

"စိတ်ချ စိတ်ချ၊ ဒါအတွက်တော့ ဘာမှ မပူနဲ့၊ ကျွန်တော်ကလည်း အင်မတန် အချိန်လေးစားတယ်"

လူရွယ်နှစ်ဦးသည် အားလုံးကို နှုတ်ဆက်၍ ပြန်သွားကြသည်။ ဤအခါမှ ကိုသစ္စာသည် တစ်စုံတစ်ခုကို အလွန့်အလွန် ဝမ်းသာအားရ သည့်အလား လက်ခုပ်လက်ဝါးတီး၍ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း တစ်ဦးတည်းရယ်နေသည်။

ပထမနွယ်သည် သူ့အား ရူးများသွားပြီလောဟု အံ့အားသင့်ကြည့် နေမိ၏။ နောက်မှ သူ့ထံမှ ဝမ်းသာခြင်း ကူးစက်၍ နွယ်ပါ လိုက်ရယ်သည်။

အားရအောင် ရယ်ပြီးမှ သူသည် နွယ်၏အနီး ဝင်ထိုင်လျက်

www.burmeseclassic.com



ဖြစ်သမျှကို ပြောပြသည်။

သူနှင့်ကိုမေတ္တာသည် မန္တလေးမှ အငြိမ့်ထောင်သူများထံ နှစ်ရက် တိတိ လှည့်လည်၍ စုံစမ်းကြသည်။ မည်သူနှင့်မျှ အကြောင်းမညီညွတ်နိုင်ဘဲ နောက်ဆုံး နှစ်ရက်မြောက်နေ့ညနေ၌ နာမည်အကြီးဆုံးသော အငြိမ့်ထောင် မင်းသမီးဟောင်းကြီးတစ်ဦးထံ စွန့်သွားကြသည်။

မင်းသမီးကြီးက ကိုမေတ္တာနှင့် ကိုသစ္စာတို့၏ ပြောဟန်ဆိုဟန်ကို ကြိုက်သည်။ နွယ်၏ရုပ်ရည်ကို သဘောကျသည်။ ထို့ကြောင့် သူ့လက်ရှိ အငြိမ့်တစ်ခု၌ နွယ်က လက်ထောက်မင်းသမီး ဝင်လုပ်ရမည်။ ကိုမေတ္တာ၊ ကိုသစ္စာတို့ကိုလည်း လူရွှင်တော်အဖြစ် ခန့်မည်။ သို့သော် နွယ်နှင့် တွဲချင်မှ တွဲရမည်။

ကိုသစ္စာက ဤအချက်များ အားလုံးကို ငြင်းပယ်သည်။ သူက သူတို့တစ်ဖွဲ့လုံးကို နွယ့်အား ခေါင်းဆောင် မင်းသမီးအဖြစ် ထား၍ သီးသန့်လက်ခံရန် အဆိုတင်သွင်းသည်။ အရင်းကို သူတို့နှင့် မင်းသမီးကြီး က တစ်ဝက်စီ စိုက်ထုတ်၍ အကျိုးကို တစ်ဝက်စီ ခံစားရန် တင်ပြသည်။ မင်းသမီးကြီးမှာ မလိုက်လျောနိုင်ရုံမက အပြောကြီးသော ဤတောလူပြက် အား စိတ်ဆိုးရခက် ရယ်ရခက် ဖြစ်နေသည်။

"အဲဒီတုန်း ခုနင်က ကိုခင်မောင်သိန်းနဲ့ ကိုညီဝင်းအောင် ရောက်လာကြတာပဲ၊ ကိုခင်မောင်သိန်းဆိုတဲ့ လူက ဟား... ဟား... သိပ်ရယ်ဖို့ ကောင်းတယ်၊ ကိုသစ္စာကိုတွေ့တော့ "ဟေ့လူ... ဒီ ဘာလာ လုပ်နေတာလဲ၊ အငြိမ့်လာငှားတာလား"တဲ့၊ ပြီးတော့ "ခင်ဗျား ဘီအေ အောင်ပြီ မဟုတ်လား၊ ဘာလုပ်နေသလဲ"တဲ့ ဟား... ဟား... ဟာ"

သူက သဘောကျစွာ ပြောနေသော်လည်း ပထမပြုံးပြုံးလေး နားထောင်နေရှာသူ နွယ်မှာ ထိတ်လန့် တုန်လှုပ်သွားသည်။ သူကသာ

BURMESE CLASSIC .com

www.burmeseclassic.com



အရယ်မပျက် ဆက်ပြောနေ၏။

"ဒါနဲ့ ကိုသစ္စာက ခင်ဗျား လူမှားနေပြီ၊ ကျွန်တော်က လူရွှင်တော် ကိုသစ္စာ၊ ဘယ်လိုလုပ် ဘီအေအောင်ရမှာလဲလို့ဆိုတော့ သူက လာသေး သိလား၊ ဟာ ခင်ဗျားကလည်း မနောက်ပါနဲ့ဗျာတဲ့၊ ဒါနဲ့ ကိုသစ္စာက ပြောလိုက်ရတယ်၊ မနောက်ပါဘူးဗျာ၊ ကျွန်တော်က ဇာတ်စင်ပေါ်မှသာ ပြက်တာ၊ အပြင်မှာ ဘယ်တော့မှ မနောက်တတ်ဘူး လို့၊ ဟဲ...ဟဲ"

နွယ်သည် ကိုမေတ္တာအား လှမ်းကြည့်သည်။ ကိုမေတ္တာကလည်း အဓိပ္ပာယ်ပြည့်ဝသော အကြည့်ဖြင့် နွယ့်ကို ကြည့်သည်နှင့် ဆုံနေ၏။

"ကိုခင်မောင်သိန်းဆိုတဲ့လူ အတော့်ကို ကြောင်စီစီဖြစ်သွားတယ်၊ နောက်မှ အဲဟို မင်းသမီးကြီးနဲ့ လာရင်း ကိစ္စကို သူတို့ ဆက်ပြောကြတယ်၊ သူတို့ ပြောနေတာ နားထောင်ကြည့်တော့မှ တကယ့်ချက်ပဲဆိုတာ ကိုသစ္စာ နားလည်တာပေါ့၊ သူတို့က မင်းသမီးကြီး ထောင်ထားတဲ့ နာမည်ကျော် ပန်တျာထွက် မင်းသမီးတစ်ယောက်ရဲ့ အငြိမ့်ကို ငှားထား တာကိုး၊ မင်းသမီးကြီး မရှိတုန်း တစ်ယောက်ယောက်က ရပ်ကွက်မှာ လက်ခံထားလိုက်ပုံရတယ်၊ ပြန်စစ်တော့မှ ရက်ချင်း အချိန်ချင်းကလည်း ထပ်နေ၊ အခြားတစ်ဦးက အရင်လည်းကျနေ၊ အဲဒီအခြားတစ်ဦးဆိုတာ ကလည်း ဝန်ကြီးတစ်ယောက် ကြွမယ့်ပွဲမှာ က,ရမှာဖြစ်နေ၊ ဒါကြောင့် သူတို့ပွဲကို ဖျက်ရမလို ဖြစ်နေတာပေါ့၊ သူတို့က တခြားနာမည်ကြီး အငြိမ့်တွေ ရှာကြည့်သေးတယ်တဲ့၊ ဘယ်သူမှ မအားလို့ အခု မင်းသမီးကြီးကို သူတို့ပွဲကိုသာ လက်ခံဖို့ ထပ်လာပြောကြတာကိုး၊ မင်းသမီးကြီးကလဲ ဝန်ကြီးပွဲမို့ မဖျက်ရဲလို့ စရန်သုံးဆတောင် သူတို့ကို ပြန်အမ်းနေတယ်"

သူက ခေတ္တ နားလိုက်သည်။ နွယ်မှာလည်း စိတ်ဝင်စားလာ၏။

"နောက် အချီအချပြောကြပြီး ကိုခင်မောင်သိန်းနဲ့ ကိုညီဝင်းအောင်

www.burmeseclassic.com



က အင်္ဂလိပ်လို တိုင်ပင်ကြတယ်၊ ပထမတော့ မင်းသမီးကြီးကို ဆဲနေကြတာ၊ ပြီးတော့မှ သူတို့ကို သူတို့ကျောင်းသားတွေက ဆဲတော့မှာမို့ ဒုက္ခပဲဆိုတာ ညည်းနေကြတယ်”

နွယ်သည် ငြိမ်နားထောင်နေရာမှ “သူတို့ အင်္ဂလိပ်လို ပြောတာ ကိုသစ္စာ နားလည်တယ်”ဟု ဖြတ်မေး၏။

သူသည်လည်း ငြိမ်ကျသွား၏။ ထို့နောက် ခေါင်းကို ကုတ်ကာ စိတ်ပျက်လက်ပျက်ဆို၏။

“ဟုတ်တယ်၊ ဒုက္ခပဲ၊ ကိုသစ္စာ နားလည်နေတယ်၊ ပြီးတော့ ခက်တာက သူတို့ပြောသလိုလဲ ကိုသစ္စာ ပြောနိုင်တယ်၊ ဘယ့်နှယ် လုပ်မလဲ”

နွယ်သည် အရဲစွန့်၍ ဝင်ပြောသည်။

“သူတို့ပြောသလို ကိုသစ္စာ ဘီအေများ အောင်ခဲ့သလား၊ ဟင်”

သူသည် အကြီးအကျယ် ငိုင်ကျသွား၍ စကားဆက်မပြောတော့ဘဲ ထိုင်စဉ်းစားသည်။ အတန်ကြာ စဉ်းစားပြီးမှ ခေါင်းခါခါလည်ခါခါနှင့် ထိုင်ရာမှ ပြန်ထသည်။

“မသိဘူး၊ ကိုသစ္စာ မသိဘူး၊ ဟုတ်ချင်လဲ ဟုတ်မှာပေါ့လေ၊ ဟုတ်တော့ကော ဘာဖြစ်သလဲ”

နွယ်က တစ်စုံတစ်ခု ပြောမည်ဟု ပါးစပ်ပြင်သည်။ သို့သော် ကိုမေတ္တာက အကင်းပါးစွာ ဝင်ဟန့်၏။

“ထားပါလေ၊ ကိုသစ္စာ နွယ် ဝမ်းသာစရာတွေ ဆက်ပြောစမ်းပါဦး”

သူက နွယ့်အား လှည့်ကြည့်သည်။ သူ့မျက်နှာမှာ ပြုံးလာပြီး ဆက်ပြန်ပြော၏။

“ဒါနဲ့ ကိုသစ္စာလဲ သူတို့ကို အင်္ဂလိပ်လိုပဲ ဝင်ပြောတာပေါ့”

www.burmeseclassic.com



"ကိုသစ္စာက ဘယ်လို ဝင်ပြောလဲ"

သူက နွယ့်အား စူးစိုက်ကြည့်သည်။

"ဘာလို့ နွယ်မေးတာလဲ..."

"ဩော်... ကိုသစ္စာ အင်္ဂလိပ်လို ပြောတာ နားထောင်ချင်လို့ပေါ့"

သူသည် ကျေနပ်သွားဟန် ပြုံး၍ ဆို၏။

"ကိုသစ္စာက ဒီလိုပြောတယ်လေ၊ **Gentlemen, May I suggest you A solution** လို့"

"အဲဒါက ဘာလဲကိုသစ္စာ"

"အဲဒါက လူကြီးလူကောင်းများ ခင်ဗျား၊ ခင်ဗျားတို့ရဲ့ ခက်အခဲကို ဖြေရှင်းဖို့ ကျွန်တော် အကြံဉာဏ် ပေးပါရစေတဲ့"

"ဒီတော့..."

"ဒီတော့ သူတို့ မျက်လုံးပြူးသွားတာပေါ့၊ ကိုသစ္စာက ဆက်ပြီး ဟိုမင်းသမီးကြီး နားမလည်အောင် အင်္ဂလိပ်လိုပဲ ကမ္ဘာမှာ အချောဆုံးနဲ့ အတော်ဆုံး မင်းသမီး ကြည့်မလား၊ ကြည့်ချင်ရင် ဟိုနားက လက်ဖက်ရည် ဆိုင် ခဏလိုက်ခဲ့၊ ဓာတ်ပုံပြမယ် နေရာပြောမယ်ဆို ကိုသစ္စာနဲ့ ကိုမေတ္တာ ထွက်ခဲ့ကြတာပေါ့၊ သူတို့ လိုက်လာကြတယ်"

သူသည် ကျေနပ်နှစ်သိမ့်ဟန် ခတ္တ ငြိမ်လျက် ပြုံးနေသည်။

"ကိုသစ္စာက ဟို ရောင်စုံခြယ် ပုံကြီးကို ထုတ်ပြတာပေါ့၊ နှစ်ယောက်သားလေ ဟဲဟဲ ကြည့်လိုက်ကြတာ၊ အဟီး ဝါးစားတော့မယ့် အတိုင်းပဲ၊ ဟို ညီဝင်းအောင်ဆိုတဲ့ မောင်က ပိုသဲတယ်"

သူက သဘောကျစွာ ရယ်နေပြန်သည်။

"ခင်မောင်သိန်းဆိုတဲ့ မောင်က ကိုသစ္စာကို ပြန် အစ်နေတယ်၊ သူက ပြောတယ်၊ အခု သူဟာ စိုက်ပျိုးရေး သိပ္ပံဘွဲ့ ဒုတိယနှစ်မှာတဲ့၊

www.burmeseclassic.com



အခု ပွဲငှားတာဟာ သူတို့ စိုက်ပျိုးရေး ကျောင်းသားများသမဂ္ဂ နှစ်လယ်စားပွဲအတွက်တဲ့၊ သူက ဥက္ကဋ္ဌ၊ ညီဝင်းအောင်က အတွင်းရေးမှူးဆိုပဲ၊ ခင်မောင်သိန်းက သူ ရန်ကုန်တက္ကသိုလ်မှာ တက်နေတုန်းက ကိုသစ္စာကို ဘီအေတန်းမှာ မြင်ဖူးတယ်တဲ့၊ မခက်လား”

သူက အတွေးနက်ဟန် ငြိမ်သွားပြန်သည်။

“ရန်ကုန်တက္ကသိုလ်၊ ဒီနာမည်ကို ကိုသစ္စာ ကြားဖူးတယ်၊ ရန်ကုန်တက္ကသိုလ် ယူနီဗာစီတီအော့(ဖ်) ရန်းဂွန်း”

သူက စိတ်ပျက်လက်ပျက် ခေါင်းခါနေပြန်လေသည်။

“အဲဒါနဲ့ ဘာဖြစ်သလဲ ကိုသစ္စာ”

“ကိုသစ္စာက ပြောတာပေါ့၊ ဒါတွေ နောက်တော့မှ ဆွေးနွေးတာပေါ့လို့၊ ကိုသစ္စာတို့ အငြိမ့်ကို ငှားမလားဆိုတော့ သူတို့က နွယ့်ရုပ်ရည်ကို သဘောကျတယ်တဲ့၊ လိုက်ကြည့်ဦးမယ်တဲ့၊ ဒီတော့ ကိုသစ္စာက အပြတ်ပြောတယ်၊ သိပ်မှုမနေနဲ့၊ ကျုပ်တို့မှာ အလုပ်ရှိသေးတယ်လို့ Make hay While The sun Shines လို့”

“အဲဒါကကော ဘာလဲဟင်”

“အဲဒါက လသာတုန်း ဗိုင်းငင်လို့ပြောတာ”

နွယ်က ရယ်မောမိသည်။

“ပြီးတော့ကော”

“ပြီးတော့ ဈေးတည့်ကြတာပေါ့၊ ကိုသစ္စာက သုံးရာက တစ်ပြားမှ မလျှော့ဘဲတောင်းတယ်၊ သူတို့က ပေးကြတယ်”

“ရှင် သုံးရာတောင်”

နွယ့်ခမျာမှာ မယုံနိုင်အောင် အံ့အားသင့်သွား၏။

“ဘယ်က မလဲ၊ ဟိုမင်းသမီးကြီးဆီက စရန်သုံးဆ ပြန်ယူခိုင်းပြီး

www.burmeseclassic.com



နွယ်တို့ ကိုသစ္စာတို့ အသွားအပြန် လမ်းစရိတ်ပါရတာပေါ့၊ ပြီးတော့ စရန်တစ်ရာပါ ရတယ်လေ၊ ဒါပေမဲ့ ကိုသစ္စာက ကတိတစ်ခုတော့ ပေးတယ်၊ မင်းသမီး အလှ အက အသံ လိုက်ကြည့်လှည့်၊ မကြိုက်ရင် အကုန်ပြန်လျော်မယ်လို့၊ အခု သူတို့ ကျေနပ်သွားကြပြီလေ၊ ပြီးတာပဲ"

သူသည် စကားရပ်၍ အထုပ်များကို စတင်ဖြေသည်။ နွယ်မှာ မျက်လုံးပြူးသွား၏။

အမေရိကန် ပွင့်ဖောက်ဇာနိုင်လွန် အကောင်းစား အစတစ်စ။

"ဒါကို အမြန်ဆုံး နွယ့်ကိုယ်တိုင်းနဲ့ ချုပ်ရမယ်၊ ဟော ဒီမှာလဲ ကြည့်စမ်း"

နွယ့်မှာ ထပ်အံ့အားသင့်ရပြန်သည်။

အပြာနုရောင်ဝယ် ငွေချည်ပွင့် တွယ်ထားသော ပဝါရှည်တစ်ပိုင်စာ ဇာနိုင်လွန် အစတစ်စ။

နောက်ထပ် သူဖွင့်လိုက်သော အထုပ်တွင်းမှ အရာကို မြင်ရသည် ခဏ၌ နွယ်မှာ အသက်ရှူ မှားသွားမိသည်။

အေးချမ်းသမျှ တောက်ပသော ပိုးပြာပြာ၌ ရွှေခြည်ထိုး ပန်းနွယ်ပန်းခက်တို့ ဝင်းလက်နေသည့် မင်းသမီးဝတ် ဗလာထဘီတည်း။

"ဒါကိုတော့ ရွှေချည်ထိုးရပ်က ကိုမေတ္တာ အသိဆိုင်က ဝင်ငှားခဲ့တာ၊ တစ်ည နှစ်ဆယ်တဲ့၊ သုံးညကို လေးဆယ်နဲ့ ဈေးဆစ်ပြီး စရန်ပေးငှားခဲ့ကြတာ"

"သုံးညတောင်၊ နွယ်တို့ ကရမှာက တစ်ညတည်း မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ အဝတ်အစားအစုံနဲ့ နွယ့်ကို ကိုသစ္စာ ကြည့် ပြုပြင်ပေးစရာတွေ ရှိသေးတယ်"

သူသည် ဆက်လက်၍ သူဝယ်လာခဲ့သည်များကို ထုတ်ပြ၏။

BURMESE CLASSIC .com

www.burmeseclassic.com



နွယ် မတွေ့ဖူးသော အရာများပင်တည်း။

နိုင်ငံခြားလုပ် မျက်နှာ မှုန်းခြယ်စရာ မိတ်ကပ်များ၊ မျက်ခုံးမွေး ဆေးနှင့် မျက်တောင်ကော့ဆေးများ၊ မျက်ခွံအရိပ်ခြယ်ဆေးများ၊ စုံပင်စုံနိုင်လွန်းသည်။

“ဒါ... အားလုံး နွယ်ဖို့ချည်းပဲ...”

“နွယ့်ဖို့မဝယ်လို့ ဘယ်သူ့ဖို့ ဝယ်ရမလဲ၊ မလှငွေအတွက်လား”

သူက ရယ်စရာပြောသော်လည်း နွယ်က မရယ်မိ။

“ကိုသစ္စာဖို့ကော”

သူကပြုံးသည်။ ထို့နောက် အထုပ်များထဲမှ တစ်စုံတစ်ခုကို ထုတ်ယူသည်။

ကြောင်နက်တံဆိပ် စီးကရက် ငါးဆယ်ဝင် သံဘူးတည်း။

သူက စီးကရက်ဘူးကို ဖောက်၍ တစ်လိပ် ယူလိုက်ပြီး မီးညှိလျက် အားရပါးရ ရှူဖွာကာ ဒူးနံ့နေ၏။

နွယ်သည် ဝမ်းသာဝမ်းနည်း မျက်ရည်တို့ ရောလျက် သူ့ပေါင် ပေါ်၌ မျက်နှာအပ် ရှိုက်လိုက်မိလေသတည်း။

*

ထိုနေ့ညမှစ၍ တစ်ဖွဲ့သားလုံး အလုပ်များကြသည်။ ကိုသစ္စာမှာ ပို၍ အလုပ်များသည်။

နွယ်သည် မိမိအင်္ကျီကို မိမိကိုယ်တိုင် ပုံကိုက်၍ ချုပ်တတ်သည်။

ကိုသစ္စာက သူလိုသောပုံကို ပြပေးသည်။ နွယ်က ကိုက်ညှပ်၍ သူ့အလိုကျ ချုပ်ရ၏။

သူ ဝယ်လာသော အလှပြင်ပစ္စည်း အမျိုးမျိုးနှင့်လည်း သူက နွယ့်မျက်နှာကို လိမ်းခြယ်ပြင်ဆင်ပေးသည်။ စိတ်တိုင်းမကျလိုက် ဖျက်

BURMESE CLASSIC .com

www.burmeseclassic.com



လိုက်နှင့် မိတ်ကပ်နှင့်ဆေးများ တစ်ဝက်နီးပါး ကုန်ခဲ့၏။

သီချင်းနှင့်တီးလုံးများကို ဆရာစိန်ငှက်ရိုးက ခေါင်းဆောင်၍ ညှိတိုက်ပြင်ဆင်သည်။

ကိုသစ္စာမှာမူ ချစ်စရာ၊ ကိုမေတ္တာတို့နှင့် ပြက်လုံးများ အပေးအယူ ညှိနှိုင်း တီထွင်ရသေးသည်။

ပွဲရက်မတိုင်မီ တစ်ညဉ့် ဇာတ်တိုက်ကြ၏။

ပထမ ရှေးမူ ရှေးဟန် ကကြိုးများ လေ့ကျင့် ညှိနှိုင်းသည်။ ထိုနောက် မရှိလျှင် မဖြစ်သည့် ကိုယ်ပိုင်အငြိမ့်သီချင်းတစ်ပုဒ်ကို တိုက်သည်။ သီချင်းမှာ စိန်ငှက်ရိုးစပ်၍ နွယ်အကြိမ်ကြိမ်ဆိုခဲ့ဖူးသော သီချင်းပင်ဖြစ်သည်။

စိန်ငှက်ရိုးက ပတ္တလားနှင့် အသံပျိုးပေးခိုက် နွယ်သည် ဟန်ပန်မူရာနှင့် က,ရင်းဆို၏။

"ချစ်သက်နွယ် မျိုးရိုးမဟုတ်တယ်၊ ဝမ်းရေးကြောင့်သာ သဘင်ဤနယ် အဏ္ဏဝါ သမုဒ်ပြင်ကျယ် ကယ်မယ့်သူအား စောင့်စားလျက်ကွယ်..."

နွယ်မှာ သီချင်း မဆုံးလိုက်ရ။ တစ်စုံတစ်ယောက်က လင်းကွင်းကို ကိုင်ပေါက်ပစ်လိုက်သည့် အသံကြောင့် ထိတ်လန့်ရပ်လိုက်မိ၏။

ကိုသစ္စာက မီးဟုန်းဟုန်းတောက်သော မျက်လုံးများနှင့် မိမိအား ရပ်ကြည့်နေသည်။

"ဘာလုပ်တာလဲ ကိုသစ္စာ"

သူက မဖြေဘဲ ရှေ့သို့ ထွက်လာခဲ့သည်။

"ဒီ... ဒီ... ဒီသီချင်း ဘယ်သူစပ်တာလဲ"

စိန်ငှက်ရိုးက သူ့အား မျက်မှောင်ကြုတ် မော့ကြည့်၍၊

"ကျုပ် စပ်တာလေ၊ ဘာဖြစ်သလဲ"ဟု မေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"သြော် ခင်ဗျားစပ်တာ၊ ဒီမှာ ခင်ဗျား သဘင် အနုပညာကို ဒီ့ထက် စော်ကားတဲ့ သီချင်းမျိုး မစပ်နိုင်တော့ဘူးလား"

စိန်ငှက်ရိုးမှာလည်း ဒေါသထွက်သွားသည်။

"ဘာပြောတယ်ဗျ ကိုသစ္စာ"

"ကျုပ်ပြောတာ ရှင်းပါတယ်၊ ခင်ဗျား သဘင်အနုပညာကို ဒီ့ထက် စော်ကားတဲ့ သီချင်းမျိုး မစပ်နိုင်တော့ဘူးလားလို့၊ ဟင်၊ စပ်နိုင်သေးရင် ခင်ဗျားနာမည် ငှက်ရိုးရှေ့က "စိန်"ဆိုတဲ့ ဝိသေသကို အမြန်ဆုံး ဖြုတ်ပစ်လိုက်စမ်းပါ"

သူ၏ နောက်ဆုံးစကားကြောင့် စိန်ငှက်ရိုးမှာ ဒေါသလွင့်ပျောက်၍ နောင်တ, ရှက်စိတ်နှင့် မျက်နှာအောက်ချထားသည်။

သူက သည်တော့မှ လေပြန်ပျော့ကာ တောင်းပန်၏။

"အေးဗျာ ကျွန်တော်ပြောတာ လွန်သွားရင် တောင်းပန်ပါတယ်၊ ကျွန်တော့်စေတနာက ကျွန်တော်တို့ အငြိမ့်အဖွဲ့က ဘယ်သူ့ကိုမှ အောက်ကျခံ ရှိမခိုးဘူး၊ ထမင်းငတ်လို့ သေသွားပါစေ၊ သဘင်သည် ဘဝကို တခြားဘဝထက် နိမ့်သလိုလိုတော့ အောက်မကျို့ချင်ဘူး"

နွယ်သည် ပါးစပ်အဟောင်းသားနှင့် သူ့အား ကြက်သေသေ ကြည့်နေမိသည်။ သူ ကိုသစ္စာမှာ မနေ့တစ်နေ့ကမှ မိမိဆွဲတင်၍ အငြိမ့် စင်ပေါ် ရောက်ခဲ့သူဖြစ်သည်။ ယခု သဘင်သည်၏ မာနစကားတို့ကို ပြောနေလေပြီတကား။

စိန်ငှက်ရိုးသည် ခေါင်းမော် လာ၍ စိတ်ထိခိုက်စွာဖြင့် ဝန်ခံသည်။

"ငါ့ညီ ကိုသစ္စာ၊ မင်း မှန်တယ်၊ အစ်ကို သတိလစ်သွားတယ်၊ လာ...တို့သီချင်း ပြင်စပ်မယ်"

ထိုည ညဥ့်နက်သည်အထိ စိန်ငှက်ရိုးနှင့် ကိုသစ္စာသည် သီချင်းစပ်

BURMESE CLASSIC .com

www.burmeseclassic.com



ကြသည်။

သန်းခေါင်ကျော်သော် သီချင်းတစ်ပုဒ် နွယ့်ကို ချပေးပြီး ဖြစ်နေသည်။

“ချစ်သက်နွယ်...ရိုးရိုး အစီရင်ခံသရှင်...မျိုးရိုးကတော့ သဘင်သည် အမှန်ပင်...

ချောင်းကိုပစ်၍ မြစ်ကိုမရှာချင် အဟောင်းကို ချစ်တဲ့ မောင့်ရဲ့ သစ္စာရှင်...

မိုးကိုမှန်း၍ မလွမ်းဝံ့ပေါင်သခင်...မြေ့သမီးမို့ မြေကြီးဆန်ချင်...

သမုဒယ နှောင်ဖွဲ့... မရှောင်ခဲ့နိုင်လျှင် လွမ်းရစ်တော့မယ် မောင့်ပျိုစင်...

မေတ္တာမိုးတော့...ပြည့်ဖြိုးပဏ္ဏာတင်...နွယ်တတ် နိုင်သမျှ ဤမျှပင်...

သံယောဇဉ်ကြိုး ဖွတ်တိုး နွယ်က မငင် x x x”

*

BURMESE CLASSIC .com

www.burmeseclassic.com

# (၁၂)

“ချစ်သက်နွယ် ရိုးရိုး အစီရင်ခံသရှင်. . .မျိုးရိုးကတော့ သဘင်သည် အမှန်ပင်

ချောင်းကိုပစ်၍ မြစ်ကိုမရှာချင် အဟောင်းကိုချစ်တဲ့ မောင့်ရဲ့ သစ္စာရှင်. . .”

သစ္စာရှိသည့် ဤသီချင်းနှင့် ကရုဏာပြည့်သည့် နွယ်၏ အသံမှာ မန်းတက္ကသိုလ် ဆောင်းငွေညဝယ် ဝေဝေလွင်လွင် ပျံ့မွှေးပဲ့တင် ဂယက်ထင်ခဲ့သည်။

နွယ့်အလှ နွယ့်အကသည် မူစစ်မူမှန် သဘင်ဟန်ကို ကိုးကွယ်သော ယဉ်ကျေးမှုမြို့တော် တက္ကသိုလ်ကျောင်းတော်သူ ကျောင်းတော်သားများ၏ ဟဒယနှလုံးကို ပိုက်ကျုံးသိမ်းယူ ဆွဲငင်နိုင်စွမ်းရှိခဲ့သည်။

နွယ်သာမက ကိုသစ္စာ၏ ဟာသတို့မှာလည်း အောင်မြင်ခဲ့သည်။

“ဒီမှာ ကိုသစ္စာ၊ ခင်ဗျားက စကားပြောရင် ဒွတ်တွေ ရွှတ်တွေ ညှပ်ညှပ်ပြောတာ အင်္ဂလိပ်စကား တတ်လို့လား”

ချစ်စရာလေးက နိဒါန်း ခံပေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"သြော်... ချစ်စရာရယ်၊ တတ်တာပေါ့၊ ငါက ဟိုယူနီဗာဂွန်း အော့(ဖ) ရန်စီတီမှာ"

ကိုမေတ္တာက ဝင်ဖြည့်ပေးသည်။

"ဘယ်ကလာ ယူနီဗာဂွန်းအော့(ဖ်) ရန်စီတီ ကမလဲ၊ ယူနီဗာစီတီ အော့(ဖ်)ရန်ဂွန်းပါ၊ ဓမ္မာစရိယသမားက အင်္ဂလိပ်စာ ဝင်ပြပေးရ မကောင်းဘူး ဟင်း...၊ ဒီကောင် ငါးတန်းကျမှ စ အင်္ဂလိပ်စာ သင်တယ် ထင်တယ်"

"ဟုတ်ပ... ဟုတ်ပ... ဦးဇင်း၊ အာ ဦးဆန်းထွန်း၊ အဲလေ ဆရာ ကိုမေတ္တာရေ၊ ကျွန်တော်က ဖကာ(လ်) တင်းအော့(ဖ်) အင်ဂျင် နီယိုရီတီမှာ"

"ဖကား(လ်)တီအော့(ဖ်) အင်ဂျင်နီယာရင်းကွ၊ မင့် အမေ"

ဓမ္မာစရိယ ကိုမေတ္တာက ဝင်ပေါက်ပေးရပြန်သည်။

"အဲ...အဲ...အဲဒီ အဲဒီ...ဘာမှာ"

"အင်ဂျင်နီယာ ကျောင်းကွ"

"အဲ အဲဒီ အင်ဂျင်နီယာကျောင်းမှာ တက်ခဲ့တာ"

"သြော်...သြော်...စက်မှုလက်မှုဆိုပါတော့"

"ဟာ... ဘယ်ကမလဲ၊ ခင်ဗျားလျှပ်စစ် သိတယ်မဟုတ်လား၊ လျှပ်စစ် မီးကြိုးတွေ မီးလုံးကြီးတွေ"

"သြော်... ဒါတွေကို မင်း ဆင်တတ် ပြင်တတ်ခဲ့သလား"

"မဟုတ်ဘူး ခဲနဲ့ပေါက်ခွဲတတ်ခဲ့တယ်"

ချစ်စရာက ကိုသစ္စာအား ဖနောင့်နှင့် ပေါက်ခိုက် ပရိသတ်များ ရယ်ကြသည်။

"အေးလေ မှန်ပေသားပဲ၊ အခုခေတ် ကောလိပ်ကျောင်းသားတို့

BURMESE CLASSIC .com

www.burmeseclassic.com



တတ်အပ်တဲ့ ပညာထဲမှာ ခဲပေါက်တာလဲပါသဟေ့”

ကိုမေတ္တာက ထပ်ဖောက်လိုက်၍ ပရိသတ်မှာ ပတ်တုတ်ယူရ၏။

“ဟေ့ သစ္စာ၊ မင်း အင်္ဂလိပ်စကား တတ်ရင် ငါခိုင်းတာ အင်္ဂလိပ်လို ကဗျာစပ်တတ်ပါ့မလား”

ကိုမေတ္တာက တိုင်ပေးပြန်သည်။

“အို စိန်လိုက်”

“ဒါဖြင့် အခု ခေတ်စားနေတဲ့ ဂြိုဟ်တုအကြောင်းစပ်စမ်း၊ မြန်မာလို အနက်လည်း ပေးရမယ်နော့”

ပရိသတ်အချို့ ရယ်ကြသည်။

ကိုသစ္စာသည် ဟိုရှာသည်ရှာ ရှာသည်။

“ဟေ့ မင်း ဘာရှာတာလဲ”

“အင်္ဂလိပ်ကဗျာစပ်မလို့ မြန်မာစာ ရေးထုံးကျမ်းရှာတာ”

ပရိသတ်များ ရယ်ကြပြန်သည်။

“ဟေ့ကောင် စပ်ကွာ…မြန်မြန်”

ကိုသစ္စာက ပီသမှန်ကန်သော အင်္ဂလိပ်စကားနှင့် ကဗျာ့တစ်ပုဒ် ရွတ်၏။

"Twinkle, Twinkle man-made Star, Round, and Round up in the Air.

Travel, Travel on and on, Until at last Smashed and gone,"

“အဲဒါဘာတွေလဲ”

ကိုသစ္စာက ဦးညွှတ်ယူ လေသံနှင့် အနက် ပြန်ပြ၏။

Twinkle, Twinkle တဝင်းလက်လက် ရွှန်းစက်စက်နှင့်

BURMESE CLASSIC .com

www.burmeseclassic.com



လွှမ်းမက်ဖွယ် အသွင်”

“အံမယ် တယ်စာတဲ့ဆို၊ မြကေတု အတိုင်းပဲ”

“**man-made star** အ,သဘာဝ၊ အ,ဓမ္မဟု၊ အစကမှာ၊ မပါလာသည့်၊ လူ့ရှာလက်ဖြစ်၊ ခေတ်၏သခင်၊ မယ်ကြယ်စင်…”

ဝိုင်းက ပတ်မ အုပ်တီးပေးသည်။ ပရိသတ်က လက်ခုပ်တီး၏။

“**Round and Round up in the air.** တညင်ညင်လျှင်၊ မြေပြင်ကိုပတ်၊ ရွှေမန်းသူ ဟိုလူနုပ်သည့်နယ်၊ တရစပ် လည်လေဦး”

မန်းတက္ကသိုလ် အမျိုးသမီးတို့၏ ရွှေမန်းဆောင်ကို ရည်ညွှန်းနက်လိုက်သဖြင့် ကျောင်းသားကျောင်းသူ ပရိသတ်များ ဝါးခနဲ ဝိုင်းရယ်သည်။

“**Travel Travel on and, on** ဘဝသံသရာ ခရီးကိုလ အဆီးမရှိ သွားလေဦး”

“သွားလေဦး”

“**Until at last smashed and gone** အဆုံးတစ်နေ့ကာမှ၊ အပြီးလေး သစ်မလွင်လို့ မြေပြင် ကြွေစဉ်လို့ဆင်းမှာက မလွဲကေန်၊ အနိစ္စဟူရွေ့ မှတ်ကြကုန်”

“သာဓု သာဓု သာဓု”

ဤပြက်လုံးတို့မှာ တက္ကသိုလ်ပရိသတ်နှင့်မှ အဆင့်မီ ကိုက်ညီနေ၍ တဝေါဝေါ ရယ်မောကြသည်။

ထိုညက စ၍ ချစ်သက်နွယ်နှင့် ကိုသစ္စာတို့၏ အငြိမ့်အဖွဲ့မှာ တက္ကသိုလ်မှ မြောက်စားသည့် မန်း၏အထက်တန်းစား အငြိမ့်အဖွဲ့အဖြစ် တစ်မုဟုတ်ချင်း ကြီးပွား တိုးတက်လာခဲ့ရသည်တကား။

*

www.burmeseclassic.com



အင်္ဂလိပ်စာတတ် ကိုသစ္စာ၊ ဓမ္မာစရိယ ကိုမေတ္တာ၊ ပဂေးလူရွှင်တော် နှစ်ဦး ရံအပ်သော မျက်လုံးပြာ၊ အသားဝါဝါနှင့် နွယ်၏အငြိမ့်မှာ မန်းမြို့ အလယ်၌ အသွင်တစ်ပုံထူးသော အငြိမ့်ဖြစ်သည်။

အများသူငါ အငြိမ့်များကဲ့သို့ အစ်ကိုကာလသားများနှင့် ရွှေပွဲလာ ပရိသတ်များ၏ ပျော်ပါးကြည်ရွှင်မှုကို မပြဋ္ဌာန်း၊ မရည်ညွှန်း။ မြို့တော် လူထု၏စိတ်တွင်းသန္တာန် အစဉ်အဆက် အောင်းမွေ့ခိုင်နေသော အနုပညာ မြတ်နိုး ဂုဏ်ယူမှုကိုသာ ပြဋ္ဌာန်း ရည်ညွှန်းသည်။

အသံထွက် ကလက်၍ အနက်အဓိပ္ပာယ် နုံချာလွန်းသော ကိုကို၊ မောင်မောင်၊ မမ၊ မိမိ စသော အသုံးအနှုန်းမျိုးကို နွယ်သည် မသုံး။ အယုတ်သဖြင့် ကကြိုးတွင် ပါဝင်နေသောအခါမှ တစ်ပါး နွယ်သည် ပရိသတ်ကို ရှိမခိုး၊ ဦးမချ။ ထုံးစံဖြစ်နေသော ပရိသတ်ကို မြှောက်လုံး၊ ချွဲလုံး၊ ညုလုံး၊ မူလုံးများကိုလည်း မသုံး။

ဤဟန် ဤဝါဒတို့ကို ချမှတ်ပေးသူမှာ ကိုသစ္စာပင်ဖြစ်သည်။ သူက မိမိတို့တတ်သည့် ပညာဖြင့် ရိုးသားစွာ အသက်မွေးရာ၌ သဘင်သမား တို့၌လည်း ကိုယ်ပိုင်မြင့်မြတ်သောဂုဏ် ရှိသည်ဟူ၏။ ထိုကြောင့် သူတစ်ပါး စေတနာထား ပေးကမ်းစွန့်ကြဲမှ ဝမ်းဝရသည့် သူဖုန်းစားဟန်ပန် အမူအကျင့်မျိုး သူ့အငြိမ့်အဖွဲ့၌ တားမြစ်သည်။ ပွဲကနေစဉ် ဆုတော်ငွေချ၍ ခိုင်းစေခြင်းများကိုလည်း လက်မခံ။ စေတနာရှိသော် ဆုတံဆိပ်နှင့် လက်မှတ်ကိုသာ တင့်တင့်တယ်တယ် ချီးမြှင့်ရန် မေတ္တာရပ်ခံသည်။

မည်သို့ရှိစေ ပရိသတ်ကို ရှိမခိုး၊ ဆုတော်ငွေ လက်မခံသည့် မာနကြီးလှသော ချစ်သက်နွယ် အငြိမ့်ကို မန်းမြို့လူထုသည် မြတ်မြတ်နိုးနိုး မြှောက်စား အားပေးကြသည်။ မန်းမြို့တော်က တကယ်မြှောက်စားပြန် တော့လည်း ပြင်ပ မြို့ရွာများသို့ သွားရန် မလိုဘဲ ပွဲဆက်များ မပြတ်ခဲ့။

www.burmeseclassic.com



လေးလခန့် ကပြီးကြသောအခါတွင် နွယ်တို့ မင်္ဂလာဈေး ရပ်ကွက်၌ သပ်ရပ်ကျယ်ဝန်းသော အိမ်နှင့်ခြံကို ငှား၍ နေနိုင်ကြသည်။ လှလှစိန်ဆိုသော လက်ထောက်မင်းသမီး တစ်လက်ပါ တိုးနိုင်ခဲ့၏။ ကိုမေတ္တာ၏ ရဒါနာ သုံးကောင်ကိုလည်း ဒေါ်သက်ယဉ်ကျောင်း၌ထားနိုင်ခဲ့သည်။

အဖွဲ့သား အားလုံးအတွက်မူ တောင်ပြုံးတောအလှူပွဲမှ ကောက်ရခဲ့သော ငှက်ပျောတောမင်းသား ကိုသစ္စာသည် ယခုအခါ ကြည်ညိုဖွယ် မှီခိုဖွယ် ဓာတ်ဆရာနှင့် မန်နေဂျာ ဖြစ်လာခဲ့၏။

ဓာတ်ဆရာ မန်နေဂျာသာမက တီးဝိုင်းကိုလည်း ဝင်၍ ခေါင်းဆောင်သေးသည်။ ခေါင်းဆောင်နိုင်သည်မှာလည်း ကိုသစ္စာသည် ကိုစိန်ငှက်ရိုး မသိသော ခဲရာခဲဆစ်ပညာများကို တစ်ချီတစ်ချီ ပြတတ်သည်။

"အောင်မင်္ဂလာ" မန္တလေးမြို့ဘွဲ့ ယိုးဒယားကို ကိုစိန်ငှက်ရိုးသည် အများတီးသကဲ့သို့တီးသည်။ အများတီး ဆိုသည်မှာ တစ်ပြည်လုံးတီးသကဲ့သို့ ဖြစ်သည်။ တစ်ပြည်လုံး တီးနေကြသော အသွားမှာ ယိုးဒယားမဟုတ်ဘဲ မြိုင်ထသာဖြစ်နေ၏။ ဤသို့ပင် ပန်တျာကလည်း တီးသည်။ မဟာဂီတ အဖွဲ့ကလည်း တီးသည်။ ကိုသစ္စာထံမှ ပထမဆုံး တီးဟန်မူကွဲကို ကိုစိန်ငှက်ရိုး ကြားရသည်။ သူတီးသည်မှာ မိမိတို့နှင့် လုံးဝမတူ။ ယိုးဒယားလည်း စစ်စစ်ဖြစ်နေ၏။ နှစ်သက်သဖြင့် သူ့မူကို ကိုစိန်ငှက်ရိုး အရယူလိုက်ခဲ့ရ၏။ ခက်သည်မှာ ဤမူကို သူဘယ်က ရသည်ဟု သူမပြောနိုင်။

သူသည် ယခုတိုင် မိမိ၏အတိတ်ဘဝကို ဘာမျှ အမှတ်ရဟန် မပေါ်။ အမှတ် ရ,ရ ကောင်းမှန်းလည်း မသိ။

သူက အမှတ်ရ,ရကောင်းမှန်း မသိသော်လည်း ဤအရေးမှာ နွယ့်အတွက် ရင်မအေးနိုင်သော အရေးဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



သူ့ကို သိသည်ဆိုသော ကိုခင်မောင်သိန်းတို့ထံ၌ စုံစမ်းမေးမြန်းလျှင် သူ့အကြောင်းကို နွယ် သိကောင်းစရာရှိသည်။ သို့သော် သူတို့က စကားစပ်၍ မေးလာလျှင်ပင် နွယ်မှာ မုသားသုံး၍ လိုက်ဖုံးရသည်။ တကယ်ဆိုတော့ သူအရင်က ဘယ်သူဆိုသည်ကို သိလိုခြင်းထက် သူ့ဘဝကို သူပြန်သိ၍ မိမိထံမှ စွန့်ခွာပြေးမည်ကို ကြောက်ရသည့်ဘဝသို့ နွယ်မှာ ရောက်နေခဲ့ရပေပြီ မဟုတ်ပါလော။

တစ်ခါတစ်ရံတော့လည်း နွယ်သည် အံ့ဩမိ၏။ သူက သူ့ဘဝကို မသိသည်မှာ ရှိစေတော့၊ ပျောက်နေသော သူ့ကို ရှာရန် ဆွေမျိုးသားချင်း တစ်စုံတစ်ယောက်မျှ မရှိလေယောင်တကား။

အားလပ်သောတစ်ညနေ၌ ထုံးစံအတိုင်း နှစ်ဦးသား သီဆိုတီးမှုတ်အပြီးတွင် နွယ်က အမှတ်မထင်ဟန်နှင့် ချော့မေးကြည့်သည်။

“ကိုသစ္စာမှာ ဆွေတွေမျိုးတွေ မရှိဘူးလား…ဟင်”

သူက မျက်မှောင်ကြုတ်၍ စဉ်းစား၏။

“ဆွေတွေ မျိုးတွေ၊ ဟာ ရှိတာပေါ့”

“ရှိတယ်၊ ဘယ်မှာလဲ ဟင်”

“ဒီမှာလေ”

“ရှင်…ဒီမှာ၊ မန္တလေးမှာ”

“ဟုတ်တယ်လေ…၊ နွယ်ရယ်၊ ပြီးတော့…နွယ်ရယ်…၊နောက် နွယ်ရယ်”

နွယ်သည် ရယ်မောလိုက်ရသည်နှင့် တစ်ပြိုင်နက် ရင်၌လည်း ဆိုနင့်သွားသည်။

“ရှင်…တကယ်ပြောနေတာလား ကိုသစ္စာ”

“ဘာကို…ကိုသစ္စာက တကယ်ပြောနေတာ ဆိုလိုတာလဲ”

BURMESE CLASSIC .com

www.burmeseclassic.com



နွယ်သည် သက်ပြင်းရှိုက်သည်။

"ရှင့်မှာ ဆွေမျိုးတွေ မရှိဘူးလား"

"ရှိပါတယ်လို့ ပြောနေမှပဲ နွယ်ရယ်၊ ဩော်... ပြီးတော့ဦးဇင်းရယ်၊ မလှငွေရယ်၊ အမေစုရယ်၊ အေးဆောင် အေးမောင် အေးသောင်ရယ်"

နွယ်သည် ဆက်မမေးရက်တော့။ ဆက်မေးလျှင် သူ စိတ်မချမ်းသာက မိမိပါ စိတ်မချမ်းသာ ဖြစ်ရချေဦးမည်။

ဤသို့ဖြင့် ရက်တွေကုန်၊ လတွေ ကူးပြောင်းခဲ့သည်။

မင်းပိုင်းစိုးပိုင်း၌လည်း အသည်းစွဲ ဖြစ်လာခဲ့ပြီဖြစ်သော နွယ်သည် အရေးပိုင်ဦးမင်းလွင်နှင့် ရင်းနှီးခင်မင်ခဲ့သည်။

ဝန်ကြီးမင်းတို့၏ ပွဲကြီးပွဲကောင်း၌လည်း နွှဲခဲ့ရသည်။ တစ်ခါတစ်ရံ အရာရှိကြီးကြီးတို့သာ ပါဝင်သော ကလပ်များ၌ ကရ သီဆို ရသည်။

ကိုသစ္စာက ဤကလပ်များကို ရွံမုန်းသည်။ သူ့အဆိုအရ ဤကလပ် ဆရာကြီးတို့မှာ ရှေးဘုရင် ဧကရာဇ် မှူးမတ်များသဖွယ် အနုပညာရှင်ကို ဖိမ်ခံပစ္စည်းအဖြစ် အသုံးပြုလိုကြသည်။ ဘီယာစုပ်ရင်း၊ ဝီစကီစုပ်ရင်း အငြိမ့်သမ၏ အလှနှင့်အသံကို စည်းစိမ်ခံ၍ ပဒေသရာဇ်ဆန်ဆန် ဖိမ်ယူလိုကြသည်။ တတ်နိုင်လျှင် တွဲက,ချင်ကြသေး၏။

မာနကြီးသော ကိုသစ္စာမှာ သူတို့ကိုတော့ ရင်နာနာနှင့် လိုက်လျောခဲ့၏။ လူတကာနှင့် ဆက်ဆံရသော သဘင်သည်ဘဝ၌ လူတကာအပေါ် တန်ခိုးအာဏာရှိသည့် ဤမင်းပိုင်းစိုးပိုင်း လူကြီးလူဆိုးကြီးများကို လွန်ဆန်ရန် မလွယ်...။ မလွယ်...။ မလွယ်...။

အရေးပိုင် ဦးမင်းလွင်မှာ လူကြီး လူဆိုးကြီးတော့ မဟုတ်။ အရက်သေစာ မသုံးဆောင်တတ်သည်ကပင် ထူးခြားနေ၏။ အနုပညာ သဘင်အရာ၌ ရိုးရိုးသားသား စိတ်ဝင်စားသူဖြစ်သဖြင့် ပိုထူးခြား၏။

BURMESE CLASSIC .com

www.burmeseclassic.com



မြန်မာစောင်းကောက်ကို ပိုင်နိုင်စွာ တီးခတ်နိုင်သောကြောင့်လည်း အထူးခြားဆုံး ဖြစ်နေ၏။

အရေးပိုင် ဦးမင်းလွင်၏ မျက်နှာကြောင့်လည်း ကလပ်ပွဲများတွင် နွယ်သည် ဂုဏ်သရေပြည့်ပြည့် တင့်တင့်တယ်တယ် နွဲ့ဆင်နိုင်ခဲ့၏။

ဦးမင်းလွင်၏ကျေးဇူးကြောင့် နွယ်သည် သဘင်ပညာရှင် တစ်ဦးအနေနှင့် အမြင့်ဆုံး အခွင့်အရေးတစ်ခုကို ရခဲ့သည်။

ဦးမင်းလွင်က နွယ်တို့အငြိမ့်အဖွဲ့အား နိုင်ငံတော်သမ္မတကြီး ရှေ့မှောက်၌ ကပြခွင့်ကို ဖန်တီးပေးခဲ့သည်။ နွယ်သည် သမ္မတကြီး၏ ဆုတံဆိပ်ကို ရရှိခဲ့လေသည်တကား။

နွယ်တို့ မန္တလေးရောက်ပြီး၍ တစ်နှစ်ကျော်သော ဆောင်းအခါ၌ ဦးမင်းလွင်သည် ရန်ကုန်သို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအတွင်းဝန် အဖြစ် ပြောင်းရသည်။

နောက် လေးလကြာသောအခါ၌ ဦးမင်းလွင်ထံမှ နွယ့်အတွက် မယုံနိုင်ဖွယ် ဝမ်းသာစရာ သတင်းစကား ကြားရသည်။

ပြည်သူ့တရုတ်နိုင်ငံနှင့် ဆိုဗီယက်နိုင်ငံများသို့ စေလွှတ်မည့် ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးအဖြစ် နွယ့်အား ရွေးချယ်လိုက်သည်။ အဖွဲ့၏ ခေါင်းဆောင်တစ်ဦးမှာ ဦးမင်းလွင် ကိုယ်တိုင်တည်း။

နွယ့်ခမျာမှာ ဆွေ့ဆွေ့ခုန် ဝမ်းသာမိသည်။ မတ္တရာမြို့မှ မထင်မရှားသော တောအငြိမ့်သမလေး နွယ်သည် ကမ္ဘာလှည့်၍ ပညာပြရတော့မည်။

ဝမ်းမသာနိုင်သူ တစ်ဦးသာ ရှိသည်။

ထိုသူမှာ မတ္တရာမြို့မှ မထင်ရှားသော တောအငြိမ့်သမလေး နွယ့်အား ဤမျှ ထင်ရှားကျော်ကြားလာရန် ဘဝကို ပုံ၍ ကုန်ကုန်ကြိုးစား

BURMESE CLASSIC .com

www.burmeseclassic.com



လာခဲ့သူ လူရွှင်တော် ကိုသစ္စာသာလျှင်တည်း။

နွယ် နိုင်ငံခြား သွားရေးအတွက် ရန်ကုန်သို့ မဆင်းခင်တစ်ရက်၌ သူနှင့် နွယ်က မန္တလေးတောင်တော်သို့ အဖူးတက်ခဲ့ကြ၏။

တောင်ထိပ် ဆုတောင်းပြည့် ဘုရားမှ အရှေ့ဘက်သို့ ငေးမျှော်ကြည့်လျှင် ရှမ်းရိုးမ တောင်မင်းကို မြင်ရသည်။

မုတ်သုန်လေ ခရီးကျူးသော ဇွန်လအခါတွင်ဖြစ်၍ တိမ်ဖြူဖြူတို့သည် တောင်တန်းတစ်လျှောက် လေနှင်ရာလွင့်ပါး ခရီးသွားကြကုန်၏။

"တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်၊ ငှက်သွင်ပျံကြွ မတတ်သော်"

နွယ်က လွမ်းလွမ်းဆွတ်ဆွတ် နတ်သျှင်နောင်၏ ရတုမှ ဤစာပိုဒ်ကို ရွတ်သည်။ ထိုနောက် မတုန်မလှုပ် ငြိမ်နေသော သူ့လက်မောင်းကို ကိုင်၍ ဆိုသည်။

"နွယ် ဟိုရောက်လို့ အခုလို တိမ်ဖြူဖြူတွေ တွေ့ရင်လေ ကိုသစ္စာဆီ စီးပြီး ပြန်လာခဲ့မယ်"

နွယ်က ရယ်သွမ်းသွေး၍ သူ စိတ်ချမ်းသာအောင် တမင်အရွှန်းပြောသော်လည်း သူက မရယ်။

"နွယ် ... ဟိုရောက်ရင် တိမ်ဖြူဖြူတွေကို တွေ့ချင်မှ တွေ့မှာပါ တွေ့တောင်မှ ဒီတိမ်ဖြူတွေဟာ ကိုသစ္စာတို့ရှိရာကို လာချင်မှ လာမှာပါ"

နွယ်က သက်ပြင်းလေးရှိုက်၍ သူ့အား မေးသည်။

"ရှင်... နွယ် သွားမှာကို စိတ်ထိခိုက်နေလားဟင်၊ ကိုသစ္စာ"

သူက ပြုံးသည်။

"ကိုသစ္စာ စိတ်ထိခိုက်တယ်ဆိုတော့ကော နွယ်က မသွားဘဲနေမှာမို့လို့လား"

BURMESE CLASSIC .com

www.burmeseclassic.com



နွယ်သည် သူ့ပခုံးအား ဆွဲလှည့်၍ မျက်နှာချင်းဆိုင် ထိုင်သည်။

"ကိုသစ္စာ မသွားစေချင် နွယ် မသွားဘူး"

သူ့မှာ မဖြေနိုင်၊ ငိုင်နေ၏။

"ဟေး စကားပြောပါဦးလေ ဆရာကြီး၊ ကိုသစ္စာ ခွင့်မပြုရင် နွယ် မသွားပါဘူး"

သူက ခေါင်းကုတ်၏။

ထို့နောက် နွယ့်ကို ကြည့်၏။ ထို့နောက် ခေါင်းခါပြန်သည်။ ဘာမျှတော့ ပြန်မပြော။ နွယ့်ကိုသာ စိုက်ကြည့်နေ၏။

"ရှင် ဒီလိုတော့ မကြည့်နဲ့ ကိုသစ္စာ၊ နွယ့်ရင်ထဲ ဘာဖြစ်နေတယ် ဆိုတာ ရှင်သိရဲ့လား"

သည်တော့မှ သူက အေးချမ်းစွာ ဆိုသည်။

"နွယ့်ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ကိုသစ္စာ သိပါတယ်"

သူက ခေါင်းကုတ်ပြန်သည်။

"သိလို့ စကားမပြောနိုင်တာပေါ့၊ မသိရင် ကောင်းသား၊ ကဲ- နွယ် သွားပါလေ၊ သွားပါ"

"ရှင် တကယ်ပြောနေတာလား"

"ဩော် ဒုက္ခပါပဲ၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား လုပ်နေပြန်ပြီ၊ နွယ့်ကို ကိုသစ္စာက ဘာလို့ လိမ်ရမှာလဲ"

ဤအကြိမ်တွင်မူ နွယ်သည် မရယ်။

"ရှင် တကယ်နွယ့်ကို ခွင့်ပြုသလား"

သူသည် ခေါင်းခါလိုက်၍ ရှေ့မှ အုတ်တံတိုင်းကို လက်သီးနှင့် ထုသည်။

"နွယ်... ဘာလို့ ဒါတွေကို မေးနေရသလဲ၊ ကိုသစ္စာ မဖြေနိုင်ဘူး၊

www.burmeseclassic.com



ဘာကြောင့်လဲ ဆိုတော့ နွယ့်ကိုယ် ကိုသစ္စာ မပိုင်ဘူး၊ ကိုသစ္စာကိုသာ နွယ် ပိုင်တာ၊ နွယ့်ကိုယ်ကိုသာ မေးစမ်းပါလေ၊ နွယ် သွားချင်သလား"

နွယ့်မှာ ငိုင်ကျသွားသည်။ အမှန်တော့ သွားချင်သည်။ သို့သော် မဖြေရက်။

"ဖြေလေ နွယ်..."

နွယ်သည် သက်ပြင်းရှိုက်၍ စိတ်ဆုံးဖြတ်လိုက်၏။

"နွယ် သွားချင်တာပေါ့ ကိုသစ္စာ၊ နွယ် သွားချင်တာက နွယ့် အကျိုးချည်း မဟုတ်ဘူး၊ နွယ် ပြန်လာရင် စဉ်းစားကြည့်စမ်း၊ နွယ်တို့အဖွဲ့ ဘယ်လောက် ဂုဏ်ရှိလာမလဲ၊ နွယ်တို့နဲ့အပြိုင် ဟို နှစ်ဖွဲ့ ကြည့်စမ်း၊ နိုင်ငံခြား ပြန်ဆို အသားယူနေလိုက်ကြတာ၊ နွယ် ဒါကို မခံချင်ဘူး"

နွယ် ပြောသည်မှာ မှန်နေပြန်၍ သူ့မှာ ဘာမျှ မဖြေနိုင်။

"ဒီတော့ နွယ် သွားချင်တယ်လေ၊ ဒါပေမဲ့ နွယ် သွားမှာကို ကိုသစ္စာ ကြည်ကြည်ဖြူဖြူ ခွင့်ပြုစေချင်တယ်၊ ဒါ နွယ် တောင်းပန်တာပါ၊ ကိုသစ္စာကို နွယ် တောင်းပန်နေတာပါ"

နွယ်၏ အသံလေးမှာ တုန်လာ၍ မျက်ရည်များလည်း ဝဲလာ၏။

ဤသို့ဆိုပြန်သော် သူ့အသည်းနှလုံးမှ အရည်ပျော်ရသည်။

"တိတ်ပါ နွယ်ရယ်၊ မငိုပါနဲ့၊ ရုတ်တရက်ဆိုတော့ ကိုသစ္စာ စိတ်ထိခိုက်သွားလို့ပါ"

သူက ပြန်ချော့နေပြန်ပါ၏။

"နွယ်... သွားပါလေ သွားပါ၊ ကိုသစ္စာ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ် ပါတယ်"

နွယ်က မျက်ရည်များကြားမှ သူ့အား မော့ကြည့်သည်။ သူက ကြိုးစားပမ်းစား ပြုံးသည်။

BURMESE CLASSIC .com

www.burmeseclassic.com



“ချစ်သောသူနဲ့ ခွဲခွာရတာဟာ ဒုက္ခ ဆိုထားတော့ ဘယ်သူ ပျော်ပါ့မလဲ နွယ်ရယ်၊ ဒါပေမဲ့ ထာဝစဉ် ဆုံတွေ့ဖို့ ယာယီခွဲရတယ်ဆိုတဲ့ သဘောကလဲ ရှိသေးတာပဲမဟုတ်လား၊ အဲဒီတော့ ကိုသစ္စာတို့ ယာယီခွဲကြရအောင်”

သူက နွယ်၏ ခါးကလေးကို ဖက်ဆွဲ ခေါ်ဆောင်၍ နေရာမှခွာကာ တောင်ခြေသို့ ဆင်းခဲ့သည်။

နွယ်က မျက်ရည်များကို သုတ်ရင်း ပြောရ၏။

“ကိုသစ္စာကို နွယ် ဘယ်တော့မှ ထာဝစဉ် မခွဲပါဘူး၊ ဒါတော့ ယုံရှင်၊ နော်”

နွယ် နိုင်ငံခြားသို့ ထွက်ခွာသွားသည်။ တစ်လခွဲကြာမည်ဆို၏။

အငြိမ့်မှာ ရပ်ထားရသည်။ မိုးသည်းသော ရက်များဖြစ်၍ အငြိမ့်ကို ရပ်ထားရသည်မှာ အကြောင်းမထူးလှ။

နွယ်၏သီချင်းများကို အဖွဲ့ပိုင် ရက်ကော့ဒါ (အသံသွင်းစက်)နှင့် ဖမ်းယူထားခြင်းများရှိသည်။

ကိုသစ္စာသည် အားလျှင် ဤသီချင်းများကိုသာ ဖွင့်နားထောင် နေတတ်သည်။ နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊ နံနက်၌လည်း ကောင်း နွယ့်အသံကို သူက အစဉ် နားထောင်နေသည်။

“မိုးကို မှန်း၍... မလှမ်းဝံ့ပေါင် သခင်...၊ မြေ့သမီးမို့ ...၊ မြေကြီးဆန်ချင်...၊ သမုဒယနှောင်ဖွဲ့...၊ မရှောင်ခဲ့နိုင်လျှင် ... လွမ်းရစ် တော့မယ့် မောင့်ပျိုစင်၊ မေတ္တာမိုးတော့ ပြည့်ဖြိုးပဏ္ဏာတင်၊ နွယ်တတ်နိုင်သမျှ ဤမျှပင်၊ သံယောဇဉ် ကြိုး ဓွတ်တိုးနွယ်က မငင်...”

တစ်ညသ၌ ဤသီချင်းကို နားထောင်၍ သူ မျက်ရည်ကျနေခိုက် ကိုမေတ္တာသည် ကူးလာခဲ့သည်။ သူသည် မျက်ရည်များကို ကပျာကယာ

BURMESE CLASSIC .com

www.burmeseclassic.com



သုတ်၍ ဣန္ဒြေ ဆည်ရသည်။

"သြော် မင်းမလဲ ဒုက္ခပဲငါ့ညီ၊ နေ့လည်းဒီသီချင်း၊ ညလည်းဒီသီချင်း၊ နေပါဦး နွယ်က သေရွာသွားတာမို့ မင်းက ဒီလောက်ဖြစ်နေရတာလား"

ကိုမေတ္တာမှာ ဤစကားတို့ကို ရယ်မောနောက်ရွှန်းပြောဆိုခြင်းဖြစ်၏။ သို့ရာတွင် သူက အကြီးအကျယ် တုန်လှုပ်စွာ လှည့်ကြည့်သည်။

"နွယ် သေရွာမသွားဘူး၊ ဒါကို ကျွန်တော် သိတယ် ဦးဇင်း၊ နွယ့်အသံ ကြားနေသရွေ့ နွယ်မသေဘူး၊ နားလည်လား၊ အသံမကြားရရင် သေတာပဲ၊ အသံကြားနေရသရွေ့ မသေဘူး၊ ဘယ်သူမှ မသေဘူး"

ဦးဇင်း ကိုမေတ္တာသည် သူ့အား ပါးစပ်အဟောင်းသားနှင့်ကြည့်မိ၏။ ဤမျှနှင့် ဤကလောက် ပေါက်ကွဲလေသော သူ့ကို ဓမ္မာစရိယ ကိုမေတ္တာ နားမလည်။

"အစ်ကိုက နောက်တာပါ ငါ့ညီရာ၊ မင်းကလဲပဲ ဒီလောက်တောင် ဖြစ်ရသလား၊ ဒါထက် နွယ့်ဆီက နောက်ထပ် စာလာသေးသလား"

"လာတယ်၊ အခု သူတို့ ဂျာမနီရောက်နေပြီတဲ့၊ နောက် ဆယ်ရက်လောက်ဆို ပြန်ရောက်တော့မတဲ့"

ကိုမေတ္တာသည်ခေါင်းခါ၏။

"ဦးဇင်း ဘာခေါင်းခါတာလဲ"

"စိတ်ပျက်လို့ ခါတာကွ"

"ဦးဇင်းက ဘာစိတ်ပျက်လို့လဲ"

"ဟာကွာ အစက ယောကျ်ားဘဝ ရခဲ မြတ်လှတယ် အောက်မေ့တာ၊ အခုမှ မိန်းမမဖြစ်ရတာ နာသကွာ၊ ဘုရားစူး ပါရဇိကံ ကျရစေရဲ့"

ကိုမေတ္တာက ဘုန်းကြီးဘဝမှ နှုတ်ကျိုးခဲ့သော ကျိန်နည်းကျိန်သဖြင့် ကိုသစ္စာမှာ ငိုအားထက် ရယ်အားသန်မိသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"ဦးဇင်းက ဘာလို့ မိန်းမ ဖြစ်ချင်တာလဲ"

"မိန်းမ ဖြစ်ချင်တာ ပြောတာ မဟုတ်ဘူး၊ မင်းသမီး ဖြစ်ချင်တာ ပြောတာ"

"အင်းလေ ထားပါတော့၊ ဘာလို့ မင်းသမီး ဖြစ်ချင်တာလဲ"

"ဖြစ်ချင်တာပေါ့၊ ကြည့်စမ်းကွာ၊ ပညာရှင်ချင်း အတူတူ သူတို့တော့ သွားလိုက်ကြတာ၊ တို့လူပြက်များတော့ ကန်တော့ပါရဲ့၊ အဖက်တောင် မလုပ်ကြဘူး"

ကိုသစ္စာမှာလည်း ငိုင်ကျသွား၏။ ကိုမေတ္တာ ပြောသည်မှာ မှန်၏။ လူပြက် မပါလျှင် ဘယ်အငြိမ့် ဘယ်ဇာတ်ကိုမျှ လုကြည့်မည် မဟုတ်။ သို့သော် လူပြက်ကို မည်သူကမျှ အနုပညာရှင်ဟု လေးလေး နက်နက် မသတ်မှတ်။

"မင်းလိုသာ ဘိုစာတတ်ရင် ငါ လူပြက်မလုပ်ဘူး၊ သိလား ငါ့ညီ"

"ဦးဇင်းလိုသာ ဓမ္မာစရိယအောင်ရင် ကျွန်တော်လည်း လူပြက် မလုပ်ဘူး"

ကိုမေတ္တာသည် ဒေါကြီးမောကြီးနှင့် နေရာမှထ၏။

"ဟ ငါက ဘုန်းကြီးဝတ်ပြီး သူတော်ကောင်းအကျင့် ကျင့်ရင် နိဗ္ဗာန်ရောက်တဲ့အထိ ကျင့်ချင်တယ်၊ မနေနိုင်လို့လူထွက် ဖောက်ပြန်ရင် အဝီစိရောက်တဲ့အထိ ဖောက်ပြန်ချင်တယ်၊ သိလား"

ကိုမေတ္တာသည် စိတ်လိုက်မာန်ပါ ပြောပြီးမှ "ဒါ ထက် သူပြန် လာရင် ပွဲပြန်စဖို့ ဘာတွေ စီစဉ်ထားသလဲ"ဟု မေး၏။

"ဟာ...အဲဒါ ကျွန်တော် ဦးဇင်းကို ပြောမလို့၊ တခြားဟာတွေ ကတော့ အထူးပြင်စရာ မရှိဘူး၊ နောက်ပိုင်းပြဇာတ်တွေ ပြင်မလို့"

BURMESE CLASSIC .com

www.burmeseclassic.com



"ဘယ်လို ပြင်မလို့လဲ"

"တွေ့ကရာ ထိုးဓာတ်တွေ လုပ်မယ့်အစား မူမှန် သဘာဝ အစစ်တွေ လုပ်ရအောင်"

"အေး ကောင်းတယ်၊ တို့ ပထမ ဘာစလုပ်မလဲ"

ကိုသစ္စာသည် ခေတ္တ စဉ်းစား၏။ အတန်ကြာမှ ဖြေသည်။

"ကျွန်တော်တို့ ဒိုင်းခင်ခင်နဲ့ တောင်သမန် လယ်စားမင်းဓာတ် ခင်းရအောင်"

"အေး...အေး...၊ ငါက ဘာလုပ်ရမလဲ"

"ထုံးစံအတိုင်း ဝန်ကြီးပေါ့၊ တိုင်တားမင်းကြီးဖြစ်ဖြစ် ကင်းဝန်မင်းကြီး ဖြစ်ဖြစ်"

"သြော်...သြော်...နွယ်က ဒိုင်းခင်ခင်၊ မင်းကတော့ လယ်စားမင်း၊ ကောင်းပကွာ ဓာတ်ဆရာရာ၊ လူပြက်ချင်းတောင် တစ်မူး ပိုရှုချင်တယ်၊ နိပ် ဟ"

ကိုမေတ္တာ ပြန်သွားသည်။

ကိုသစ္စာသည် မှိုးညိုသော အပြင်ဘက်ကို ခေတ္တ ကြည့်သည်။ ထို့နောက် တယောကိုယူ၍ လယ်စားမင်း၏ တေးထပ်ကို ထိုးရင်း ဆိုကြည့်သည်။

"ချစ်ရသူ ခင်ခင်ရဲ့၊ ဘဝင်မြင့် သက်ညှာ၊ ဆင်မသင့်ခက်ပါလျှင် သက်သာရာ မရ၊ တကယ်လို့ တိမ်းခဲ့ချော်လျှင် စိမ်းနဲ့နော် ဘုန်းခင့် လာပါ့ **x x x**"

*

www.burmeseclassic.com

## (၁၃)

နွယ် ပြန်ရောက်ချိန်နီး၌ ကိုသစ္စာမှာ ရွှင်ရွှင်မြူးမြူး ထထ,ကြွကြွ နှင့် ပြန်ဖြစ်လာ၏။ သူ့အရိပ်အခြည်ကို ကြည့်နေသူ အဖွဲ့သားများမှာလည်း တက်တက်ကြွကြွ ဖြစ်လာကြ၏။

ခြံဝင်း အတွင်း၌ အသက် ပြန်ဝင်လာ၍ တီးကြမှုတ်ကြ ဇာတ်တိုက်ကြနှင့်။ နွယ် ပြန်ရောက်လျှင် အစစ အဆင်သင့် ဖြစ်ရန် ကြိုတင်ပြင်ဆင်ကြသည်။

ပြင်လည်း ပြင်ဆင်ရပေမည်။ တော်သလင်းတွင် ရောက်ခဲ့ပြီဖြစ်၍ သီတင်းကျွတ်အမီ အလုအယက် ကြိုတင် ပွဲငှားသူတို့ ရောက်လာကြပေပြီ။

သီချင်းတို့ကို စပ်ရသည်။ ပြက်လုံးတို့ကို ထွင်ရသည်။ ပြဇာတ်တိုများကို တိုက်ရ၏။ ပန်တျာကျောင်းမှ လောလောလတ်လတ် ရလာခဲ့သော မင်းသမီးသစ်ကလေး စန်းစန်းကိုလည်း ဇာတ်ရည်ဝင်အောင် သွန်သင်လေ့ ကျင့်ပေးရသည်။ ယခုနှစ်ဆိုလျှင် နွယ်၊ လှလှစိန်အပြင် စန်းစန်းပါ၍ မင်းသမီး သုံးလက်ဖြင့် အင်အားအကြီးဆုံး အငြိမ့်ကြီး ဖြစ်တော့မည်။

www.burmeseclassic.com



ကိုသစ္စာမှာ စိတ်ကူးနှင့် မြူးနေသည်။

ယခုတစ်နှစ် နောက်တစ်နှစ် ကပြီးလျှင် ခေတ်မီ မဟာဇာတ် သဘင်ကြီး ထောင်မည်။ နွယ်အား သူဖြစ်ချင်လှသော ဇာတ်မင်းသမီးကြီး ဖြစ်လာ စေရမည်။

ကိုသစ္စာသည် ပန်တျာကျောင်း မင်းသားသင်တန်း နောက်ဆုံးနှစ် သူ စိတ်ကြိုက်အညီဆုံး မင်းသားနှစ်လက်ကိုပင် ရွေးပြီးဖြစ်နေ၏။

ဤမျှ အလုပ်များသည့် ကြားထဲမှ သူသည် အမရပူရနှင့် ရွှေခြည်ထိုး ရပ်ကွက်သို့လည်း မကြာခဏ ထွက်ထွက်သွားသည်။ သူ ဘာလုပ်နေခြင်း ကို အဖွဲ့သားများ မရိပ်မိကြ။

ရန်ကုန်သို့ ရောက်မည်ဆိုသော ညဌ် သူက အခန်းထဲတွင် အထုပ်တစ်ခုနှင့် အလုပ်ရှုပ်နေသည်။

ကိုမေတ္တာသည် မသက်ာ၍ အခန်းတွင်း ဝင်လာခဲ့၏။

"ငါ့ညီ ဘာတွေ အလုပ်ရှုပ်နေတာလဲ"

သူ့အလုပ်၌ စိတ်ဝင်စားနေသဖြင့် ကိုမေတ္တာ ဝင်လာသည်ကို မသိ၍ သူက ထိတ်လန့်သွားသည်။ ပြီးမှ အားရစွာ ပြုံးလျက် "ဟာ ဦးဇင်း လာ လာ"ဟု ဖိတ်ခေါ်သည်။

"မင့် အထုပ်ကြီးက ဘာကြီးလဲ"

လေးထောင့်သဏ္ဌာန် စက္ကူသေတ္တာကြီးကို သူသည် ကိုမေတ္တာ မမြင်ဖူးသော စက္ကူလှလှများနှင့် သေသပ်စွာ ထုပ်နေ၏။ အနီးတွင်လည်း ပိုးဖဲကြိုးများကို တွေ့ရ၏။

သူသည် မဖြေသေးဘဲ လက်ဝါးနှစ်ဖက် ပွတ်ကာ အလွန်နှစ်သိမ့် ကြည်နူးစွာ ပြုံးနေ၏။ ထို့နောက် တစ်စုံတစ်ခုကို သတိရဟန် ကိုမေတ္တာကို ဆွဲ၍ ကုလားထိုင် တစ်လုံးပေါ် ထိုင်ခိုင်းသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"အဲ...အဲ...ဟုတ်ပြီ ဦးဇင်း၊ ပြုံးစမ်း ပြုံးစမ်း...၊ နွယ်ပြုံးသလို ပြုံးစမ်း"

ကိုမေတ္တာမှာ ကြောင်သွား၏။

"ဟာ... မင်းဘိုးအေ၊ ပြုံးစမ်းဆို တော်သေးရဲ့၊ ဘယ့်နှယ် နွယ်ပြုံးသလို ပြုံးရမှာလဲ"

"ဦးဇင်းကလဲ၊ သဏ္ဍာန်လုပ် သရုပ်တူအောင်ပေါ့၊ ကဲပါ ပြုံးစမ်းပါ"

"မဟုတ်တာကွာ မင်းက၊ ဇာတ်စင်ပေါ်မှာ မင်း တောက်တီးတောက်တဲ့ ခိုင်းတာ လွန်လှပြီ၊ အခုဟာက ဘုမသိ ဘမသိ"

"နောက်တော့ သိရမှာပေါ့ဗျ၊ ကဲ... မလုပ်ချင်လဲ သွားတော့၊ သွား သွား၊ ကျုပ်အခန်းက မြန်မြန်ထွက်"

"နေပါဦး ငါ့ရှင်ကလဲ၊ ဒေါမနဿ စေတသိက်တွေ လောင်လှချည်လား၊ လုပ်မှဆိုရင်လည်း လုပ်ပါ့မယ်ကွာ"

ကိုမေတ္တာမှာ ဘူးထဲမှ ဘာဆိုသည်ကို သိချင်နေ၏။ ထို့ကြောင့် ပြန်ထိုင်၍ သူခိုင်းသလို လုပ်ရသည်။

"ကဲ... ပြုံးပြီ ဟောဒီမှာ လာလေရော့"

ကိုမေတ္တာသည် အရွဲ့တိုက်၍ကြာနှင့် ဗျာနှင့် ပြုံးပြနေ၏။

"အဲ–အဲ အဲဒီအတိုင်း နေ"

သူသည် စောစောက အထုပ်ကို ဖဲကြိုးများနှင့် လျှင်မြန်စွာအဖြစ် ချည်လိုက်၍ ကိုမေတ္တာ ရှေ့၌ ရပ်၏။

"နွယ် ရေ"

ကိုမေတ္တာသည် မေးထားသော မျက်လုံးကို ဖြဲ၍ သူ့အား ကြည့်သည်။

သူကမူ တည်ငြိမ်သော ဣန္ဒြေနှင့် အထုပ်ကို လက်နှစ်ဖက်နှင့်

BURMESE CLASSIC .com

www.burmeseclassic.com



ကိုင်ကာ ခြေစုံရပ်နေသည်။

"ချင် တိုတစ်ချာ"

နွယ် သွားနေတုန်း နွယ်ဖို့ ကိုသစ္စာ လုပ်ထားတာ၊ ရော့ ကြည့်စမ်း၊ ဖြည်ကြည့်"

ကိုသစ္စာသည် အထုပ်ကို ကိုမေတ္တာ၏ လက်တွင်းထည့်ပေးသည်။ ကိုမေတ္တာက အထုပ်ကို တစ်လှည့်၊ သူ့ကို တစ်လှည့် ကြည့်နေ၏။

"ဖြေလဗျာ"

သူက အော်မှ ကိုမေတ္တာသည် ခေါက်တုံ့ချည်ထားသော ဖဲကြိုးကို ဖြေသည်။

"စက္ကူတွေလဲ ဖြေ၊ ဖြည်းဖြည်းနော် မစုတ်စေနဲ့၊ ဒါပဲ"

သူ့အမိန့်အတိုင်း ကိုမေတ္တာသည် စက္ကူများကို မစုတ်အောင် ရိရိ သေသေ ဖြေသည်။ အထဲမှ စက္ကူဘူး ပေါ်လာသောအခါ အဖုံးကို ဖွင့်ကြည့်၏။ ကိုမေတ္တာမှာ မျက်လုံးပြူးသွားသည်။

"ဟ... လှ လှချည့်လား"

ကိုမေတ္တာသည် ချီးမွမ်းလိုက်ပြီး ပစ္စည်းကို ထုတ်ဖြန့်ကြည့်၏။

အစိမ်းခံ၀ယ် ရွှေခြည်တို့ ၀င်းလက်နေသော လှပနူးညံ့သည့် မင်းသမီး၀တ် ထဘီတစ်ထည်တည်း။

"သိပ်လှပါလားကွ၊ ဒါ မင်း ဘယ်က ၀ယ်လာတာလဲ"

သူက နှစ်ခြိုက်စွာ ပြုံးလိုက်၏။

"ဘယ်ကမှ ၀ယ်တာမဟုတ်ဘူး၊ ကျွန်တော့်လက်နဲ့ မရက်ရုံတစ်မည် ကိုယ်တိုင် အော်ဒါမှာ လုပ်လာတာ"

သူသည် ထဘီကို ကိုမေတ္တာ၏ လက်မှ ယူ၍ ဖြန့်ပြရင်း ဆက်ပြောသည်။

www.burmeseclassic.com



"ခင်ဗျား သေသေချာချာကြည့်စမ်း အရောင်ကို၊ ဘယ်လောက်လှသလဲ၊ အစိမ်း ဆိုပေမဲ့ စပ်ဖြဲဖြဲကုလားစိမ်း မဟုတ်ဘူး၊ ငှက်ပျောရွက်လို ပေါ့တီးပေါ့ဆ အစိမ်းလဲ မဟုတ်ဘူး၊ အနီးစပ်ဆုံး ဆိုရင် ဒေါင်းမြီးစိမ်း၊ လေးနက် တည်ကြည်ပြီး အေးချမ်းနေတဲ့ အစိမ်း၊ ရွှေချည်ထိုးထားတဲ့ အရွက်တွေ ကြည့်စမ်း၊ မလှဘူးလား"

"အေး လှတယ်၊ ဘာရွက်ပုံစံလဲ"

"မေပယ်(လ်)ရွက်"

"ဘာရွက်..."

"မေပယ်(လ်)ရွက်၊ ထားပါလေ မလှဘူးလား..."

"လှတယ်ကွ၊ ဒါ ဘယ်လောက်ကျလဲ"

"သုံးရာ"

"ဟေ...သုံးရာ"

"ဟုတ်တယ်၊ ဒါပေမဲ့ အဲဒါ အဖွဲ့ပိုင် ငွေထဲကလည်း မဟုတ်ဘူး၊ နွယ့်ငွေထဲကလည်း မဟုတ်ဘူး၊ ကျွန်တော်ပိုင် စုထားတဲ့ ငွေနဲ့ နွယ်ဖို့ လက်ဆောင် ဝယ်ထားတာ"

ကိုမေတ္တာသည် ခေါင်းတဆတ်ဆတ် ညိတ်၏။

"ကောင်းပကွာ...၊ ကောင်းပ၊ မမလေး ထဘီဖိုး ကြိုးစားပေး ဆိုတာ လူတွေက စာတွေ့၊ မင်းကျတော့ လက်တွေ့၊ နိပ်သဟေ့"

သူက မျက်မှောင်ကြုတ်၍ ကိုမေတ္တာအား ကြည့်သည်။

"မမလေး ထဘီဖိုး ကြိုးစားတော့ ဘာဖြစ်သလဲ၊ ဘယ်ယောကျ်ားကကော မကြိုးစားလို့လဲ၊ ဦးဇင်းရတဲ့ ငွေထဲက မလှငွေ ထဘီဝယ်မဝတ်လို့ ချွတ်နေသလား"

"ဟာ... ဟေ...၊ အမလေးလေ၊ မင်းက အသားလွတ်အုပ်သဟေ"

BURMESE CLASSIC .com

www.burmeseclassic.com



"မဟုတ်ဘူးလား၊ ကျွန်တော်က အမှန်ပြောတာ"

"မှန်ပါတယ် မှန်ပါတယ်၊ ကဲ ကိုရင့် ထဘီအကြောင်း ဆက်ပါဦး"

သူသည် ထဘီအား ကုလားထိုင်နောက်မှီထက် လွှားတင်လိုက်ပြီး နောက်သို့ ခြေလှမ်းဆုတ်၍ မိမိစိတ်တိုင်းကျ ဆွဲထားသော ပန်းချီကားကို မိမိ အရသာခံ ပြန်ကြည့်သည့် ပန်းချီဆရာဟန် စိန်းစိန်းရှုနေလေ၏။ အတန်ကြာမှ တစ်လုံးချင်း မှတ်ချက်ချသည်။

"နွယ်နဲ့ဆို သိပ်လိုက်မယ့် အရောင်"

"နွယ်နဲ့ မလိုက်တဲ့ အရောင်များ ရှိသေးလို့လား"

"ဒါပေမဲ့ ဒီအရောင်က ပိုလှတယ်"

"အေးလေ မင်းကတော့ ဒီလိုပဲ ပြောရတော့မှာပေါ့"

သူက ကိုမေတ္တာ ကလိသည်ကို ပြန်မချေဘဲ လေးလေးနက်နက် ပြော၏။

"ဟုတ်တယ်၊ နွယ်နဲ့ သိပ်လိုက်ရမယ်၊ ဘာတဲ့ ဟိုစာဟာ 'လအရေး လို၊ မြလေးခိုသည်၊ နဂိုနွဲ့နွဲ့၊ နာဂသွဲ့တွင်၊ မှဲ့မစွန်းပြောက်၊ သွန်း၍လှောက်သို့'တဲ့၊ နွယ့် နားသယ်က ကျလာတဲ့ မွေးညင်းလဲ့လဲ့ ရှိမ်းရှိမ်းတွေ၊ ပါးပြင်နဲ့ လည်ပင်းက အကြောစိမ်းလေးတွေ၊ အဲဒါတွေရယ်၊ နွယ့်အသားက ဝါဝါ၊ ရွှေလို ဝါရုံမကဘူး၊ ပယင်းလိုလဲ ကြည်နေတဲ့ 'ပယင်းရွှေရည်၊ ပွတ်လဲ့ကြည်သို့၊ မြရည်ကြောစိမ်း၊ လဲ့လဲ့ရှိမ်းသား၊ ခပ်သိမ်းကလျာ၊ ရှုဖွယ်သာလျှင်' ဆိုတဲ့ အလှ၊ ဒီစာတွေနဲ့ညီအောင်၊ ဒီထဘီကို ရက်ခိုင်း ဖောက်ခိုင်း ချုပ်ခိုင်းခဲ့ရတာ"

ကိုမေတ္တာသည် မနောက်နိုင်တော့ဘဲ သူ့အား ကရုဏာသက်စွာ စိုက်ကြည့်သည်။

"မင်း နွယ့်ကို သိပ်ချစ်တာပဲလား၊ ဟင်...မောင်သစ္စာ"

BURMESE CLASSIC .com

www.burmeseclassic.com



"ချစ်တယ်လေ၊ ချစ်တာပေါ့ဗျ၊ ဒါ အဆန်းလား၊ ဦးဇင်းကော နွယ့်ကို မချစ်ဘူးလား"

ကိုမေတ္တာက ပင့်သက်ရှူ၏။

"ချစ်တာပေါ့ကွာ၊ ငါ့သမီး ငါ့တူမပဲဟာ၊ ဒါပေမဲ့ ငါမေးတာက တစ်မျိုး"

သူသည် မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်၍ ကိုမေတ္တာကို ကြည့်သည်။ မျက်နှာမှာ တည်ကြည်သွားပြီး အသံ မမာ့တမာနှင့်မေး၏။

"ဦးဇင်း ဘာဆိုလိုတာလဲ"

"အဲ...ဟို...ဟိုဒင်း"

ကိုမေတ္တာသည် သူဆိုလိုသည်ကို မည်သို့ သွယ်ဝိုက် ပြောရမည် မသိ။

"ဟိုဒင်းကွာ ဒုက္ခပါပဲ၊ ငါ ဘယ့်နှယ်လုပ် ပြောရပါ့မလဲ"

သို့သော် သူက ကိုမေတ္တာ ဘာပြောချင်သည်ကို ရိပ်မိသွားဟန် တူသည်။ သူ့မျက်နှာသည် တင်းမာသွား၏။ လူမှာလည်း တုန်ယင် လှုပ်ရှားလာ၏။

"မပြောတတ်ရင် မပြောနဲ့၊ ဘယ်တော့မှ မပြောနဲ့ ကြားလား၊ ကဲ ဦးဇင်းကြွပေတော့"

ကိုမေတ္တာ အံ့အားသင့်နေဆဲ သူက ကိုမေတ္တာ၏ လက်မောင်းကို ဆွဲ၍ အခန်းပြင်သို့ တွန်းထုတ်လိုက်သည်။

အခန်းတွင်းမှ တံခါးကို ချက်ချသံ ပေါ်လာသည်။

ကိုမေတ္တာသည် ခေတ္တ တွေတွေငိုင် ရပ်နေမိ၏။ ထို့နောက် ခေါင်းကို ခါယမ်းလျက် ထွက်လာခဲ့သည်။

*

BURMESE CLASSIC .com

www.burmeseclassic.com



နွယ်တို့ ရန်ကုန်ပြန်ရောက်ကြောင်းကို သတင်းစာများမှ တစ်ဆင့် သိကြရသည်။

နွယ် ရောက်ပြီး နှစ်ရက်ခန့် အကြာ၌ ကိုသစ္စာသည် သံကြိုးစာ ရ၏။

သံကြိုးစာ၌ သန်ဘက်ခါ ပြန်လာမည်ဖြစ်ကြောင်း၊ ပွဲစရန်များ မယူသေးဘဲ ရပ်ထားရန် အကြောင်း၊ ဤမျှသာ ပါသည်။

ကိုသစ္စာမှာ သံကြိုးစာ၏ အဓိပ္ပာယ်ကို ဖော်၍မရ။ အဘယ်ကြောင့် နွယ်သည် မန္တလေးသို့ ချက်ချင်း မပြန်ခဲ့ရပါသနည်း။ ပွဲစရန်များကို မယူသေးရန် အဘယ်ကြောင့် တားမြစ်ရပါသနည်း။

နောက်တစ်နေ့ သတင်းစာများ၌ အဖြေပါလာသည်။

နာမည်ကျော် အငြိမ့်မင်းသမီး ချစ်သက်နွယ် ရုပ်ရှင်မင်းသမီး လုပ်ရန် ကုမ္ပဏီတစ်ခုနှင့် စာချုပ်ပြီဟူသတည်း။ စာချုပ်၌ အငြိမ့်မက တော့ရန် ဟုလည်း ပါဝင်သည်ဆို၏။ အငြိမ့်တစ်ဖွဲ့လုံးမှာ တုန်လှုပ်ချောက် ချား သွားကြသည်။

နွယ်...။ မန်းမြို့တော်၏ အသည်းစွဲ နွယ်၊ ရုပ်ရှင်နယ်သို့ ဝင်သွား ပေပြီ။

ထိုအခါဝယ် နွယ့်ကို မှီခိုထားသော ဤအငြိမ့်အဖွဲ့ကြီးသည် မည်သို့ ရပ်တည်နေရလေမည်နည်း။

လက်ထောက် မင်းသမီးကလေးများနှင့်အတူ ချစ်စရာ ကိုမေတ္တာ တို့သည် ချုံးပွဲချ ငိုကြ၏။

ကိုသစ္စာ တစ်ယောက်သာ မငို။ သတင်းကို တွေ့စဉ်မှ သူသည် အပြင်းအထန် ဒေါသထွက်သွား၏။ ဒေါသ ထွက်လွန်း၍ သူ့အား ရူးသွပ်သွားလေပြီလောဟု ထင်ကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုနေ့ တစ်နေ့လုံး သူသည် မည်သူနှင့်မျှ အတွေ့မခံဘဲ တံခါးပိတ်၍ သူ့အခန်းထဲ၌သာ နေနေသည်။ ညနေ၌လည်း ထမင်းထွက်မစား။

မိုးသည်းသော နောက်တစ်နေ့ နံနက်၌ ညရထားနှင့် လိုက်ခဲ့သော နွယ် ပြန်ရောက်လာသည်။ နွယ်နှင့်အတူ ကုမ္ပဏီပိုင်ရှင်သူဌေးနှင့် ဒါရိုက်တာ ဆိုသူပါ လိုက်ခဲ့ကြ၏။

ဝိုင်းလာကြသော အဖွဲ့သားများကို နွယ်သည် ဝတ်ကျေဝတ်ကုန်သာ စကားတုံ့ပြန်နိုင်ပြီး ကိုသစ္စာ၏ အခန်းဆီးပြေးသည်။

အခန်းတံခါးမှာ ပွင့်နေ၍ အတွင်း၌ လူမရှိ...။

"ဦးဇင်း... ကိုသစ္စာကော ဟင်...၊ ကိုသစ္စာ ဘယ်သွားလဲ..."

ကိုမေတ္တာမှာလည်း မျက်လုံးပြူးသွားသည်။

"ညကအထိတော့ သူရှိတာပဲ၊ ငါတောင် ထမင်းစား လာခေါ်သေးတယ်"

"ဒါဖြင့် အခု သူဘယ်မလဲ"

"ငါ ဘယ်သိမလဲဟယ်၊ ဒါထက် နင် ဘယ်လို လုပ်လိုက်တာလဲ"

"ဘယ်လို လုပ်လိုက်ရမလဲ ဦးဇင်းရယ်၊ အခွင့်အရေး ကောင်းလို့ပေါ့၊ သုံးကားအတွက် စာချုပ်ရတယ်၊ ပထမကားမှာ တစ်သောင်း စပေးတယ်"

"ဟင်...တစ်သောင်း"

"ဟုတ်တယ် ဒီငွေမျိုးကို အငြိမ့် က,စားလို့ တစ်သက် ရမလား"

"ဒါတော့ ဒါပေါ့ဟယ်၊ ဒါပေမဲ့ တို့ကို တိုင်ပင်ပါဦးလား"

"တိုင်တော့ တိုင်ပင်ချင်တာပေါ့၊ ဒါပေမဲ့ ဝိုင်းဖျက်ကြမှာစိုးလို့"

"နင့်ကို တို့က ဖျက်မှာတော့ စိုးတယ်၊ ဒါပေမဲ့ တို့အဖွဲ့ကိုတော့ နင် ဖျက်ခဲ့ပါရောလား မိနွယ်ရယ်"

နွယ်သည် အကြီးအကျယ် စိတ်ထိခိုက်သွားပုံရသည်။

www.burmeseclassic.com



"ဒီအဖွဲ့ကို နွယ် မဖျက်ပါဘူး၊ လှလှစိန်လေးလဲ နာမည်ရလာပြီပဲ ဥစ္စာ၊ ဦဇင်းလဲရှိသားပဲ၊ ဆက်လုပ်ပါ၊ နွယ် ကုန်ကျသမျှ စိုက်ထုတ်ပေးပါ့မယ်၊ အဲ ကိုသစ္စာကိုတော့ နွယ်နဲ့ရန်ကုန်ကို တစ်ခါတည်း ခေါ်သွားမယ်"

"ဒါပေမဲ့ နင့်လူက အခု ဘယ်မလဲ"

နွယ်သည် သားပျောက်သော မိခင်ပမာ အိမ်ရှေ့ခန်းသို့ ပြန်ထွက်ပြေးလာခဲ့သည်။

အသီးသီး မျက်နှာငယ်နှင့် ထိုင်နေကြသော အဖွဲ့သားများနှင့် ဆန့်ကျင်လျက် စီးကရက် တဖွာဖွာသောက်ကာ သူဌေးနှင့် ဒါရိုက်တာသည် ခံ့ညားစွာ ထိုင်ရင်း ဘာကို သဘောကျသည်မသိ၊ တခစ်ခစ် ကျိတ်ရယ်နေကြသည်။

နွယ်က အဖွဲ့သားများကို အားပေးချင်သည်။ သို့သော် လောလောဆယ်မှာ ကြီးမားလှသော သောကစိုးရိမ်မှုက နွယ့်ရင်၌ အုံ့မှိုင်း တွယ်ဆိုင်းနေ၏။

အပြင်ဘက်၌ နှောင်းမှကောင်းလေသော မန်း၏မိုးသည် လျှပ်တဝင်းဝင်း လေတထန်ထန်နှင့် ဒေါသတကြီး ရွာချနေ၏။

နွယ်၏ မျက်လုံးများက ခြံဝဆီ ရောက်သွားသည်။

"ကိုသစ္စာ"

တစ်ကိုယ်လုံး မိုးရေတို့နှင့် စိုရွှဲလျက် သူက ခြံဝ၌ ရပ်နေ၏။

မိမိကိုယ်ကို ဘာလုပ်မိသည် သိဟန်မတူဘဲ နွယ်သည် မိုးရေထဲမှ ဖြတ်၍ သူ့ထံ ပြေးဖက်သည်။

သူက လက်များ ဆန့်တန်းကာ ပြေးလာလေသော နွယ့်အား ရှောင်တိမ်းလျက် အိမ်ဆီသို့ ပြေးထွက်လာသည်။

နွယ်မှာ ကြောင်လျက် ရပ်ကျန်မိသည်။ သတိဝင်ကာမှ အိမ်ဆီသို့

BURMESE CLASSIC .com

www.burmeseclassic.com



ပြေးလိုက်ခဲ့မိပြန်ရှာသည်။

သူ့ကို အခန်းဝ၌ ရင်ဆိုင်မိသည်။

သူ့လက်တွင်း၌ တစ်နေ့ညကပင် ကိုမေတ္တာအား မြတ်မြတ်နိုးနိုး ပြသခဲ့သည့် မြစိမ်းရောင် ထဘီကို ကိုင်ထားသည်။

သူ့မျက်နှာမှာ အိုမင်းနေ၏။ အိုမင်းခြင်း၌ ကြေကွဲနာကြည်းမှု လွှမ်းနေသည်။

နွယ် ကြက်သေသေ ကြည့်နေစဉ် သူက လက်တွင်းမှ အရာကို အစိတ်စိတ်အမြွှာမြွှာ ဆွဲဆုတ်လိုက်ခဲ့ချေပြီ တကား။

"အို…ကိုသစ္စာ ရှင် ရှင် ဘာလုပ်တာလဲ"

ပြောပြောဆိုဆိုနှင့် နွယ်သည် သူ့အား ဝင်ဖက်သည်။

သူက ကြမ်းတမ်းစွာဖြင့် နွယ့်အား တွန်းခွာပစ်လိုက်သည်။

နွယ်သည် ဝမ်းနည်းစွာနှင့် သူ့အား မော့ကြည့်သည်။

သူ့မျက်လုံးများက မီးဝင်းဝင်းတောက်နေသည် ထင်ရ၏။ သူ့ မျက်နှာမှာလည်း စိတ်လွတ် သတိကင်းနေဟန်ရှိ၏။

နွယ်သည် ထိတ်လန့်တကြားနှင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ သို့သော် နောက်ကျသွား၏။

သူ၏ လက်တစ်ဖက်က မြောက်သွားကာ နွယ်၏ မျက်နှာဆီ တအားလွှဲ ကျလာသည်။

"အမလေး ကိုသစ္စာ"

ဤသည်မှာ နွယ်၏ နောက်ဆုံးအသံတည်း။

သူက ကြမ်းပြင်သို့ သတိလစ်မေ့လဲကျကာ ခွေခွေလေး ရှိနေသော နွယ့်အား ခေတ္တ ငိုင်ကြည့်နေသည်။

နောက်တစ်ခဏ၌ မည်သူမျှ မဆွဲမိမီ သဲသဲမဲမဲမှောင်နေသော

www.burmeseclassic.com



မိုးထဲရေထဲသို့ ထွက်ပြေး ပျောက်ကွယ် သွားလေသတည်း။

*

သူပြောပြသည့် အငြိမ့်သမလေး ချစ်သက်နွယ်နှင့် ကိုသစ္စာတို့၏ ဇာတ်လမ်းမှာ ဤတွင် ဆုံးသွားသည်။

*

BURMESE CLASSIC .com

www.burmeseclassic.com

(အပိုင်းလေး)

# မိုးည အိပ်မက်မြူ

BURMESE CLASSIC .com

www.burmeseclassic.com

## (၁၄)

သူ့ဇာတ်လမ်းက ဆုံးခဲ့ပေပြီ။ မသက်ရှိ အနေနှင့်လည်း ရှေ့ဆက် သိဖွယ် မလိုတော့။

သတိကြီးစွာ ထားလျက်ကပင် ဆရာမသည် ရင်၌ ဆို့နင့်စွာ ခံစားရ၏။ ထို့ကြောင့်ပင် မိမိကိုယ်ကို မိမိ ဘာပြုမိသည် မသိမီ သူ့နားသို့ ချဉ်းကပ်သွားမိသည်။ လက်တွေ့ဆန်သော စိတ်ပညာဘဝကို မေ့သွားသည်။ မိန်းမသား၏ သန္တာန်မှ သဘာဝ မိခင်စိတ်သည်သာ ရင်၌ လွှမ်းမိုးနေလေ ဘိသည် တကား။

မသက်ရှိက သူ၏မျက်နှာအား နူးညံ့သော လက်ဖဝါးလေးများနှင့် အသာအယာ ပွေ့ယူမ,တင် မော့စေလိုက်၏။

"မောင်မြင့်ဝေ၊ မောင်မြင့်ဝေအတွက် မမရှိ စိတ်မကောင်းပါဘူး ကွယ်၊ မောင်မြင့်ဝေ ကြုံဆုံခံစားခဲ့ရသမျှ အတွက်လည်း မမရှိ ကောင်း ကောင်း ကိုယ်ချင်းစာမိတယ်"

မသက်ရှိသည် အေးချမ်းစွာ ပြုံး၍ တည်ငြိမ်ချိုသာစွာ ဆိုသည်။

"ဒီဒုက္ခ ဒီပူဝန်ဟာ လူမှန်ရင် ကြုံရမြဲမို့ မောင်မြင့်ဝေအတွက်သာ

BURMESE CLASSIC .com

www.burmeseclassic.com



ထူးကဲ နှိပ်စက်လေတာ မဟုတ်ပါဘူး၊ ပြီးတော့လဲလေ မေတ္တာနဲ့ အရင်းခံ တည်ဆောက်ထားတဲ့ ဒီလူ့ဘောင်မှာ ချစ်ခြင်းသဒ္ဓါနဲ့ ကရုဏာ ဗြဟ္မစိုရ် တရားဟာ စိတ်နာသူတွေ အထင်မှားသလောက် မခေါင်းပါးပါဘူး”

မသက်ရှိသည် ကြင်နာမှု ပြည့်ဝသောအပြုံးနှင့် စကားကို နိဂုံးချုပ်လျက် သူ့မျက်နှာမှလက်ကို ရုပ်သိမ်းလိုက်သည်။

“ကဲ...အိပ်ပေတော့ မောင်၊ မနက်လင်းမှ မောင့်ကို မမရှိပြောပြစရာတွေ အများကြီး ရှိသေးတယ်၊ သွားတော့နော်...ဟုတ်လား”

သူ့အသွင်မှာမူ ရင်မှ ရှိသမျှကို ဖွင့်အန်ပြီး၍ ခြေကုန်လက်ပန်းကျလျက် မောပန်း နွမ်းနယ်နေဟန် ပေါ်သည်။

သူက မသက်ရှိအား တစ်ချက် စူးစူးစမ်းစမ်းကြည့်သည်။ တစ်ဖန် ခါတ်ပုံတွင်းမှ သူ့မိခင်အား တစ်ချက်ကြည့်၏။ ဘာမျှ စကားဆက်မပြောတော့ဘဲ သက်ပြင်းတစ်ချက်ကို ရှိုက်လျက် အခန်းတွင်းမှ ထွက်ခွာသွားသည်။

သည်တော့မှ မသက်ရှိသည် ဆိုဖာတစ်ခုထက် ခြေပစ်လက်ပစ် ထိုင်ချမိ၏။

အပြင်ဘက်တွင်မူ မိုးစဲ တိမ်လွင့်၍ ပြန်လည်ပွင့်သစ်စ ငွေလရောင်သည် ကြည်လင်စွာ ဆင်းကျနေလေပြီတည်း။

*

ထိုည လွန်မြောက်သော နောက်တစ်နေ့ နံနက်တွင် မသက်ရှိသည် ဦးမင်းခိုင်အား မိမိ၏အခန်းသို့ ဖိတ်၍ တွေ့ဆုံသည်။

ဤရက်များအတွင်း ပင်ပန်းခြင်းကြောင့် ဆရာမမှာ အတန်နွမ်းနယ်

BURMESE CLASSIC .com

www.burmeseclassic.com



နေသည်။ နဂိုကမှ ဖွေးဖွေးဖြူသော ဆရာမ၏မျက်နှာမှာဆွတ်ဆွတ် ညိုးရော်နေ၏။

"တူမကြီး ကြည့်ရတာ မလန်းဘူး၊ ပင်ပန်းတယ် ထင်တယ်"

မသက်ရီက လျော့ရဲစွာ ပြုံးလိုက်၏။

"ကိစ္စမရှိပါဘူး ဦးလေး၊ ကျွန်မ နေကောင်းပါတယ်၊ ညက နည်းနည်း အိပ်ရေးပျက်သွားလို့ပါ"

ဦးမင်းခိုင်သည် မသက်ရီအား လေးမြတ် ကြင်နာစွာ တစ်ချက်ကြည့် လိုက်၍ "ကဲ…တူမကြီး ကိစ္စကို ဆိုပါဦး"ဟု မေးသည်။

"ကိစ္စကတော့ မောင်မြင့်ဝေ အကြောင်းပါပဲ ဦးလေး၊ ဦးလေး အတွက် ပဟေဠိပမာ ဖြစ်နေတာတွေကို ကျွန်မ ရှင်းပြမလို့ပါ"

"ဟာ ဦးလေးလဲ အဲဒါကို သိချင်နေတာ၊ ဆိုပါဦး တူမကြီး"

မသက်ရီသည် ခေတ္တ စဉ်းစား၏။ မိမိတို့ စိတ်ပညာရှင်များသာ နားလည်သော သဘောတို့အား မည်သို့ အလွယ်တကူ ရှင်းပြရပါမည် နည်း။

"ဆိုပါလေ တူမကြီး"

"ပြောပါ့မယ် ဦးလေး၊ ကျွန်မ ဘယ်လို စ,ပြောရမယ်ဆိုတာ စဉ်းစားနေတာပါ၊ ဦးလေး ကျွန်မ ပြောခဲ့တဲ့ ချူရိုးဆစ် ရောဂါအကြောင်းကို မှတ်မိတယ်နော်"

"မှတ်မိပါတယ် တူမကြီး"

"မောင်မြင့်ဝေဟာ ချူရိုးဆစ် ရောဂါတစ်မျိုးဖြစ်တဲ့ ဟစ်(စ်) တဲရီးယား **(Hysteria)** အနွယ်ဝင် ကိုယ်ပွားစိတ်ခွာ ဝေဒနာ **(Multiple Personality)** ကို ခံစားနေခဲ့ရတာပါပဲ"

"ကိုယ်ပွားစိတ်ခွာ ဝေဒနာ…၊ ဘယ်လိုလဲ တူမကြီးရယ်"

www.burmeseclassic.com



"ဘယ်လိုလဲဆိုတာ ကျွန်မ အတတ်နိုင်ဆုံး ရှင်းပြပါမယ်၊ ဒီကိုယ် ဒီစိတ် မြဲနေသမျှတော့ ဒီဘဝမှာ ကြုံဆုံခံစားခဲ့ရသမျှတွေကို သိရှိ မှတ်မိ တာပါပဲ၊ ဒါပေမဲ့ ဒီကိုယ် ဒီစိတ်နဲ့ ကြုံဆုံ ခံစားခဲ့ရသမျှ တွေဟာ နာကြည်းနင့်နဲ ကြေကွဲဖွယ်ကောင်းလွန်းရင် ဒီကိုယ်နဲ့ ဒီစိတ်ကိုပဲ မေ့လျော့ဖျောက်ဖျက်ချင်တာဟာ လူရဲ့ဓမ္မတာပါပဲ၊ ဒါကြောင့်လဲ လူကောင်း ဆိုတဲ့ လူတွေတောင် တစ်ခါတလေ "ဖြစ်ခဲ့သမျှ မေ့သွားရရင် ကောင်းမယ်"၊ "အစကတည်းက ဒါတွေမဖြစ်ခဲ့ရင် ကောင်းမှာပဲ"၊ "ကျုပ်သေသွားရင် အေးမယ်"စတဲ့ ညည်းညူရိုး အကျင့်တွေ ရှိတယ်မဟုတ်လား"

"မှန်တယ်၊ ဦးလေး ဒါကို သဘောပေါက်ပါတယ်"

"ကံဆိုးတဲ့ တချို့လူတွေကျတော့ ဒုက္ခဘုံဝလေ့မှာ ကြုံတွေ့ရတာ တွေဟာ ဖြေစရာခက်လွန်းတော့ ဒီကိုယ် ဒီစိတ် ဒီဘဝကို တကယ်ပဲမေ့သွား ကြတယ်၊ ဒီလို ဝေဒနာရှင်တွေဟာ အစမှာ ရင်နှလုံး မခံရပ်နိုင်ဖွယ် ရှက်ခြင်း ကြောက်ခြင်း ပူဆွေးခြင်း စတဲ့ မီးဆယ့်တစ်မီး သဘောရဲ့ မရှောင်တိမ်းသာအောင် လောင်ကျွမ်းနှိပ်စက်ခြင်းကို ခံစားရလေ့ရှိတယ်၊ ဒီခံစားမှုတွေကို မှီဖြစ်တဲ့ စိုးရိမ်ခြင်း ထိတ်လန့်ခြင်း အားငယ်ခြင်း သဘောတွေကြောင့် လက်ရှိဘဝမှကင်းရာ စိတ်ကူးဘဝသစ် လောကသစ်ဆီ ပြေးရှောင် ခိုဝင်ချင်တဲ့ စိတ်ဆန္ဒက တစ်တစ်စ လွှမ်းမိုးလာတယ်၊ ဒါပေမဲ့ အဲဒီ ပြေးရှောင်လိုစိတ်နဲ့ ကြောင်းကျိုးဆက်သွယ် တွေးခေါ်တဲ့ ဆင်ခြင်တုံ တရားဟာ အပြိုင်အဆိုင် လွန်ဆွဲရန်းကန် ဆန့်ကျင်မြဲဖြစ်တယ်၊ အဲဒီလို ရုန်းကန် ဆန့်ကျင်လေ စိုးရိမ်ကြောက်လန့်စိတ်တွေ တိုးပွားလေနဲ့ နောက်ဆုံးမှာ ဆင်ခြင်တုံတရားဟာ အားနည်းပြီး စိုးရိမ်ထိတ်လန့်မှုက လူတစ်ကိုယ်လုံးကို အမှောင်ပိတ်ဖုံးသလို လွှမ်းခြုံလို့ဆော် စေခိုင်းတော့ တာပါပဲ။ အဲဒီအခါမှာ နာကြည်းမိတဲ့ မိမိဘဝကို လုံးဝ မေ့လျော့ပြီး

BURMESE CLASSIC .com

www.burmeseclassic.com



မြေမှ ကင်းလွတ်တဲ့ စိတ်လှည့်စားရာ လောကသစ်တစ်ခုထဲ ရောက်သွားတယ်၊ ထား သေဆုံးအပြီးမှာ ဒီနည်းနဲ့ မောင်မြင့်ဝေဟာ ကိုသစ္စာ ဖြစ်သွားခဲ့တာပဲ ဦးလေး...”

“သြော်...သြော်...ဟုတ်ပြီ၊ ဒါပေမဲ့ မေးပါရစေဦး၊ လူမှန်ရင် ဒီဒုက္ခ ဒီအပူဟာ တွေ့ရမြဲ မဟုတ်လား၊ ဘာကြောင့် အချို့လူတွေက သူလို မဖြစ်သလဲ”

“သူလို ဖြစ်မဖြစ်က သူလိုပဲ အစစ ကြုံတွေ့ခဲ့ရသမျှ တူညီကြရဲ့လားလို့ မေးစရာ ရှိပါတယ်၊ ကြုံတွေ့ခဲ့ရသမျှတွေမှာလဲ အရင်းစစ် အမြစ်မြေက ဆိုတာလို စိတ်ရောဂါ အဆောက်အအုံ ဖွဲ့တည်စ ငယ်စဉ် ကလေးဘဝက အတွေ့အကြုံဟာ အရေးအကြီးဆုံး ဖြစ်ပါတယ်။ ဒီလို ဝေဒနာရှင်တွေဟာ ငယ်စဉ်မှာ ကလေးတစ်ယောက်ရဲ့ နုနယ်တဲ့ အတွေးအခေါ်ဉာဏ်၊ နူးညံ့တဲ့ စိတ်အင်အား၊ ဒါတွေနဲ့ မမျှအောင် ခံစားရတဲ့ ပြင်းထန် ကြောက်မက်တုန်လှုပ်ဖွယ်သော အဖြစ်ဆိုး **(Traumatic Experience)** မျိုးကို ရင်ဆိုင်ခဲ့ရတတ်တယ်၊ ဒီအဖြစ်မျိုးကို မောင်မြင့်ဝေဟာ သူ့မိခင် နောက်အိမ်ထောင်ပြုတဲ့ညမှာ တွေ့ကြုံခံစားခဲ့ရတယ်”

မသက်ရီသည် မောင်မြင့်ဝေထံမှ စုံစမ်းသိရှိခဲ့ရသည်ကို ဦးမင်းခိုင်အား ပြောပြခဲ့ပြီးပြီ ဖြစ်သဖြင့် ဦးမင်းခိုင်သည် နားလည်ဟန် ခေါင်းညိတ်နေသည်။

“ကလေးတစ်ယောက်ဟာ ကိုယ်ခန္ဓာကြီးပွားဖို့ ရုပ်အာဟာရ လိုသလို ညီညွတ်မျှတ ကြံ့ခိုင်တဲ့ စိတ်ခန္ဓာဖြစ်လာဖို့ ချစ်ခြင်းမေတ္တာကို အာဟာရအဖြစ်ရဖို့ အထူးလိုတယ်၊ လက်မွန်မဆွ ချစ်ခြင်းမေတ္တာ ဆိုတာဟာလဲ မိခင်ထံကပဲ ရနိုင်တာမို့ မိခင်ရဲ့ ချစ်ခြင်းမေတ္တာဟာ မိခင်ရဲ့ နို့ချိုလောက်ပဲ အရေးကြီးပါတယ်၊ လူသားတိုင်း ရအပ်တဲ့ မိခင်

BURMESE CLASSIC .com

www.burmeseclassic.com



မေတ္တာကို မရရင် မရတဲ့ လူသတ္တဝါဟာ လူတန်းစေ့ဖြစ်မလာနိုင်ဘူး၊ ဒီနေ့ စိတ်ပညာနယ်မှာ ချစ်ခြင်းမေတ္တာ ဆာလောင်မွတ်သိပ်မှု (Affect Hunger)ဆိုတဲ့ ဝေါဟာရတစ်ခု ရှိပါတယ်၊ ချစ်ခြင်းမေတ္တာ ဆာလောင်မွတ်သိပ်နေသူတွေဟာ အာဟာရဓာတ် ချို့ငဲ့နေသူတွေလို တစ်နည်းနဲ့ မဟုတ် တစ်နည်းနဲ့ စိတ်ရောဂါ စွဲကပ်ကြတာပါပဲ၊ မိခင်ရဲ့ ချစ်ခြင်းမေတ္တာကို ရုတ်တရက် လက်လွတ်ဆုံးရှုံးရသလို ခံစားရရှာတဲ့ မောင်မြင့်ဝေတို့လို ကလေးတွေအတွက်တော့ အထူးပြောစရာ မရှိဘူး"

ဦးမင်းခိုင်သည် သက်ပြင်းရှိုက်၍ မှတ်ချက်ပြုသည်။

"အင်း ဒါကြောင့်လဲ ဘုရားရှင် ကိုယ်တော်တိုင်က မိဘမေတ္တာ အနန္တလို့ မိန့်ဆိုခဲ့တယ်၊ မိဘမေတ္တာမှာလဲ မိခင်ရဲ့ မေတ္တာကို အထူးပြုဆို ချီးမွမ်းခဲ့တာပဲ၊ အင်း…အင်း…ဆက်ပါဦး တူမကြီး"

"အကျဉ်းချုံး ပြောရမယ်ဆိုရင် လူဟာ လူလူချင်း ဆက်ဆံရာမှာ အဲဒီဆက်ဆံမှုကို သူနဲ့ သူ့မိဘရဲ့ ဆက်ဆံမှုက လွှမ်းမိုးကြိုးကိုင်ရိုးရှိတယ်၊ မိဘကို မုန်းတီး တော်လှန်ချင်ခဲ့တဲ့ လူငယ်တွေဟာ ကြီးပြင်းလာတော့လဲ ဆရာသမား၊ အစိုးရ၊ နိုင်ငံတော်၊ လူမှုအဆောက်အအုံ ဆိုတာတွေကိုပါ ဆန့်ကျင်တော်လှန်ချင်ကြတယ်၊ ကျွန်မ ကျောင်းမှာ ရင်းရင်းနှီးနှီးတွေ့ဆုံဖူးတဲ့ အာဘောင်နီလေး တော်တော်များများဟာ (Affect Hunger) မေတ္တာခေါင်းပါး မွတ်သိပ်နေတဲ့ လူငယ်တွေ များတယ်"

ဤနေရာတွင် ဦးမင်းခိုင်သည် သဘောကျ ရယ်မောသည်။

"မောင်မြင့်ဝေဟာ ကြီးပြင်းလာတော့ ထားနဲ့ တွေ့တဲ့အခါမှာ သူ့မိခင်ကို သူမြင်ထားသလိုပဲ မြင်တယ်၊ မိခင်ကို ခင်မင်သလို ထားကို ခင်မင်တယ်၊ မိခင်ကို ဆုံးရှုံးလိုက်ရသလို ထားကို ဆုံးရှုံးမှာ သူကြောက်နေတယ်၊ တစ်ခါ မိခင်ကို မုန်းတီးသလို ထားကိုလဲ မုန်းတီးပြန်တယ်"

www.burmeseclassic.com



"ဘယ်လို ဘယ်လို မောင်မြင့်ဝေက သူ့မိခင်ကို သူ မုန်းတီးတယ်"

"ဟုတ်ပါတယ်၊ မိခင်ကို သူက ရက်စက်သူ စိမ်းကားသူအဖြစ်လဲ မြင်ထားတယ်၊ ဒီအမြင်ကို သူ့ရင်ထဲမှာ မထားဘူး၊ ဒါကြောင့် မသိစိတ်ထဲမှာပဲပို့ထားတယ်၊ သူ့မိခင်ကို မုန်းတဲ့အစား သူ့အသိ စိတ်မှာတော့ သူ့ကိုယ်သူ မုန်းတယ်၊ သူ့ကြောင့် မိခင်ဟာ နောက် အိမ်ထောင်မှာ အဆင်မပြေဖြစ်ရတယ်၊ သူဟာ ဂြိုဟ်ကောင်ပဲ စတဲ့ အစွဲအလမ်းတွေ ရှိနေတယ်၊ ဒါကြောင့်လဲ ထားကို သူက ကပ်ပေမဲ့ ခွာနေပြန်တယ်၊ ထား သေဆုံးပြန်တော့ တစ်ခါ သူ့ကိုယ်သူ အပြစ်တင် ပြန်တယ်၊ သူဖျားနေစဉ် "မှားတယ်" လို့ ညည်းခဲ့တာဟာ သူ့ကိုယ်သူ အပြစ်တင်နေတာပဲ၊ ဒါက ကျွန်မ တီအေတီနဲ့ရောရှား စမ်းသပ်ချက်တွေကို သူဖြေထားပုံက ကောက်ချက်ချသိခဲ့ရတာပါပဲ၊ တစ်ခါ ကိုယ့်ကိုယ်ကို မုန်းခြင်း ခွင့်မလွှတ်နိုင်ခြင်း ဆိုတာတွေကို လူဟာ အရှည်လက်မခံထားနိုင်ဘူး၊ လက်ခံထားရင်လဲ ကိုယ့်ကိုယ်ကို သတ်သေရုံပဲရှိတော့တယ်၊ ဒါကြောင့် သူဟာ မြင့်ဝေကိုသတ်ပြီး ကိုသစ္စာ ဖြစ်သွားတာပါပဲ"

"ဟာ... ရှင်းပြီ...၊ ဦးလေး ရှင်းပါပြီ"

"နွယ်နဲ့ တွေ့ချိန်မှာ သူဟာ သူ အနှစ်နှစ် အလလက မရတဲ့ ဘဝကို ရသွားတယ်၊ အစစ, အရာရာမှာ နွယ်ဟာ သူ့မိခင် ပြန်ဖြစ်နေတယ်၊ သူ့မိခင်ကို သူကိုးကွယ်ချင်သလို သူ နွယ့်ကို ကိုးကွယ်တယ်၊ သူ့မိခင်ကို သူဖြစ်စေချင်သလို နွယ့်ကို ဖြစ်စေတယ်၊ သူ့မိခင်နဲ့အတူ သူလုပ်ချင်ရက်နဲ့ မလုပ်နိုင်ခဲ့တာတွေကို သူက နွယ်နဲ့ လျှောက်လုပ်တယ်၊ ဒါပေမဲ့ နွယ်ဟာ အငြိမ့်အဖွဲ့ကြီးကို စွန့်ပြီး ရုပ်ရှင်နယ်ထဲ ဝင်တဲ့အခါမှာ သူ့ဘဝသစ်ဟာ ပြန်လည် ပြိုပျက် အက်ကွဲခဲ့ပြန်တယ်၊ ဒီအခါမှာ သူ့ မသိစိတ်မှာ ရှိနေတဲ့ အမုန်းတရားတွေ ပေါက်ကွဲပြီး နွယ့်ကို ရိုက်နှက်ပြီး

BURMESE CLASSIC .com

www.burmeseclassic.com



တာနဲ့ တစ်ပြိုင်နက် သူဟာ ကိုသစ္စာ ဘဝကိုပါ စိတ်နာ စွန့်လွှတ်ပြီး မောင်ညိုမှိုင်း ဖြစ်လာပြန်တယ်၊ အဲဒီဘဝကျမှ...”

မသက်ရီသည် စကားကို မဆက်နိုင်ဘဲ ရပ်သွားသည်။

“ဆိုပါဦး တူမကြီး၊ အဲဒီဘဝကျမှ ဘာဖြစ်သလဲ”

မသက်ရီသည် သက်ပြင်းရှိုက်၍ ခပ်တိုးတိုးဆိုသည်။

“အဲဒီဘဝကျမှ တတိယမြောက် မိန်းမသားတစ်ဦးကို သူ့မိခင်အဖြစ် တွေ့ရပြန်တယ်”

“ဟင် တတိယမြောက် မိန်းမသားတစ်ဦး”

ဦးမင်းခိုင် အံ့အားသင့်နေခိုက် မသက်ရီက ခေါင်းညိတ်လျက် ပြောသည်။

“အဲဒီ မိန်းမသားဟာ ကျွန်မ ကိုယ်တိုင်ပါပဲ ဦး”

ဦးမင်းခိုင်မှာ ငြိမ်ကျသွားသည်။

“ကျွန်မကို သူက မိခင်အဖြစ် လက်မခံရဲလို့ ဘဝဟောင်းက အစ်မအဖြစ် ဆက်ဆံတယ်လေ၊ ဒီလိုပဲ အတိတ်က အကြောင်းတွေဟာ တစ်ခါတစ်ရံ သူ့အာရုံမှာ ထင်,ထင်လာတတ်တယ်၊ ဒါကို သူက ဘယ်လို စိတ်လှည့်စား လက်ခံယူသလဲဆိုတော့ သူဟာ တမလွန်ဘဝကို သိသူလို့ စွဲမှတ်လိုက်တယ်၊ မောင်မြင့်ဝေရဲ့ စိတ်သန္တာန်ဟာ တစ်ခါတစ်ရံ ပြန်လာပုံရတယ်၊ အဲဒီလို ပြန်လာတာကို သူက တမလွန်ဘဝက သီးသန့် တခြားလူတစ်ယောက် လာသလို ပြောတယ်၊ တိုက်ဆိုင်ချင်တော့ ဒီခြံထဲမှာက အယူသီး စွဲလမ်းမှုတစ်ရပ်က ရှိနေတယ်၊ ဒီတော့ မောင်ညိုမှိုင်းဟာ မောင်မြင့်ဝေအဖြစ် လုပ်ချင်တာတွေကို လွတ်လွတ်လပ်လပ် လုပ်နိုင်ခဲ့တယ်”

ဦးမင်းခိုင်မှာ သဘောပေါက်ဟန် ခေါင်းတဆတ်ဆတ် ညိတ်ပြန်၏။

BURMESE CLASSIC .com

www.burmeseclassic.com



"ကိုမင်းလွင်ကိုလည်း အနည်းဆုံး မသိစိတ်က မှတ်မိနေပုံရတယ်၊ ကိုမင်းလွင်နဲ့ ကျွန်မ လမ်းလျှောက်ထွက်တဲ့အခါမှာ သူဟာ အထင်လွဲပြီး စိုးရိမ် ကြောက်လန့်လာပြန်တယ်၊ ကျွန်မကိုလည်း သူဆုံးရှုံးတော့မယ်လို့ မှတ်ယူပြီး ဟိုညက ငယ်ငယ်တုန်းကလိုပဲ တံတားမှာ သွားသတိလစ်လဲ တာပဲ၊ ဒါပေမဲ့ ကျွန်မက ပျောက်မသွားဘဲ သူ့အနားမှာ ရှိရုံမက သူ့ကိုတောင် ပိုယုယုယယ ပြုစုခဲ့တယ်၊ အဲဒီဟာက သူ့ဘဝကို သူ ပြန်သတိရရေးရဲ့ အစပဲ"

"ဘယ်လို...ဘယ်လို...၊ ဦး မျက်ခြည်ပြတ်သွားပြန်ပြီ"

"ဒီလိုပါ၊ ကျွန်မဟာ စိတ်ကုသရေးသမား ဖြစ်ပါတယ်၊ စိတ်ဝေဒနာ ရှင်တွေဟာ စိတ်ကုသရေးသမားကို သူတို့ကြုံခဲ့ရတဲ့ ဘဝဇာတ်လမ်းက ဇာတ်ကောင်အဖြစ် အမျိုးမျိုးမြင်လာ ထင်လာတတ်တာပါပဲ၊ မုန်းစရာအဖြစ်၊ ချစ်စရာအဖြစ်၊ ကြောက်လန့်စရာအဖြစ်၊ အစုံပါပဲ၊ တစ်နည်းအားဖြင့်ဆိုရင် စိတ်ကုသသူကို ဇာတ်ကောင်လို ဟိုထားပြီး ဘဝဟောင်းမှာ ပြန်ကျင်လည်တယ်ဆိုပါတော့၊ ကျွန်မဟာ သူ့မိခင်လည်းဖြစ်ခဲ့တယ်၊ ထားလည်းဖြစ်ခဲ့တယ်၊ နွယ်လည်း ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်မက ကျွန်မသာပဲဖြစ်တော့ သူ တထစ်ချ မှတ်စွဲထားတာဟာ တစ်ခုမှ ဖြစ်မလာခဲ့ဘူး၊ သူက ကျွန်မနဲ့ ပတ်သက်ပြီး စိုးရိမ်ကြောက်လန့် တာတွေ တစ်ခုမှ ဖြစ်ပေါ်မလာခဲ့ဘူး၊ ကျွန်မကို ဆုံးရှုံးမှာ သူကြောက်တယ်၊ မဆုံးရှုံးခဲ့ဘူး၊ ဒီအခါမှာ သူက ကျွန်မကို သူ့မိခင်၊ နွယ်၊ ထားတို့အဖြစ် မကြည့်တော့ဘဲ မသက်ရှိအဖြစ် ပြောင်းလဲ ကြည့်ပါတယ်၊ အဲဒီလိုကြည့်တာနဲ့ တစ်ပြိုင်နက် သူ့ကိုယ်သူလဲ အမြဲကြည့် ခဲ့တဲ့ ရှစ်နှစ်သားအရွယ် မောင်မြင့်ဝေအဖြစ် မကြည့်ဘဲ လက်ရှိ မောင်မြင့်ဝေ အဖြစ် မြင်လာတယ်၊ ဒါကို စိတ်ပညာ အခေါ်အဝေါ်အရ ဘဝအမြင်သစ် ရရှိခြင်း **(Reeducation)** လို့ ခေါ်ပါတယ်၊ တစ်နည်း အားဖြင့် ဥပါဒါန်

BURMESE CLASSIC .com

www.burmeseclassic.com



ကင်းစင်ပြီး လောကကို အစစ်အမှန်အတိုင်း မြင်လာခြင်း ဖြစ်ပါတယ်၊ ဥပါဒါန်တွေ ကင်းတဲ့အချိန်မှာ ဒီဥပါဒါန်တွေနဲ့ မှီဖြစ်တဲ့ စိုးရိမ် ကြောက်လန့်မှု တရားတွေလည်း လွင့်ခွာပြေးတာမို့ စိုးရိမ်ကြောင့်လန့် မှုကြောင့် ရှိခဲ့ရတဲ့ သူ့ရောဂါဟာလည်း ပျောက်သွားခြင်း ဖြစ်ပါတယ်"

"သူ့ရောဂါ တကယ်ပျောက်သွားပြီလား..."

"သူ့ရောဂါဟာ သူ့ဘဝကို မေ့ခြင်းမို့လို့ အခု သူ့ဘဝကို သူပြန် သိပြီမို့ ပျောက်ပြီလို့ ခေါ်ရမှာပါပဲ၊ ဒါပေမဲ့ အရှည် စိတ်ခတ် ခိုင်ကျည်ဖို့တော့ ဆက်လက် ကုသရေး လိုပါသေးတယ်၊ ခက်တာက အဲဒီအပိုင်းကို ကျွန်မ ဆက်မလုပ်နိုင်တော့ဘူး ဦးလေး"

"ဘယ်လိုလဲတူမကြီး၊ ရန်ကုန်ကို ပြန်ရတော့မှာမို့လား၊ ကိစ္စမရှိ ပါဘူး၊ ရန်ကုန်ကို ဦးလေးရော မောင်မြင့်ဝေရော လိုက်လာခဲ့မယ်လေ"

မသက်ရီသည် သက်ပြင်းရှိုက်၍ ခေါင်းခါသည်။

"ကျွန်မ ဆက်ကုသလို့ မဖြစ်ပါဘူး ဦးလေး၊ အမှန်က အစက တည်းက မလွှဲမရှောင်သာတာမို့ ကျွန်မ ဇွတ်ဝင် တာဝန်ယူခဲ့ရတာပါပဲ၊ စင်စစ်က လိင်မတူသူ ကုသရေးသမားနဲ့ ဝေဒနာရှင်ကြားမှာ အန္တရာယ်တွေ ကြီးလှပါတယ်"

"ဘယ်လို အန္တရာယ်တွေလဲ တူမကြီး"

မသက်ရီက မချိပြုံး ပြုံးသည်။

"မောင်မြင့်ဝေဟာ ရောဂါပျောက်တယ် ဆိုပေမဲ့ မေတ္တာမွတ်သိပ် ဆာလောင်မှုကတော့ ရှိနေဦးမှာပဲ၊ နီးစပ်တာမို့ ကျွန်မဆီက မေတ္တာကို သူမျှော်လင့်ပေတော့မယ်၊ ဒါပေမဲ့ သူ့အတွက် ကျွန်မရဲ့ မေတ္တာမိုးဟာ အဆုံးမသတ် မရွာဖြိုးနိုင်ဘူး ဦးလေး"

ဦးမင်းခိုင်သည် ရုတ်တရက် လှုပ်ရှားသွားသည်။ ထို့နောက်

BURMESE CLASSIC .com

www.burmeseclassic.com



မသက်ရှိအား ကြည့်၍ တစ်စုံတစ်ခုကို ပြောမည်ဟု ကြိုးစားသည်။ သို့ရာတွင် စိတ်ကို ချက်ချင်း ချုပ်တည်းလိုက်ကာ ငြိမ်သက်စွာနေ၏။

"ဦးလေး ကျွန်မကို ဘာပြောချင်လို့လဲ၊ ပြောပါလေ"

ဦးမင်းခိုင်က ခေါင်းခါသည်။

"ခက်တယ်ကွယ်၊ ဦးလေးပြောရင် ဦးလေးကို တူမကြီး နားလည်ပါ့မလား မသိဘူး"

"ဦးလေး စေတနာကို ကျွန်မ အမြဲနားလည်ပါတယ် ဦးလေး"

ဦးမင်းခိုင်သည် မသက်ရှိအား ကြင်နာ မြတ်နိုးစွာကြည့်သည်။

"ဒီလိုဆိုရင် တူမကြီးကို ဦးလေးပြောနိုင်ပြီထင်တယ်၊ ဦးလေးရဲ့ ရှိပစ္စည်းတွေနဲ့ ဒါတွေကို ဆက်ခံထိန်းသိမ်းရမယ့် တစ်ဦးတည်းသော တူအပေါ် ဦးလေး သံယောဇဉ် ရှိသမျှ တာဝန်ရှိတယ်ဆိုတာ တူမကြီး သိပြီးပဲ"

"ကျွန်မ သိပါတယ် ဦးလေး"

"တစ်ခါ ဦးလေးမှာ သားသမီး အရင်းပမာ ချစ်ခင်တဲ့ ဦးလေး အားကိုးမိတဲ့ တစ်ယောက်လဲရှိသေးတယ်၊ ဒါကိုလဲ တူမကြီး သိမှာပါပဲ"

မသက်ရှိသည် မဖြေ။ မျက်လွှာချ၍သာ နေ၏။

"အဲဒီတစ်ယောက်ဟာ တူမကြီးပါပဲ၊ ဒီနှစ်ယောက်တို့ ပေါင်းစည်းလာမှုကို ဦးလေး အိပ်မက် မက်မိတယ်"

မသက်ရှိသည် သက်ပြင်းရှိုက်၍ နေရာမှထကာ ပြတင်းဝသို့ ထရပ်မိ၏။ ရင်မှာ အနည်းငယ် ခုန်လာသဖြင့် စကားကို မဆက်ဝံ့။

ဦးမင်းခိုင်သည် မသက်ရှိ၏ အနီးသို့ ကပ်လာသည်။

"ဦးလေးကို စိတ်ဆိုးသွားသလား တူမကြီး၊ စင်စစ် ဦးလေး ဒီလိုပြောတာ မတရားမှန်း သိပါတယ်၊ တူမကြီး ပညာအဆင့်အတန်းနဲ့

www.burmeseclassic.com



ဦးလေးတူရဲ့ အခြေအနေ ဝေဒနာ ဒါတွေဟာ မအပ်စပ်ဘူး၊ ဦးလေး ဒါကို နားလည်ပါတယ်”

မသက်ရှိက ဦးမင်းခိုင်ဘက်လှည့်လိုက်သည်။ ဆရာမ၏မျက်လုံးပြာများ၌ မသိမသာ မျက်ရည်စို့နေ၏။

“ကျွန်မ ပညာ၊ ကျွန်မ အဆင့်အတန်းတွေဟာ အရေးမကြီးပါဘူးရှင်၊ ဝေဒနာရှင် တစ်ဦးမို့ ငြင်းပယ်ဖို့ဆိုတာကလဲ ကျွန်မ အသည်းနှလုံးမှာ ကရုဏာဆိုတာ ရှိပါသေးတယ်ဦး၊ ဒါပေမဲ့”

မသက်ရှိသည် ပြတင်းဘက် ပြန်လှည့်၍ လယ်ကွင်းနှင့် တောင်တန်းပြာပြာကို ငေးကြည့်သည်။ ဤလယ်ကွင်းနှင့် တောင်တန်းပြာပြာတို့သည် အဘယ်ကြောင့် မိမိ ရင်နှလုံးကို ယူကျုံး ဆွဲငင်ချင်ရသနည်း။

“ဒါပေမဲ့ ဘယ်လိုလဲ တူမကြီး၊ မောင်မင်းလွင်က ရှိသေးတယ်၊ ဒီလို ဆိုလိုသလား”

မသက်ရှိသည် ပြန်မလှည့်ဘဲ ခေါင်းသာခါသည်။

“ကိုမင်းလွင်နဲ့ မဆိုင်ပါဘူး ဦးလေးရှင့်၊ စင်စစ် ဝန်ခံရရင် ကိုမင်းလွင်အပေါ်မှာ ကျွန်မ သံယောဇဉ် ကြီးပါတယ်၊ ဒါပေမဲ့ ဒီသံယောဇဉ်က ချစ်တာမဟုတ်ဘူး၊ အချစ်မဟုတ်ဘူးဆိုလို့ အချစ်ဘဝကို မကူးပြောင်းဘူးလားဆိုတော့ ဒီလိုလဲ မဟုတ်ပါဘူး၊ ဒါပေမဲ့ အခုအခါမှာ ကူးပြောင်းဖို့လဲ မလိုတော့ပါဘူး”

“တူမကြီးက မောင်မင်းလွင်နဲ့ နွယ့်ကို ယူဖို့ ခွင့်လွှတ်တော့ မလို့လား”

“ခွင့်မလွှတ်ရအောင် သူ့ကိုလဲ ကျွန်မ မပိုင်ပါဘူး၊ သူ့အမေလဲ မပိုင်ပါဘူး၊ အရင်တုန်းကတော့ မမှားသင့်တာ မမှားအောင်ဆိုပြီး ကိုမင်းလွင်ကို နွယ်နဲ့ယူဖို့ အားမပေးခဲ့သလို မယူဖို့လဲ သွယ်ဝိုက်ပြီးတော့

www.burmeseclassic.com



တောင် မတားမြစ်ခဲ့ပါဘူး၊ တတ်နိုင်သလောက် ချင့်ချိန်နေပါတယ် ဆိုပါတော့ ဦးလေးရယ်၊ ကိုမင်းလွင် ကောင်းကျိုးအတွက်ပါပဲ၊ ဒီစေတနာ ဟာ သူ့အမေမျှော်လင့်သလို သတို့သမီးလောင်း အဖြစ်နဲ့တော့ မဟုတ်ပါဘူး၊ ကိုမင်းလွင် ငယ်ငယ်က ပေါင်းခဲ့တဲ့ သူငယ်ချင်းတစ်ယောက် အနေနဲ့ပါ”

ဦးမင်းခိုင်က တူမကြီး စေတနာ ဦးလေး နားလည်ပါတယ်”ဟု ဆို၏။

“အခုတော့ အခြေအနေတွေဟာ တစ်မျိုးပြောင်းလာပြီ၊ ဒီတစ်ခါ တော့ ဆုံးဖြတ်ရမယ့်သူဟာ နွယ်ဖြစ်နေတယ် ဦးလေး၊ သူဟာ ကိုမင်းလွင်ကို ယူချင်ယူ၊ ဒါမှမဟုတ် တခြားတစ်ယောက်ကို ယူရလိမ့်မယ်”

“အလို တူမကြီးက မောင်မြင့်ဝေကို နွယ်ဟာ ယူသင့်ရင် ယူရမယ်လို့ ဒီလို ဆိုလိုလိုက်ပါသလား”

“မှန်တယ် ဦးလေး၊ ယူသင့်ရင် ယူရမယ်၊ ယူရမယ်လို့ ကျွန်မ မဆိုလိုဘူး”

“မောင်မြင့်ဝေကကော ဒီ နွယ်ဆိုတာကို ယူလိမ့်မယ်လို့ တူမကြီး ထင်ပါသလား”

“ကျွန်မ ဒါကို မဖြေနိုင်သေးဘူး”

“ကောင်းပြီလေ၊ ဦးလေးက ပုစ္ဆာတစ်ပုဒ် ထုတ်မယ်၊ အကယ်၍ နွယ်ဟာ မောင်မင်းလွင်ကို ယူဖို့ဆုံးဖြတ်လိုက်ရင် ဒါမှမဟုတ် အကယ်၍ မောင်မြင့်ဝေဟာ နွယ့်ကို မယူချင်ဘူးဆိုရင်၊ ပြီးတော့ မောင်မြင့်ဝေက တူမကြီးကို ချစ်ခင်နေခဲ့ရင် တူမကြီးက ဘယ်လိုလဲ…”

မသက်ရီက ပြုံးလိုက်သည်။

“ဒီအတွက်တော့ ကျွန်မ အဖြေပေးနိုင်ပါတယ်၊ မောင်မြင့်ဝေကို

BURMESE CLASSIC .com

www.burmeseclassic.com



တော့ ကျွန်မ မယူနိုင်ပါဘူး၊ အကြောင်းက ဒါဟာ စိတ်ဝေဒနာရှင်ကို ကုသသူတို့ မပြုအပ်တဲ့ အကျင့်မို့ပါပဲ”

ဦးမင်းခိုင်သည် မသက်ရှိအား စူးစိုက်ကြည့်သည်။ မသက်ရှိ၌ ဒေါသမရှိ။ ပကတိ တည်ငြိမ်နေ၏။

ဦးမင်းခိုင်မှာ စိတ်လျှော့လျက် ဘာမျှ ဆက်မပြောတော့။

“မောင်မြင့်ဝေရဲ့ ရှေ့ရေးကို ကျွန်မ ပြောရဦးမယ် ဦးလေး၊ မောင်မြင့်ဝေကို ကျွန်မ ဆက်လက်ကုသခြင်းဟာ မသင့်တော့ဘူး၊ ဝေဒနာရှင်နဲ့ ကုသသူကြားမှာ မည်သို့သော ကိုယ်ရေးကိုယ်တာ ဆက်ဆံရေးမှ မရှိအပ်ပါဘူး၊ အခုတော့ မရည်ရွယ်ဘဲနဲ့ နွယ်နဲ့ ကိုမင်းလွင်ကြောင့် ကျွန်မဟာ ဒီဇာတ်လမ်းမှာ ဇာတ်ကောင်တစ်ကောင်အဖြစ် ဝင်ဖြစ်နေရခဲ့ပြီ၊ ဒါဟာ မလိုလားအပ်ပါဘူး”

“ဒါဖြင့် ဦးလေးတို့ ဘာလုပ်ရမလဲ”

“ဒါကို ကျွန်မ ပြောပြပါမယ်၊ ဦးလေး သူ့ကို မန္တလေးခေါ်သွားပါ၊ ဟိုမှာ သူ့ဝေဒနာကို ဆက်လက် ကုသပေးနိုင်တဲ့ ကျွန်မတို့ရဲ့ ဆရာ ရှိပါတယ်၊ ဒီနေ့အထိ သူ့ကို ကျွန်မ ကုသချက် စမ်းသပ်ချက်တွေကိုလဲ ဆရာနဲ့ တိုင်ပင်လုပ်ခဲ့ပါတယ်၊ ဆရာဟာ သူ့ကို အများဆုံး ကူညီနိုင်ပါလိမ့်မယ်”

ဦးမင်းခိုင်သည် စိတ်ပျက်စွာ နေရာမှ ခွာရန်ပြင်သည်။

“ကောင်းပါပြီလေ၊ ငါ့တူမကြီး ကောင်းတယ်ထင်လို့ စီစဉ်တဲ့ အတိုင်း ဦးလေး လိုက်နာပါ့မယ်၊ ဒါဖြင့် တူမကြီး ဘယ်နေ့ ပြန်မလဲ”

“ကျွန်မ မနက်ဖြန် ပြန်မယ် ဦးလေး”

ဦးမင်းခိုင်၏ မျက်နှာ၌ စိတ်ထိခိုက်မှုကို ထင်ရှားစွာ တွေ့ရ၏။ မသက်ရှိ ကိုယ်၌လည်း စိတ်မကောင်း။

www.burmeseclassic.com



"ဪ... ဒါထက် မောင်မြင့်ဝေကို နွယ်နဲ့ တွေ့ဆုံပေးဖို့ လိုပါသလား"

"လိုပါတယ် ဦးရယ်၊ ဒါပေမဲ့ အခုတော့ စောသေးတယ်၊ ကိုမင်းလွင်ကိုလဲ ကျွန်မ တောင်းပန်ထားပါတယ်၊ မောင်မြင့်ဝေ မန္တလေးမှာ ကုသရေး အဆုံးသတ်ပြီးရင် သူတို့အချင်းချင်း တွေ့ဆုံပြီးတော့ သူတို့ပြဿနာ သူတို့ ဖြေရှင်းကြပါစေ"

သို့သော် ကံကြမ္မာသည် ဤထိအောင် မစောင့်လေတကား။

မသက်ရှိ စကားမှာ မဆုံးရသေး။ ခြံဝင်းအတွင်းသို့ ကားတစ်စီးသည် အရှိန်ပြင်းစွာနှင့် မောင်းနှင် ဝင်လာ၏။ မသက်ရှိနှင့် ဦးမင်းခိုင်မှာ တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်၍ မတိုင်ပင်ရဘဲ အောက်ထပ်သို့ ပြိုင်တူ အပြေးဆင်းလာခဲ့ကြသည်။ အောက်ထပ် ရောက်၍ ရင်ဆိုင်လိုက်ရသူကို မသက်ရှိသည် အံ့ဩလွန်းသဖြင့် ပါးစပ်, ဟ ကြည့်နေမိ၏။ ရပ်နေသူမှာ ဝါဝင်းသော အသားအရေနှင့် ချောမောလှပသည့် မိန်းမပျိုတစ်ဦးတည်း။

"ကို ကို ကိုသစ္စာ ကိုမြင့်ဝေ ရှိပါသလား ရှင်"

"ငါ့တူမက ဘယ်သူလဲ"

မိန်းမပျိုမှာ မဖြေလိုက်ရ။

စာကြည့်ခန်းတံခါးသည် ပွင့်လာ၏။ အခန်းဝ၌ မြင့်ဝေသည် ရပ်နေ၏။

"ကိုသစ္စာ"

မိန်းမပျို၏ အသည်းနှလုံးမှပေါက်ကွဲခေါ်သံသည် ထွက်ပေါ်လာသည်။ လျင်မြန်စွာ သတိဝင်၍ မသက်ရှိသည် တားဆီးမည်ပြု၏။ သို့သော် နောက်ကျသွားချေ၏။

BURMESE CLASSIC .com

www.burmeseclassic.com



နွယ်သည် မိမိကိုယ်မိမိ ဘာပြုမိသည် မသိဟန်နှင့် သူ၏ကိုသစ္စာထံ ပြေးသွားလျက် သူ့ရှေ့၌ ဒူးထောက်ကာ သူ့ခြေများကို ဖက်၍ ရှိုက်ဖိုငိုကြွေးလေသည် တကား။

*

BURMESE CLASSIC .com

www.burmeseclassic.com

(၁၅)

သူ့ကိုယ်ဦမှာ ရတ်တရက် ကြောင်ရပ်နေ၏။ ခဏကြာမှနွယ်၏ ခေါင်းလေးကို လက်ဖျားနှင့်သပ်ရင်း မသက်ရှိနှင့် ဦးမင်းခိုင်အား လှမ်းကြည့်၏။

ဦးမင်းခိုင်က အဖြေတောင်းဟန် မသက်ရှိအား ကြည့်သဖြင့် မသက်ရှိသည် သက်ပြင်းရှိုက်လျက် ထမင်းစားခန်းဆီ ထွက်လာခဲ့ရာ ဦးမင်းခိုင်ပါ လိုက်ပါခဲ့၏။

သူက နွယ်အား ပခုံးလေးမှ ကိုင်ကာ ထ,စေ၍ စာကြည့်ခန်း ဆိုဖာများဆီ ခေါ်ခဲ့သည်။

နွယ်သည် မျက်ရည်ကြားမှ စ,စကားပြောသည်။

"ကိုသစ္စာ၊ ရှင်...နွယ့်ကို မှတ်မိသေးလား"

သူက အိုမင်းဆွေးမြေ့စွာ ပြုံးလိုက်၍ နွယ်မေးသည်ကို မဖြေဘဲ ပြန်မေး၏။

"ကိုသစ္စာ ဒီမှာရှိတာ နွယ် ဘယ်လိုလုပ်သိသလဲ"

"မနေ့ကမှ ကိုမင်းလွင် ဖွင့်ပြောပြလို့ နွယ် သိရတယ်၊ သူသာ

BURMESE CLASSIC .com

www.burmeseclassic.com



အုပ်ဆိုင်းမထားရင် နွယ် အစောကြီးကတည်းက သိပြီး အစောကြီးကတည်းက ရောက်ခဲ့မှာ၊ သိလား ကိုသစ္စာ"

"ဘာကြောင့် နွယ် ကိုသစ္စာဆီကို လိုက်လာခဲ့ရတာလဲ"

နွယ်က ဝမ်းနည်းပန်းနည်းနှင့် သူ့အား ပြန်ကြည့်သည်။

"ဘာကြောင့် လိုက်လာခဲ့သလဲ ဟုတ်လား၊ ရှင် မေးရက်တယ် ကိုသစ္စာ"

နွယ်မှာ မျက်ရည်များ ကျလာပြန်၏။ ထိုနောက် ကရုဏာဒေါသောနှင့် ပြော၏။

"ကိုသစ္စာ ဒီမှာရှိနေလျက်နဲ့ နွယ် လိုက်မလာဘဲ နေနိုင်ပါ့မလား"

သူက ခေါင်းကို စိတ်ပျက်စွာခါသည်။ ဘာမှတော့ ပြန်မပြော။

"ရှင် နွယ့်ကို စကားတွေတောင် မပြောနိုင်တော့ဘူးလား ကိုသစ္စာ"

သူက နွယ်အား ဝမ်းနည်းစွာ မော့ကြည့်သည်။

"နွယ့်ကို ကိုသစ္စာ ဘာတွေ ပြောရမလဲ"

နှစ်ဦးသား တစ်ဦးကိုတစ်ဦး ကြည့်ပြီး ငြိမ်နေကြ၏။

"ရှင် ပြောစရာတွေ မရှိပေမဲ့ နွယ်က ပြောစရာတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ နွယ် ဘယ်က စပြောရမှန်း မသိတော့ဘူး"

သူကပြုံးပြန်၏။ ဘာမျှတော့မဖြေ။ နွယ်သည် အားမလို အားမရဖြစ်လာ၏။

"ကိုသစ္စာ"

"ဗျာ"

"ရှင် နွယ့်ကို မှတ်မိတယ်နော်"

"နွယ့်ကို ကိုသစ္စာ မှတ်မိပါတယ်"

"မှတ်မိရင် ရှင် နွယ့်ကို စိတ်ဆိုးနေသလား"

www.burmeseclassic.com



"ကိုသစ္စာ နွယ့်ကို စိတ်မဆိုးပါဘူး"

"ရှင်...နွယ့်ကိုတကယ် စိတ်မဆိုးဘူးနော်"

"နွယ့်ကို စိတ်ဆိုးစရာ ကိုသစ္စာမှာ ဘာမှ မရှိပါဘူး၊ ပြီးတော့လဲ ကိုသစ္စာ ဆိုတာဟာလဲ ဒီလောကမှာ မရှိတော့ပါဘူး နွယ်"

နွယ်သည် အံလေး ကြိတ်လိုက်သည်။ မျက်ရည်များကလည်း ကျလာ၏။

"နွယ့်အတွက်တော့ ကိုသစ္စာဟာ ရှိနေသေးတယ်၊ ဒါကြောင့်မို့လို့ ကိုသစ္စာကို နွယ် ပြောစရာတွေ အများကြီးရှိတယ်"

"ပြောပါလေ နွယ်၊ ကျွန်တော် နားထောင်နေပါတယ်"

"ကိုသစ္စာ ပျောက်သွားတဲ့နောက် နွယ် ကိုသစ္စာကို လိုက်ရှာသေးတယ် ကိုသစ္စာ၊ ရှာလို့ မတွေ့တော့ တာတောင် မိုးသည်းသည်းတစ်ညမှာ ကိုသစ္စာ ပြန်လာလေမလားလို့ နွယ်မျှော်နေခဲ့ပါတယ်၊ ရက်တွေ လတွေသာ ကုန်ပြီး ကိုသစ္စာ ပြန်မပေါ်လာတော့ နွယ် အားလျှော့ခဲ့တယ်"

နွယ်၏ ပါးပြင်၌ မျက်ရည်များ စီးကျနေ၍ အသံလေးမှာလည်း ဆွေးမြေ့ ကြေကွဲနေသည်။

"နောက်ဆုံးတော့ နွယ်ဟာ နွယ့်အပေါ် ကောင်းသမျှ ယုယခဲ့တဲ့ ကိုမင်းလွင်ရဲ့မေတ္တာကို လက်ခံခဲ့ရတယ်၊ နွယ့်အတွက် အားကိုးရာလိုတယ်၊ ကိုသစ္စာ ရှင်ဒါကို နားလည်လိမ့်မယ်လို့ နွယ် ထင်တယ်"

သူ့မျက်နှာ၌ စိတ်ထိခိုက်မှုကို မဖုံးလွှမ်းနိုင်။ စကားမှု မပြော။

"ဒါပေမဲ့လဲ မရှောင်သာလက်ထပ်ရမယ့် အချိန်မှာတောင်မှ နွယ်ဟာ ကိုသစ္စာကို မျှော်နေမိပြန်သေးတယ်၊ ကိုသစ္စာနဲ့ ပြန်မတွေ့ခင် နွယ် သူ့ကို လက်မထပ်နိုင်ဘူး၊ အခုတော့ ကိုသစ္စာကို နွယ် တွေ့ပါပြီ"

သူ့ခေါင်း ကျိုးကျနေ၏။

BURMESE CLASSIC .com

www.burmeseclassic.com



"ရှင် သိပ်စိတ်ထိခိုက်နေသလား ကိုသစ္စာ"

"ပြောပါလေ နွယ်၊ ဆက်ပြောပါ"

"နွယ် ပြောရမှာကို ဆက်မပြောရက်ဘူး ကိုသစ္စာ၊ ဒါပေမဲ့ မပြောမဖြစ်လို့ နွယ် ပြောရတော့မယ်၊ မပြောရင်လည်း ဒီပြဿနာဟာ ဆုံးတော့မှာ မဟုတ်ဘူး"

နွယ်သည် ပြောသည့်စကားကို မထွက်ရက်တိုင်း နိဒါန်းကိုသာ ရှည်စွာ ပျိုးနေ၏။

"ပြောပါနွယ်၊ ကိုသစ္စာကို မငဲ့ပါနဲ့"

နွယ်သည် ရှိသမျှ စိတ်အားကို စုယူ၍ နောက်ဆုံး၌ လိုရာကို ပြောသည်။

"ကိုသစ္စာကို အရင်ဘဝမျိုးနဲ့ ပြန်တွေ့ရရင် နွယ် ဘာလုပ်ရမယ် ဆိုတာက ရှင်းနေတယ်၊ အခုတော့ ခက်တယ် ကိုသစ္စာ၊ ကိုသစ္စာ မရှိစဉ်မှာ နွယ်ဟာ ကိုမင်းလွင်ရဲ့အချစ်ကို လက်ခံခဲ့တယ်၊ အခု ကိုသစ္စာကိုတွေ့တော့ ကိုသစ္စာဟာ ကိုသစ္စာပြောသလိုပဲ၊ အရင် ကိုသစ္စာ မဟုတ်တော့ဘူး၊ ကိုမင်းလွင်ဆီကလည်း ကြားခဲ့ရပြီ၊ အခု နွယ်ကိုယ်တိုင် လည်း မြင်ခဲ့ရပြီ၊ ကိုသစ္စာဟာ သိန်းသန်းချီ ချမ်းသာတဲ့ တရားဝန်ကြီး တစ်ဦးရဲ့ တစ်ယောက်တည်းသော အမွေခံသူဌေးလေးဖြစ်နေပြီ၊ အခု အချိန်ကျမှ နွယ် သူ့ကို ငြင်းရင် နွယ် မတရားတော့ဘူး၊ နွယ့်စေတနာ ဘယ်လောက် မှန်သည်ဖြစ်စေ မကောင်းတော့ဘူး၊ ဒီတော့..."

နွယ်မှာ ခေတ္တဆိုင်းငံ့သွားသည်။ ထိုနောက် အသည်းနာနာနှင့်ပင် ဆက်ပြောရရှာ၏။

"ဒီတော့ နွယ့်ကို ကိုမင်းလွင်နဲ့ လက်ထပ်ခွင့်ပေးပါ ကိုသစ္စာ၊ ကိုသစ္စာ နှုတ်က ခွင့်ပြုသံကို ကြားချင်လို့၊ နွယ်ကိုယ်တိုင် ကြားချင်လို့

www.burmeseclassic.com



သူတားနေတဲ့ကြားက သူမသိအောင် အခု နွယ်တစ်ယောက်တည်း တိတ်တိတ် ထွက်လာခဲ့တာ”

သူက အံကြိတ်၍ ငြိမ်နေသည်။ မျက်စိကိုလည်း ပိတ်ထားသည်။

“ပြီးတော့ တစ်နေ့က သူဟာ အတွင်းဝန်ရာထူးက နုတ်ထွက်ပြီ ကိုသစ္စာ”

ဤစကားသည်မှ ငုံ့နေသော သူ့ခေါင်းကို မော့စေသည်။

“လူတွေက သူ့ကို အတွင်းဝန်တန်မဲ့ မင်းသမီးနဲ့ရုပ်တယ် ဘာတယ်နဲ့ မတရားစွပ်စွဲကြတယ်၊ နိုင်ငံခြားကိုသွားဖို့ နွယ့်ကို ရွေးတာ တောင် မျက်နှာလိုက်တယ်၊ တော်တော်ကြာ သူ့မင်းသမီးသူ အကယ်ဒမီ ရအောင် လုပ်ပေးဦးမယ် စသည်ပေါ့လေ၊ ကိုမင်းလွင် အနုပညာကို ဘယ်လောက် မြတ်နိုးတယ်ဆိုတာကို ကိုသစ္စာ အသိပဲ”

ဒါကိုတော့ သူက ခေါင်းညိတ် ဝန်ခံသည်။

“ဒီတော့ … နွယ့်အတွက် သူ့မှာ ဂုဏ်ပျက်ရတယ်၊ တစ်ခါ နွယ် ရိုးရိုးသားသား အကယ်ဒမီ ရတာတောင် သူ့ကြောင့်ဆိုပြီး နွယ့် ပညာကို ထိခိုက်လာကြဦးမယ်၊ ဒါကြောင့် သူဟာ နွယ်တားတဲ့ကြားထဲက အလုပ်က နုတ်ထွက်တယ်၊ အခု သူဟာ အတွင်းဝန် မဟုတ်တော့ဘူး”

ဤမျှသည် တော်လောက်ပေပြီ။ သူက နေရာမှထသည်။ နွယ်၏ မျက်နှာလေးအား လက်ဝါးနှင့် မ၍ ကြင်နာစွာဆိုသည်။

“ကိုသစ္စာအပေါ် ဒီလောက် သစ္စာရှိ စောင့်နေခဲ့တဲ့နွယ့်ကို ကိုသစ္စာ ချီးမွမ်းပါတယ်၊ ဂုဏ်နဲ့ရာထူးကိုစွန့်ပြီး နွယ့်ကိုချစ်တဲ့ ကိုမင်းလွင် ကိုလည်း လေးစားပါတယ်၊ နွယ်နဲ့ ကိုမင်းလွင် အိုအောင်မင်းအောင် ပျော်ရွှင်စွာ ပေါင်းရပါစေလို့ ကိုသစ္စာ ဆုတောင်းတယ်၊ သွားတော့နွယ် သွားတော့၊ ကိုသစ္စာ ခွင့်လွှတ်တယ်၊ ကိုသစ္စာရှေ့ကသာ မြန်မြန်သွားပါတော့

BURMESE CLASSIC .com

www.burmeseclassic.com



နွယ်ရယ်”

နွယ်၏ မျက်ရည်များက မတားနိုင်အောင် ကျလာပြန်သည်။

နွယ်သည် ဘာမျှပြန်မပြောတော့။ ဆိုဖာထက်မှ ကြမ်းပြင်သို့ဆင်း၍ သူ့အား ရှိသေစွာ ကန်တော့သည်။

သူသည် နွယ် ဆုံးအောင် ကန်တော့သည်အထိ မစောင့်။ နွယ့်ကို ကျောခိုင်း၍ စန္ဒရားခုံအနီး၌ ရပ်လိုက်သည်။

“နွယ် သွားမယ် ကိုသစ္စာ”

နွယ်သည် နောက်ဆုံးနှုတ်ဆက်ခြင်းပြု၍ အခန်းပြင်ဘက်သို့ ထွက်ခဲ့သည်။

မည်သူ့ကိုမျှ မတွေ့၍ နှုတ်မဆက်နိုင်။ မိမိကားရှိရာသို့သာ ပြေး၍ ဒရိုင်ဘာကို အမိန့်ပေးသည်။

“ကိုတင်ရွှေ ပြန်မောင်း၊ ရန်ကုန်ကို မြန်မြန်မောင်း”

ကားထွက်သွားသံကြားမှ မသက်ရှိနှင့် ဦးမင်းခိုင် အပြင်သို့ ထွက်လာခဲ့သည်။ မသက်ရှိသည် စာကြည့်ခန်းတွင်းသို့ ဝင်ကြည့်၏။

ဓာတ်ပုံအောက်၊ စန္ဒရားခုံရှေ့၌ သူက ကျောက်ရုပ်သို့ ငြိမ်ရပ်နေ၏။

မသက်ရှိသည် လက်ဟန်နှင့် ဦးမင်းခိုင်အား ထွက်သွားရန် ပြပြီး သူ့နောက် မလှမ်းမကမ်း၌ ရပ်လိုက်သည်။

“မောင်မြင့်ဝေ…”

သူက လှည့်ကြည့်သည်။ လှည့်ကြည့်လေသော သူ့မျက်နှာ၌ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းနေ၏။ မသက်ရှိ ကြောင်ကြည့်နေခိုက် သူက အပြုံးမပျက်သော အပြုံးကို ပြုံး၏။ သူ့အပြုံးမှာ တဖြည်းဖြည်း နက်ရှိုင်းလာ၏။ ခဏ၌မူ ရှုံးသွပ်သွားသည့်အလား ဟက်ဟက်ပက်ပက် ရယ်မောသည်။

www.burmeseclassic.com



"မောင်မြင့်ဝေ... အို...မောင်မြင့်ဝေ၊ မင်း ဘာဖြစ်သွားတာလဲ"

သူသည် မဖြေဘဲ ဆက်တိုက်ရယ်မော၍ မှန်ပြတင်းရှည်ကြီးနား၌ သွားရပ်၏။ မသက်ရှိကသာ သူ့နားကပ်သွား၏။ သူ့မျက်လုံးများကို မြင်ရသော မသက်ရှိမှာ ထိတ်လန့်၍ နောက်သို့ ခြေတစ်လှမ်း ဆုတ်မိ၏။

"မဆုတ်ပါနဲ့ မမရှိရယ် မဆုတ်ပါနဲ့ ၊ ကျွန်တော် မရူးတော့ပါဘူး၊ ရူးလောက်အောင် ခံစားစရာ အသည်းနှလုံးလဲ ကျွန်တော့်မှာ မရှိတော့ပါဘူး"

သူက အရယ်ရပ်လိုက်၏။

"မမရှိတို့ ဆေးပညာတို့၊ စိတ်ပညာတို့ဟာ ခံစားနေရတဲ့ လူတစ်ယောက်ကို သက်သာဖို့ ကယ်မတဲ့ ပညာတစ်ရပ်လို့ပြောကြတယ်၊ ဒါပေမဲ့ ကျွန်တော် မေးချင်တယ်၊ ချစ်လှစွာသော မမရှိကိုပဲ ကျွန်တော် မေးချင်တယ်၊ ကုသပျောက်ကင်းမှု မှန်သမျှဟာ ကယ်တင်ခြင်း မည်ပါရဲ့လားဟင် မမရှိ"

သူက ရယ်ပြန်သည်။

"တစ်ကြိမ်က မိုးညသံသရာဘုံမှာ ကြုံလာ ဆုံလာသမျှကို လွမ်းစရာ့ အလှအိပ်မက်နယ်လို့ ကျွန်တော်က ထင်မှတ်ခဲ့တယ်၊ အဲဒီ စိတ်ကူးယဉ် တိမ်စွယ်နန်းပေါ်မှာ အဆန်းတကြယ် ကျင်လည်လွင့်မျောနေတဲ့ ကျွန်တော့်ကို မမရှိက ခံစားမှု နာကြည်းမှုတွေရဲ့ နေရာအမှန်တရားရဲ့ လောကမြေပြင်ကို ပြန်ပို့ပေးခဲ့တယ်လေ၊ ဒါကို ကျွန်တော်က ကျေးဇူးတင်ရမလား"

သူသည် ဟက်ဟက်ပက်ပက် ရယ်မောပြန်၏။

"တကယ်တော့ ဟန်မဆောင် ဝန်ခံစတမ်းဆိုရင် ဘဝဆိုတာဟာ ထင်မှတ်နေတာပါ မမရှိရယ်၊ ကိုယ်ထင်မှတ်လို့ ကိုယ် သာယာနေတဲ့ ဘဝဟာ ကိုယ့်အတွက်တော့ အင်မတန်မှ တင့်တယ်တဲ့ လောကပါပဲဗျာ"

www.burmeseclassic.com



သူ့အသွင်၌ ဒေါသမာန ဝင်လာသည်။

"ကျွန်တော် ထင်မှတ်လို့ သာယာခဲ့သမျှကို မမရီတို့ ပညာရှိတွေက တံလျှပ်ပမာလို့ ဆိုချင်က ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ တံလျှပ်ဟာ အင်မတန်ရေငတ်ပြေတဲ့ ကြည်နူးစရာပဲ၊ တံလျှပ်ရဲ့ အမှန်ဓာတ်ကိုညွှန်ပြပြီးမှ မေတ္တာမိုးကိုတော့ ဘယ်သူကများ လာပြီးတော့ ဈေးဖြိုးမှာမို့လဲ မမရီရယ်"

သူ့ရင်ထဲ ရှိသမျှအား ဖွင့်ထုတ်လိုက်ဟန် အားရပါးရ လက်ခုပ်တီး၍ ရယ်မောသည်၊ ရယ်မော၍ အားရမှ သူသည် တည်ငြိမ်စွာနှင့် မသက်ရီကို ပြောဧ၏။

"မိုးညအိပ်မက်ဟာ ဆုံးခဲ့ပါပြီ မမရီရယ်၊ ကျွန်တော် ဘယ်လောက်ဆက်မက်ချင်ပေမဲ့ ဒီအိပ်မက်ဟာ မလာတော့ပါဘူး၊ မစိုးရိမ်ပါနဲ့ မမရီ၊ ကိုသစ္စာနဲ့ နွယ်တို့ရဲ့ ဇာတ်လမ်းဟာ ဆုံးခဲ့ပါပြီ၊ ဒီဇာတ်လမ်း ဆုံးခြင်း နိဂုံးချုပ် ပြည်ဖုံးကားချခြင်းဖြစ်တဲ့ သူတို့ လက်ထပ်ပွဲကိုတော့ ကျွန်တော် လာခဲ့ပါဦးမယ်၊ အဲဒီအခါကျမှ ကျွန်တော့်လိုပဲ မမရီလာဝံ့ရင် ဆုံကြတာပေါ့၊ အခုတော့ ကျွန်တော် နှုတ်ဆက်တယ်မမရီ၊ ပြန်ပေတော့၊ ခပ်မြန်မြန်လေးသာ ပြန်ဦးတော့"

ဤစကားဖြင့် နိဂုံးချုပ်ကာ မသက်ရီ မည်သို့မျှ မတားမြစ်နိုင်မီ သူသည် အခန်းတွင်းမှ တစ်ဟုန်ထိုး ထွက်သွားခဲ့လေပြီ တကား။

*

BURMESE CLASSIC .com

www.burmeseclassic.com

## (၁၆)

ကျောင်းဖွင့်အမီ ရန်ကုန်သို့ ပြန်ခဲ့ရသော မသက်ရှိမှာ အိပ်မက်ရှည်တစ်ခုမှ လန့်နိုးလာသကဲ့သို့ ဖြစ်နေ၏။ သို့သော် ရန်ကုန်ရောက်ကာမှ အိပ်မက်သစ်တစ်ခုကို ဒရောသောပါး သွေးလန့် ဆက်မက်ရသည်ကဲ့သို့ ဖြစ်နေ၏။

ပထမ ကိုမင်းလွင် အတွင်းဝန်ရာထူးမှ နုတ်ထွက်ကြောင်းကိုသိရ၏။ ထို့နောက် တန်ဆောင်မုန်း လမပြည့်မီ ကျင်းပမည့် ကိုမင်းလွင်နှင့်နွယ်တို့၏ လက်ထပ်ပွဲအကြောင်းကို သိရ၏။ ထိုနောက် မိမိထံ မျက်ရည်လည်ရွဲနှင့် ပူပွဲလာဆင်သော ကိုမင်းလွင်၏ မိခင်။

**မိခင်တို့မည်သည် သားကိုသာ ချစ်တတ်၍ သား၏ချစ်ခြင်းကိုမူ နားမလည်ယောင်တကား။**

ရာထူးအပြုတ်ခံ၍ မျက်နှာငယ် ဘဝဝယ် ဆွေပြတ် မျိုးပြတ် အမွေပြတ်နှင့် ဒုက္ခတွေ ဝိုင်းပတ်နေသော ကိုမင်းလွင်၏ မင်္ဂလာပွဲကို မသက်ရှိသည် သူငယ်ချင်းကောင်းပီသစွာ အကူအညီ ပေးရ၏။ ဤမှုန်မှိုင်းသော ဇာတ်လမ်းကို နွယ်နှင့် ကိုမင်းလွင်တို့၏ စစ်မှန်သော မေတ္တာရောင်

BURMESE CLASSIC .com

www.burmeseclassic.com



သည်လည်းကောင်း၊ ထာဝစဉ် မမေ့မှိန်ခဲ့သော မိမိ၏ သူငယ်ချင်းချစ်ရောင်ခြည်သည်လည်းကောင်း အဆိုးထဲမှအကောင်းပမာ ဝင့်ဝါ တောက်လျှံစေသည်ဟု မသက်ရှိ ဖြေဆည်ယူရ၏။

နာမည်ကြီး မင်းသမီးနှင့် ချစ်သူကြောင့် ရာထူးစွန့်သူအတွင်းဝန်ဟောင်း၏ လက်ထပ်ရေးမှာ မင်္ဂလာနေ့ မတိုင်မီကပင် သတင်းစာကြီးများ၌ ဟိုးလေးတကျော် ပါခဲ့၏။

မိုးမင်းသည် ဂုဏ်ပြုလေသလော မသိ၊ လက်ထပ်မည့်နေ့ဝယ် တန်ဆောင်မုန်း လဆန်းစစ်စစ်ဖြစ်လျက် သည်းသည်းနှင့် မစဲအောင် ရွာစွေသွန်းပြန်တော့၏။

*

မြို့တော်ခန်းမဝယ် ပရိသတ်တို့နှင့် ကြိတ်ကြိတ်တိုး လျှံနေ၏။

နွယ်နှင့် ကိုမင်းလွင်တို့၏ မိတ်ဆွေ ဇာတ်သဘင်၊ ရုပ်ရှင်အဆိုကျော်တို့၏ တေးသံနှင့်လည်း မြိုင်ဆိုင်နေ၏။

ဦးမင်းခိုင် တစ်ကိုယ်တည်း မင်္ဂလာပွဲသို့ရောက်လာခဲ့၏။ ဦးမင်းခိုင်၏ ကားကို ဦးအုံးလှိုင်ကိုယ်တိုင် မောင်းလာခဲ့သည်။

“ဒီဇာတ်လမ်းဆုံးခြင်း နိဂုံးချုပ် ပြည်ဖုံးကားချခြင်းဖြစ်တဲ့ သူတို့ လက်ထပ်ပွဲကိုတော့ ကျွန်တော်လာခဲ့ပါဦးမယ်”ဟုဆိုသော မောင်မြင့်ဝေသည် အနီးကျကာမှ ခေါ်၍ မလိုက်ဟု ဦးမင်းခိုင်ထံမှ မသက်ရှိ သိရ၏။ မလိုက်လာခြင်းသည်ပင် အားလုံးအတွက် ကောင်းသည်ဟု မသက်ရှိသည် ပထမ၌ မှတ်ယူမိ၏။ ဤကျေနပ်စိတ်ဖြင့် မသက်ရှိသည် သတို့သားဘက်မှ ဆွေမျိုးအဖြစ် မင်္ဂလာဆောင် ဝေယျာဝစ္စကို ဖိစီးလုပ်ကိုင်ပေးသည်။

မင်္ဂလာချိန် ကျရောက်လာခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



"အခါတော် ပေးတာက...နတ်ရေးငယ် ရွှေစာ...သာသနာရောင် လင်း ကောင်းခြင်းတည့် ခုချိန်ခါ"

တီးဝိုင်းမှ မင်္ဂလာသီချင်းသံလည်း သာယာ ဝေစည်စွာ ထွက်ပေါ် လာ၏။ ဤအခါကျမှ မသက်ရှိသည် တုန်လှုပ်မိသည်။ မျက်လုံးများက လည်း ခန်းမအဝဆီ ကြည့်နေမိ၏။

ထိုအခိုက်တွင်ပင် မိုးထဲရေထဲ၌ ကားတစ်စီးသည် မြို့တော်ခန်းမ ရှေ့၌ ထိုးဆိုက်လာ၏။

ကားတွင်းမှ အနောက်နိုင်ငံ ဝတ်စုံနှင့် သေသပ်ကျနစွာ ဝတ်ဆင် ထားသည့် ရှည်သွယ်သော အရပ်နှင့် လူရွယ်တစ်ဦးဆင်းလာ၏။

"ကျေးဇူးပါပဲ မောင်စံကြူး၊ မင်း ကားကို မနားတမ်း အပြင်းမောင်းခဲ့ ရလို့ ပင်ပန်းနေမယ်၊ ဟော ဟိုနားက လက်ဖက်ရည်ဆိုင် သွားနားနေ၊ ဆယ့်နှစ်နာရီထိုးတော့ ဆရာပြန်လာခဲ့မယ်"

ဤသို့ မှာကြားပြီး သူသည် မြို့တော်ခန်းမပေါ်သို့ အေးချမ်းတည် ငြိမ်စွာ တက်ခဲ့၏။

မြို့တော်ခန်းမ စင်္ကြံတစ်လျှောက်မှ လျှောက်ခဲ့ရသော သူသည် ခန်းမအဝ၌ ငြိမ်သက် ရပ်သွား၏။

တီးဝိုင်းမှ သီချင်းသံသည် ကြည်လင်စွာ ပေါ်ထွက်နေ၏။

"ထက်ဖြဟ္မာ...လက်ယာခရုသင်းငယ်နှင့်လေး...ရေသွန်းဖြာ ကျွန်းမှာ ဇမ္ဗူတွင်း ပေမို့လေး"

သူက ခန်းမတွင်းသို့ လှမ်းကြည့်လိုက်သည်။

စင်မြင့် ရတနာဖုံထက်တွင် နွယ်နှင့် ကိုမင်းလွင်မှာ ကျက်သရေ ပြည့်ဝစွာ ယှဉ်တွဲ ထိုင်နေကြသည်။

အခန်းဝမှ ရပ်ကြည့်နေသူ၏ မျက်နှာတွင်ကား ဆွေးမြေ့ရိပ်တို့

BURMESE CLASSIC .com

www.burmeseclassic.com



တစ်စ...စ လွှမ်းလာ၏။

ထိုစဉ်တွင် ကလေးငယ်တစ်ဦးသည် သူ့ရှေ့မှ ဖြတ်၍သွားသည်။ သူက ကလေးငယ်အား ကြည့်သည်။ ကလေးငယ်သည် လှေကားမှ အောက်ထပ်သို့ ဆင်းသွား၏။

ထိုခဏတွင်ပင် သူ၏ တည်ငြိမ်ခြင်းတို့ ပျောက်ကွယ်ခဲ့သည်။

သူက ခပ်သွက်သွက်နှင့် ကလေးငယ်၏ နောက်သို့ ဆင်းလိုက်သည်။

လူရှုပ်ထွေးသော အောက်ထပ် စင်္ကြံထောင့်ချိုး၌ သူသည် ကလေးငယ်ကို မျက်ခြည်ပြတ်သွားသည်။

ဤအခါမှ သူက ပိုမို လှုပ်ရှားလာခဲ့သည်။

သူသည် လူအုပ်ကြားမှ တိုး၍ ကလေးကို ရှာသည်။

ဆူးလေဘုရားလမ်း ပလက်ဖောင်းဘက်မှ မိုးရေထဲတွင် ပြေးထွက်သွားသော ကလေးငယ်ကို ပြန်တွေ့သည်။

သူက မိုးရေထဲသို့ ထွက်လိုက်၏။ ထို့နောက် ကလေးငယ်နည်းတူ ပြေးသည်။ ဤအကြိမ်တွင်မူ ကလေးငယ်၏နောက်သို့ မဟုတ်တော့လေ တကား။

မိုး၏ ငွေမြားတံတို့သည် သူ့မျက်နှာပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်လာကြသည်။ ပြင်းထန်သော လေသည် သူ့ရင်အား တွန်းကန်၍ တိုးဝင် တိုက်ခတ်နေသည်။

ဤသည်ကို သူက မမှု။ မည်သည်ကိုမျှ မမှု။ မည်သည်ကိုမျှ မသိ။

သူက ကမ်းနား ဆိပ်တံတားကြီးတစ်ခု ထိပ်၌ ရပ်လိုက်သည်။

မြစ်ရေပြင်ညိုညိုကို ဖြတ်၍ တိုက်လာသော လေသည် ဖွေးဖွေး

BURMESE CLASSIC .com

www.burmeseclassic.com



ဖြူသော မိုးမြူတို့ကို လွင့်ပါးလာစေသည်။

ငြိမ်ရပ်နေသော သူ့နား၌ မြစ်ရေပြင်မှ လှိုင်းတို့ ကမ်းစပ်ကို တဝုန်းဝုန်း ပုတ်ခတ်သံအား ကြားနေရ၏။

ထိုစဉ် မိုးည၏ ညည်းညူသော ဖားအော်သံနှင့် ပုစဉ်းမြည်သံများ ပေါ်လာပြန်သည်။ မြစ်ပြင်သည် ပျောက်၍ ဒေါသတကြီး စီးနေလေသော ချောင်းညိုညိုသည်ပေါ်လာ၏။

နောက်ဆုံး၌ ဆိတ်သုဉ်းလေသော တံတားအိုကလေး...။

အုံ့မှိုင်းသော မိုးပြင်ကျယ်သည် ပြိုကျ အုပ်ဖိလာ၍ မိုးမြူတို့သည်လည်း ပိတ်ဖုံး လွှမ်းခြုံလာခဲ့သည်။

သူက တံတားလက်တန်းကို အားပြုလျက် အောက်မှ ရေညိုညိုကို ငုံ့ကြည့်သည်။

စီးချက်ညီသော လှိုင်းပုတ်သံတို့က သူ့ကို ဖိတ်ခေါ်နေပေပြီ။

သူက လက်တန်းကို အားပြု၍ ခုန်ဆင်းရန်ပြင်သည်။ မျက်စိကိုလည်း ပိတ်လိုက်၏။

ဤခဏ ဤစက္ကန့်ပိုင်းဝယ် နူးညံ့သော အတွေ့တစ်ရပ်ကို သူက လက်မောင်းများ၌ ခံစားလိုက်ရသည်။

သူ၏ မျက်လုံးများက ပြန့်ပွင့်လာသည်။ သန့်စင်ဖြူဖွေးသော လက်ကလေးများကို စတွေ့ရ၏။ ထို့နောက် မိုးရေစွတ်သည့် အင်္ကျီဖြူ အသားနှင့် ကပ်လျက်ရှိနေသော ပြည့်တင်းဝင်းအိသည့် လက်မောင်းကလေးများ။ ထို့နောက်...

"မမရီ"

သူ့အသံမှာ ပင့်ရှိုက်လိုက်သည့် လေသံလေးမျှသာ ဖြစ်သည်။

မသက်ရီက သူ့လက်မောင်းများကို ဆုပ်ကိုင်ရင်း ရပ်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာမ၏ နက်မှောင်သော ဆံပင်တို့မှာ အဝတ်အစားများနည်းတူ ရွှဲရွှဲစိုနေသည်။ သို့သော် ဆရာမသည် ဤသည်ကို သိပါလေစ။

ဖြူစင်သော မေတ္တာ၏ အပြုံးသည် မသက်ရှိ၏ မျက်နှာ၌ ပွင့်ဖူး သစ်လွင်နေသည်။ နှောင်းမိုးပေါက်သို့ သန့်စင်အေးချမ်းသော အပြုံးတည်း။

သူကလည်း ပြုံးလိုက်သည်။ ထိုနောက် တံတားလက်တန်းကို ဆုပ်ထားသော လက်များကို ဖြေလိုက်သည်။

နှစ်ဦးသားသည် တစ်ဦးလက် တစ်ဦးဆွဲ၍ မိုးထဲလေထဲဝယ် လျှောက်ထွက်သွားကြသည်။ ဘယ်ဆီအထိ လျှောက်ကြလေမည် မသိ။

ဆောင်းအဦးဝယ် နှောင်းခါမှ ဆိုက်လာရသည့် နောက်ဆုံး မိုးမြူသည် လေဝယ် လွင့်ကာ...လွင့်ကာ ပြယ်ခဲ့လေပြီတကား။

ပြီးပါပြီ။

**တက္ကသိုလ် ဘုန်းနိုင်**

**၅–၈–၆၂။**

BURMESE CLASSIC .com

www.burmeseclassic.com

